
www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ဖိုးကျော့

ငွေယျာမြေမှ ထွက်ရှိပြီးသောစာအုပ်များ

- မြန်မာပြည်မြောက်ဖျားနဂါးမီးတောက်
  (ပထမအကြိမ်) စာမူခွင့်ပြုချက် - ၄၇၆/၂၀၀၃ (၄)
- မြန်မာပြည်မြောက်ဖျားနဂါးမီးတောက်
  (ဒုတိယအကြိမ်) စာမူခွင့်ပြုချက် - ၁၀၃၉/၂၀၀၄ (၉)
- ကျားဘီလူးနှင့်တောကြီးဝင်္ကပါ
  စာမူခွင့်ပြုချက် - ၅၉၃/၂၀၀၃ (၅)
- ခပ်သိမ်းသောမြစ်တို့ကဲ့သို့
  စာမူခွင့်ပြုချက် - ၉၆၆/၂၀၀၃ (၇)
- အလွမ်းကန္တာတောကန္တာ
  စာမူခွင့်ပြုချက် - ၂၆၁/၂၀၀၄ (၃)
- လူသားစားမိကျောင်းနှင့်မုဆိုးတိုက်ပွဲ
  စာမူခွင့်ပြုချက် - ၂၁၂/၂၀၀၄ (၃)
- လမိုင်းတိုက်ကျား
  စာမူခွင့်ပြုချက် - ၅၀၀၄၃၃၀၅၀၄

BURMESE CLASSIC .com

ငွေယျာမြေစာစဉ် - (၆၁)

# ဖိုးကျော့

၏

# ဟိမဝန္တာကလာသူ

ငွေယျာမြေ

စာပေတိုက်

တိုက်နံပါတ် (၇၂၄)၊ အခန်း(၁၈)-ပထပ်၊ (၁၇×၁၈)လမ်းကြား၊
မဟာဗန္ဓုလလမ်း၊ လသာမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း -၂၅၀၆၆၈

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ
ညဏ်ပွင့်(စက်မှု)

မျက်နှာဖုံးပန်းချီ — စိုးအောင်
အဖုံးဓါတ်ခွဲ — Best Color
အတွင်းဖလင် — ကိုဦး
Logo ဒီဇိုင်း — ပန်းချီကိုကျော်သိုက်နှင့် (Q.C)
ကွန်ပျူတာ — မောင်မောင်မြတ်နှင့်ဗေယျာမြေ
စာစည်း — မောင်သာယာ

၂၀၀၆ ခုနှစ်၊ မတ်လ၊ တန်ဖိုး (၁၃၀၀) ကျပ်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၁၄၄၂/၂၀၀၄ (၁၂) နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၆၄၀၆၀၂ အရ
မာကျူရီအော့ဖ်ဆက်၊ ဦးစွန့်ကော်ယု (၀၅၅၅၇)၊
အမှတ်(၄၉)၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ
အတွင်းစာသားနှင့် မျက်နှာဖုံးကို ရိုက်နှိပ်၍
ဦးလှမိုး (ညဏ်ပွင့်-စက်မှု) (မှတ်ပုံတင်အမှတ်-၀၃၉၄၉)၊
ဗေယျာမြေစာပေတိုက်၊ တိုက်(၇၂၄)၊ အခန်း (၁၈)ပ-ထပ်၊
မဟာဗန္ဓုလလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့မှ
ပထမအကြိမ်. . . အုပ်ရေ (၅၀၀) ထုတ်ဝေသည်။

BURMESE CLASSIC .com

ဤဝတ္ထု ဤစာမျက်နှာများကို စာရေးသူ ရည်ညွှန်းရေးသားစဉ်က စာပေဗိမာန် စာမူဆုရ စာရေးဆရာကြီး ဗိုလ်မှူးကြီးစည်သူလှအောင်(ငြိမ်း) (BC-3539) (နိုင်ငံဂုဏ်ရည် ပထမဆင့်၊ မော်ကွန်းဝင် ဒုတိယဆင့်၊ ခြေလျင်နှင့် တောင်တက်အသင်း ဥက္ကဋ္ဌဟောင်း)၏ နှစ် ၉၀ပြည့် အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုရေးသားသော ဝတ္ထုဖြစ်သည်။

သို့သော် စာရေးသူ၏ အားထုတ်မှု နှောင့်နှေးကြန့်ကြာသောကြောင့် ဆရာကြီးသည် ဤစာမူကို ဖတ်မသွားရရှာဘဲ (၁၀-၄-၂၀၀၃)နေ့တွင် ကွယ်လွန်သွားရှာပါသည်။

ဆရာကြီး ကောင်းရာသုဂတိရောက်ပါစေ။
ဤစာရည်ညွှန်း၊ ထူးထွေဆန်းဖြင့်
စိတ်မှန်းဖြေလျှော့၊ ငါကန်တော့၏
မပေါ့ချစ်ခင်၊ သားနယ်ကြင်တ
အရှင်ဆရာ၊ သည်းခံပါလော့
မြန်မာတို့သည်၊ ငါတို့ပြည်ဝယ်
သူသည်အစ၊ ပထမတည်း၊
အာဂယောကျာ်း၊ တစ်ကောဇီဖွာ်ရှိ
အများသိစေ၊ တို့ဒီစေ။

ဗေယျာမြေစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်၏သမိုင်းသည် ရွာသမိုင်း၊ မြို့သမိုင်းဖြစ်သလို နိုင်ငံသမိုင်း၊ ကမ္ဘာ့သမိုင်းလည်း ဖြစ်တတ်ပါသည်။

ယခုတင်ပြမည့် အရှေ့မြောက်ဖျားက ပုဂ္ဂိုလ်ကြီးတစ်ယောက်၏ အခိုင်းမှာ မြို့သမိုင်း၊ နိုင်ငံသမိုင်း၊ ကမ္ဘာ့သမိုင်း မဟုတ်သော်လည်း သူတို့ ရွာ သမိုင်း၌မူ အရှေ့မြောက်ဖျား၌ ယနေ့တိုင် ထင်ရှားခဲ့တုန်းပင်။

❖

[illegible]သတွင် တောင်တက်ခရီး သွားနိုင်လောက်အောင် မြင့်မား၍ ဆီနှင်းခဲများ ဖုံးလွှမ်းနေသော တောင်များသည် မြန်မာနိုင်ငံ၌သာရှိသည်။ မြစ်ကြီးနားမြို့၏ လတ္တီတွဒ်မြောက်ဘက်၌ မြန်မာနိုင်ငံ၏ နယ်နိမိတ်ပေါ်တွင်ရှိသည့် တောင်များသည် အမြင့်ပေ(၁၀,၀၀၀)ကျော်မှ ပေ(၁၉,၀၀၀)ကျော်အထိ မြင့်မားကြသည်။ တောင်ဘက်ပိုင်းရှိ များစွာမမြင့်သော တောင်များ၏အထက်ပိုင်းတွင် ဆီးနှင်းခဲများ ဖုံးလွှမ်းလျက်ရှိသည်။ သို့သော် မြောက်ပိုင်း၌မူ ပိုမိုမြင့်မားသော တောင်များကို သာမက တောင်ခြေဒေသများကိုပါ ဆီးနှင်းခဲများ ဖုံးလွှမ်းလျက်ရှိသည်။ ဆီးနှင်းခဲများ ဖုံးလွှမ်းသောကာလမှာ ဆောင်းဦးမှ မိုးလယ်အထိဖြစ်သည်။ မြန်မာနိုင်ငံ မြောက်ဘက်စွန်းတွင် (၁၉,၀၉၆)ပေမြင့်သည့် အမြင့်ဆုံးသော ခါကာဘိုရာဇီတောင်ကြီးရှိလေသည်။

## (၁၃,၃၅၀) ပေမြင့်သော အိမောဘွန်းတောင်တက် ခရီးစဉ်

အိမောဘွန်းတောင်သည် ပြည်ထောင်စုမြန်မာနိုင်ငံ အရှေ့မြောက်ဘက် နယ်စပ် ကချင်ပြည်နယ်တွင်း၌ရှိသည်။ ပေ (၁၃,၃၅၀)မြင့်သော တောင်ဖြစ်သည်။

(၁၉၆၁)ခုနှစ်တွင် အိမောဘွန်းတောင်ကိုတက်ရန် မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အသင်းချုပ်က စီစဉ်သည်။ ထိုနှစ် အောက်တိုဘာလ (၂၄)ရက်နေ့တွင် တောင်တက်အဖွဲ့ဝင် (၇၃)ဦးသည် ရန်ကုန်မြို့မှာ မြစ်ကြီးနားမြို့သို့ မီးရထားဖြင့် ထွက်ခွာလာကြသည်။





ထိုအဖွဲ့တွင် မြန်ကြားရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးနှင့် ရုပ်ရှင်နှင့် ပြဇာတ်ဌာနမှ ရုပ်ရှင်ရိုက်ကူးသူနှစ်ဦး ပါဝင်သည်။ တောင်တက်အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့သို့ အောက်တိုဘာလ(၂၆)ရက်နေ့တွင် ရောက်သည်။ အမှတ်(၄)ခြေလျင်တပ်မဟာမှူး၊ စစ်ဘက်နယ်ဘက် အရာရှိများနှင့် မြို့သူမြို့သားများက တောင်တက်အဖွဲ့ဝင်များကို သောင်းသောင်းဖျဖျ ဆီးကြိုကြသည်။

မြစ်ကြီးနားမှစ၍ လုံခြုံရေးအဖွဲ့ဝင်များ၊ ဆက်သွယ်ရေးအဖွဲ့ဝင်များ၊ တပ်မတော်သား(၁၇)ဦးတို့သည် တောင်တက်အဖွဲ့နှင့်အတူ လိုက်ပါလာကြသည်။ ကွပ်ကဲမှုနှင့် အုပ်ချုပ်မှုတို့အတွက် တောင်တက်အဖွဲ့ဝင်များကို တပ်စုသုံးစုပါဝင်သော တပ်ခွဲတစ်ခုအဖြစ် ဖွဲ့စည်းသည်။ ထိုတပ်ခွဲကို ခြေလျင်နှင့်တောင်တက်အသင်းချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှအောင်က အုပ်ချုပ်သည်။ အတွင်းရေးမှူး ဦးလှကျော်က ဒု-တပ်ခွဲမှူးတာဝန်ကို ဆောင်ရွက်သည်။

အောက်တိုဘာလ (၂၇)ရက်နေ့ နံနက်တွင် တောင်တက်အဖွဲ့ဝင်များသည မြစ်ကြီးနားနှင့် (၈၈)မိုင်ကွာဝေးသော ချစ်ပွေရွာသို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြသည်။ ချစ်ပွေရွာကို ညနေတွင်ရောက်၍ ရပ်နားညအိပ်ကြသည်။ အောက်တိုဘာလ (၂၈)ရက်နေ့ နံနက်တွင် ချစ်ပွေရွာ၌ နယ်ခြားအုပ်ချုပ်ရေးအဖွဲ့မှ နယ်ခြားဝန် ဗိုလ်ကြီးအောင်ဒင်၏ စီစဉ်ပေးချက်အရ တောင်တက်အဖွဲ့ဝင်များ၏ ပစ္စည်းနှင့်ရိက္ခာများကို လားများဖြင့် ရှေ့သို့ ဆက်လက်သယ်ဆောင်ကြသည်။ ထို့နောက် (၁၀)နာရီခန့်တွင် တောင်တက်အဖွဲ့ဝင်များသည် ချစ်ပွေရွာကို ကိုးမိုင်ကွာဝေး၍ ပေ(၄၃၆၆) အမြင့်၌ရှိသော လောခေါင်ရွာသို့ ဆက်၍တက်ကြရာ လောခေါင်ရွာကို (၁၄း၀၀)နာရီတွင် ရောက်ရှိရပ်နား၍ ညအိပ်ကြသည်။

အောက်တိုဘာလ (၂၉)ရက်နေ့ နံနက်တွင် တောင်တက်အဖွဲ့ဝင်များသည် လောခေါင်ရွာ၏ အရှေ့မြောက်ဘက် (၁၅)မိုင်ကွာဝေးသော မန်ဇမ်ရွာသို့ ဆက်၍တက်ကြရာ (၁၄း၃၀)နာရီတွင်ရောက်၍ ရပ်နား



www.burmeseclassic.com

www.burmeseclassic.com



ညအိပ်ကြသည်။ အောက်တိုဘာလ (၃၀)ရက်နေ့ နံနက်တွင် မန်ဇမ်ရွာမှ အရှေ့ယွန်းယွန်း (၁၅)မိုင်ခန့်ကွာဝေးသော ထောဝေါ်ရွာသို့ ဆက်၍တက်ကြသည်။ ခရီး၏အစပိုင်းတွင် (၆၂၄၁)ပေမြင့်သော ပြပတ်တောင်တန်းကို ဖြတ်ကျော်ရသည်။ ထို့နောက် ငေါ်ချမ်းခမြစ်ဝှမ်းသို့ ပေ(၃၀၀၀)ခန့်ဆင်း၍ ပေ(၆၀၀၀)ကျော် အမြင့်ရှိသော ထောဂါရွာသို့ ဆက်တက်ကြသည်။ ထောဂါရွာသို့ (၁၆း၀၀)နာရီတွင်ရောက်၍ ရပ်နားညအိပ်ကြသည်။

အောက်တိုဘာလ (၃၀)ရက်နေ့ နံနက်တွင် ထောဂါရွာမှ အရှေ့မြောက်ဘက် (၁၅)မိုင်ကွာဝေးသော နုဇွန်ဘော်ရွာသို့ ငေါ်ချမ်းခမြစ်ရိုးအတိုင်း တက်လာကြသည်။ နုဇွန်ဘော်ရွာကို (၁၄း၀၀)နာရီတွင် ရောက်၍ ရပ်နားညအိပ်ကြပြန်သည်။ နိုဝင်ဘာလ (၁)ရက်နေ့ နံနက်တွင် တောင်တက်အခြေခံစခန်းအဖြစ ရွေးချယ်ထားသော ထန်တုံရွာသို့ ဆက်၍ တက်ကြသည်။ ထန်တုံရွာသည် နုဇွန်ဘော်ရွာ၏ အရှေ့မြောက်ဘက် (၁၈)မိုင်အကွာတွင် တည်ရှိသည်။ တောင်တက်အဖွဲ့ဝင်များသည် ထန်တုံရွာသို့ (၁၅း၃၀)နာရီတွင်ရောက်၍ ရပ်နားညအိပ်ကြရသည်။

ထန်တုံရွာအထိသာ လားများသွားလာနိုင်သဖြင့် ထန်တုံရွာမှ ရှေ့ဆက်တက်ရန် အထမ်းသမားများကို ထန်တုံရွာတွင် ရှာငှားရသည်။ တောင်တက်အဖွဲ့ဝင်များသည် နိုဝင်ဘာလ(၂)ရက်နေ့တွင် ထန်တုံရွာနှင့် (၁၃)မိုင်ကွာဝေး၍ တောင်တက်စခန်းအမှတ်(၁)အဖြစ် သတ်မှတ်ထားသော နီချီလောရွာသို့ ဆက်တက်လာကြသည်။ ပါဝါကူးကျေးရွာ၏ ဒူးဝါးနှင့် ထန်တုံတောင်အုပ်တို့သည် တောင်တက်အဖွဲ့ဝင်များနှင့်အတူ ထန်တုံရွာမှ လိုက်ပါလာကြသည်။ အိမောဘွန်းတောင်သို့တက်ရန် ရွေးချယ်ထားသော ခရီးလမ်း၌ နီချီလောရွာသည် နောက်ဆုံးရွာဖြစ်သည်။ ယင်းရွာ၏ ရှေ့၌ နောက်ထပ်ရွာဟူ၍ မရှိတော့။

လမ်းဟူ၍လည်း မရှိတော့သဖြင့် တောင်တက်အဖွဲ့ဝင်များသည် ထိုရွာတွင် တစ်ရက်နား၍ လမ်းပြများနှင့် တောခုတ်သမားများကို ရှာငှားကြရပြန်သည်။





နယ်ခြားအုပ်ချုပ်ရေးအဖွဲ့မှ နယ်ခြားဝန်ထောက် ဗိုလ်ကျော်ဒွန်းသည် တောင်တက်အဖွဲ့ဝင်များနှင့်အတူ နီချီလောရွာအထိ လိုက်ပါလာ၍ ယင်းရွာတွင် တောင်တက်အဖွဲ့၏ အုပ်ချုပ်ရေးတပ်စိတ်ဝင် လေးဦးနှင့်အတူ နေရစ်ခဲ့ကြသည်။ တောင်တက်အဖွဲ့ဝင်များအတွက် ရှေ့ပိုင်း၌ လိုအပ်မည့်အကူအညီတို့ကို နောက်ပိုင်းမှ စီစဉ်ပေးရန် ကျန်နေခဲ့ကြခြင်းဖြစ်သည်။

တောင်တက်အဖွဲ့ဝင်များသည် နိုဝင်ဘာလ (၄)ရက်နေ့၌ နီချီလောရွာမှ ခရီးဆက်ကြပြန်သည်။ လမ်းကြောင်းဟူ၍ မရှိသဖြင့် တောခုတ်ရှင်းလင်း၍ တက်ကြရသည်။ ပေ(၇၀၀၀)ခန့်မြင့်၍ မတ်စောက်သော တောင်စောင်းကို ခတ်ခက်ခဲခဲတက်ကြသည်။

ထို့နောက် ညက်မောချောင်းကမ်းပါးပေါ်ရှိ တောင်တက်စခန်းအမှတ်(၂)အဖြစ် သတ်မှတ်ထားသော စခန်းသို့ ပေအနည်းငယ် ပြန်ဆင်းကြရပြန်သည်။ စခန်းသို့ ရောက်သောအခါ ညအိပ်ရန် ဝါးတဲများကို အဖွဲ့ဝင်များကိုယ်တိုင် ဆောက်လုပ်ကြရသည်။

အိမောဘွန်းတောင်ကိုတက်ရန် ရန်ကုန်၌ အဖွဲ့ဝင်ရွေးချယ်စဉ်တာ ရန်ကုန်မှ လှည်းကူးအထိ လမ်းလျှောက်ပွဲကျင်းပ၍ (၈)နာရီအတွင်း မိုင်(၃၀)လျှောက်နိုင်သူများကိုသာ ရွေးချယ်ခေါ်လာကြသည်။ ပေ(၁၀၀၀)ကျော်မြင့်သော ဒေသများ၌ ဆီးနှင်းခဲကျ၍ အလွန်အေးမည်ဖြစ်ရာ တောင်တက်အဖွဲ့ဝင်များ အအေးဒဏ်ခံနိုင်အောင် လိုအပ်သော အဝတ်အစားများအပြင် ဂွမ်းကပ်၊ သိုးမွေးစောင်၊ ရွက်ဖျင်များ စသည်တို့ကို လုံလောက်စွာ ယူဆောင်လာကြရမည်ဟု အတိအကျညွှန်ကြားခဲ့သော်လည်း တောင်တက်အဖွဲ့ဝင် အချို့သည် အနွေးထည် လုံလောက်စွာ ယူမလာကြသောကြောင့် ပေ(၇၀၀၀)မြင့်သော စခန်းအမှတ်(၂)သို့ ရောက်ကြလျှင်ပင် အအေးဒဏ်ကို မခံနိုင်တော့၍ ညမအိပ်နိုင်ကြတော့။ ထို့အပြင် ချစ်ပွေရွာမှ စခန်းအမှတ်(၂)အထိ တစ်တောင်တက်၊ တစ်တောင်ဆင်း မိုင်(၁၀၀)ခန့် ခရီးကို မရပ်မနား တက်လာခဲ့ကြရသောကြောင့် တောင်တက်အဖွဲ့ဝင်အချို့သည် ခရီးပြင်း ချီတက်လာခြင်းဒဏ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အအေးဒဏ်တို့ကို မခံနိုင်ကြတော့၍ ရှေ့ဆက်လိုက်လာနိုင်ကြရန် အခြေအနေမကောင်းသည်ကို တွေ့ကြုံလာရတော့သည်။

အသွားအပြန် မိုင်(၁၀၀)ကျော် ဝေးသည့်ခရီးကို သွားရောက်ပြီး ပေ (၁၀,၀၀၀)ကျော် အမြင့်ရှိသော တောင်ပေါ်သို့ တက်နိုင်သူများအား ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်က ချီးမြှင့်သော ကြယ်တစ်ပွင့်တံဆိပ် ဟူ၍ရှိသည်။ သို့ဖြစ်၍ ရက်ဆက် ခရီးပြင်းချီတက်ရသောဒဏ်နှင့် အအေးဒဏ်တို့ကို မခံနိုင်ကြ၍ ရှေ့ဆက်မလိုက်နိုင်ကြသော တောင်တက်အဖွဲ့ဝင်များ ကြယ်တစ်ပွင့်တံဆိပ် ရနိုင်ကြအောင် စခန်းအမှတ်(၂)နှင့် စခန်းအမှတ်(၃)အကြားရှိ ပေ(၁၀,၀၀၀)ခန့် အမြင့်ရှိသော လမ်းခုလတ်နေရာအထိ ဆက်လိုက်လိုသော တောင်တက်အဖွဲ့ဝင်များကို ခေါ်ဆောင်သွားရန် ဆုံးဖြတ်လိုက်ကြသည်။

နိုဝင်ဘာလ (၅)ရက်နေ့တွင် စခန်းအမှတ်(၂)မှ ပေ(၁၁,၆၀၀) မြင့်သော စခန်းအမှတ်(၃)သို့ တက်သောအခါ ရှေ့ဆက်လက် မလိုက်နိုင်သော တောင်တက်အဖွဲ့ဝင် (၂၃)ဦးအနက် ကြယ်တစ်ပွင့်တံဆိပ် ရရှိအောင် ပေ(၁၀,၀၀၀)ခန့်မြင့်သော လမ်းခုလတ်စခန်းသို့ လိုက်ပါလိုသော တောင်တက်အဖွဲ့ဝင် (၁၉)ဦးကိုသာ ရှေ့ဆက်လက် ခေါ်ဆောင်လာနိုင်ကြတော့သည်။ မလိုက်နိုင်တော့သည့် လေးဦးကို စခန်းအမှတ်(၂)တွင် ထားခဲ့ကြရသည်။ ယင်းတောင်တက်အဖွဲ့ဝင် (၁၉)ဦးသည် ပေ(၁၀,၀၀၀) အမြင့်ရှိသော လမ်းခုလတ်နေရာအထိ လိုက်ပါလာကြသည်။ ထို့နောက် ယင်းအဖွဲ့ဝင်တို့ကို လမ်းခုလတ်နေရာမှ စခန်းအမှတ်(၂)သို့ ပြန်ပို့ပေးရပြန်သည်။

အီမောဘွန်းတောင်ထိပ်အထိ တက်ကြမည့် ကျန်အဖွဲ့ဝင်များသည် တောင်နှာမောင်းအတိုင်း ဆက်၍ချီတက်လာကြရာ ထိုနေ့ညနေ (၄)နာရီခန့်၌ ယင်းတောင်နှာမောင်းပေါ်ရှိ ပေ (၁၁,၆၀၀)ခန့် အမြင့်ရှိသော စခန်းအမှတ်(၃)သို့ ရောက်လာကြသည်။ တောင်နှာမောင်းမှာ အလွန်ကျဉ်းမြောင်းသဖြင့် တောင်တက်အဖွဲ့ဝင်များသည် ထိုစခန်း၌ပင် ညအိပ်ကြရန် ယာယီတဲများကို ခက်ခက်ခဲခဲထိုးကြရသည်။ မကြာမီမှာ





င် ဆီးနှင်းခဲများ ကျလာတော့သည်။ ထို့နောက် မိုးပါရွာလာသည်။ တစ်နေ့လုံး ဆီးနှင်းတစ်လှည့်၊ မိုးတစ်လှည့်ရွာလျက်၊ ကျလျက်ရှိနေသည်။

မိုးမချုပ်မီအတွင်း ကမန်းကတန်း ခက်ခက်ခဲခဲ ထိုးခဲ့ကြရသော ယာယီတဲများသည် မိုးမလုံ၊ လေမလုံ ဖြစ်ကုန်သည်။ တစ်ဖန် ညအအေး နှင့်သည် ရေခဲမှတ်အောက်ကျသဖြင့် တစ်ညလုံး မအိပ်ရဘဲ မီးလှုံနေကြသည်။ နောက်တစ်နေ့ဖြစ်သော နိုဝင်ဘာလ (၆)ရက်နေ့တွင် ရာသီဥတု ပိုမိုဆိုးရွားလာပြီး နေကို လုံးဝမမြင်ရတော့။ တောင်အားလုံးတွင် တောင်ခိုးတောင်ငွေ့များ ပိတ်ဖုံးလျက်ရှိသည်။ ထို့အပြင် တစ်နေ့လုံး နှင်းကျလိုက်၊ မိုးရွာလိုက်ဖြစ်နေသဖြင့် တောင်တက်အဖွဲ့ဝင်အချို့ တ်မာတ်ကျလာကြသည်။ နေ့လယ်ပိုင်း၌ပင် ရာသီဥတုဒဏ်ကို ဆက်မခံနိုင်ကြသော တောင်တက်အဖွဲ့ဝင် (၁၇)ဦးကို စခန်းအမှတ်(၂) သို့ ပြန်ပို့ရပြန်သည်။

နိုဝင်ဘာလ (၇)ရက်အထိ ရာသီဥတု အခြေအနေမှာ ဆိုးရွားလျက်ပင် ရှိနေသေးရာ နောက်ထပ် တောင်တက်အဖွဲ့ဝင် (၇)ဦးကို စခန်းအမှတ်(၂)သို့ ဒုတိယအသုတ်အဖြစ် ထပ်မံပို့လိုက်ရသည်။ ရန်ကုန်မှ ထွက်ခွာလာကြစဉ်က ပါလာသော တောင်တက်အဖွဲ့ဝင် (၇၃)ဦးအနက် ဗိုလ်မှူးကြီးလှအောင် အပါအဝင် (၂၁)ဦး၊ တပ်မတော်သား (၁၇)ဦးအနက် (၁၄)ဦး၊ စုစုပေါင်း (၃၅)ဦးသာ စခန်းအမှတ်(၃)တွင် ကျန်ရှိတော့သည်။

ထို့ကြောင့် မူလက တောင်တက်အဖွဲ့ဝင်များကို ဖွဲ့စည်းခဲ့သော တပ်စုသုံးစုပါ တပ်ခွဲကို ယခု တပ်စိတ်သုံးစိတ်ပါ တစ်စုအဖြစ် ပြန်လည်ဖွဲ့စည်းရပြန်သည်။ တပ်ခွဲဟူ၍ကား မရှိတော့။

အချက်ပြအဖွဲ့မှ ဗိုလ်ကြီးသန်းလွင်အား ဒု-တပ်စုမှူးအဖြစ်တာဝန်ပေးကြသည်။

စခန်းအမှတ်(၂)သို့ ပြန်လွှတ်လိုက်ရသော တောင်တက်အဖွဲ့ဝင်အချို့ကို ထန်တုံရွာမှ တစ်ဆင့် မြစ်ကြီးနားသို့ခေါ်ဆောင်သွားရန် အတွင်းရေးမှူး ဦးလှကျော်အား တာဝန်ပေးလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုဝင်ဘာလ (၉)ရက်နေ့တွင် ရာသီဥတု အသင့်အတင့် ကောင်မွန်လာသည်။ နံနက်(၈း၀၀)နာရီ၌ နေထွက်လာ၍ တောင်ခိုးတောင်ငွေ များက တဖြည်းဖြည်း လွင့်စင်သွားသည်။ ထိုအချိန်တွင် တောင်တက် အဖွဲ့ဝင်များသည် စခန်းအမှတ်(၃)မှ စခန်းအမှတ်(၄)သို့ ထွက်လာကြ သည်။ ပထမဦးစွာ ဆီးနှင်းခဲ တစ်ပေမှ နှစ်ပေအထိ ဖုံးလွှမ်းနေသော တောင်နှာမောင်း မတ်မတ်စောက်စောက်ကို ကြိုးစားတက်ကြရသည်။

တချို့နေရာများတွင် ပေ(၁၀,၀၀၀)ကျော်မြင့်သော ဒေသများ သာ ပေါက်တတ်သည့် ကျူပင်းတောများကို ခုတ်ထွင်၍ တက်ကြရသည် နေ့လယ် (၁၂)နာရီခန့်တွင် တောင်တက်အဖွဲ့ဝင်များသည် ည မောချောင်းနှင့် ချောင်းမောချောင်းတို့အကြားရှိ ရေဝေတောင်တန်းထိ အနီးသို့ ရောက်ကြသည်။ ရာသီဥတုအခြေအနေသည် ပြန်လည်ဆိုး လာ၍ တောင်ခိုးတောင်ငွေ့များ ဖုံးလွှမ်းလာရာ ယင်းတောင်တန်း၏ ထိ ပေါ်သို့ ဆက်လက်မတက်နိုင်ကြတော့ဘဲ စခန်းလည်းချနိုင်၍ ရေလ ရနိုင်သောနေရာအထိ တောင်စောင်းအလိုက် သွားကြရသည်။

ဆီးနှင်းခဲလည်းဖုံး၍ ကျူပင်းများလည်း ထူထပ်သော မတ်စော တောင်စောင်း၌ သွားလာရခြင်းသည် အန္တရာယ်ကြီးလှသည်။ ရှေ့ဆ ၍ တက်ကြရန်မှာ မလွယ်ကူသည့်အပြင် အချိန်လည်းနှောင်းနေသ ရောက်သည့်နေရာတွင် စခန်းချ ညအိပ်ကြသည်။ တစ်ညလုံး ဆီးနှ များ ကျသဖြင့် နံနက်၌ ယာယီထိုးထားသော တဲအချို့သည် ဆီးနှ ပိတ်၍ မှုက်ပြိုလုခမန်း ဖြစ်နေသည်။

သို့သော်လည်း နောက်တစ်နေ့ နိုဝင်ဘာလ(၁၀)ရက်နေ့ ရာသီဥတု တစ်ဖန်ပြန်ကောင်းလာ၍ နေထွက်လာရာ တောင်ထိပ်မျ ဖုံးအုပ်လျက်ရှိသော တောင်ခိုးတောင်ငွေ့များသည် နံနက်(၈)နာရီ အ ခန့်၌ လွင့်စင်သွားပြန်သည်။ နံနက်(၉)နာရီတွင် တောင်တက်အဖွဲ များသည် ဆီးနှင်းခဲများ အလွန်ထူထပ်စွာ ဖုံးအုပ်နေသော မတ်စေ တောင်စောင်းအလိုက် ဆက်၍တက်လာကြရာ ပေ(၁၂,၀၀၀)ကျော် သော ရေဝေတောင်တန်းထိပ်သို့ ရောက်လာကြလေသည်။





ထိုတောင်တန်းထိပ်မှ မျှော်ကြည့်သောအခါ ဆီးနှင်းခဲများ ဖုံးအုပ် လျက်ရှိသော အီမောဘွန်းတောင်ထိပ်ကို တောင်တက်အဖွဲ့ဝင်များ အားလုံး ပထမဦးဆုံး မြင်ကြရသည်။ သို့သော် တောင်တက်အဖွဲ့ဝင်များ ရောက်နေကြသော တောင်ထိပ်နှင့် အီမောဘွန်းတောင်ထိပ်အကြားတွင် အလွန်မတ်စောက်၍ ပေ(၂,၅၀၀)ခန့် နက်ရှိုင်းသော လျှိုမြောင်တစ်ခုက ကာဆီးနေသည်။

တောင်တန်းထိပ်၌ တစ်နာရီခန့်နားနေကြပြီးနောက် တောင်တက် အဖွဲ့ဝင်များသည် ဆီးနှင်းခဲများ ထူထပ်စွာ ဖုံးအုပ်လျက်ရှိသော တောင် စောင်းအလိုက် မတ်စောက်သော ကျောက်ဆောင်ကမ်းပါးများကို ခဲရာ ခဲဆစ် ကုတ်ကတ်၍ လျှိုထဲဆင်းကြရရာ ညနေသုံးနာရီခန့်အချိန်တွင် နက်ရှိုင်းသောလျှိုမြောင်၏ အခြေတွင်ရှိသည့် ချောင်းမောချောင်းသို့ ရောက်လာကြသည်။ ထို့နောက် ချောင်းမောချောင်းကို ဖြတ်ကူးကြရာ အီမောဘွန်းတောင်ခြေသို့ ရောက်ကြသည်။ ထိုနေရာ၌ စခန်းအမှတ်(၄) အဖြစ်ဖြင့် သတ်မှတ်ထားသည့် တောင်ခြေစခန်းတွင် ယာယီတဲများထိုး ၍ ညအိပ်ရပ်နားကြသည်။

ထိုအမှတ်(၄)စခန်းမှ ခရီး(၄)မိုင်ခန့် ကွာဝေး၍ ပေ(၃,၅၀၀)ခန့် တက်သွားသော အီမောဘွန်းတောင်ထိပ်သို့ တက်ကြရာ၌ မည်သည့် တတ်အခဲများနှင့် ရင်ဆိုင်တွေ့ကြုံရမည်ကိုမူ မည်သူမျှ မခန့်မှန်းတတ် ထို့ပြင် မနက်ဖြန် နိုဝင်ဘာလ (၁၁)ရက်နေ့၌ ရာသီဥတု အခြေအနေ ကောင်း/မကောင်း၊ ဆိုး/မဆိုး ကိုလည်း မခန့်မှန်းနိုင်ကြ။ ရာသီဥတုမှာ နေ့ရွှေ၊ တစ်နေ့ငွေ အပြောင်းအလဲ မြန်တတ်သည်မှာ ထိုဒေသ၏ သဘာဝပင်ဖြစ်သည်။

ထို့ကြောင့် စခန်းအမှတ်(၄)နှင့် အီမောဘွန်းတောင်ထိပ်အကြား နေရာ၌ ယာယီစခန်းချကာ တစ်ရက်နားပြီးမှ နိုဝင်ဘာလ (၁၂)ရက် နံနက်၌ တောင်ထိပ်သို့တက်၍ စခန်းအမှတ်(၄)သို့ ပြန်ဆင်းလျှင် ကောင်းမည် ... တော်ချရသည်ဟု လမ်းပြများက ယူဆကြသည်။ နိုဝင်ဘာလ (၁၀)ရက် ညက အအေးချိန်သည် (၂၈)ဒီဂရီသို့ ကျဆင်း၍ နိုဝင်ဘာလ (၁၁)



www.burmeseclassic.com

www.burmeseclassic.com



ရက်နေ့ နံနက်၌ လျှိုမြောင်တစ်ခုလုံးကို ဆီးနှင်းခဲများ ဖုံးအုပ်ထားခြင်းကြောင့် ဖြစ်သည်။

သို့ရာတွင် နေထွက်လာ၍ တောင်ထိပ်အားလုံး၌ တောင်ခိုးတောင်ငွေ့များ ကင်းစင်သွားပြန်သည်။ ရာသီဥတုကလည်း အလွန်ကောင်းနေသော အကြောင်းတစ်ချက်နှင့် အထမ်းသမား ရိက္ခာကလည်း မလုံမလောက် ဖြစ်နေသောကြောင့် နောက်ထပ်တစ်ရက် မဆိုင်းတော့ဘဲ ထိုနေ့နံနက်၌ပင် အီမောဘွန်းတောင်ထိပ်သို့ တက်ရန် ဆုံးဖြတ်လိုက်ကြသည်။

နံနက်(၉)နာရီတွင် တောင်တက်အဖွဲ့ဝင် (၁၄)ဦးအပြင် ပါဝါကူးဒူးဝါးနှင့် ထန်တုံတောင်အုပ် အပါအဝင် လမ်းပြနှင့် အထမ်းသမား(၁၀)ဦးတို့သည် အီမောဘွန်းတောင်ထိပ်သို့ စတင်တက်ကြတော့သည်။ အလွန်ထူထပ်ပြီး ပတ်ကွေ့ရှောင်လွှဲ၍ မရနိုင်သော ကျူဝါးတောများကို ခုတ်ထွင်ကာ မတ်စောက်သော ကျောက်တောင်စောင်းများကို ခက်ခက်ခဲခဲ တက်ကြရသည်။ အမြင့်မှာ ပေ(၁၂,၀၀၀)ကို ရောက်လာသော်လည်း ကျူဝါးတောကြီးများက မဆုံးသေး၊ မကုန်နိုင်သေး။ သို့နှင့် ဆက်လက်ပြီး ခုတ်ထွင်ရှင်းလင်း တက်လာကြရာ ပေ(၁၂,၀၀၀)ကျော်အထက်သို့ ရောက်လာသောအခါကျမှ မည်သည့်အပင်ကိုမှ မတွေ့ကြရတော့ပေ။

သို့သော် မတ်စောက်တောင်စောင်းများ၌ ဆီးနှင်းခဲများကား ထူထူထပ်ထပ် ဖုံးအုပ်လျက်ပင်။ ရာသီဥတုသည် အလွန်အေး၍ ဆီးနှင်းခဲများသည် ကျစ်လျစ်သိပ်သည်းလျက် ရှိသောကြောင့် မတ်စောက်တောင်စောင်းများကို တက်ကြရာ၌ ခြေကုတ်မြဲနေကြသည်။ ထို့အပြင် ဖြတ်သွားကြမည့် ချောက်များ၌ ဆီးနှင်းထုမာမာများသည် ပြည့်သိပ်နေသဖြင့် ထိုဆီးနှင်းထုအပေါ် တံတားသဖွယ် ဖြတ်လျှောက်လာနိုင်ကြသည်။

တောင်တက်ကြိုး အသုံးမပြုဘဲ ဆီးနှင်းခဲ ပြည့်သိပ်နေသော ချောက်များကို ဖြတ်ကူးကြရာတွင် အန္တရာယ်တော့ အလွန်ကြီးသည်။ အဘယ်ကြောင့်ဆိုသော် အောက်ခံဆီးနှင်းခဲထုသည် တက်သူ၏ အလေးချိန်ကို မခံနိုင်လျှင် အောက်သို့ ကျွံကျနိုင်သော အန္တရာယ်ရှိသည်။





အကယ်၍ တောင်တက်ကြိုးများဖြင့် တစ်ဦးနှင့်တစ်ဦး ချည်တွယ်၍ တက်ကြပါလျှင် ချောက်ထဲသို့ တစ်ဦးတစ်ယောက် ကျွံကျစေကာမူ ချည်တွယ်ထားသည့် ကြိုးဖြင့် ကျသွားသူကို ဆွဲတင်နိုင်ကြသည်။

ယခုအကြိမ်တွင် တောင်တက်ကြိုး မချည်တွယ်ဘဲ တက်နေကြရသဖြင့် တစ်ဦးတစ်ယောက် ချောက်ထဲသို့ ကျွံကျသွားပါက ကယ်တင်ရန် မည်သို့မျှ တက်နိုင်မည်မဟုတ်။ ထို့ကြောင့် တောင်ထိပ်သို့ရောက်အောင် တက်ကြရသော ဤနောက်ဆုံးခရီးသည် အန္တရာယ်အကြီးဆုံးဖြစ်သည်။ အသက်စွန့်၍ တက်ကြရခြင်းဖြစ်သည်။ သို့သော် ရှေ့မှ ဦးဆောင်၍ တက်သွားကြသော ပါဝါကူးဒူးဝါး၊ ထန်တုံတောအုပ်နှင့် လမ်းပြများသည် သူတို့ယူဆောင်လာသော မှိန်းများ၊ ဝါးချွန်များဖြင့် ဆီးနှင်းခဲထုကို စမ်းထောက်၍ ကျွံမကျနိုင်သော နေရာများကိုရွေးကာ လျှောက်နင်းသွားကြသည်။

ထိုအခါ နောက်မှ လိုက်ပါလာကြသော တောင်တက်အဖွဲ့ဝင်များသည် ရှေ့ကသွားသူတို့၏ ခြေရာကို ကြည့်နင်း၍ လျှောက်လိုက်လာကြရသည်။

အမှတ်(၄) တောင်ခြေစခန်းမှ အီမောဘွန်းတောင်ထိပ်သို့ တက်ကြရာ၌ ရှေးရှုသွားကြရမည့်အရပ်ကို သိသော်လည်း မတ်စောက်တောင်စောင်းများကိုလည်းကောင်း၊ မဖြတ်ကူးနိုင်သော ချောက်ကမ်းပါးတို့ကိုလည်းကောင်း ရှောင်ကွင်းသွားကြရမည်ဖြစ်သဖြင့် လမ်းစရှာဖွေကြရခြင်းမှာ မလွယ်ကူလှပေ။ နီချီလော်ရွာမှ လိုက်လာကြသော လမ်းပြများသည်ကား ရောက်လိုသော အရပ်တူရူကို အလိုအလျောက် သိတတ်ကြသော လမ်းပြကောင်းများဖြစ်သည်။ တောင်ခြေမှစ၍ လမ်းစရှာတတ်ပုံ၊ မတ်စောက်ခြင်းကြောင့်သော်လည်းကောင်း မဖြတ်ကူးနိုင်သော ချောက်ရှိခြင်းကြောင့်လည်းကောင်း၊ အန္တရာယ်ရှိနိုင်သော နေရာအပိုင်းများကို ရှောင်ကွင်းသွားတတ်ကြပုံ၊ အန္တရာယ်နည်းသော တောင်စောင်းများကို ပတ်၍ တက်ရန် လမ်းစရှာတတ်ပုံတို့မှာ အံ့ဩစရာလည်း ကောင်း၊ ချီးကျူးစရာလည်း ကောင်းလှပေသည်။ ထိုလမ်းပြများ၏ အထူးကျွမ်းကျင်မှုကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သာ တောင်တက်အဖွဲ့သည် အီမောဘွန်းတောင်ထိပ်သို့ အချိန်မနှောင်းဘဲ တက်လာနိုင်ကြခြင်းဖြစ်သည်။

တောင်ထိပ်နှင့် နီးလာလေ တောင်စောင်းကလည်း မတ်စောက်လေ ဖြစ်လာသည်။ မကြာသေးမီကမှ ကျသွားသော ဆီးနှင်းခဲများကလည်း တစ်လျှစ်သိပ်သည်းမှု မရှိသေးသဖြင့် တောင်တက်အဖွဲ့ဝင် အချို့သည် ဆီးနှင်းခဲထဲသို့ နှစ်ပေ၊ သုံးပေအထိ ကျွံကျကြသည်။ ထိုသို့ ဆီးနှင်းပွထဲသို့ ကျွံကျလျှင် ရုန်းလေမြုပ်လေဖြစ်၍ တစ်ဦးချင်းရုန်းတက်ရန် မလွယ်ပေ။ နီးရာ တောင်တက်အဖွဲ့ဝင်များက ဆွဲတင်ကြရသည်။ နေ့လည် တစ်နာရီခန့်တွင် ဗိုလ်မှူးကြီးလှအောင် ခေါင်းဆောင်သော ရှေ့ပြေးအဖွဲ့သည် တောင်ထိပ်သို့ရောက်သွားလေသည်။ နောက်ထပ် နာရီဝက်ခန့်အကြာတွင် ကျန်တောင်တက်အဖွဲ့ဝင်များသည် တောင်ထိပ်သို့ ချောမောစွာ ရောက်လာကြလေတော့သည်။

❖ ❖ ❖

သို့သော် . . . ။

တောင်တက်အဖွဲ့မှ ရာသီဥတုဒဏ်ကို မခံနိုင်ကြသဖြင့် အသုတ်လိုက်၊ အသုတ်လိုက် ခွဲလွှတ်နေကြရရာ တောင်တက်အဖွဲ့နှင့်အတူ ပါလာသော ထန်တုံရွာမှ အထမ်းသမား လူငယ်နှစ်ဦးမှာလည်း ရှေ့ဆက်လိုက်နိုင်ရန် အခြေအနေ မရှိတော့သဖြင့် တောင်အုပ်ကြီးက -

"မင်းတို့နှစ်ယောက်ကော ဝါရှူး၊ ရှေ့ဆက် လိုက်နိုင်ကြတော့မလား" ဟု မေး၏။

"တောင်အုပ်ကြီး . . . ကျုပ်တို့လည်း ရှေ့ဆက်မလိုက်နိုင်တော့ဘူး၊ နှင်းကိုက်ခံထားရတဲ့ ခြေထောက်တွေကလည်း နာလာပြီ"

ဟု ဝါရှူးနှင့် ဆန်ပွန်တို့က ချက်ချင်းပြန်ပြောကြသည်။

"အဲဒါဆို မင်းတို့နှစ်ယောက်လည်း တောင်တက်အဖွဲ့နောက် ပြန်လိုက်သွားကြကွာ၊ စခန်းအမှတ်(၂)ကိုရောက်ရင် နားပြီးသွားကြပေါ့၊ အဲဒီမှာ ထောက်ပံ့ရေးအဖွဲ့လည်း ရှိနေတာပဲ၊ ကဲ . . လိုက်သွားကြတော့"

"ဟုတ်ကဲ့" ဟုပြောကာ သူတို့နှစ်ယောက် တောင်တက်အဖွဲ့ဝင်များ ပြန်သွားကြသောနောက် လိုက်လာကြသည်။

သူတို့နှစ်ယောက်သည် ပြန်လွှတ်ခံရသော တောင်တက်အဖွဲ့ဝင်များနောက် လိုက်ရန် လမ်းခုလတ်က ပြန်လာကြသည်။ သူတို့အခေါ်



www.burmeseclassic.com

www.burmeseclassic.com



ပန်ပလံတောင်ကြော အရောက်မှာပင် တောင်ခိုးတောင်ငွေ့တွေက အလုံးလိုက်၊ အခဲလိုက် (မှိုင်းတိုက်)ကျလာသည်။ ရှေ့ကိုတစ်လံ၊ နှစ်လံပင် မမြင်ရတော့။ သို့သော် သူတို့နှစ်ယောက်သည် အမှတ်(၂)စခန်းရှိရာဘက် မှန်းဆ၍ တောင်ခိုးတောင်ငွေ့တွေကိုဖောက်ကာ လိုက်လာကြသည်။

မှန်းဆ၍သာ သွားနေကြရသဖြင့် ခရီးကမတွင်။ လေထန်လာသလို တောင်ခိုးတောင်ငွေ့တွေကလည်း ပို၍သိပ်သည်းကာ ပို၍မှိုင်းတိုက်လာသည်။

စမ်းတဝါးဝါး အားခဲကြိုးစားလာကြရင်း -

ရှုဝံမပေါ်၊ မမျှော်ပါရ၊ နေကိုတ,လည်း၊ ဘယ်ကရှေ့,နောက်၊ ဘယ်တောင်,မြောက်ဟု၊ တွေးထောက်မမှန်၊ ဖန်ဖန်အုံ့သြ၊ ကြံတိုင်းမောစွ၊ ဘယ်တောဘယ်မြိုင်၊ မသိနိုင်တော့။

သူတို့နှစ်ယောက် မျက်စိလည်လာကြပြီ။ အစကမူ အထမ်းမပါသဖြင့် နေမဝင်မီ သူတို့ရည်မှန်းထားသော စခန်းအမှတ်(၂)ကို ရောက်ရမည်ဟု ယုံကြည်ချက်အပြည့်နှင့် တောင်ခိုးတောင်ငွေ့တွေနှင့် မှိုင်းတောကို ခြေလှမ်းမရပ် လျှောက်လာကြသည်၊ ပါလာသော နေ့လယ်စာရိက္ခာကို မှိုင်းတောထဲ၌ပင် စမ်းပြီးဝါးစားလာကြသည်။ စားရင်း ဝါးရင်းကလည်း စမ်းတဝါးဝါး လျှောက်လာကြသည်။

သည်လိုနှင့် ညနေစောင်းတွင် ရာသီဥတုက သာယာစပြုလာ၏။ တောင်ခိုးတောင်ငွေ့နှင့် မှိုင်းတို့လည်း တဖြည်းဖြည်း လွင့်စင်သွားကြသည်။ ထိုအခါ သူတို့ခြေလှမ်းက အထမ်းသမား လူငယ်များပီပီ ပိုမြန်လာကြသည်။

သူတို့ တောင့်တမျှော်မှန်းခဲ့ကြသော နေဝန်းကိုပင် ညနေစောင်းမှာ မြင်လာရသည်။

"ဟင်. . ဆန်ပွန် ငါတို့လျှောက်လာတာ တစ်နေ့နဲ့တစ်ညတောင်ရှိသွားပြီလားကွ၊ ဟိုမှာ နေထွက်လာပြီ၊ မင်း မြင်လား"

ဝါရှူးက နေဝန်း မှုန်တိမှုန်ဝါးကို လှမ်းမြင်ရသဖြင့် ဝမ်းသာအားရနှင့် ဆန်ပွန်ကို ပြောလိုက်သည်။





"အေး. . မြင်တယ်၊ ငါလည်း မင်းထင်သလိုပဲ နေထွက်လာပြီလားထင်မိတယ်၊ ဒါပေမယ့် တို့လျှောက်လာတာ တစ်ညနဲ့တစ်ရက်တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ အခု တို့မြင်နေရတာ နေဝင်တဲ့ အနောက်ဘက်ပဲ ဖြစ်ရမယ်၊ ငါ့စိတ်ထဲလဲ အဲဒါ အရှေ့ဘက်ပဲ ထင်နေတာ"

မှန်သည်။ သူတို့နှစ်ယောက်မှာ အရှေ့၊ အနောက်၊ တောင်၊ မြောက်ကိုပင် မသိကြတော့။ မျက်စိလည်လာကြပြီ ဖြစ်သည်။

"အဲဒါဆို တို့ . . တို့ . . ဘယ်ဘက်ကို လျှောက်ကြမလဲ"

"ငါလဲ မသိတော့ဘူး"

ဝါရှူးက ရိုးတိုးရိပ်တိတ် လှမ်းမြင်နေရသော နေဝန်းကို လှမ်းမော့ငေးကြည့်ပြီး ဆို၏။

"ဘာပဲဖြစ်ဖြစ် နေဝင်တဲ့ဘက်က တို့အရပ်ပဲဖြစ်ရမယ်၊ နေဝင်တဲ့ဘက်ပဲ တို့သွားမယ်"

"အေး . . သွား"

လူငယ်အထမ်းသမားများပင် ဖြစ်သော်လည်း သူတို့နှစ်ယောက်မှာ အတော်ပင်ပန်းနေကြပြီ၊ သို့သော် တောင်ပေါ်သားများပီပီ ငွမလျှော့ကြ။ နေဝင်သည့်ဘက်ကိုသာ ဆက်လျှောက်လာကြသည်။ တောင်ငွေ့တောင်ခိုးတွေ ပါးလျားသွားသဖြင့် ဖျော့ရော်ရော်နေလုံးက ရဲရဲနီလာသည်။

"နေက ဝင်တော့မယ်ကွ ငါတို့ ဘယ်နေရာ ရောက်လာကြပြီကိုလည်း မသိတော့ ညဆို လေကပိုထန်ပြီး အအေးကလည်း ပိုလာတော့မယ်၊ ဘယ်လိုလုပ်ကြမလဲ"

ဆန်ပွန်က ဝါရှူး၏စကားကို ပြန်မပြောနိုင်ဘဲ ရှည်လျားသော သက်ပြင်းတစ်ချက်ကိုသာ ပင်ပန်းကြီးစွာချလိုက်မိသည်။

"ငါ မပြောတတ်တော့ဘူး"

သူတို့သည် ခဏရပ်ပြီး ဟိုဟိုသည်သည် ဝန်းကျင်ကို လှမ်းလှည့်ကြည့်ကြသည်။

"ဟ ဟို. . ဟိုမှာ. . မီးခိုးတန်း ထင်တယ်ကွ၊ လွင့်တက်နေတာ၊ ကြည့်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဝါရှူး လက်ညှိုးထိုးပြရာဘက်ကို ဆန်ပွန်က လှမ်းကြည့်သည်။

"ဟ ဟုတ်တယ်ကွ အဲဒါ တောင်ခိုးမဟုတ်ဘူး၊ တစ်ကြောင်းတည်း လွင့်တက်နေတာ မီးခိုးပဲ"

"အေး. . ဒါဆို အဲဒီဘက် ရွာရှိရမယ်၊ တို့ နေမဝင်မီ အဲဒီကို အရောက်သွားကြမှ ဖြစ်မယ်"

"အေး. . ရွာမတွေ့တောင် မီးတော့လှုံရမယ်ကွ၊ ကဲ . . လာ. . လာ မြန်မြန်"

သည်လိုနှင့် သူတို့နှစ်ယောက်သည် မီးခိုးတန်းလေး ထောင်တက်နေသော နေရာဘက် မပြေးရုံတမယ် လျှောက်လာကြသည်။ ခဏကြာသောအခါ -

"တို့လျှောက်လာကြတဲ့ဘက်ဟာ မီးခိုးမြင်ရတဲ့ဘက် မှန်ရဲ့လား၊ ငါ သစ်ပင်ပေါ်က တစ်ချက် တက်ကြည့်လိုက်မယ်ကွာ"

"အေး. . အေး"

သစ်ပင်တစ်ပင်ပေါ် ပြေးတက်သွားသော ဝါရှူးကို ဆန်ပွန်က မော့ကြည့်နေသည်။

"ဟုတ်တယ်ဟ ဒီတစ်ခါ တို့လမ်းမမှားဘူး၊ ငါ မှန်းလို့လည်းရပြီ"

ပြောပြောဆိုဆိုနှင့်ပင် ဝါရှူး သစ်ပင်ပေါ်က ဆင်းလာသည်။

"လာကွာ. . ဒီတစ်ခါ တို့ ဘယ်လိုမှ လမ်းမမှားနိုင်တော့ဘူး"

သည်လိုနှင့် မီးခိုးမြင်ရာဘက် ဆက်လျှောက်လာကြရာ မကြာမီမှာပင် -

"ဟော့ မင်းတို့ လူစိမ်းတွေ ဘယ်အရပ်ကလဲ"

လူသံကြားသဖြင့် ဝါရှူးနှင့် ဆန်ပွန်တို့ တုံ့ခနဲ ခြေလှမ်းရပ်သွားကြသည်။ လူသံကြားရာဘက် လှည့်ကြည့်ရာ ဘောက်ချိတ်တစ်လုံးနှင့် လူကြီးတစ်ယောက်ကို သစ်ပင်ကွယ်၍ တွေ့ရသည်။

သူတို့ကို မေးမှန်းလောက်သာသိပြီး မည်သည့်ဘာသာစကားနှင့် ပြောလိုက်မှန်းမသိ။

လုံးစေ့ပတ်စေ့ အဓိပ္ပာယ်ကောက်မရ။





ကချင်ပြည်နယ်တွင် ရဝမ်၊ လီဆူး၊ ဂျိန်ဖော့၊ လော်ဝေါ်၊ ဇိုင်ဝါး၊ လချစ်၊ ယောရင် တို့အပြင် ထရုန်နှင့် အရှေ့မြောက်ဖျားတွင် တိဘက်အနွယ်ဝင်များလည်းရှိရာ ဘာသာစကားတွေမှာလည်း ကွဲပြားခြားနားကြသည်။ သို့သော် ဘယ်လိုပဲဖြစ်ဖြစ် ကချင်စကားကိုတော့ ထမင်းစားရေသောက် လူမျိုးတိုင်း သိကြ၊ တတ်ကြသည်။

ထို့ကြောင့် ဆန်ပွန်က အများသုံး ကချင်စကားနှင့် -

"ကျုပ်တို့ တောင်တက်အဖွဲ့က အထမ်းသမားတွေပါအဘ မျက်စိလည်လာကြလို့"

"ပေါက်ပေါက်ရှာရှာ မျက်စိလည်တယ်ဆိုတာ ရှိလား"

ရုတ်တရက်မူ ဆန်ပွန်မှာ ဘာပြန်ပြောရမှန်းမသိ 'မျက်စိလည်တယ်' ဆိုတာ သူတို့ဝေါဟာရမှာ ရှိပုံမပေါ်။

ထို့ကြောင့် ဆန်ပွန်က ထပ်ပြော၏။

"ကျုပ်တို့ တောင်တက်အဖွဲ့က အထမ်းသမား လီဆူးတွေပါ အဘ၊ လမ်းမှားလာကြလို့ပါ"

"လမ်းမှားရအောင် နင်တို့က မျက်စိမပါကြဘူးလား၊ ဘယ်သွားမှာလဲ"

အဘိုးကြီးက သူတို့နှစ်ဦးကို မယုံသင်္ကာသလိုနှင့် စူးစူးစိုက်စိုက် ကြည့်မေးနေ၏။

အဘိုးကြီး၏ သဘောမှာ သူတို့ရွာ၊ သူတို့လူကိုပဲ ရန်ငြိုးတစ်ခုခုနှင့် သတ်ဖို့လာကြသည်ဟု ထင်လေသလားမသိ။ ယခုအထိ သူ့ကိုယ်လုံးကို သစ်ပင်တစ်ပင်နှင့် အကာအကွယ် ယူထားတုန်း။ ခေါင်းလောက်သာ လူလုံးပြပြီး မေးနေ၏။

ကချင်စကားကို အဘိုးကြီးက နားလည်ပုံတော့ပေါက်သည်။ ဆန်ပွန်က ကချင်စကား ဝဲတဲတဲနှင့်ပြောသည်ကို သူကလည်း ကချင်စကားဝဲတဲတဲနှင့် ပြန်မေးနေ၏။ မည်သို့ဆိုစေ အဘိုးကြီး ကချင်စကားကို နားလည်သဖြင့် ဆန်ပွန်နှင့် ဝါရှူးတို့က ကြောက်စိတ်ပြေကာ သမ်းသာသွားကြသည်။ ဤအဘိုးကြီးကို အကျိုးအကြောင်း ပြောပြမှ သူတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ရန်သတ္တရု ပြုမည့်သဘော မရှိတော့။ ပြီးတော့ တောင်တက်အဖွဲ့ဟု ဆိုလိုက်ခြင်းအားဖြင့် အစိုးရမင်းများနှင့်လည်း ဆက်စပ်နေရာ သူတို့ကို ဘယ်လိုမှ ရန်မူရဲတော့မည် မဟုတ်ပေ။ ထို့ကြောင့် ဝါရှုံးက -

"ကျုပ်တို့ အစိုးရတောင်တက်အဖွဲ့က အထမ်းသမား လီဆူးတွေပါ။ အပြန်မှာ လမ်းမှားလာ. . ."

"နင်တို့ လမ်းမှားရအောင် ဘယ်ရွာကို သွားကြမလဲလို့ ငါမေးတာပ"

အဘိုးကြီးသည် ပကတိလေသံနှင့်ပြောပြီး သစ်ပင်ကွယ်က လှုလုံးထွက်လာသည်။

"ကျုပ်တို့ ထန်တုံဘက်ပြန်ကြတာ အဘ၊ လမ်းမှားလာလို့"

"ထန်တုံ"

အဘိုးကြီးပါးစပ်က ရေရွတ်လိုက်သလို ခေါင်းလည်းကုတ်သည်။

"အဝေးကြီးပဲ ဒီနေ့ ဘယ်လိုမှ ထန်တုံကို မရောက်နိုင်ဘူး"

"ဟုတ်ပါတယ် အဘ၊ အဲဒါကြောင့်လည်း အကူအညီ တောင်းချင်လို့ပါ"

"နင်တို့ကို ငါက ဘာလုပ်ပေးရမလဲ"

"အဘအိမ်မှာ ဒါမှမဟုတ် အဘတို့ရွာမှာ တစ်ညလောက် နားခွင့်ပြုပါ၊ ကျုပ်တို့ တအားကြီးပင်ပန်းလာကြလို့ပါ"

"အဘက တောင်အုပ်ပဲ၊ နင်တို့ရွာကို ရောက်ရင်လည်း ငါ့အိမ်ပဲ အိပ်ခွင့်ရမှာ၊ တခြားဘယ်သူက နင်တို့ကို လက်ခံရဲမှာလဲ"

"ဟုတ်ကဲ့ပါ အဘ၊ အဘက တောင်အုပ်ကြီးမှန်းသိလို့ ကျုပ်တို့ ဝမ်းသာလိုက်တာ၊ ကျုပ်တို့ကို ကူညီပါ၊ တစ်နေ့လုံး မှိုင်းတိုက်နေလို့ ကျုပ်တို့ လမ်းမှားလာကြတာပါ"

"တို့ဘက်တော့ ဘယ်မှိုင်းမှ မတိုက်ပါဘူးကွယ်၊ စောစောက နေတောင် မြင်နေရတာပဲ"

သည်အဘိုးကြီး သူ့စကားကို ယခုအထိများ သံသယ ရှိနေသေးလားဟု ဝါရှုံးက တစ်ချက်တွေးလိုက်သည်။ ထို့ကြောင့် -





"ဟိုဘက်တော့ တစ်တောင်လုံး တစ်တောလုံး အရမ်းကို မှိုင်းတိုက်ပြီး တောင်ခိုးတောင်ငွေ့တွေ ပိတ်နေတာ အဘ၊ အဲဒါကြောင့် ကျုပ်တို့ တလဲ ဒီခရီး အထမ်းနဲ့ တစ်ခါမှ မလိုက်ဖူးကြတော့ လမ်းမှားလာကြတာပေါ့"

"အေး. . လာ . . လာ. ."

သူတို့နှစ်ယောက်သည် အဘိုးကြီးခေါ်ရာနောက် လိုက်လာကြသည်။

မကြာမီ အဘိုးကြီး တောင်အုပ်အိမ်သို့ ရောက်လာကြ၏။

တောင်အုပ်ကြီး မိသားစုကမနည်း။ အဘိုးကြီးက သူတို့ နှစ်ယောက် အကြောင်းကို သူတို့ဘာသာစကားနှင့် သူ့အိမ်သားများကို ပြောပြလိုက်ပုံရသည်။ အိမ်သားအားလုံးက သူတို့နှစ်ယောက်ကို အံ့ဩဘနန်း ဝိုင်းကြည့်ကြသော်လည်း ပျူပျူငှာငှာပင် ဆက်ဆံကြ၏။ ညနေစာကိုလည်း ပြောင်သားကျပ်တိုက်နှင့် ကောင်းကောင်းမွန်မွန် ကျွေးကြသည်။

ဤသည်မှာတော့ သူတို့ရွာ၊ သူတို့ဒေသ ဓလေ့ဆိုသည်ကို နောက်မှ သိရသည်။ တောင်အုပ်ကြီးမှာ ရန်သူကလွဲပြီး မည်သည့်ဧည့်သည်ကို မဆို ကောင်းမွန်စွာ ကျွေးမွေးဖို့ တာဝန်ရှိသည်။ သူတို့ရွာသို့ ရောက်လာသော မည်သည့်ဧည့်သည်ကိုမဆို သူ စောင့်ရှောက်ရမည်။ မြို့၌ ဧည့်စာရင်းတိုင်ရသလို ရောက်လာသမျှသော စိမ်းစိမ်းကျက်ကျက် ဧည့်သည်မှန်သမျှ သူ့ကို အကြောင်းကြားရမည်။ နောက်ဆုံး သူတို့ရွာပတ်ဝန်းကျင်တွင် လူစိမ်း၊ မျက်နှာစိမ်း တစ်ယောက်ယောက်ကို တွေ့လျှင်ပင် တောင်အုပ်ကြီးကို အကြောင်းကြားရသော ဓလေ့ရှိလေသည်။

ယခုမူ သူတို့နှစ်ယောက်မှာ တောင်အုပ်ကြီးကိုယ်တိုင်က ခေါ်လာသူဖြစ်သဖြင့် အိပ်ရာနေရာအပြင် သူတို့၏ နာလာသောခြေထောက်ကိုပင် တောင်အုပ်ကြီးက သူ့အိမ်သားတွေကို ဆေးမြစ်တွေသွေးခိုင်းပြီး ကိုယ်တိုင် လိမ်းပေးသည်။

အားနာလွန်း၍ မိမိဟာသာလိမ်းပါရစေဆိုသည်ကို [illegible]တောင်အုပ်ကြီးက လက်မခံ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဆေးမြစ်က သိပ်အစွမ်းထက်တာ၊ အဘ ငယ်ငယ်တုန်းက အဘဆရာ ဆမ္မာကြီးပေးသွားတာ၊ နင်တို့ဘာသာ နင်တို့လိမ်းရင် အကြော အခြင်တွေ မထိမိမှာစိုးလို့ အဘကိုယ်တိုင် လိမ်းပေးတာပါ၊ နင်တို့ နေကောင်းဖို့ အဘမှာ တာဝန်ရှိသကော"

"တွေးဖူးပါအဘ ကျုပ်တို့က မသိလို့ပါ"

"နေပါဦးကွဲ့ ဒီလူတွေများ ဒုက္ခကြီးငယ်ခံပြီး ရေခဲတောင်တွေပေါ် ဘာလို့သွားတက်ကြရတာလဲ၊ အဘတော့ နားကိုမလည်ဘူး၊ ရေခဲတောင် သွားတက်ကြတာ သူတို့ ဘာအကျိုးရှိလဲ၊ မတော်တဆ လမ်းမှာတောင် သေသွားနိုင်တာ"

ဆေးလိမ်းပေးရင်းက သူမသိ၊ အဓိပ္ပာယ်မပေါက်သည့်အကြောင်း မေးနေပြန်သည်။

"ကျုပ်တို့လည်း မသိပါဘူး အဘရယ်၊ အထမ်းငှားလို့သာ လိုက်လာကြရတာပါ ဒါပေ. . ."

"အေးလေကွယ် ဒုက္ခရှာလို့ ရေခဲတောင်များ သွားတက်ကြတယ်လို့ အဘတော့ အံ့ဩတယ်၊ ကတိုးကောင်တွေ ဘာတွေများ လိုချင်ကြလို့လားနော်"

"သူတို့ ပြောကြတာတော့ ကတိုးကောင် မဟုတ်ဘူး အဘ၊ သယံဇာတတွေ၊ သတ္တုသိုက်တွေ၊ ရွှေ ငွေ၊ ကြေးနီဆိုလား. . . ကျုပ်တို့လည်း ကောင်းကောင်းမသိပါဘူး၊ သူတို့ပြောနေကြသံ ကြားရတယ်"

"ဟင် ဟုတ်ပါပြီ ငယ်ငယ်က အဘဆရာလို့ ပြောရမှာပေါ့နော်၊ ဟိမဝန္တာကလာပြီး အဘတို့ဆီနေသွားတဲ့ ဆမ္မာကြီးက ပြောဖူးတာ အဘ အမှတ်ရပြီ၊ အဘတို့ရဲ့ တောတောင်တွေမှာ ရွှေ ငွေထက်မက တန်ဖိုးကြီးတဲ့ သယံဇာတတွေ ရှိနေတယ်လို့ ဆမ္မာကြီးပြောသွားတာ တကယ်ပဲ၊ အဲဒါ အခု ဒီလူတွေ အပင်ပန်းခံ လာရှာကြတာ ဖြစ်ရမယ်"

"ရွှေ ငွေထက် တန်ဖိုးရှိတာ ဟုတ်လား အဘ"

"ဆမ္မာကြီးကတော့ အဲသည်လိုပဲ ပြောသွားတာပဲ၊ ဆမ္မာကြီးဆီမှာ အသံမြည်တတ်တဲ့ ကျောက်ခဲတွေ၊ လျှောက်သွားနေတဲ့ ကျောက်ခဲ





တွေတော့ အဘကိုယ်တိုင် မြင်ဖူးတယ်၊ ဆမ္မာကြီးဟာ သိပ်ထူးဆန်းတာ၊ အဘတို့ရွာကိုလည်း အများကြီး အကျိုးပြုခဲ့ပါပြီကော"

"ဟင်. . . အသံမြည်တတ်တဲ့ ကျောက်ခဲ၊ လမ်းလျှောက်တတ်တဲ့ ကျောက်ခဲ၊ လမ်းလျှောက်တတ်တဲ့ ကျောက်ခဲ ဟုတ်လား အဘ၊ သိပ်ထူးဆန်းပါလား၊ ဆမ္မာဆိုတာ ဘယ်လိုလူမျိုးလဲ အဘ၊ ကျုပ်တို့တော့ အဘပြောမှ ကြားဖူးပါတယ်"

"လူကတော့ နင်တို့ ငါတို့လို လူပဲကွဲ့၊ ထူးဆန်းတာကတော့ သူ့အတတ်ပညာတွေပဲ၊ အဘတို့ အရှေ့မြောက်ဖျားမှာ ကြိုးတံတားဆိုတာလည်း သူက စ,ခဲ့တာပဲ၊ အေး အို ပြောရရင် မျိုးစုံပါပဲကွယ်၊ ဆေးဝါးက အစပေါ့နော် အခု နင်တို့ကို လိမ်းပေးတဲ့ဆေးမြစ်လဲ အဘတို့ဆီ ပေါ်မှ ပေါ်၊ ဒါပေမယ့် ဟိုတုန်းက အဘတို့ ဘိုးစဉ်ဘောင်ဆက် ဘယ်သူမှ မသိခဲ့ကြဘူး၊ သူပြောမှ ပြမှ သိကြရတာ"

"ဘယ်ပြည်သားလဲ အဘ ကျုပ်တို့ ကချင်ပြည်နယ်ကတော့ မဟုတ်ဘူးပေါ့"

"အိုး . . . မဟုတ်ပါဘူးဆို"

"အဘတို့ဆီ သူ ဘယ်လိုလုပ်ရောက်တာလဲ ဘယ်ကလာလဲ"

ဆန်ပွန်နှင့် ဝါရှူးတို့မှာ အဘိုးကြီးပြောပြသည့် ထိုဆမ္မာဆိုသော ပုဂ္ဂိုလ်ကို အလွန်စိတ်ဝင်စားကြသဖြင့် အငမ်းမရ မေးမိကြသည်။

"ဘယ်ကလာလဲဆို သူကတော့ ဟိမဝန္တာက လာတယ်ပြောတာပဲလေ"

"နင်တို့လိုပဲ ငါလဲ ဘယ်သိမလဲ လူလေးတို့ရယ်"

"ဪ ဒါနဲ့အဘ အခု ကျုပ်တို့ကို အထမ်းခေါ်လာတဲ့ အဖွဲ့ထဲမှာ ခေါင်းဆောင် လူကြီးတစ်ယောက်ပါတယ်၊ သူတို့ ပြောနေကြသံ ကြားတာကတော့ အဲဒီလူကြီးဟာ ဟိမဝန္တာတောင်ကို တက်ဖူးတယ်တဲ့၊ ဆွစ်ကင်းဆိုလား ဆစ်ကင်းဆိုလား အဲဒီ ဟိမဝန္တာတောင်မှာ သူက တောင်တက်နည်း လေ့ကျင့်ဖူးတယ်ဆိုတာ သူ့အဖွဲ့သားတွေ ပြောနေကြသံကြားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ဒါဆို သူလည်း ငါပြောတဲ့ဆမ္မာကြီးလို ဟိမဝန္တာက လာတဲ့ လူများလားဟဲ့၊ လူလေးပြောတာနဲ့ ငါ့ဆမ္မာကြီးကို အဘ သတိရ လိုက်တာကွယ်"

အဘိုးကြီး၏အသံမှာ တိမ်တိမ်ဝင်ဝင်နှင့် တကယ် သူပြောသော ဟိမဝန္တာကလာပြီး သူတို့ဆီနေသွားသည့် သူ့ဆမ္မာကြီးကို သတိရ လွမ်း ဆွတ်သွားပုံရလေသည်။

"သူကတော့ ဟိမဝန္တာကလာတာ မဟုတ်ဘူး အဘ၊ ရန်ကုန်က သူ့တောင်တက်အဖွဲ့နဲ့ မြစ်ကြီးနားရောက်လာတာ၊ မြစ်ကြီးနားကမှ တစ်ဆင့် အီမောဘွန်းတောင်ကိုလာတက်တာလေ အဘ၊ ဒါနဲ့ အဘ ဆမ္မာကြီးအကြောင်းပြောပြပါဦး၊ ကျုပ်တို့ စိတ်ဝင်စားလွန်းလို့ပါအဘရယ်"

"ဆမ္မာကြီးအကြောင်း ပြောရမှာက တစ်ညလုံးပြောလို့တောင် ကုန်မှာ မဟုတ်ဘူးကွဲ့"

"ပြောသာပြောစမ်းပါ အဘရယ် တစ်ညမကုန်ရင် နှစ်ညပေါ့၊ ကျုပ်တို့လဲ အဘ ဆမ္မာကြီးအကြောင်း ပြောမပြီးမချင်း အဘအိမ်မှာ တစ်ည နှစ်ည အိပ်နေဆိုလဲ အိပ်နေပါ့မယ် လုပ်စမ်းပါ ပြောပြစမ်းပါ"

"အဘ ဆယ့်တစ်နှစ်သားသား ဆစ့်နှစ်နှစ်သား အရွယ်လောက်က ပါါပဲ"

ဤသို့ အစချီကာ ဒဟူရွာတောင်အုပ်ကြီးက သူ့ဆရာ ဟိမဝန္တာ က လာသူအကြောင်းကို လွမ်းလွမ်းဆွတ်ဆွတ်နှင့် တောင်တက်အဖွဲ့ထမ်း သမား ဆန်ပွန်နှင့် ဝါရှူးတို့နှစ်ယောက်ကို တစ်ညလုံး ပြောပြလေသည်။

❖

ဒဟူရွာကလေးမှာ မြန်မာနိုင်ငံ နယ်နိမိတ်ထဲ ပါဝင်သော်လည်း မြန်မာနိုင်ငံရှိ မြို့ရွာများနှင့် ထိုစဉ်က လုံးဝ အဆက်အသွယ်မရှိကြ။ ကချင်ပြည်နယ်၏ အရှေ့ဘက်အစွန်ဆုံးကျသော ခေါ်ဘူဒဲရွာကလေး ရှိသည်ကိုလည်း ဒဟူရွာသူရွာသားများ မသိကြ။ (ခေါ်ဘူဒဲမှာ ယခုအခါ မြို့ဖြစ်သည်) မြို့ပြည်ဟု သူတို့သိထားကြသည်မှာ နှစ်ဖက်နိုင်ငံရှိ အာပူချ်





နှင့် ကျင်ရှုရွာကြီးတို့သာ။ အာပူချ်နှင့် ကျင်ရှုကို သူတို့ရွာက ခြေကျင် နှစ်ညအိပ် သုံးရက်ခရီး ရှိလေသည်။

တစ်နေ့တွင် ဒဟူရွာမှ မုဆိုးလေးနှစ်ယောက်က သူတို့ရွာနှင့် ရေခဲ ချောင်တစ်ချောင်းသာခြားသော ကျားရဲတောင်တွင် မျက်နှာစိမ်း၊ လူစိမ်း တစ်ယောက်ကို တွေ့ခဲ့ကြသည်ဟူသော သတင်းစကားကြောင့် ဒဟူရွာ တလေးမှာ အတော်လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ သူတို့အနေနှင့် လူစိမ်းသူစိမ်း ဧည့်သည် ဆောင့်သည်ဆို၍ သုံးလေးနှစ်မှာပင် တစ်ခေါက် မဗတွေ့ဖူး မကြုံဖူး။ ထို့ကြောင့် သူတို့ရွာနားတွင် လူစိမ်း သူစိမ်း တစ်ဦး တစ်ယောက်ကို တွေ့ခြင်းသည် တစ်စုံတစ်ခု အကြောင်းထူးရှိရမည်ဟု အားလုံးက ယူဆကြသည်။

ထိုလူစိမ်းသည် တစ်ဦးတစ်ယောက်တည်းတော့ ဘယ်လိုမှ မဖြစ် နိုင်၊ အဖော်အပေါင်း ပါဦးမည်။ သူတို့ရွာကို ဒိုးဆိုးတိုက်ခိုက်လို၍ လာကြ သူများလား (သို့မဟုတ်) သူတို့ ရွာသူရွာသား တစ်ဦးဦးနှင့် ရန်ငြိုးရန်စ ရှိ၍ ထိုသူများသည် မိမိရွာသူရွာသားအား ရန်သတ္တရု တစ်စုံတစ်ခုပြုရန် ရောက်လာခြင်းလေလားဟုလည်း ပူပန်စိုးရိမ်မိကြသည်။

ဤသည်မှာလည်း ယခင့်ယခင်က သစ်မွှေးရှာရင်း ရေခဲတောင် များပေါ်တွင် ကတိုးလိုက်ရင်း တစ်ဦးနှင့်တစ်ဦး၊ တစ်ရွာနှင့်တစ်ရွာ၊ တစ် ဖက်နှင့်တစ်ဖက် ရန်သတ္တရုပြုခဲ့ကြသော အစဉ်အလာဟောင်းများ ရှိ သည်။ တစ်ဖက်နိုင်ငံမှ မုဆိုးတစ်ဦးဦးဆီက သားကောင်(သို့မဟုတ်) ဆေး မြစ်၊ သစ်မွှေး၊ စန္ဒကူး စသည့် တန်ဖိုးရှိပစ္စည်း တစ်ခုခုကို သူတို့ရွာက မုဆိုး (သို့မဟုတ်) သူတို့ မြန်မာနိုင်ငံ၊ မြန်မာပြည်နယ်၊ မြန်မာရွာ တစ် ရွာရွာမှ မုဆိုးတစ်ယောက်ယောက်က လိမ်လည်လှည့်ဖြား ယူငင်လာ၍ မူလပစ္စည်းပိုင်ရှင် မုဆိုးက ထိုလူလိမ်မုဆိုးကို သတ်ဖြတ်ရန် လိုက်လာ သူလား။

အကယ်၍ ရန်သတ္တရုကိစ္စနှင့် မဟုတ်ဘဲ သားကောင်လိုက်ရင်း နယ်ကျံလာသူ၊ ဆေးပင် ဆေးမြစ်ရှာရင်း နှင်းမုန်တိုင်းမိ၍ လမ်းမှားလာ သူဆိုလျှင် သူတို့တောင်ပေါ်ဒေသ၏ နည်းဥပဒေအရ ရွာသူကြီး တောင်



www.burmeseclassic.com

www.burmeseclassic.com



အုပ်ထံ လာရောက်အကြောင်းကြားရမည်။ ယခု ရွာမှုဆိုးလုငယ်များ တွေ့ခဲ့ကြသည် ဆိုသူမှာ ရွာထဲလည်း ရောက်မလာ၊ သူကြီးတောင်အုပ်ထံ အကြောင်းကြားခြင်း၊ အကူအညီတောင်းခြင်းလည်း မရှိသဖြင့် ရွာမုဆိုးလုငယ်များ တွေ့ခဲ့ကြသည်ဆိုသော ထိုပုဂ္ဂိုလ်မှာ ဧကန္တ ရန်သူလူစိမ်းသာ ဖြစ်ရမည်ဟု တစ်ရွာလုံးက စိုးရိမ်ပူပန်စွာ ပြောဆိုနေကြသည်။

သို့သော် ဤပြဿနာကို ချက်ချင်းဖြေရှင်းပေးနိုင်သူ ရွာသူကြီးတောင်အုပ်က ယခု ရွာ၌မရှိ။ ဒဟူရွာသူကြီးတောင်အုပ်သည် သူတို့တောင်ပေါ်ဒေသ၌ မရှိမဖြစ်သော ဆားနှင့် အဝတ်အထည်များကို တစ်ဖက်နိုင်ငံ အာပူချ်၌ သွားဝယ်နေ၏။ ဝယ်သည်ဟုသာ ဆိုသော်လည်း ဒင်္ဂါးနှင့် သွားဝယ်ခြင်းမဟုတ်၊ ဆောင်းတွင်းက ရ,ထားသော ရေခဲတောင်ပေါ်မှ ကတိုးဆိတ်၊ နွေလ၌ရသော သစ်မွှေး စန္ဒကူး စသည့်ပစ္စည်းများနှင့် ပစ္စည်းချင်း သွားရောက်ဖလှယ်နေခြင်းသာ။

မြန်မာနိုင်ငံ အရှေ့မြောက်ဖျားရှိ ရေခဲတောင်ပေါ်မှရသော ကတိုးကောင်၏ အမွေး၊ အရိုး၊ ခြေသည်း၊ လက်သည်းကအစ တစ်ဖက်နိုင်ငံတွင် အထူးဈေးကောင်းသည်။ ကတိုးအိတ် တစ်လုံးပါသွားလျှင် ဆားနှင့်တကွ အိမ်သုံးပစ္စည်း၊ အဝတ်အထည်၊ ဘီး၊ မှန်၊ ကလစ်၊ မုဆိုးများအတွက် ဓါးထီးသံလုံးကအစ အကုန်ရသည်။

အထူးသဖြင့် နှစ်ဖက်နိုင်ငံရှိ လောပန်များ၊ ချောင်ဒရီများ၊ မဟာရာဂျာများ၊ သူဌေးကြီးများသည် ကတိုးအိတ်ကို အသက်ရှည်ဆေး၊ ကာမအားတိုးဆေးအဖြစ် အလွန်လိုလားကြသည်။ ထို့ကြောင့်လည်း ဒဟူရွာသူကြီး တောင်အုပ်ဂမ်ရော်သည် သူတို့တစ်ရွာလုံးရှိ ကတိုးအိတ်၊ သစ်မွှေး စန္ဒကူး ပစ္စည်းများကိုယူကာ သူ့လူသုံးလေးယောက်နှင့် တစ်ဖက်နိုင်ငံ ရောက်နေသဖြင့် ယခု ကျားရဲတောင်တွင် ရောက်နေသော ရန်သူမှန်း မိတ်ဆွေမှန်း မသိသူကို သွားမေးရန် မည်သူမှ မဝံ့ဖြစ်နေကြသည်။

ရွာသူကြီး တောင်အုပ်ဂမ်ရော် ရှိလျှင်တော့ သူမှာတာဝန်ရှိသဖြင့် သူစိမ်းက လာ၍သတင်းမပို့လျှင် သူကိုယ်တိုင် ထိုသူဆီသွား၍ မေးမြန်းစုံစမ်းမည် အကျိုးအကြောင်း မေးမည်။ ရောက်လာရသည့် ကိစ္စတို့





ဒယနကာ မေးမရလျှင် တောင်အုပ်အနေနှင့် အသေသတ်ပစ်၍လည်း သူတို့နယ်စွန်နယ်ဖျားတွင် မည်သည့်တရားဥပဒေနှင့်မျှ အရေးယူမည့်သူ မရှိပေ။ သူတို့အရပ်တွင် တောင်အုပ်ရွာသူကြီးမုဆိုးသည် အာဏာပိုင် ဖြစ်သည်။

ကျားရဲတောင်ကို ရောက်နေသော လူစိမ်းကို ထိုနေ့က မည်သူမျှ သွားမမေးရဲသဖြင့် တစ်ညလွန်မြောက်သွားသည်။ နောက်တစ်နေ့မနက်မှာ ရဲရဲရင့်ရင့်ရှိကြသော ရွာမုဆိုးလေးနှစ်ယောက် သုံးယောက်က ထိုလူစိမ်း ကျားရဲတောင်တွင် ရှိ မရှိ သွားကြည့် ချောင်းမြောင်းကြသည်။ ထိုလူစိမ်းမှာ သူတို့ထက် အရပ်အမောင်းကြီးမြင့်ခြင်း၊ ဆင်ယင်ဝတ်စားထားသည်ကလည်း သူတို့အရပ်သားများ ဝတ်ဆင်ထားသည်နှင့် မတူခြင်းတို့ကြောင့် မုဆိုးလေးများက သွားမတွေ့ရဲသေးဘဲ ပြန်လာကြသည်။

ခက်နေသည်မှာ ရွာသူကြီးတောင်အုပ် မရှိခြင်းပင်။ တောင်အုပ်ရွာသူကြီး၏ ခွင့်ပြုမိန့် တစ်စုံတစ်ရာမရဘဲ စိမ်းစိမ်း,ကျက်ကျက် လူတစ်ဦးတစ်ယောက်ကို မည်သို့မျှ ပြုလုပ်၍မရ။ နောက်ဆုံး ရန်သူပင်ဖြစ်နေပါစေ ရွာသူရွာသားသဘောနှင့် ဝိုင်းသတ်ပစ်၍မရ။ ရန်သူ ဧကန္တမှန်လျှင် တောင်အုပ်သူကြီး မုဆိုးကြီးကိုယ်တိုင် ထိုရန်သူအား သူ့လက်နှင့်သတ်ရမည်။

တခြားတစ်ဦးတစ်ယောက်က မျက်နှာလို, မျက်နှာရ သွားသတ်လျှင် ထိုသူတွင် ကြွေးတင်သော သူတို့ဓလေ့ အစဉ်အလာရှိသည်။

ဤသည်တို့ကြောင့်လည်း လူစိမ်းတစ်ဦး ကျားရဲတောင်ကို ရောက်လာခြင်းနှင့် ပတ်သက်၍ ဒဟူရွာသူရွာသားတွေမှာ စိုးရိမ်ကြသည်ကလွဲပြီး ဘာမှမလုပ်ရဲကြသေး။ ဘယ်နေ့ ဘယ်အချိန် ဘယ်အခါကပင် ကျားရဲတောင်ကို ရောက်နေမှန်းမသိသော ထိုလူစိမ်းပုဂ္ဂိုလ်မှာ ယခုတိုင် ကျားရဲတောင်၌ အေးအေးလူလူပင် နေစာလှုံနေသည်ကို မြင်ခဲ့ကြရသည်။ ထို့ထက်ပို၍ ထူးဆန်းသည်မှာ ထိုကျားရဲတောင်ရှိ ကျောက်ခေါင်းထဲ အမြဲလိုလို နေနေကြသော ကျားများထဲမှ ကျားကြီးတစ်ကောင်ကိုလည်း ထိုပုဂ္ဂိုလ်အနားတွင် နေစာလှုံနေသည်ကို မြင်ခဲ့ကြရသည်ဟု ဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသည်တို့ကြောင့်လည်း မုဆိုးလေးတွေက သူ့အနား သွားမကပ်ရဲဘဲ ပြန်ပြေးလာကြခြင်းဖြစ်သည်။

သူတို့တစ်သက်တွင် ဤသို့ ကျားမကိုက်ရဲသူ၊ ကျားနှင့်အတူ နီးနီးနေသူကို မမြင်ဖူး မတွေ့ဖူးကြ။ ဤပုဂ္ဂိုလ်ကြီးမှာ တန်ခိုးဣဒ္ဓိပါဒ် ကြီးမား၍သာ ဤသို့နေနိုင်ခြင်းဖြစ်မည်ဟု ပြောဆိုဝေဖန်နေကြပြန်သည်။ ကျားရဲတောင်က ပုဂ္ဂိုလ်ကြီးဆီ နောက်တော့ မည်သူမှ မသွားရဲကြတော့ဘဲ သူတို့ရွာတောင်ကသာ အရိပ်အခြည်ကို လှမ်းကြည့်ကြသည်။ သူတို့ ဒဟူရွာတောင်နှင့် ကျားရဲတောင်မှာ မတ်စောက်သော ရေခဲချောင်းတစ်ခုသာ ခြားသဖြင့် လှမ်းကြည့်လျှင် မြင်သာသည်။ အထူးသဖြင့် ရော်ရွက်ကြွေသော ဤလိုနွေလတွင် သစ်ရိုင်းပင်များမှာ အရိုးသာရှိနေကြသဖြင့် ပို၍မြင်သာသည်။ ထို့ကြောင့်လည်း ထိုလူထူးလူဆန်းကို တစ်နေ့လုံးနီးနီးလှမ်းကြည့်နေသော ရွာသားတစ်ဦး၏ စကားကြောင့် အားလုံး ပို၍အံ့သြတကြီး ဖြစ်ကြရပြန်သည်။

"ဒီလူကို ကျုပ် မြောက်စွန်ဖျား ကျောက်တောင်ပေါ်က တစ်နေ့လုံးနီးနီး လှမ်းကြည့်နေတာဗျ။ သူကလည်း ကျုပ်တို့ရွာဘက်တော့ တစ်ချက် တစ်ချက် လှမ်းလှမ်းကြည့်တာ မြင်ရတယ်။ အဲဒါက မဆန်းဘူး ကျုပ်တို့ရွာဘက်က လူသံသူသံ ဒါမှမဟုတ် ခွေးတွေ ဘာတွေ ဟောင်သံကြားတော့ ဒီဘက်မှာ ရွာရှိမှာပဲလို့ လှမ်းကြည့်တယ်ထင်တာပဲ။ ထူးဆန်းတာက ကျားသားပေါက်မတွေ အမြဲလိုလို ရှိနေတတ်တဲ့ ကျောက်ခေါင်းလိုဏ်ထဲ ဝင်သွားရင် တော်တော်နဲ့ ထွက်မလာတာဘဲ"

"ဟင် ကျားသားပေါက်မတွေ အမြဲလိုလိုရှိနေတဲ့ ကျောက်ခေါင်းထဲ ဝင်သွားတယ်"

ရွာသူရွာသားတွေက အံ့သြတကြီး မေးကြသည်ကို တစ်နေ့လုံးစောင့်ကြည့်နေသူက "ဟုတ်တယ် ကျားသားပေါက်မတွေ အမြဲလိုလိုရှိနေတတ်တဲ့ ကျောက်လိုဏ်ခေါင်းပေါက်ထဲ ဝင်သွားတာ ကျုပ်မျက်စိနဲ့ကိုယ်တပ်အပ်မြင်လိုက်ရတယ်" ဟု ပြောလိုက်သောအခါ ရွာသူရွာသားတွေမှာ ပို၍အံ့ဖွယ်သရဲ ဖြစ်သွားကြပြန်သည်။





သို့သော် ဤလိုအံ့သြနေကြရုံနှင့်တော့ မပြီး။ ကျားမကိုက်ရဲသော ကျားသားပေါက်မတွေနှင့် ကျောက်ခေါင်းထဲ အတူလာနေသော ထိုပုဂ္ဂိုလ်ကို ရွာသူရွာသားများအနေနှင့် မဖြစ်မနေ စုံစမ်းမေးမြန်းကြမှ ဖြစ်တော့မည်။ တောင်အုပ်သူကြီးကို စောင့်နေ၍မဖြစ်တော့။ သူတို့အရပ်မှာ ရာသီဥတုကလည်း တစ်နေ့ရွှေ့တစ်နေ့ငွေ့ ဆိုသလို အပြောင်းအလဲ မြန်တတ်ရကား အသွားသုံးရက်၊ အပြန်သုံးရက်၊ ပစ္စည်းတွေဈေးကောင်းရအောင် စုံစမ်းစောင့်ဆိုင်းရမည့်ရက်နှင့်ဆိုလျှင် ရွာသူကြီးတောင်အုပ်မှာလည်း ဘယ်နေ့ ဘယ်ရက် ပြန်ရောက်မည်ဟု မည်သူကမှ တိတိကျကျ မပြောနိုင်ကြ။ သည်ကြားထဲ ရေခဲချောင်းတွေ၊ ရေခဲတောင်တွေကို ဖြတ်ကျော်သွားကြရရာ လဝက်၊ တစ်လလည်း ကြာချင်ကြာနေတတ်သည်။ ဤရာသီမှာ လမ်းခရီး၌ ရေခဲချောင်းများ အရည်ပျော်ချိန်၊ ရေကြီးတတ်ချိန်၊ နှင်းတောင်ကန္တာရမှာလည်း ရာသီပြောင်း၊ ဥတုပြောင်း၍ လေပွေလေရဟတ် ထ,တတ်ချိန်၊ ရေခဲတောင်တွေ အရည်ပျော်၍ ရေခဲချောင်းတွေမှာ ရေကြီးနေလျှင် နှင်းတောင်ကန္တာရထဲ နှင်းမုန်တိုင်း၊ လေပူရဟတ်မိနေလျှင် သုံးလေးရက် ဘယ်မှ မသွားမလာနိုင်ဘဲ စခန်းရှာ နေရာတဲ့နေကြရသည်လည်း ရှိလေရာ တောင်အုပ်မုဆိုးကြီးနှင့် ကုန်ဖလှယ်သွားအဖွဲ့မှာ မိမိရွာကို ဘယ်တော့ပြန်ရောက်လာကြမည်မသိ။

ကျားရဲတောင်၌ ရောက်နေသူမှာ တန်ခိုးဣဒ္ဓိပါဒ်လည်း ရှိသူဖြစ်ရာ သူတို့ ဘိုးဘွားဘီဘင်လက်ထက်က ဟိုဘက်,သည်ဘက် ရန်ငြိုးတစ်ခုခုရှိထား၍ ဟိုဘက်က မိမိတို့ရွာကို ပြုစားအစီမံတိုက်ရန် လွှတ်လိုက်သူ တစ်ဦးတစ်ယောက်များ ဖြစ်နေလေသလား။ ယခု ကျားရဲတောင်ကျောက်ခေါင်းထဲ ကျားသားပေါက်မများနှင့် အတူနေနေခြင်းမှာ သူတို့ရွာကို ကျားနှင့်တိုက်ရန်များ စီမံနေလေပြီလား။ ဤပုဂ္ဂိုလ်မှာ လူအဖြစ်ကျားအဖြစ် အသွင်သဏ္ဍာန်အမျိုးမျိုးကို ဖန်ဆင်းနိုင်သော သမန်းကျား (သို့မဟုတ်) စုန်းကဝေအတတ်ကို တတ်ထားသူ မှော်ဆရာကြီးလား။

ကျားရဲတောင်နား သွားချောင်းကြည့်ကြသူများက ထိုပုဂ္ဂိုလ်သည် အထိ ကျားရဲတောင်ရှိ ကျောက်ခေါင်းထဲကို ဝင်လိုက်,ထွက်လိုက် လုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



တုန်းဟု ဆိုသည်ကို ရွာသူရွာသားတွေက ပို၍ထိတ်လန့်လာကြသည်။ ဘယ်လိုအမှောင့်ပယောဂကြောင့်ဟု မသိရသော်လည်း ယခင်က သူတို့ရွာ၌ တချားရဲမှုသည်၊ တစ်နေ့တည်း လူသုံးယောက်ကို ကိုက်သတ်ဖူးသည်။ တစ်ဖက်နိုင်ငံမှမှော်ဆရာများ ကျားအသွင်ဖြင့် လူသား လာစားသည်ဟုပင် သက်ကြီးစကားသက်ငယ်ကြား ပုံပြင်တွေကလည်း အများအပြားရှိလေရာ ရွာသူရွာသားတွေမှာ ပို၍ကြောက်ရွံ့ ထိတ်လန့်လာကြသည်။

ထိုအခါ တောင်အုပ်သူကြီးမရှိသဖြင့် အသက်ရှစ်ဆယ်ကျော် တောင်အုပ်ဟောင်း(အငြိမ်းစား) မှဆိုးကြီး ဒူဝါဒိုင်ဆီ တာဝန်တစ်ခုက ကျရောက်လာပြန်သည်။ ထိုတာဝန်မှာ ယခုကျားရဲတောင်တွင် ရောက်နေသူကို သွားရောက်မေးမြန်း စုံစမ်းပေးရသည်။ မည်သည့်အရပ်ကလာသည် မည်သူဖြစ်သည်၊ မည်သည့်အကြောင်းကြောင့်လာသည်။ ဤသုံးချက်ကို တောင်အုပ်ဟောင်း မုဆိုးကြီး ဒူဝါဒိုင် သွားမေးပေးရမည်။ အကယ်၍ ရန်ငြိုးတစ်ခုခုကြောင့် သူတို့ရွာကိုပြုစားရန် တစ်စုံတစ်ဦးက လွှတ်လိုက်သူဆိုလျှင် ထိုတန်ခိုးရှင် ကဒ္ဒိရှင်ကို တောင်းပန်တိုးလျှိုးကြရမည်။ ဘယ်လိုပင် တိုးလျှိုးတောင်းပန်,တောင်းပန် လက်ဆောင်ပဏ္ဏာ မည်မျှပေးပေး မကျေနပ်နိုင်ဘူးဆိုလျှင် ဒူဝါဒိုင်မှာ ထိုသူအား အသေခံ၍ တိုက်ခိုက်ရမည်။ ဤသည်မှာ သူတို့အရပ်၏ မလေ့ထုံးစံ ဖြစ်လေသည်။

ဒူဝါဒိုင်သည် ယခု အသက်ရှစ်ဆယ်ရှိပြီ။ ထိုပုဂ္ဂိုလ်နှင့် တိုက်ခိုက်၍ သေလျှင်လည်း မကြာမီ သေရတော့မည့်သူဖြစ်သည်။ သို့သော် ကျားရဲတောင်၌ ရောက်နေသူမှာ မျက်မြင်ကိုယ်တွေ့များ ပြောပြချက်အရ အလုံးအရပ်မြင့်သည်၊ သူတို့ အရှေ့မြောက်ဖျားသားများထက် ကြီးမြင့်သည်။ အားခွန်ဗလလည်း ကောင်းမည်၊ သိဒ္ဓိ၊ မဟိဒ္ဓိ အတတ်ပညာများလည်း တတ်စွမ်းသူဖြစ်မည်။ ထို့ကြောင့် အိုကြီး အိုမ ဒူဝါဒိုင်တစ်ယောက်တည်းကို လွှတ်လိုက်၍ မဖြစ်သေး။

ထိုပုဂ္ဂိုလ်မှာ ရှေးရှေးပဝေသဏီက နိုင်ငံအချင်းချင်း၊ ပြည်အချင်းချင်း၊ နယ်အချင်းချင်း၊ ရွာအချင်းချင်း၊ လူပုဂ္ဂိုလ်အချင်းချင်း ရန်ငြိုးရန်စရှိခဲ့ကြ၍ လက်စားချေရန် ရောက်လာသူဆိုလျှင် ထိုသူအား ပထမ





တောင်းပန်၊ ဒုတိယ လက်ဆောင်ပဏ္ဏာများပေးရန်၊ သို့ဖြင့်လည်း မကျေနပ်လျှင် သူသေကိုယ်သေ တိုက်ခိုက်သတ်ဖြတ်ရန်မှာ ဒူဝါဒိုင်တစ်ယောက်တည်းနှင့် မဖြစ်နိုင်။ နောက်ထပ် အနည်းဆုံး သုံးယောက်လောက်တော့ လိုမည်။ ထို့ကြောင့် အသက်အကြီးဆုံး ရန်သူသတ်၍ မသေလျှင်လည်း မကြာမီသေကြမည့် လူသုံးယောက်ကို ရွေးကြပြန်သည်။

ဤသည်မှာလည်း သူတို့ဆီ၌ အစဉ်အလာပုံပြင်ရှိသည်။ ကျင့်သုံးခဲ့ကြသော ထုံးတမ်းစဉ်လာရှိသည်။ သေစရာရှိလျှင် အသက်ကြီးသူများ တာဝန်ယူကြရသည်။ လူငယ်များအတွက် သူတို့ အသေခံကြရမည်။ ဤသည်ကို သူတို့ကလည်း လိုလိုချင်ချင်ပင် ဂုဏ်ယူကျင့်သုံးခဲ့ကြသည်။ ထို့ကြောင့် ကျားရဲတောင်က ပုဂ္ဂိုလ်နှင့် သွားတွေ့ရန် အသက်ရှစ်ဆယ်နီးပါး အဘိုးကြီးသုံးယောက်ကို ရွေးကာ လေး၊ မြား၊ ဓားမြှောင်ကိုယ်စီနှင့် ကျားရဲတောင်ကို လွှတ်လိုက်ကြလေသည်။

❖ ❖ ❖

www.burmeseclassic.com

ဒဟူရွာနှင့် ကျားရဲတောင်မှာ အမြင့်နီးသော်လည်း ခရီးက အဝေးလှမ်းသည်။ ဤမှာဘက် တောင်ကမ်းပါးယံစောင်းတွင် ရွာတည်ထားသော ဒဟူရွာက ကျားရဲတောင်ကို သွားကြရမည်ဖြစ်ရာ ဒူဝါဒိုင်တို့မှာ မတ်စောက်သော တောင်အောက်ကို ဆင်းလာကြရသည်။ နွေလဖြစ်သဖြင့် ကျားရဲတောင်နှင့် ဒဟူရွာတောင် နှစ်လုံးကြားရှိ ရေခဲချောင်းတွင် ရေက စီးရုံသာစီးနေသဖြင့် တော်သေး၏။ မိုးတွင်းဆိုလျှင်တော့ ဤရေခဲချောင်းမှာ နက်ရှိုင်းပြီး ရေစီးသန်သည်။ မိုးရွာပြီဆိုသည်နှင့် ဤရေခဲချောင်းကို မည်သူမျှ ဖြတ်မကူးဝံ့ကြ။ ရေက မိုးရွာပြီဆိုသည်နှင့် ဝါးလုံးထိုး၊ ဝက်ခေါင်းထိုး စီးတတ်သည်။

မိုးတွင်း၌ ဤချောင်းမှာ ရေစီးကြမ်းသလို ယခုလို နွေလမှာတော့ လူတစ်ရပ်၊ နှစ်ရပ်မြင့်သော ကျောက်ဆောင်ကျောက်လုံးတွေပေါ် ကာ ရေမှာလည်း တငြိမ့်ငြိမ့်သာ စီးဆင်းလျက်ရှိသည်။ ထို့ကြောင့်လည်း ဒူဝါဒိုင်တို့အဘိုးကြီးအဖွဲ့ တောင်အောက်ချောင်းနားသို့ ရောက်လာချိန်မှာ ရွာက ကလေး သုံးလေးယောက်သည် ချောင်းထဲက ကျောက်လုံးကျောက်ခဲများကို မ,လှန်ကာ ကျောက်ကြမ်းပိုးများ ရှာဖွေနေကြသည်ကို တွေ့ရသည်။

ချောင်းထဲရှိ ကျောက်လုံး ကျောက်တုံးများကြားတွင် နေနေကြသော ကျောက်ကြမ်းပိုးများမှာ ဒင်္ဂါးကျပ်စေ့ခန့် ရှိကြသည်။ ထိုကျောက်





ကြမ်းပိုးများ အတောင်ရင်းတွင် အဆိပ်ရှိ၏။ ကလေးများသည် ကျောက်ကြမ်းပိုးများ၏ အတောင်ကိုချိုးပြီး အဆိပ်အိတ်ကို နုတ်ပစ်ကာ ခါးပိုက်ထဲထည့်နေကြ၏။ ကျောက်ကြမ်းပိုး လေးငါးဆယ်ကောင်ရလျှင် ကလေးများက ထိုကျောက်ကြမ်းပိုးများကို မီးဖုတ်စားတတ်ကြသည်။ အရသာမှာ ရေပိုး၊ ပုရစ်များ အရသာကဲ့သို့ ချိုဆိမ့်သဖြင့် ကျောက်ကြမ်းပိုးများကို ကလေးများသာမဟုတ်၊ လူကြီးတွေလည်း ရှာစားလေ့ရှိကြသည်။ အချို့လူကြီးများသည် အစိမ်းပင် စားသူများလည်းရှိသည်။

ထို့ကြောင့် ဒူဝါဒိုင်နှင့် အတူပါလာသူ အဘိုးကြီးဆဝါကို သူ့မြေးလေးတစ်ယောက်က "ဘိုးဘိုး သား ကျောက်ကြမ်းပိုး လေးငါးကောင်ရပြီ စားမလား"ဟု ပြေးလာပြီးမေး၏။ အဘိုးကြီး ဆဝါက "ငါ့မြေးတို့ပဲစားကြ ဘိုးဘိုးတို့ ဟိုဘက်သွားစရာရှိသေးတယ်" ဟုပြောကာ ရွာနှင့်မျဉ်းပြိုင်ဖြစ်နေသော ကျားရဲတောင်ဘက် တစ်ချက်လှမ်းမော့ကြည့်လိုက်သည်။

ကျားရဲတောင်မှာလည်း သူတို့ ရွာတောင်လိုပင် ကျောက်တောင်ဖြစ်သည်။ ထို့ကြောင့် ထင်းရှူးပင်များနှင့် သစ်ရိုင်းပင်များက ကျိုးတိုးကျဲတဲသာ ပေါက်သည်။ အောက်ခြေရှင်းနေသော်လည်း ကျားရဲတောင်သို့ ရောက်နေသည်ဆိုသော လူစိမ်းသည်သည်ကြီးကိုတော့ မမြင်ရသေး။ နံနက်စောစောဖြစ်သဖြင့် ဆီးနှင်းပဝါပါးကလည်း တောင်ခြေတွင် ရစ်ဝဲနေတုန်း။ ဒူဝါဒိုင်နှင့် အဘိုးကြီးသုံးလေးယောက်မှာ ခြေထောက်ကို ရေမစိုအောင် ကျောက်တုံးကျောက်ခဲကြီးများအား ခုန်ကူး၍ ကျားရဲတောင်ရှိရာဘက်သို့ ကူးလာကြသည်။

ကျားရဲတောင် အတက်မှာတော့ ဒူဝါဒိုင်နှင့် အဘိုးကြီးအဖွဲ့မှာ အထူး သတိထားကြရသည်။ သူစိမ်းသည်သည်နှင့် ရင်ဆိုင်ကြရမည့်အပြင် အခန့်မသင့်လျှင် ကျားတစ်ကောင်ကောင်နှင့်လည်း ပက်ပင်းတိုးနိုင်သည်။ ဤကျားရဲတောင်တွင် ကျောက်ခေါင်းကလိုင်တွေ ပေါသဖြင့် ကျားများသည် အမြဲလိုလို ရှိနေတတ်သည်။ ထို့ကြောင့်လည်း အိုကြီး အိုမ အသက်စွန့်လာကြရသော အဘိုးကြီးအဖွဲ့မှာ အထူးသတိဝီရိယနှင့် ကျားရဲတောင်ပေါ် ဖြည်းဖြည်းမှန်မှန် တက်လာကြခြင်းဖြစ်သည်။

www.burmeseclassic.com



သူတို့အဖွဲ့ တောင်ခါးပန်းအရောက်မှာပင် ကျားရဲတောင်ပေါ် နေဝန်းတ ကျော်တက်လာရာ မြင်ကွင်းမှာ ပို၍ပီပီပြင်ပြင်ဖြစ်လာသည်။ ထို့ကြောင့်လည်း သူတို့သည် ကျားရဲတောင်ပေါ်ကို ဟိုဟိုသည်သည် သတိထားကြည့်ရင်း တက်မြဲဆက်တက်လာကြသည်။ ခြေလှမ်းမှန်မှန်နှင့် တတ်လာကြရင်း တောင်အောက်ချောင်းနှင့် သူတို့ရွာဘက်ကိုလည်း တစ်ချက်တစ်ချက် လှမ်းကြည့်ကြသည်။

အသက်ရှစ်ဆယ်နှင့် ရှစ်ဆယ်ကျော် အဘိုးကြီးများချည်း ဖြစ်ကြသော်လည်း သူတို့ရွာထဲမှလူများနှင့် ရေခဲချောင်းထဲ ကျောက်ကြမ်းပိုး ရှာဖွေနေကြသော ကလေးများကို မြင်နေရတုန်း။ ထို့ပြင် ရွာထဲမှ ဝါးကျည်တောက်ရှည်ရှည်များနှင့် ရေခပ်ရန် ဆင်းလာနေကြသော သူတို့ရွာသူတစ်ယောက်တလေကိုလည်း မြင်နေကြရသည်။ သူတို့ရွာသူရွာများ အားလုံးသည် ဤချောင်းကရေကို ခပ်သောက်သုံးကြရသည်။ တောင်မှာ မတ်စောက်မြင့်သီသဖြင့် ရွာက တောင်အောက်ကို ရေတစ်ခေါက် အသွားအပြန်မှာ ကွမ်းတစ်ယာညက်ခရီးခန့် ရှိလေသည်။

သူတို့ မလေ့စရိုက်အရ လုံခြုံမှုပိုရှိအောင် အောက်ခြေမတ်စောက်၍ ကျောက်မြေပြွမ်းသော တောင်ထိပ်တောင်ကလပ်များ၌သာ ရွာတည်လေ့ရှိကြရာ ယခု ဒူဝါဒိုင်တို့ရောက်နေသော ကျားရဲတောင်နေရာနှင့် ဒဟူရွာမှာ မျဉ်းဖြောင့်တစ်တန်းတည်း ဖြစ်နေသည်။ ထို့ကြောင့် ကျားရဲတောင်က လှမ်းကြည့်လျှင် ရွာထဲကလူများကို မြင်ရသလို ရွာထဲကလူများသည်လည်း သူစိမ်းဧည့်သည်နှင့်တွေ့ရန် (သို့မဟုတ်) တိုက်ခိုက်ရန် သွားကြသော ကျားရဲတောင်က အဘိုးကြီးအဖွဲ့ကို ရွာသူရွာသားများကလည်း အကဲခတ် လှမ်းကြည့်လျက်ရှိကြသည်။

ဒူဝါဒိုင်တို့အဖွဲ့သည် တစ်ယောက်ဖက်လောက်ရှိသော ထင်းရှူးနှင့် သစ်ရိုင်းပင်များကို အကာအကွယ်ယူကာ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ကြသည်။ ကျားကို ကြောက်ရသဖြင့် ကျောက်ခေါင်းလိုဏ်ပေါက်တွေနားတော့ သူတို့မသွားရဲကြ။ တိတ်တိတ်ဆိတ်ဆိတ်နှင့် တစ်ယောက်ကို တစ်ယောက် မျက်ရိပ်ပြ၍သာ ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်နေကြ





သည်။ တောင်ပေါ်တွင် လူတစ်ဦးတစ်ယောက် ရက်,လချီ၍ နေမည်ဆိုလျှင် လေကာ၊ နေကာ၊ ကျောက်လုံး၊ ကျောက်စောင်း၊ ကျောက်ဖျာ ခြေရင်း၌သာ နေနိုင်သဖြင့် ကျောက်လုံး၊ ကျောက်ဖျာ၊ ကျောက်တုံးများ ရှိရာတွေကိုလည်း သတိထားကြည့်ကြသည်။ သို့သော် သူစိမ်းဧည့်သည်ကိုကား ယခုအထိ သူတို့ အရိပ်အယောင်မျှပင် မမြင်ကြရသေး။

ထို့ကြောင့် ဒူဝါဒိုင်က -

"ဆဝါ. . . တို့ အသံပေးကြည့်ကြရင် မကောင်းဘူးလား၊ ဆေးနောင်. . . မင်းကော ဘယ်လိုသဘောရလဲ" ဟု တီးတိုးမေးလိုက်၏။

"လူသံကြားလို့ ကျားထွက်လာရင်ကောကွ ဒူဝါဒိုင်"

ဟု ကြောက်တတ်သူ ဆေးနောင်အဘိုးကြီးက ပြော၏။

ဤအဘိုးကြီးမှာ ဝတ္တရားအရသာ လိုက်လာရသော်လည်း မသေချင်သေး။ သေရမှာ ကြောက်နေသေးသဖြင့် သူစိမ်းဧည့်သည်ထက် ကျားကို ကြောက်နေပုံရသည်။ ဤသည်ကိုလည်း အပြစ်တော့ မဆိုသာ။ သူ့ခမြာမှာ ဒူဝါဒိုင်တို့ ဆဝါတို့လို မုဆိုးလုပ်စားလာသူမဟုတ်။ တစ်သက်လုံး တောင်ယာအလုပ်၊ သစ်မွေး၊ စန္ဒကူးရှာသောအလုပ်နှင့်သာ အသက်မွေးလာသူဖြစ်သည်။

"ဟေ့ကောင် လူသံကြားလို့ ကျားထွက်လာရင်လည်း မင်းကို မကိုက်စေရပါဘူး ဆေးနောင်ရာ၊ ငါတို့ မုဆိုးတွေ ပါပါတယ်ကွ၊ အသက်ရှစ်ဆယ်ဆိုပေမယ့် ကျားလောက်တော့ တို့က နိုင်နိုင်ပါသေးတယ်ကွ၊ သောက်ရေးတည်း မင်းကတစ်မျိုး"

တောင်အုပ်ဟောင်း မုဆိုးကြီး ဒူဝါဒိုင်က ဟောက်လိုက်သောအခါ ငယ်ကြောက် ယာသမားဆေးနောင်မှာ ချက်ချင်း နှုတ်ဆိတ်သွားလေသည်။

ထိုအခါ ဆဝါက -

"ဒူဝါဒိုင်. . မင်းအသံပေးကြည့်ကွ၊ ဘယ့်နှယ်နေမလဲ၊ ကျားထွက်လာတော့လည်း ဆေးနောင်ကိုပဲ ကိုက်မှာ၊ တို့က မုဆိုးဆိုတော့ မုဆိုးအချင်းချင်း ကျားလည်း စည်းစောင့်ပါလိမ့်မယ် ဟဲ . . ဟဲ. . "



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆေးနောင်ဘက် လှည့်ကြည့်ပြီး ရယ်ရယ်မောမောနှင့် ကျီစားသလိုပြော၏၊

ဤသည်ကို တကယ်ကြောက်တတ်သူ ယာသမားအဘိုးကြီးက -

"ဖတ်. . ဖတ်. . မဆိုကောင်း ဆိုကောင်း မင်းပါးစပ်ပုပ်ကြီးကတော့လေ" ဟု ပြန်ပြောသည်။

ဆဝါ ဆေးနောင်တို့ အပြန်အလှန်ပြောနေကြသည်မှာ အသံနည်းနည်းကျယ်လာသဖြင့် ဒူဝါဒိုင်ကတော့ ကျားနှင့်သူစိမ်းခြေသည်တစ်ယောက်ယောက်များ ထွက်လာလေမလားဟု စကားမပြောတော့ဘဲ ပတ်ဝန်းကျင်ကိုသာ မုဆိုးပေါင်းပီပီ ကျီးကန်းတောင်းမှောက် လျှောက်ရှာကြည့်နေလေသည်။

သို့သော် ကျားနှင့် လူစိမ်းခြေသည်ကိုကား အရိပ်အယောင်မျှပင် မမြင်ရသေး။

သည်လိုနှင့် သူတို့သည် ဤတစ်ခါတော့ စကားကို ခပ်ကျယ်ကျယ်ပြောပြီး လိုဏ်ပေါက်ကျောက်ခေါင်းခြေရင်းဘက် ကျောက်တောင်နား တိုးကပ်လာကြသည်။

"ဒူဝါဒိုင် . . မင်းက တောင်အုပ်ပေါင်းဆိုတော့ တောပေါ့ကြော့ကွာ၊ နေတောင် အတော်မြင့်လာပြီ၊ အလကား အချိန်ကုန်တယ်"

ဆဝါ၏ စကားအဆုံးမှာပင် အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဒူဝါဒိုင်က ဆဝါ၏အကြံပေးချက်အတိုင်း 'တောပေါ' လိုက်သည်။

"ပေါ့ . . ဝေး . . တောင်ပိုင်တောင်အုပ်အမိန့် . . သူစိမ်းခြေသည် ဘယ်သူမဆို အရှယ်သုံးပါးမရွေး၊ အထီး/အမ မကျန်စေရ၊ နယ်ကျော်၊ ရပ်ကျော်၊ ပြည်ကျော်၊ တိုင်းကျော်၊ သူခိုး၊ မားပြ အကုန် အမြန်လာ အသိပေး၊ အမြန်လာ အသိပေး၊ နှေးကွေးကြန့်ကြာ မြားစာလှံထိသေစေရှိတော့မယ်၊ ဝေး. . ပေါး. . ပေါး. . ဝေး. . ပေါး"

"ဝေး. . ပေါး. . ဝေး. . ပေါး. . တောင်ပိုင်ကြီးအမိန့်"

"ဝေး. . ပေါး. . ဝေး. . ပေါး. . သူကြီးအမိန့်"

"ဝေး. . ဟင့်. . ဟာ. . အင့်"





ဒူဝါဒိုင်၏ အမိန့်ပြန်စာ 'တောပေါ'သံအဆုံးတွင် 'ဝေး. . ပေါး. . ဝေး. . ပေါး. .' ဟု ဝိုင်းအော်လိုက်ကြသော လူကြီးများ၏ အသံမဆုံးမီပင် တစ်စုံတစ်ယောက်က ပြန်အော်လိုက်သံကြောင့် သူတို့၏ 'တောပေါ' ဝိုင်းအော်လိုက်ကြသံမှာ ထစ်ထစ်အအ ဖြစ်သွားကြသည်။

ထိုအချိန်မှာပင် ကျားသားပေါက်မတွေ့ အမြဲလိုလို ရှိနေတတ်သော ကျောက်တောင်လိုဏ်ပေါက်ထဲမှ လူကြီးတစ်ယောက်သည် သူတို့ကို ကြိမ်းမောင်းဆဲဆိုလာသံဟု ထင်ရသောအသံကိုပြုကာ သူတို့အနားလျှောက်လာလေသည်။

လူကြီးမှာ အရပ်မြင့်သဖြင့် သူတို့က မော့မကြည့်ရရုံတစ်မည်၊ ဝတ်ထားသည့် အဝတ်ကလည်း အပေါ်နှင့်အောက် တစ်ရောင်တည်း။ ထိုအဝတ်ပေါ်မှ နီညိုရောက်ခြုံထည်ကြီးကလည်း ဖိုးရိုးဖားရား၊ ခေါင်းကိုမူ နီညိုရောင်အဝတ်စတစ်ခုနှင့် စည်းချည်ထားသဖြင့် ခေါင်းတုံးလား၊ ဘိုကေလား၊ ဆံကျောင်ထုံးလား ခွဲခြားမရ။ သူသည် တစ်စုံတစ်ခုအတွက်နှင့် စိတ်ဆိုးလာသလို သူတို့ကို စေ့စေ့ကြည့်ကာ အော်ငေါက်နေပြန်သည်။

သို့သော် ဒူဝါဒိုင်တို့အဖွဲ့မှာ သူ့စကားကိုနားမလည်။ ဘာပြောနေမှန်းလည်း မသိ။

ထို့ကြောင့် ခေါင်းဆောင်ဖြစ်သူ ဒူဝါဒိုင်က ဤအရပ်ရှိ မျိုးတူများအားလုံး နားလည်နိုင်သော ကချင်ရှေးစကားနှင့် -

"ခင်ဗျား ဘာပြောတာလဲ၊ ကျုပ်တို့ ခင်ဗျားစကား နားမလည်ဘူး"ဟု ပြန်အော်လိုက်၏။

ထိုအခါမှ လူစိမ်းခြေသည်ကြီးကလည်း ကချင်ရှေးစကားနှင့်-

"မင်းတို့က ဘာကောင်တွေလဲ ကိုယ်ပေါ်မှာလည်း လေး၊ မြားတွေနဲ့ ဗာလမုဆိုးတွေ၊ သားသတ်ကောင် မိစ္ဆာတွေ"

"မ. . မဟုတ်ရပါဘူး ကျုပ် ကျုပ်တို့က ဒဟူရွာက သူကြီးတွေပါ"

လူကြီးစကား မဆုံးမီပင် ကျားရဲတောင် ကျောက်ခေါင်းထဲမှ ထွက်လာသူကို မျက်တောင်မခတ် မှင်တက်ငေးကြည့်ကာ ကြောက်နေသူ ကြောက်တတ်သူ ဆေးနောင်အဘိုးကြီးက. .



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ရပါဘူး၊ ဒဟူရွာက လူကြီးတွေပါ" ဟူသော စကားကို ကြားလိုက်ရ၍လားမသိ ထိုအခါမှ သူ့မျက်နှာရှိ အကြောအခြင်တွေ လျှော့ပြေသွားသည်။

အစကမူ ဒူဝါဒိုင်တို့အဖွဲ့ 'တောဟော'၏ ဝိုင်းအော်ကြသည်ကို ကျားရဲတောင်၌ မုဆိုးများ သားကောင်လာလိုက်၍ အော်ဟစ်ကြခြင်း၊ သားကောင်တွေကို ခြောက်လှန့်ကြခြင်းဟု ထင်သွားပုံရသည်။

"ဪ. . ဩ ဟိုဘက်ရွာက လူကြီးမင်းတို့ကိုး ဘာကိစ္စ ဒီလာပြီး အော်ဟစ်ကြပါလိမ့်၊ စောစောက ခင်ဗျားတို့ အော်ဟစ်လိုက်ကြတော့ ကျုပ်စရဏပျက်သွားလို့ ကျုပ် နည်းနည်းစိတ်တိုသွားတာ ခွင့်လွှတ်ကြပါဗျာနော်"

"ခွင့်လွှတ်ပါတယ်ခင်ဗျာ အာဂန္တု(ဧည့်သည်)က ဒီကျားရဲတောင်မှာ နေမလို့လား"

"ဟုတ်ပါတယ်"

ဒူဝါဒိုင်၏ အမေးကို ထိုလူကြီးက ချက်ချင်းအဖြေပေး၏။

"ဘယ်ကလာလဲ"

"ဟိမဝန္တာက. ."

ဒူဝါဒိုင်နှင့်အဖွဲ့က ထိုလူကြီးစကားကို သက်ပြင်းကိုယ်စီ ချလိုက်ကြသည်။

ဟိမဝန္တာဆိုသည်မှာ မကြားဖူးကြသော ဒူဝါဒိုင်တို့အဖွဲ့မှာ ဤလူကြီး ဘာပြောလိုက်မှန်းမသိ ဖြစ်သွားကြသည်၊ သို့သော် တစ်ဖက်ပြည် တစ်ဖက်နိုင်ငံ (သို့မဟုတ်) ရွာတစ်ရွာ၊ မြို့တစ်မြို့ကလာသည်၊ ဟိမဝန္တာဆိုသည်မှာ ရွာနာမည်၊ မြို့နာမည်၊ သူ့မွေးရပ်မြေ နာမည်သာဖြစ်မည်ဟု နားလည်လိုက်ကြသည်။

"ရောက်နေတာ ကြာပြီလား"

"တစ်လကျော်လောက်ရှိပြီ"

"ကိစ္စကတော"

"ကိစ္စကတော့ ထွေရာကမာ ဆေးဝါးဓာတ်စာ ရှာမလို့"





"ဘာရောဂါဖြစ်နေလို့လဲ"

"ဘာရောဂါမှ မဖြစ်ပါလား"

"ဆေးဝါးဓာတ်စာ ရှာမယ်ပြောလို့လေ"

သူ့ကို စစ်မေးရမည်လားဟူသော အသဘောကြောင့်လားမသိ လူကြီး မျက်နှာက ပြန်တည်လာပြန်သည်။

"ကျုပ်က ဆေးဝါးဓာတ်စာအပြင် တခြားသယံဇာတ သဘာဝ ဓာတ်သတ္တုပစ္စည်းတွေလည်း ရှာမှာပေါ့"

ဆေးဝါးဆိုသည်ကိုတော့ ဒူဝါဒိုင်တို့အားလုံး နားလည်ကြသည်။ သို့သော် သယံဇာတ သဘာဝဓာတ်သတ္တုပစ္စည်းဆိုသည်ကို သူတို့က မကြားဖူးသဖြင့် မသိကြပြန်။

"ဒီမှာ အကြာကြီးနေမှာလား"

"အခြေအနေအရပေါ့ ဘာဖြစ်လို့လဲ"

လူကြီး မျက်နှာကြောတင်းလာသည်ကို မြင်ကြရသဖြင့် ဒူဝါဒိုင်တို့ကလည်း တစ်ယောက်မျက်နှာတစ်ယောက် အဓိပ္ပာယ်ပါပါ ကြည့်လိုက်ကြသည်။ ပြီးမှ အဖွဲ့ခေါင်းဆောင် ဒူဝါဒိုင်က -

"အခြေအနေတွေ ဘာတွေ မပြောနဲ့၊ တစ်ရက်ပဲနေနေ တစ်လပဲနေနေ ဒီမှာနေမယ်ဆိုရင် တောင်ပိုင်သူကြီးကို တိုင်ရမယ်"

"ဘာဖြစ်လို့လဲ"

"ဒါ ကျုပ်တို့ထုံးစံပဲ"

"အခု ကျုပ် ဒီမှာနေတယ်ဆိုတာ ခင်ဗျားတို့သိပြီပဲ"

"ဒါ အခု ကျုပ်တို့လာမှ သိတာကိုး၊ ခင်ဗျားရောက်နေတာ တစ်လကျော်ပြီဆို၊ ဘာလို့ တောင်ပိုင်သူကြီးဆီ နေခွင့်လာမတောင်းလဲ"

ဒူဝါဒိုင်၏အသံမှာ တောင့်ပိုင်ဟောင်းပီပီ ရာဇသံပါလာ၏။

"ခွင့်တောင်းရအောင် ဒီတော ဒီတောင် ဘယ်သူပိုင်လို့လဲ"

"ဒီတော ဒီတောင်တင်မကဘူး၊ ဒီတစ်ဝိုက် ရှိရှိသမျှ တော၊ တောင်တွေ ကျုပ်တို့ ရွာသူကြီးပိုင်တယ်၊ အဲဒါကြောင့် နေချင်ရင် ရွာသူကြီး တောင်ပိုင်ဆီမှာ ခွင့်ပြုချက်. ."



www.burmeseclassic.com

www.burmeseclassic.com



"အနန္တတွေ လူ့ဗာလတွေပါလား ပိုင်တယ်ဆိုတာ အတ္တပဲ၊ အတ္တဆိုတာ မရှိဘူး၊ အနတ္တပဲ ရှိတယ်၊ သွားကြစမ်း အလကား လူ့ဗာလတွေ ကျုပ် အလုပ်ပျက်တယ်"

ပြောပြောဆိုဆိုနှင့်ပင် ထိုလူကြီးသည် သူတို့ကို နောက်ခိုင်းလိုက်သည်။

"ဟေ့လူ . . ဟေ့လူ . . ကျုပ်တို့မေးတာပြောဦး ခင်ဗျားနာမည် ဘယ်သူလဲ"

"ကျုပ်နာမည် ဆမ္မာ၊ ဘာလုပ်မလို့လဲ"

လှည့်မကြည့်ဘဲ ပြန်ပြော၏။

"ကျုပ်တို့ရွာမှာ တစ်စုံတစ်ခု ဖြစ်လို့ကတော့ ခင်ဗျားသိမယ် မေး တာကို ကောင်းကောင်းမပြောဘူး ဒီလူကို. . ."

"ဒူဝါဒိုင် ဒူဝါဒိုင် တောင်ပိုင်လည်းမရှိတော့ အရမ်းမလုပ်နဲ့ဦးကွ သူသတ်ရမယ့်လူကို ကျုပ်တို့သွားသတ်ထားလို့ တောင်ပိုင်ပြန်လာရင် လျော်ကြေးတောင်းနေပါဦးမယ်၊ ဂမ်ရော်လည်း ပြန်ရောက်ခါနီးပါပြီ၊ ဒီလူ့ ကိစ္စ သူ့ဘာသာသူ ရှင်းပါလိမ့်မယ်"

သူတို့ကို လုံးဝဂရုမစိုက်ဘဲ ကျောက်ခေါင်းထဲဝင်သွားသော ထိုလူ၏ နောက်ကျောကို လေးနှင့်ခွင်းရန် ရွယ်လိုက်သော ဒူဝါဒိုင်ကို ဆေး နောင်က အထိတ်တလန့်နှင့် ကမန်းတတန်းဟန့်တားလိုက်သည်။

အဘိုးကြီးဆေးနောင် ပြောသည်မှာလည်း သူတို့အရပ် သူတို့ ဒေသ ဥပဒေပင်။

မိမိတွင် တာဝန်မရှိပါက လူမသတ်ရ၊ သတ်ခဲ့သော် လျော်ကြေး ပေးရမည်။ လူတစ်ယောက်ကိုသတ်သော လျော်ကြေးမှာ ဆားတစ်နှစ်စာ၊ လှံတစ်ချောင်း၊ မောင်းတစ်လုံး၊ ဓားတစ်စင်း လေးစူးသုံးချောင်းဖြစ်ရာ အိုကြီးအိုမ ဒူဝါဒိုင်မှာ ဤသို့သော လျော်ကြေးကြီးကို မည်သို့ပေးဆပ် လျော်နိုင်ပါမည်နည်း။

ဒဟူရွာ၏ လက်ရှိတောင်ပိုင်သူကြီး ဂမ်ရော်မရှိချိန်မှာ သူကြီး ဟောင်း ဒူဝါဒိုင်၌ တာဝန်ရှိသည်မှာ မှန်သော်လည်း လူသတ်နိုင်လောက်



သော ကြီးလေးသည့်ဥပဒေက သူ့တွင်မရှိချေ။ ထို့ကြောင့်လည်း သိက္ခာ ရှ မုဆိုးကြီး ဆဝါကပါ -

"ဆေးနောင်ပြောတာ ဟုတ်တယ်ကွ ဒူဝါဒိုင်၊ ဒီကိစ္စ ငါတို့ မဆင် ခြင်လုပ်လို့ မရဘူးနော်၊ ပြီးတော့ ဒီလူကြီးကလည်း ဘာဆေးကောင်း ဝါးကောင်း အစွမ်းသတ္တိတွေ ပါမှန်းမသိ၊ အခု ဟိုမှာပဲကြည့်လေ တို့ကို တစ်ချက်တောင်လှည့်မကြည့်ဘဲ ကျောက်ခေါင်းထဲဝင်သွားတာ၊ အဲဒီမှာ အမြဲလိုလို ကျားသားပေါက်မတွေရှိနေတယ်ဆိုတာ မင်းလည်းသိသားနဲ့"

ဒူဝါဒိုင်တို့က တစ်ယောက်တစ်ပေါက် ပြောဆိုနေကြချိန်မှာပင် ဆမ္မာဆိုသောလူကြီးသည် သူတို့ကို လုံးဝလှည့်မကြည့် ဂရုမစိုက်ဘဲ ကျောက်ခေါင်းထဲ ဝင်သွားလေ၏။

ဒူဝါဒိုင်တို့အဖွဲ့မှာ မကျေမနပ်နှင့်ပင် ဆမ္မာကြီးအကြောင်း တစ် လမ်းလုံးပြောကာ ဒဟူရွာသို့ ပြန်လာကြရလေသည်။

❖

ဒူဝါဒိုင်တို့အဖွဲ့ ရွာပြန်ရောက်လာကြသည်နှင့် စိုးရိမ်ကြောင့်ကြ ကြီးနေကြသော ရွာသူရွာသားတွေက ဝိုင်းလာကြသည်။ ကျားရဲတောင်၌ ရှောက်နေသော အာဂန္တုလူစိမ်းသည် မည်ကဲ့သို့သော ပုဂ္ဂိုလ်နည်း၊ မည် သည့်အရပ်က လာသနည်း၊ နာမည် မည်သို့ခေါ်သနည်း၊ သူတို့ရွာကို ရန်သတ္တရုပြုရန် လာသူလား၊ မိတ်ဆွေလား ဤမျှ သားရဲပေါသော ကျား ရဲတောင်၌ အဘယ်ကြောင့်လာနေသနည်း စသည်ဖြင့် တစ်ယောက်တစ် ပေါက် ဝိုင်းမေးကြသည်။

ဒူဝါဒိုင်တို့အဖွဲ့ကလည်း အာဂန္တုလူစိမ်းမှာ 'ဆမ္မာ'ဟုခေါ်သည်။ ဟိမဝန္တာကလာသည်ဟု ပြောသည်။ ရန်သတ္တရုပြုမည်သူတော့ ဟုတ်မည့် ပုံမရ၊ ရန်သူမဟုတ်. . စသည်ဖြင့် ရွာသူရွာသားတွေ ထိတ်လန့်ကုန်မှာ စိုး၍ ထိန်းထိန်းသိမ်းသိမ်း ပြောပြကြရသည်။ သူတို့ ဝိုင်းမေးကြသည်ကို တဏှာကောစလုပ်ပြီး ကျားရဲတောင်ရှိ လိုဏ်ခေါင်းထဲ ဝင်သွားသည်ကို လည်း ဒူဝါဒိုင်တို့က ရွာသူရွာသားတွေကို ပြန်မပြောကြ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှင့် တွေ့ဆုံခဲ့ကြရသည်ကို ရွာသူရွာသားတွေအား ပြောပြလျှင် ဧည့်သည်လူစိမ်းက မထိမဲ့မြင် လုပ်သွားသည်မှာ ရန်ပြုလို၍ဟု ရွာသူရွာသားတွေက အထင်ရောက်ကာ ပိုပြီး ထိတ်ထိတ်လန့်လန့် ဖြစ်ကြရမည်ကို ဒူဝါဒိုင်တို့ အဘိုးကြီးတွေက မလိုလားကြ။ သူတို့အနေနှင့်လည်း ရန်သူ (သို့မဟုတ်) ရွာကို တစ်စုံတစ်ခု ဒုက္ခပေးရန် ရောက်လာသူဆိုလျှင် ထိုလူစိမ်းဧည့်သည်ကို အဘယ်ကြောင့် အသေမသတ်နိုင်ခဲ့ကြသနည်းဟု သူတို့ကို ရွာသူရွာသားတွေက ပြစ်တင်စကား ဆိုကြတော့မည်။ သူတို့ကိုလည်း သေခါနီးကြီးများမှာ သွားကြတုန်းကတော့ ဟန်တစ်လုံး, ပန်တစ်လုံးနှင့် သွားကြပြီး သေမှာကြောက်၍ ပြန်ပြေးလာကြသူတွေ သူရဲဘောကြောင်သူတွေအဖြစ် ရွာသူရွာသားတွေ အထင်ရောက်မှာ သူတို့ မလိုလားကြ။

ရွာသူရွာသားတွေက ထိုသို့ အထင်သေး, အမြင်သေး အမြင်မျိုးကို သူတို့က မခံနိုင်ကြ။ အစဉ်အလာကို ချိုးဖောက်လာကြသူတွေဟုလည်း အပြောအဆို မခံချင်ကြ။ ဤကိစ္စမှာ လက်ရှိတောင်ပိုင်ကြီး၌သာ တာဝန်ရှိသဖြင့် တောင်ပိုင်ကြီးပြန်လာမှ ဤကိစ္စကို အမှန်အတိုင်းပြောပြ၍ တောင်အုပ်၊ တောင်ပိုင်၊ ရွာသူကြီးတစ်ယောက်အနေနှင့် ဂမ်ရော်က သူ့ဘာသာသူ ရှင်းပါစေဟူသော သဘောနှင့် ဒူဝါဒိုင်တို့မှာ မယုတ်မလွန်စကားကိုသာ ရွာသူရွာသားများအား ပြောပြကြလေသည်။

သို့သော် သူတို့သွားကြသည်မှာ ဒူဝါဒိုင်အပြင် နောက်ထပ်လူကြီးလည်း နှစ်ယောက်ပါသေးရာ နှုတ်စကားက မလုံ။ ယာသမားကြီး ဆေးနောင်မှာ ကြောက်တတ်သူဖြစ်သလို သူ့မြေး၊ သူ့သားသမီးများ ထင်းခုတ်၊ ထင်းရှာ၊ ယာပေါင်းဘက်သွားလျှင် ရန်ပြိုးတစ်ခုခုနှင့်လာသူ ထိုပုဂ္ဂိုလ်က သူ့မြေး၊ သူ့သားသမီးများကို ကျားနှင့်များ တိုက်လေမလားဟူသော ကြောင့်ကြစိုးရိမ်လွန်ကာ သူ့သား၊ သူ့မြေးများကို တိုးတိုးတိတ်တိတ် ပြောထားသလို မုဆိုးကြီးဆဝါကလည်း သူကြီးဂမ်ရော် ပြန်ရောက်လာလျှင် အကြောင်းစုံကို တိုးတိုးတိတ်တိတ်ပြောရန် သူကြီးကတော် ဂျာနုကိုပြောရာမှ ထိုသူကြီး သတင်းပေါက်ကြားသွားလေသည်။





သည်လိုနှင့် တစ်ဖက်နိုင်ငံသို့ ကုန်ဖလှယ်သွားနေသူ တောင်အုပ်၊ တောင်ပိုင်ကြီး သူကြီးဂမ်ရော်လည်း နောက်တစ်နေ့တွင် မိမိရွာသို့ ပြန်ရောက်လာရာ ခရီးရောက်မဆိုက်ပင် တောင်အုပ်၊ တောင်ပိုင် သူကြီးဂမ်ရော်အား သူ့မိန်းမ သူကြီးကတော် ဂျာနုက ကျားရဲတောင်တွင် တန်ခိုးဣဒ္ဓိပါဒ်ရှင်တစ်ယောက် ထူးထူးဆန်းဆန်း ရောက်နေကြောင်း သံတော်ဦး တင်တော့သည်။ သူကြီးကတော်၏ သဘောမှာ အကယ်၍ ထိုပုဂ္ဂိုလ်သည် မိမိတို့ရွာ၊ မိမိတို့လူမျိုး တစ်ဦးတစ်ယောက်နှင့် ပြဿနာရှိ၍ လာသည်ဆိုလျှင်လည်း တောင်းပန်သင့်တောင်းပန်၊ လက်ဆောင်ပဏ္ဏာ ပေးသင့်ပေးပြီး ပြေပြေလည်လည် ဖြစ်ကြရအောင်ဟူသော သဘော။ သူ့ယောကျ်ားမှာ လူလတ်ပိုင်းအရွယ် သူကြီးရာထူးရထားသည်မှာလည်း မကြာသေး။ ထို့ကြောင့် မာနကြီးနေသူ၊ ပင်ကိုကလည်း စိတ်ဆတ်သူ၊ သူ့ယောကျ်ားအတွက် စိုးရိမ်၍ ပြောခြင်းဖြစ်သည်။

သူ့မိန်းမက အထူးအဆန်းလို ပြောနေသည်ကို သူကြီးဂမ်ရော်ကမူ များစွာမအံ့ဩ။ သူ့အနေနှင့် ဟိုပြည်၊ သည်ပြည်၊ ထိုအရပ်၊ သည်အရပ် အရောက်အပေါက်များသူ ဖြစ်သဖြင့် တရုတ်ဘုန်းကြီး၊ ကုလားဘုန်းကြီး၊ အင်္ဂလိပ်ဘုန်းကြီး၊ မြန်မာဘုန်းကြီး၊ တိဗက်ဘုန်းကြီး. . ဆိုသူများကိုလည်း မြင်ဖူးထားသူဖြစ်ရာ ကုလား၊ တရုတ်၊ မြန်မာ၊ တိဗက် ဘုန်းကြီးတစ်ဦးဦး ဖြစ်မည်ဟု ထင်လိုက်သည်။ များသောအားဖြင့် ကုလားဘုန်းကြီး၊ တိဗက်ဘုန်းကြီး၊ မြန်မာဘုန်းကြီးများသည် တစ်ကိုယ်ရည်တစ်ကာယ အရညဝါသီ တောမှီနေတတ်သည်ကို သူတွေ့ဖူးသည်။

ထို့ကြောင့် သူကြီးဂမ်ရော်က 'အဲဒါ ဘာဖြစ်လဲ' ဟု ပေါ့ပေါ့တန်တန်ပင် ပြောလိုက်သည်။

"ဟင် ဘာဖြစ်ရမလဲ ကျားရဲတောင်မှာလာနေတယ်ဆိုတာ တန်ခိုးဣဒ္ဓိပါဒ်ရှင်ပဲ ဖြစ်မှာပေါ့"

ခရီးပန်းလာသော ဂမ်ရော်သည် သူ့မိန်းမကို ရုတ်တရက်ဒေါသထွက်သွားသည်။ သူ့သဘောမှာ သူသည် ရေခဲချောင်း၊ ရေခဲတောင်များကို ကျော်ဖြတ်၍ ခက်ခဲစွာ ပင်ပန်းတကြီးသွားကာ ရွာသူရွာသားများ



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဆားသွားဖလှယ်ရင်း သူ့မိန်းမအတွက်လည်း အဝတ်အထည် ပစ္စည်းများ ဝယ်လာသည်ကို မိန်းမဖြစ်သူက ယခင်ကလို အားရဝမ်းသာ နှင့် ချီးကျူးစကား ဆိုစေချင်သည်။

ဤရွာတွင် သူသည် သူကြီး၊ တောင်ပိုင်၊ မုဆိုးကျော်ကြီးဟူသော ဂုဏ်ပုဒ်အပြင် ပန်းပဲသမားတစ်ဦးလည်း ဖြစ်သည်။ ဤတစ်ရွာတည်းသာ မဟုတ်၊ ပတ်ဝန်းကျင်ရွာများအထိပါ ဩဇာတိက္ကမ ရှိသူဖြစ်သည်။ ထို့ ကြောင့် သူက တန်ခိုးကြွခ်ပါဒ်ရှင်ဟု သူ့မိန်းမပြောသူကို ပမာမခန့်ဟန် နှင့် 'တော်စမ်းပါကွာ၊ ဒါများ အဆန်းလုပ်လို့' ဟု ပေါ့ပေါ့တန်တန်ပင် ထပ်ပြောလိုက်ပြန်သည်။

ဤတွင် သူ့မိန်းမကျာနုက -

"ကျားရဲတောင်မှာ လာနေရဲတာ မဆန်းဘူး ဟုတ်လား"

"ဟုတ်တယ် ဘာမှမဆန်းဘူး၊ မင်းပြောနေတဲ့လူဟာ ကုလား ဘုန်းကြီး၊ မြန်မာဘုန်းကြီး၊ ဒါမှမဟုတ် တိဗက်ဘုန်းကြီး တစ်ဦးဦးဖြစ်ရ မယ်၊ အဲဒီဘုန်းကြီးတွေ အဲသည်လိုပဲ တောထဲ၊ တောင်ထဲ နေနေကြတယ် ဆိုတာ ငါကြားဖူးတယ်၊ ဟိုဘက်ပြည်တွေနဲ့ တနိုင်ခဘက်မှာလည်း အဲဒီ လို ဘုန်းကြီးမျိုးတွေ ငါမြင်ဖူးတယ်၊ မင်းတို့ကသာ ကျားရဲတောင်မှာနေ တယ် ထင်နေကြတာ ဒါလည်း ဟုတ်ချင်မှဟုတ်မယ်၊ ကျားရဲတောင်နား မှာ နေတာလား၊ ကျားရဲတောင်နားကို ခဏတစ်ဖြုတ်လာတာ"

"ရှင့်ပြောရတာ ခက်ပါလား၊ ကျုပ်တို့ တစ်သက်မှာ ကျုပ်တို့ဆီ ဒီလိုပုဂ္ဂိုလ်မျိုး ရှင်မြင်ဖူးလား ဒီအရပ်မှာ တွေ့ဖူးလား"

"ဟိုဘက်မှာ ငါမြင်ဖူးပါတယ်ဆို စကားရှည်လိုက်တာ"

"ဟိုဘက်မှာ မြင်ဖူးပေမယ့် ဒီဘက်မှာတော့ ရှင်မြင်ဖူးလား၊ ကျား ရဲတောင်နားမှာ မဟုတ်ဘူး၊ ကျားရဲတောင်က ကျားသားပေါက်မတွေ ရှိ နေတဲ့ ကျောက်ခေါင်းထဲ နေသလိုလိုတောင် အဘကြီးဒူဝါဒိုင်တို့ပြောတာ သူက ကျားရဲတောင်မှာ နေမလို့ကို လာ. . ."

"ဟင် . . အဲဘဒိုင်တို့နဲ့ သူ ဘယ်တုန်းကတွေ့လဲ၊ ကျားရဲတောင် မှာ သူနေမယ်ဆိုတာ အဘဒိုင်တို့ကို သူ လာခွင့်တောင်းလို့လား"





သူ့မိန်းမပြောသော ထိုလူစိမ်းသည် ကျားရဲတောင်မှာ နေပါရစေ ဟု အဘဒိုင်တို့ဆီ ခွင့်လာတောင်းသည်ကိုတော့ ဂမ်ရော်က အံ့ဩသလို ဖြစ်သွားသည်။

အမှန်တာ မည်သူမျှ မနေရဲသော ကျားရဲတောင်၌ နေပါရစေဆို ခြင်းကတော့ အံ့ဩစရာ။ ထိုထက် အံ့ဩစရာကောင်းသည်ကတော့ သူ့ မိန်းမပြောသော နောက်ထပ်စကား. . .

"သူကလား အဘဒိုင်တို့ဆီ ခွင့်လာတောင်းမှာ၊ အဘဒိုင်တို့ သွား မေးကြတာတောင် ဂရုမစိုက်ဘဲ ကျောက်ခေါင်းထဲ ဝင်သွားတယ်တဲ့"

"ဟင်"

သူတို့ တောင်ပေါ်ဒေသ၏ ထုံးစံအတိုင်း သူ မရှိတုန်း သူကြီး ဟောင်း အဘဒိုင်ကို လာမတိုင်သည့်အပြင် ကျားရဲတောင်က ကျောက် ခေါင်းထဲဝင်သွားသည် ဆိုသည်ကိုတော့ ဤတစ်ခါ သူအံ့ဩရပြီ။ သူတို့ ထုံးစံကို ဤပုဂ္ဂိုလ် မလေးမခန့်လုပ်ရမည်လားဟု ဒေါသလည်း ထွက်ရပြီ။ သို့သော် သူ့ဒေါသကို ပို၍ မီးလောင်ရာလေပင့်ဖြစ်သွားသည်ကတော့ သူ ပြန်ရောက်လာပြီကိုသိ၍ သူ့အိမ်သို့ရောက်လာကြသော ရွာသူရွာသား များ၏ စကား. . .။

"သူကြီး. . အခု ကျားရဲတောင်မှာ လူထူးလူဆန်းတစ်ယောက် ရောက်နေတယ်တဲ့"

"ဟုတ်တယ် တောင်ပိုင်ကြီး အဘဒူဝါဒိုင်တို့ သွားတွေ့ပြီးကြပြီ၊ သူက ကျားရဲတောင်မှာ နေမလို့ပြောတယ်တဲ့ အံ့ဩစရာပဲ"

အခါတိုင်း ဆားနှင့် အဝတ်အထည် သွားဖလှယ်ပြီး သူပြန်ရောက် လာလျှင် ရွာသူရွာသားတွေက မြို့သတင်း၊ ပြည်သတင်း ဝိုင်းမေးတတ်ကြ သော်လည်း ဤတစ်ခါမှာမူ သူ့မိန်းမကအစ တစ်ယောက်လာလည်း ကျား ရဲတောင်ကလူ၊ နှစ်ယောက်လာလည်း ကျားရဲတောင်ကလူအကြောင်းဆို တော့ သူကြီးဂမ်ရော် စိတ်တိုမည်ဆိုက တိုစရာ။ ပြီးတော့ ထိုသူက ကျား ရဲတောင်မှာ နေမည့်အကြောင်း သူကြီးတောင်းဒူဝါဒိုင်ကို လာမတိုင်သည် က ပို၍ ဒေါသဖြစ်စရာမှန်း။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း သူကြီး ဂမ်ရော်သည် ထမင်းစားပြီးသည်နှင့် ဒူဝါဒိုင်ဆီပြေးသည်။ ဒူဝါဒိုင်နှင့်အဖွဲ့ကို ကျားရဲတောင်ကလူအကြောင်း မေးသည်။ အာဏာပိုင် သူကြီးဂမ်ရော်ကို ဒူဝါဒိုင်တို့ကလည်း သူတို့ တွေ့ကြုံခဲ့ရသည်ကို ရွာသားများအား ထိန်းထိန်းသိမ်းသိမ်း ပြောသလို မဟုတ်ဘဲ ကျားရဲတောင်ကလူအကြောင်းကို ပကတိအတိုင်း မကွယ်မဝှက် ပြန်ပြောပြကြသည်။

ထိုအခါ ဒူဝါဒိုင်က ဝိုပြီး ယမ်းပုံမီးကျဖြစ်တော့၏။ သူတို့ရွာနား၊ သူပိုင်တောင် သူပိုင်တောထဲ လာနေပြီး အဘဒူဝါဒိုင်တို့ကို ထုံးစံအတိုင်း လာမတိုင်သည့်အပြင် မချေမငံ ပြောလွှတ်ခြင်းမှာ သူ့ကိုသာမဟုတ်၊ တစ်ရွာလုံး၊ တစ်နယ်လုံးကိုပင် စော်ကားသူပါတကား၊ ထို့ကြောင့် သူကြီး ဂမ်ရော်က ဒေါ်ကြီးမောကြီးနှင့် ဒီလူကို မနက်ဖြန် ကျုပ်သွားတွေ့မယ် အဘ၊ ကျုပ်ကို ကဏ္ဍကောစလုပ်. . ."

"အေးကွယ်. . . မင်းသွားရင် သတိ၊ ဝီရိယနဲ့တော့သွား၊ လူကြီး က အလုံးအရပ်လဲ တို့ထက်မြင့်တယ်၊ ဒီတော့ မင်းတစ်ယောက်တည်း သွားလို့က. . ."

"ဖြစ်ပါတယ် အဘရယ်. . အဖော်ခေါ်သွားရင် သူ့ကိုကြောက်လို့ထင်မှာ ကျုပ်မခံ. ."

ဒေါ်ကြီးမောကြီး ပြောလိုက်သော လက်ရှိသူကြီးဂမ်ရော် ဒေါသကိုသိသူ သူကြီးဟောင်းဒူဝါဒိုင်၏ စကားမဆုံးမီမှာပင် ဂမ်ရော်က ရှုးရှူးရှဲရှဲ ပြောလာပြန်သည်ကို ဒူဝါဒိုင်နှင့်လူကြီးတွေက -

"ဒီလူက တန်ခိုး ဣဒ္ဓိပါဒ် တစ်ခုခုရှိမှာတော့ အမှန်ပဲကွ၊ ကျားသားပေါက်မတွေ အမြဲလိုလိုရှိနေတတ်တဲ့ ကျောက်ခေါင်းထဲဝင်သွားတာ အဘတို့ မျက်မြင်ပါပဲ၊ အဲဒါကြောင့်လဲ မင်းကို တို့ သတိ. . ."

"ဣဒ္ဓိပါဒ်ရှိရအောင် သူက ဘယ်လိုလူမို့လဲ အဘ သူ ဘယ်က လာတာလဲ"

"ဟိမဝန္တာက လာတယ်တဲ့ ဟိမဝန္တာဆိုတာ ဟိုတစ်ပြည်တစ်ရွာက သူ့ရွာ သူ့အရပ် ထင်တာပဲကွဲ့၊ နာမည်ကတော့ ဆူမှာလို့ပြောတယ်"





"ဟိမဝန္တာ"

သူကြီးဂမ်ရော် ရေရွတ်မိလိုက်သည်။

ဤစကား သူကြားဖူးသလိုတော့ရှိသည်။ အာပူချိမှာလား ကျင်ရှူမှာလား ဒါတော့ သူ စဉ်းစားမရ။

"ဘာပဲဖြစ်ဖြစ်လေ မနက်ဖြန် ကျုပ်သွားတွေ့မယ်အဘ သူ ကျားရဲတောင်က ကျောက်ခေါင်းထဲနေတာတော့ အမှန်ပဲနော်"

"အမှန်ပါပဲ အဘတို့ မျက်စိနဲ့ကို တပ်အပ်မြင်လိုက်တာ၊ အဘတို့ မေးတာကိုလည်း နောက်ထပ် ဘာမှ ပြန်မပြောခဲ့ဘဲ ကျောက်ခေါင်းထဲ ဝင်သွားတယ်"

"တောက် ဝော်တော် စော်ကားတဲ့လူပဲ ကျုပ် မနက်ဖြန်ပဲ သွားတွေ့. . ."

"အေး အေး သတိ ဝီရိယနဲ့လဲ သွားပါကွဲ့ သူ တို့ရွာနား အဲ. . ကျားရဲတောင်မှာ နေရုံနေပါရစေဆိုတော့လဲ မင်းက သူ့ကို ကဏ္ဍကောစ တော့ မပြောပါနဲ့ နေပါစေပေါ့ ကျားရဲတောင် တို့မှမနေရဲတာ၊ ရွာကို အန္တရာယ် တစ်စုံတစ်ခု ပြုမယ့်လူ မဟုတ်ဘူးဆိုတော့လည်း နေခွင့်ပြု လိုက်ပေါ့ကွယ်၊ သူက တန်ခိုးဣဒ္ဓိပါဒ်ရှိလို့ ကျားရဲတောင်နေဝံ့တယ်ဆို တို့နဲ့ ရန်ခိုက်ပဋိပက္ခ မဖြစ်ကြတာတော့ အကောင်းဆုံးပါပဲ"

ဒူဝါဒိုင်၏ စကားတွင် တန်ခိုးဣဒ္ဓိပါဒ် ဆိုသည့်စကားက ပါလာပြန်ရာ ဂမ်ရော်မှာ ဒူဝါဒိုင်ကိုပင် စိတ်ဆိုးသွားကာ နောက်ထပ် ဘာမှ မပြောတော့ဘဲ မိမိအိမ်သို့သာ ပြန်လာလေသည်။

အိမ်ပြန်ရောက်တော့ သူ့မိန်းမနှင့် ထိုလူကိစ္စ စကားထပ်များရပြန်သည်။ သူ့မိန်းမတို့ ဘိုးဘေးဘီဘင်မှာ တစ်ဖက်နိုင်ငံသူတွေမှ ပေါက်ဖွားလာသူဖြစ်ရာ တစ်ဖက်နိုင်ငံက လာသူဆိုသည်နှင့် ထိုပုဂ္ဂိုလ်ကို အလိုလို အထင်ကြီးနေသည်။ သူ့မိန်းမ၏ ဘိုးဘေးဘီဘင်များသည် သူတို့နိုင်ငံ၊ သူတို့အရပ်ဘက်တွင် တန်ခိုးဣဒ္ဓိပါဒ်ရှိသူ ကုလားဘုန်းကြီးများကို မြင်ဖူး ကြုံဖူး၊ တွေ့ဖူးကြသည်ဟု သူငယ်စဉ်က သူ့အမေတို့ ပြောပြဖူးသည်။ ဤသည်ကို သတိရသော သူ့မိန်းမက ကျားရဲတောင်က ဆမ္မာ(သမ္မာ)ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို မနက်ဖြန်သွားရတွေ့လျှင် ကဏ္ဍကောစ မပြော မလုပ်မိစေရန် တစ်ညလုံး နားပူနားဆာ ပြောနေပြန်သည်။

ထို့ကြောင့် ခရီးပန်းလာသော ဂမ်ရော်သည် နောက်တော့ သူမိန်းမ စကားမဆုံးမီပင် အိပ်ပျော်သွားယောင်ဆောင်ကာ သူမိန်းမကို ယောင်ကန်းကန်းထည့်လိုက်လေသည်။ ဤသည်ကို သူမိန်းမက သားကောင်လိုက်နေကျ မုဆိုးမို့ အိပ်မက်ထဲတွင် သားကောင်လိုက်ရင်း သူကို ကန်သည် အထင်နှင့် ငြိမ်သွားလေသည်။

❖ ❖ ❖

ရွာနှင့် ကျားရဲတောင်ကို ခြားထားသော ရေခဲချောင်းတွင် ရေစီးနေသည်။ လက်သန်း၊ လက်မရှိ ရေခဲတုံးကလေးများလည်း ပေါလော၊ ပေါလော မျောပါနေကြသည်။ နွေလဖြစ်သဖြင့် ရေမှာ ဒူးခေါင်းခန့်သာ နက်သည်။ သို့သော် နံနက်ခင်း အေးစိမ့်နေသော ရေခဲချောင်းထဲ မဆင်းချင်သော ဒဟူရွာသူကြီး ဂမ်ရော်သည် ရေပေါ်၊ ပေါ်နေသော ကျောက်တုံးတွေပေါ် ခုန်ကူးရင်း ရေခဲချောင်းကို ဖြတ်ကူးလာသည်။

ချောင်းရေထဲမှ ငါးကိုဖမ်းရန် လာစောင့်နေသော မြေခွေးတစ်ကောင်သည် လူရိပ်ကျသဖြင့် ရုတ်တရက် ကမ်းစပ်ဘက်ပြေးတက်ပြီး ထင်းရှူးတောထဲ ဝင်ပြေးသွားသည်။ မြေခွေးများသည် ရေခဲချောင်းထဲ ဆင်းလာပြီး ဤသို့ပင် ငါးလာဖမ်းတတ်ကြသည်။

"ခွေးကောင် လန့်လိုက်တာ"

ဟု ဂမ်ရော်က မုဆိုးဘာသာနှင့် ရေရွတ်လိုက်သည်။ သူ့စိတ်သည် ဆမ္မာကြီးဆိုသူနှင့် တွေ့ရမှာ စိုးရွံ့နေသလိုပင်။

ကျားရဲတောင်ဘက် တစ်ချက် လှမ်းကြည့်လိုက်သည်။ ကျောက်တောင်ဖြစ်သဖြင့် ထင်းရှူးပင်များမှာ ကျောက်ကြိုကျောက်ကြား၌သာ ပေါက်ရောက်နေကြသဖြင့် အောက်ခြေရှင်းနေသည်။ အဘဒူဇိုင်တို့ တွေ့ခဲ့ကြသည်ဆိုသော ကျောက်တောင်ခေါင်းဘက် ဂမ်ရော် လှမ်းကြည့်မိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးနောက် သူသည် ကျားရဲကျောက်တောင်ပေါ် သတိ၊ ဝီရိယနှင့် တစ်လှမ်းချင်း တက်လာ၏။

နေရောင်ခြည်တန်းများ ထိုးကျနေသော ကျောက်ခေါင်းဝတွင် သစ်ခေါက်ဆိုးနီညိုရောင် ကိုယ်ရုံကြီးကို လွှမ်းခြုံထားသော လူကြီးတစ်ယောက် နေစာလှုံနေသည်ကို လှမ်းမြင်လိုက်ရ၏။ သူ့မိန်းမနှင့်တကွ ရွာသူရွာသားတွေ ပြောကြသော ဣဒ္ဓိပါဒ်တန်ခိုးရှင် ဆိုသည်မှာ ဤပုဂ္ဂိုလ်ပင်ဖြစ်ကြောင်း ဂမ်ရော် ချက်ချင်းသိလိုက်သည်။

သူ မြင်ဖူးထားသော မြန်မာ၊ တရုတ်၊ ကုလား၊ အင်္ဂလိပ်၊ တိဗက် ဘုန်းကြီးများမဟုတ်။ သူ့လို မျက်စိရှင်သော မုဆိုးတစ်ယောက်သာမဟုတ်လျှင် နီညိုရောင်ရှိသော သစ်ကျားတစ်ကောင် နေစာလှုံနေသည်ဟုပင် ထင်စရာ။

သူ့ဘက် ကျောခိုင်းထားသော ထိုပုဂ္ဂိုလ်နောက် ဂမ်ရော် ခြေဖွနင်း၍ ခြေသံလုံလုံနှင့် ချဉ်းကပ်လာသည်။ အကြည့်ကိုမူ တန်ခိုးရှင်ဟု ပြောကြသော ထိုပုဂ္ဂိုလ်ဆီက မခွာ။

သုံးလေးလံ အနားရောက်သွား၏။ တစ်ယောက်ဖက်နီးနီးရှိသော ထင်းရှူးပင်ကြီးတစ်ပင်ကို အကာအကွယ်ယူပြီး ထိုပုဂ္ဂိုလ်၏ လှုပ်ရှားမှုကို ဂမ်ရော် ဂရုစိုက်ချောင်းကြည့်နေသည်။ သူ၏ လှုပ်ရှားနေမှုကို မြင်ရသဖြင့် ဂမ်ရော် ဝမ်းသာသွားသည်။ တန်ခိုးရှင်ဆိုသူလည်း သူ့လို မုဆိုးတစ်ယောက်များလား၊ ထိုပုဂ္ဂိုလ်သည် နေစာလှုံရင်း လေးပစ်၊ မြားပစ်ကျင့်နေသည်။

ဂမ်ရော် သူ့ကို မျက်တောင်မခတ်ကြည့်နေ၏။ တန်ခိုးရှင်ကြီးကတော့ သူ့ကို လုံးဝမမြင်ပုံမရ။ အိုးပုတ်နီးပါးရှိသော တောင်ပိန္နဲသီးတစ်လုံးနှင့် လက်သီးဆုပ်လောက်ရှိသော အဝတ်ထုပ်တစ်ခုကို လူတစ်ရပ်ခန့်မြင့်သော ထင်းရှူးကိုင်း တစ်ကိုင်းပေါ် ယှဉ်ဆွဲချိတ်ကာ စိမ်ပြေနပြေ လေးပစ်ကျင့်နေလေသည်။

တန်ခိုးရှင်ကြီး ပစ်လိုက်သော လေးစူးများမှာ အိုးပုတ်ခန့်ရှိသော တောင်ပိန္နဲသီးကို တစ်ချက်မှမထိဘဲ လက်သီးဆုပ်ခန့်ရှိသော အဝတ်ထုပ်





ကိုချည်း သွားသွားထိပြီး စိုက်နေသည်။ ဤသည်ကို သူက လုံးဝကျေနပ်ပုံမရ။ အဝတ်ထုပ်တွင် ထိုးစိုက်နေသော လေးစူးများကို ထသွားပြီး တစ်ချောင်းမကျန် ပြန်ဖြုတ်ယူသည်။ တောင်ပိန္နဲသီးနှင့် အဝတ်ထုပ်ကို နည်းနည်းခွာရွှေ့သည်။ ပြီးနောက် စောစောက နေစာလှုံရင်း သူထိုင်ပစ်နေသော နေရာသို့ ပြန်လာပြီး ထပ်မံပြစ်နေပြန်သည်။

သူပစ်လိုက်သော မြားစူးလေး,ငါးချောင်းမှာ တောင်ပိန္နဲသီးကို တစ်စူးမှ မထိမမှန်။ အားလုံး စောစောကလိုပင် အဝတ်ထုပ်ကိုသာ သွားစိုက်နေကြသည်။ ဤသည်ကို သူက ကျေနပ်ပုံမရ။ ထသွားပြီး လေးစူးတွေကို ပြန်ဖြုတ်ပြန်သည်။ တောင်ပိန္နဲသီးနှင့် အဝတ်ထုပ်ကို တစ်ထွာ၊ တစ်မိုက် ပြန်ခွာထားသည်။ တောင်ပိန္နဲသီးကို မြားစူးတစ်စူးနှင့် ထိုးကြည့်သည်။ သူ ထိုးလိုက်သော မြားစူးက တောင်ပိန္နဲသီးပေါ် စိုက်သွားသည်။ ထိုမြားစူးကို သူ ပြန်နုတ်သည်။ စောစောက နေရာသို့ ပြန်လာပြီး ပစ်ပြန်သည်။

တစ်စူးပြီးတစ်စူး ချိန်ပစ်နေသော်လည်း တောင်ပိန္နဲသီးကို တစ်စူးမှ မထိပြန်။

နောက်က ချောင်းကြည့်နေသော ဂမ်ရော်သည် မုဆိုးပီပီ လက်ယားလာ၏။ လေးပစ်နေသည့်နေရာနှင့် နှစ်လံကျော်၊ သုံးလံနီးပါးသာဝေးသောနေရာက ပစ်ပါလျက် သူ၏မြားတစ်စူးမှ အိုးပုတ်လောက်ရှိသော တောင်ပိန္နဲသီးကို မထိခြင်းမှာ အလွန်ညံ့ဖျင်းသော မုဆိုးလက်သင်တစ်ယောက်သာဖြစ်သည်။ မုဆိုးတစ်ယောက်သည် ဤမျှ လေးပစ် ညံ့ဖျင်းရမည်လော။

မုဆိုး လက်စွမ်းပြလိုသော ဂမ်ရော်သည် ထိုပုဂ္ဂိုလ်ကြီး ခေါင်းပေါ်ကျော်ကာ မြားတစ်စူးပစ်လွှတ်လိုက်သည်။

ရုတ်ခြည်း ထိတ်ထိတ်လန့်လန့် ဖြစ်သွားမိ၏။ သူပစ်လိုက်သော မြားတစ်စင်းသည်လည်း တောင်ပိန္နဲသီးကို သွားမထိဘဲ တန်ခိုးရှင်ကြီးပစ်လိုက်သော မြားစူးကဲ့သို့ပင် အဝတ်ထုပ်ကိုသာ သွားထိပြီး တန်းလန်းကြီး ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်ကြီးက အံ့ဩသလို နောက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ ဂမ်ရော်ကို မြင်သွား၏။ မျက်မှောင်ကုတ်ကြည့်ပြီး ဂမ်ရော်ကို လက်ယပ်ခေါ်လိုက်သည်။ မုဆိုးချင်း မိတ်ဖွဲ့လို၍ ခေါ်သည်အထင်နှင့် ဂမ်ရော် ဝမ်းသာသွားသည်။ ချက်ချင်း ထိုပုဂ္ဂိုလ်အနား လေးကိုင်၍ ရောက်သွား၏။

"ကဲ ဆိုစမ်း ဘာကိစ္စ"

"ခင်ဗျားကို မေးစစ်စရာရှိလို့လာတာ"

"မြတ်စွာဘုရား. . . မင်းက ငါ့ကို မေးစစ်မယ်"

"ဟုတ်တယ် ခင်ဗျားကို ကျုပ်မေးစစ်ရမယ်၊ ကျုပ်က ဒီရွာသူကြီး တောင်ပိုင်"

ပုဂ္ဂိုလ်ကြီးက ဂမ်ရော်ကို စူးစူးစိုက်စိုက် တစ်ချက်ကြည့်သည်။

"ဘာမေးစစ်မှာလဲ"

"ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ"

"ဘာလုပ်ဖို့လဲ"

"သိချင်လို့ပါ"

"ငါ့နာမည် ဆမ္မာ"

ဆမ္မာဆိုသည်ကို ဂမ်ရော်က နားမလည်၊ ဘာကို ဆိုလိုမှန်း တွေးမရ။

"ဘယ်ကလာလဲ"

"ဟိမဝန္တာက"

"ဘာလာလုပ်လဲ"

"ငါ့ဘာသာငါ ဘာလုပ်လုပ် မင်းကကော ဘယ်ကလဲ"

"ဟိုမှာတွေ့လား ရွာ အဲဒီရွာကသူကြီး ငါ တောင်အုပ်,တောင်ပိုင်"

"အဲဒါ ငါနဲ့ဘာဆိုင်လဲ"

"သိပ်ဆိုင်တာပေါ့ ဒီတောင်ကို ကျုပ်ပိုင်တယ်၊ ခင်ဗျား ဒီမှာနေမယ်ဆိုရင် ကျုပ်ဆီ နေခွင့်တောင်းရတယ်"

"မတောင်းရင်. . ."





"မနေရဘူး"

"ဩော်. . ဩ. . အဲဒါကြောင့် စောစောက မင်း ငါ့ကို မြားနဲ့ပစ်တာလား"

"ကျုပ် လက် အဲဒီလောက် မချောဘူး၊ ကျုပ်က ခင်ဗျားကို ပစ်တာ မဟုတ်ဘူး၊ ခင်ဗျားပစ်နေတဲ့ တောင်ပိန္နဲသီးကို ပစ်တာ"

"ထိလား"

ဂမ်ရော် ခေါင်းခါပြလိုက်သည်။

"ဘာလို့ မထိလဲ"

"ဒီတစ်ခါပစ်ရင် ထိကို ထိရမယ်၊ ကျုပ်က လေးပစ် သိပ်ဖြောင့်တာ၊ ပြေးနေတဲ့ တိရစ္ဆာန် တစ်ကောင်ကောင်ကိုတောင် လှမ်းပစ်ရင်ထိတယ်"

ဂမ်ရော်၏စကားကို ဆမ္မာကြီးက သရော်ပြုံးပြုံးသည်။

"ဟုတ်လား၊ ကောင်းပြီ၊ စောစောက မင်းပြောတယ်၊ ဒီတောင်မှာ မင်းခွင့်ပြုမှ နေရမယ် ဟုတ်လား"

"ဟုတ်တယ် ဆမ္မာကြီး အဲဒါ ကျုပ်တို့ထုံးစံပဲ"

"ကောင်းပြီ ဒါဆို သူကြီးမင်းနဲ့ ကျုပ်နဲ့ အလောင်းအစားလုပ်မယ်"

"ဘယ်လိုလုပ်မှာလဲ"

"ဟိုက တောင်ပိန္နဲသီးကို ဒီတစ်ခါ မင်းပစ်ရင် ထိမလား"

"ဒီလောက် နီးနီးကပစ်ရင် သိပ်ထိပေါ့"

"မထိရင်ကော"

ရုတ်တရက် ဆမ္မာကြီးအမေးကို ဂမ်ရော်တွေဝေသွားသည်။

နီးနီးလေးကပင် စောစောက သူ တစ်ချက်ပစ်ပြီးပြီ မထိ။ သို့သော် ဆမ္မာကြီးကို မခံချင်သလို သူ့လက်ကိုလည်း သူယုံသဖြင့် 'ဒီလောက် နီးနီးကပစ်ရင် သိပ်ထိပေါ့' ဟူသော စကားက ထွက်သွားပြီး ဤမျှနီးသော နေရာကပစ်လျှင် မုချထိရမည်ဟုလည်း သူယုံကြည်စိတ်နှင့် ပြောလိုက်မိပြီ။ စောစောကလည်း ဘယ်လိုမှ ပစ်မလွဲနိုင်သည့်နေရာက ပစ်လိုက်တာ ဘာလို့ မထိပါလိမ့်။ ဂမ်ရော်မှာ ပြောမိပြီးမှ တွေဝေနေစဉ် -



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . လာ ဒီနေရာက ပိုနီးတယ်၊ ဒီနှစ်လံကွာလောက်က မင်းတောင်ပိန္နဲသီးကိုထိအောင်ပစ် အဲဒီတောင်ပိန္နဲသီးကို မင်းပစ်လို့ထိရင် မင်းပိုင်တဲ့ ဒီတောင်မှာ ငါမနေဘူး၊ ချက်ချင်း ဒီတောင်က ငါထွက်သွားမယ် မထိရင် မင်းမြားစူးတွေကို အကုန်ငါယူမယ်၊ ဘယ့်နှယ်လဲ လောင်းရဲလား"

ခပ်တည်တည်ပင် သူ့လက်မောင်းတစ်ဖက်ကို ပြုတ်တူနှင့် ညှပ်သလို ဆွဲခေါ်လာပြီး နေရာပြကာ ဆမ္မာကြီးက ကတိတောင်းသည်။

"ကျုပ်က လူကြီး တောင်ပိုင်သူကြီးဗျ သိပ်ကတိတည်တာပေါ့"

"ကောင်းပါပြီ သူကြီးမင်းရယ် ကောင်းပါပြီ ကဲ . . ပစ်တော့"

သူ့လက်ကိုဆူယုံကြည်သလို စခံချင်စိတ်နှင့် ဂမ်ရော်သည် မြားဘူးထဲမှ မြားတစ်စူးကို နောက်ပြန်ဆွဲနုတ်လိုက်ပြီး ချက်ချင်းချိန်ရွယ်ပစ်လိုက်သည်၊ အံ့သြရပြန်ပြီ"

အိုးပုတ်လောက်ရှိသော တောင်ပိန္နဲသီးကို နှစ်လံကျော်ကျော်က ပစ်လိုက်သော ဂမ်ရော်၏မြားက လုံးဝမထိဘဲ တစ်ထွာကျော်ကျော်လောက်တွင် ယှဉ်ဆွဲထားသော အဝတ်ထုပ်ကိုသာ သွားထိလေသည်။ ဘယ်လိုဖြစ်ပါလိမ့်။

"ကဲ . . ဘယ်လိုလဲ သူကြီးမင်း၊ မထိပါလား"

"ဟုတ်တယ် မထိဘူး ဒါ. . ဘယ်လိုဖြစ်တာလဲ ဆမ္မာကြီး"

"ထပ်ပစ်ကြည့်ပါဦး တောင်ပိုင်ကြီးရယ်"

ဆမ္မာကြီးက ထပ်ပစ်ကြည့်ပါဦး ဆိုသဖြင့် ဂမ်ရော်က နောက်ထပ်မြားတစ်စူးကို ထပ်မံပစ်လိုက်ပြန်သည်၊

ဤတစ်ခါလည်း မထိ။ ပထမမြားစူးအတိုင်းပင် အဝတ်ထုပ်ကိုသာ သွားထိစိုက်နေသည်။

"ဘယ်လိုလဲ မထိပြန်ဘူးလား"

ဆမ္မာကြီးက မုဆိုးဒူးထောက် ထိုင်နေသော ဂမ်ရောက်ကို မတ်တပ်ရပ်ကြည့်၍ မေးနေပြန်၏။ ဂမ်ရော်ကား ထိတ်လန့်ချင်လာပြီ။ ထို့ကြောင့်လည်း သူ့မိန်းမနှင့် ရွာသူရွာသား အဘဒူဝါဒိုင်တို့ကပင် ဤဆမ္မာကြီးကို တန်ခိုးရှင်၊ ဣဒ္ဓိပါဒ်ရှင်ဟု ပြောကြသည်မှာ မှန်နေပြီ၊





သူ့အတွေးမဆုံးမီမှာပင် ဆမ္မာကြီးက -

"ကျုပ်လည်း တစ်မနက်လုံး ပစ်နေတာပဲ သူကြီးမင်းရယ် တစ်ချက်မှကို မထိဘူး၊ ထပ်ပစ်ကြည့်ပါဦး"

ဆမ္မာကြီးက 'ထပ်ပစ်ကြည့်ပါဦး' ဆိုတော့လည်း နောက်ထပ် မြားတစ်စူးနှင့် တောင်ပိန္နဲသီးကို သေသေချာချာချိန်၍ သူပစ်လိုက်ပြန်သည်။ ရှေ့နည်းအတိုင်းပင် တောင်ပိန္နဲသီးနှင့် ယှဉ်ဆွဲထားသော တစ်ထွာကျော်ပိုက်က အဝတ်ထုပ်ကိုသာ သွားထိနေပြန်သည်။

ဂမ်ရော်မှာ ကတုန် ကယင်နှင့် ဆမ္မာကြီးဆိုသူကို ထိတ်လန့်ချင်လာသည်။

"သူကြီးမင်းသာ ပစ်မထိဖြစ်နေတာ မဟုတ်ပါဘူး၊ ကျုပ်လည်း တစ်မနက်လုံး ပစ်နေတာပဲ၊ တစ်ချောင်းမှကို မထိတာဗျ ဒီလောက်တောင်ဖြစ်လှတာ ထပ်ပစ်ကြည့်ပါဦး"

ဆမ္မာကြီးက 'ထပ်ပစ်ကြည့်ပါဦး' ဆိုတော့လည်း ဂမ်ရော်က နောက်ထပ်တစ်စူးကို ထပ်ပစ်လိုက်ပြန်သည်၊ ဘာမှ အကြောင်းမထူး၊ ရှေ့နည်းအတိုင်းသာ၊

"ဘယ်လိုလဲ မထိပြန်ဘူးပေါ့"

"ဟုတ်တယ် မထိဘူး၊ နောက်ပစ်လည်း ထိမှာတော့မှာမဟုတ်"

"ဟဲ ဟဲ အဲဒါ ဘယ်လိုဖြစ်တာလဲ"

"မသိဘူး ခါတိုင်း ကျုပ်သားကောင်တွေ ပစ်နေကျပါ၊ ပြေးနေတဲ့သားကောင်တောင် ကျုပ်ပစ်လို့ ထိဖူး ရဖူးတယ်"

"သားကောင် ပစ်နေကျဆိုတော့ မင်းက မုဆိုးလား"

"ဟုတ်ပါတယ်"

"ဟင်. . မင်း စောစောကပြောတော့ သူကြီးဆို၊ တောင်ပိုင်ဆို"

"ဟုတ်တယ်လေ၊ ကျုပ် သူကြီးလည်းလုပ်တယ်၊ မုဆိုးလည်းလုပ်တယ်"

"လတ်စသတ်တော့ မင်းက တိရစ္ဆာန်တွေ လိုက်သတ်နေတဲ့ သူတလကိုးကွ"



www.burmeseclassic.com

www.burmeseclassic.com



ဆမ္မာကြီးက သူ့အား လူ့ဘာလဆိုသည်ကိုတော့ ဂမ်ရော်က ကောင်းကောင်းသဘောမပေါက်။ သူ့ကို ပြစ်တင်စကား ပြောနေသည် လောက်သာ နားလည်လိုက်သည်။

"ဒီမှာ ငါပြမယ်၊ ပေးစမ်း မှင်းမြားတစ်စူး"

မြားဘူးထဲတွင် နှစ်ချောင်းသာကျန်သော မြားဘူးထဲမှ တစ်စူးကို ရွံ့ရွှန့်တွန့်နှင့် ဂမ်ရော်က ဆမ္မာကြီးကို လှမ်းပေးလိုက်၏။

ဆမ္မာကြီးက သံဟက်ပါသော နေရာက ဂမ်ရော်၏မြားစူးကို ဖြောင်းကနဲ ကိုင်ချိုးပစ်လိုက်၏။ ပြီး. . သံဟက်ပါသော မြားစူးပိုင်းကို တစ်ချက်ကြည့်ပြီး ဖွင့်ပစ်လိုက်သည်။ မြားစူးတစ်စူး အချိုးခံလိုက်ရသည်ကို ဂမ်ရော် နှမြောစိတ်ဖြစ်သွား၏။

သို့သော် ဆမ္မာကြီးဆိုသူ ဘာလုပ်ဦးမည်နည်းဟု အသက်အောင့်၍ မုဆိုးထူးထောက်ထိုင်လျက်က မော့ကြည့်နေရသည်။

သံဟက်မရှိတော့သည့် မြားတံတစ်ပိုင်းကျိုးကို ဆမ္မာကြီးက ဂမ်ရော်အား ပြန်ပေးသည်။

"ရော့. . လူမိုက် ဒါနဲ့ပစ်ကြည့်စမ်း"

ချက်ချင်းပင် ဂမ်ရော်က လှမ်းယူပြီး သေသေချာချာချိန်ရွယ်ကာ အသက်အောင့်ပြီး ပစ်ထည့်လိုက်သည်။ ဤတစ်ခါ သူပစ်လိုက်သော မြားတံကျိုးသည် တောင်ပိန္နဲသီးပေါ် ဒက်ခနဲသွားစိုက်နေသည်။

"ဟဲ ဟဲ တယ်တော်ပါလား ဒါကြောင့် ရွာသူကြီး တောင်ပိုင်ဖြစ်နေတာကိုး၊ မင်းလက် တယ်ဖြောင့်ပါလား"

"ဟုတ်တယ် ဒီတစ်ခါ ထိသွားပြီ၊ ကျုပ်လက်က မညံ့. . "

"မင်းလက်ကို ဖြတ်ပစ်ဖို့ ကောင်းလိုက်တာ"

"ဗျာ"

"ဘယ်လိုဖြစ်လို့ ဒီတစ်ခါ တန်းတန်းမတ်မတ် သွားထိရတာလဲ"

"မသိဘူးလေ ဆမ္မာ"

အမှန်လည်း သူတွေးမရ၊ စဉ်းစားမရသဖြင့် အံအံသြသြ ပြောလိုက်မိသည်။





ဆမ္မာကြီးသည် စောစောက သူပစ်ထားသော မြားတံတွေနှင့် ထိုးနေသော အဝတ်ထုပ်နား လျှောက်သွားသည်။ သူ့လည်ပင်းတွင် ဆွဲထားသော ရောင်စုံကျောက်ခဲကျောက်လုံး ပုတီးစေ့များသည် တချွင်ချွင် အသံမြည်သွားသည်။

ဆမ္မာကြီးသည် စောစောက သူတို့နှစ်ယောက် ပစ်ထားကြ၍ အဝတ်ထုပ်တွင် စူးစိုက်နေသော မြားတံအားလုံးကို ဖြုတ်သည်။ ပြီး. . . သူနောက်ကျောရှိ မြားဘူးထဲသို့ အကုန်ထည့်ပြီး စောစောက မြားစူးတွေ စိုက်နေခဲ့သော အဝတ်ထုပ်ကို ဖြုတ်ယူလာကာ ဂမ်ရော်အနား ပြန်လျှောက်လာသည်။ အနားကို ရောက်လာသောအခါ သူ့ကိုယ်ဝတ်မှ သစ်ခေါက်နံ့နှင့် အနံ့တစ်မျိုးကို ဂမ်ရော်က မုဆိုးနှာခေါင်းနှင့် ရှူရှိုက်မိသည်။

ဆမ္မာကြီးသည် သူဖြုတ်ယူလာသော အဝတ်ထုပ်ကို ဂမ်ရော်ရှေ့နားချ၍ ဖြေလိုက်၏။ ကျောက်ခဲလိုလို၊ ကျောက်တုံးလိုလို အစိုင်အခဲ တစ်လုံး ထွက်ကျလာသည်။ ဂမ်ရော်က ထိုအရာကို မျက်တောင်မခတ် စိုက်ကြည့်နေသည်။ ထိုအရာမှာ တောင်ပိန္နဲသီးထက် နှစ်ပြန်လောက်ကို သေးငယ်သည်။

ဆမ္မာကြီးသည် သူ့ဝတ်ရုံအောက်ရှိ အိတ်ရှည်ကြီးထဲက နရွဲသီး တစ်လုံးကိုထုတ်၍ ပါးစပ်ထဲပစ်ထည့်လိုက်သည်။ နေကို တစ်ချက် မော့ကြည့်၏။ နေလုံးသည် ဘယ်အချိန်ကပင် ကျွန်းရဲတောင်ထိပ်ပေါ် ရောက်လာသည်မသိ၊ သူနှင့် ဆမ္မာကြီးတို့ မြားပစ်နေကြသည့်အချိန်က အတော်လေး ကြာသွားပုံရသည်။ ဂမ်ရော်မှာ စိတ်တွေ ကစဉ့်ကလျားနှင့် မွန်ထူတာ အချိန်ကို သတိမထားမိခဲ့။

ဆမ္မာကြီးသည် သူ့အိတ်ထဲက နောက်ထပ် နရွဲသီးတစ်လုံးကို ထပ်ထုတ်ပြန်သည်။ စောစောက အဝတ်ထုပ်ထဲမှ ထုတ်လိုက်သော ခဲလုံးနား ချထားလိုက်၏။

"မင်းမြားတံနဲ့ ဒီနရွဲသီးကို စူးဝင်သွားအောင် ထိုးပြနိုင်မလား"

"ဒီလောက်နီးနီးက ထိုးတာပဲဗျ၊ မထိ မစူးဘဲ နေမလား"

"ဒါဆို အခု ထိုးပြစမ်းလူမိုက်"



www.burmeseclassic.com

www.burmeseclassic.com



ဆမ္မာကြီးက စိတ်ဆိုးသလို အော်ပြော၏။

ဂမ်ရော်သည် သူ့ဆီ၌ မုဆိုးသက်စောင့်တစ်ချောင်းသာ ကျန်သော မြားတံကို မြားဘူးထဲက ဆွဲနုတ်လိုက်ပြီး ခဲလုံးနှင့်ယှဉ်လျက် ချထားပေးသော နရွဲသီးကို မြားတံဖျားနှင့် ထိုးထည့်လိုက်သည်၊ ဘယ်လိုမှမထိ။ နရွဲသီးနှင့် ကျောက်ခဲမှာ လက်တစ်လုံး၊ နှစ်လုံးခန့်သာ ကွာ၏။

ဂမ်ရော် နောက်တစ်ချက် ထပ်ထိုးသည်၊ မထိ။ နောက်တစ်ချက်၊ နောက်တစ်ချက်၊ နောက်တစ်ချက်. . ဘယ်လိုချိန်ထိုးထိုး နရွဲသီးအား ထိကို မထိ။ သူ အားစိုက်ချိန်ထိုးလိုက်တိုင်း မြားတံထိပ်ဖျားသည် နရွဲသီးနှင့်ကပ်လျက် ချထားပေးသော ကျောက်ခဲ၌သာ သွားသွားကပ်သည်။

ထိမလို ထိမလိုနှင့် ဂမ်ရော်အားစိုက်ထိုးလေ သူထိုးလိုက်သော မြားတံထိပ်က ကျောက်ခဲကိုသာ သွားသွားထိပြီး ဆွဲစုပ်လိုက်သလို ဖြစ်နေသည်။ ကြာသော် ဂမ်ရော်မှာ ချွေးပြန်လာသည်။ ဤသည်ကို ဆမ္မာကြီးက မတ်တပ်ရပ်ငုံ့ကြည့်နေ၏။

စိတ်တိုလာသဖြင့် အလျင်အမြန် စွတ်စွတ်ထိုးနေရာမှ ဖြည်းဖြည်းချင်း မြားတံထိပ်ဖျားနှင့် နရွဲသီးကို ထိလုထိခင်အထိ ကိုင်ကြည့်ပြီး ထိုးလိုက်ရာ 'ဟာ' ဟု ဂမ်ရော်ပါးစပ်က အသံထွက်သွားသည်။ လက်ထဲက မြားတံပင် လန့်ပြီး လွတ်ကျမလို ဖြစ်သွား၏။

"ဘာဖြစ်ပြန်တာလဲ"

ငုံ့ကြည့်နေသော ဆမ္မာကြီးကမေး၏။ ဂမ်ရော်က မော့မကြည့် ပြန်မဖြေအား။ ဖြည်းဖြည်းချင်း ထိုးကြည့်လိုက်မှ သိသာသွားသည်။ သူ ထိုးလိုက်သော မြားတံဖျားသံဟက်ကို နရွဲသီးနှင့် ယှဉ်ချထားသော ခဲလုံးက ဆွဲဆွဲစုပ်ယူသွားသည်။ လက်နှင့် အားစိုက်ထိန်း၍ပင် မရလိုက်။ နောက်တစ်ခါ ဖြည်းဖြည်းရွရွ ထပ်ထိုးကြည့်ရာ ပို၍သိသာသွားသည်။ မြားတံထိပ်ဖျားသည် ခဲလုံးဘေးကိုသာ သွားတပ်နေ၏။ ပြန်ဆွဲ၍ ကွာလိုက်လာအောင် မနည်းဆွဲယူရသည်။

စောစောက မထိလေ စိတ်တိုလာလေနှင့် နရွဲသီးကို တစွတ်စွတ် လိုက်ထိုးနေစဉ်က မသိသာသော်လည်း ယခု ဖြည်းဖြည်းရွရွ အသာအယာ





ချိန်ထိုးကြည့်တော့ ခဲလုံးက မြားတံထိပ်ကို ဆွဲစုပ်သွားသည်မှာ သေချာသွားသည်၊ သိသိသာသာ ဖြစ်သွားသည်။

ဂမ်ရော် အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားသည်။

ထိတ်ထိတ်လန့်လန့်နှင့် ဆမ္မာကြီးကိုလည်း တစ်ချက်မော့ကြည့် လိုက်သည်။

ဆမ္မာကြီးကမူ သူ့ကို ငုံ့ကြည့်၍ ပြုံးနေ၏။

"ဟာ ဒါဟာ ဆမ္မာကြီးရဲ့ မှော်အတတ်ပဲနေမှာ၊ ဒီကျောက်ခဲဟာ မှော်သွင်းထားတဲ့ ကျောက်ခဲပဲဖြစ်မှာ၊ အဲဒါကြောင့် ဒီဆမ္မာကြီးကို တန်ခိုး ကြွဒ္ဓိပါဒ်ရှင်လို့ ပြောကြတာကိုး" ဟု အတွေးပေါက်သွား၏။

"ဒီ ခဲလုံးက မှော်ကျောက်ခဲလား"

"မင်းအဘ . . . ဟုတ်မယ် အားကြီးကြီး"

"ဒါဆို ဒီခဲလုံးက ဘာလဲ နရွဲသီးကို ကျုပ် မြားတံနဲ့ထိုးတာ ဘာလို့ မထိတာလဲ"

ဂမ်ရော်က ဆမ္မာကြီးကို မော့ကြည့်၍ မေးလိုက်၏။

"မင်းရော မင်းတို့တစ်ရွာလုံးရော လာထိုးလဲ မထိဘူးမှတ်"

"ဘာဖြစ်လို့လဲ ဆမ္မာ ဒါ ခင်ဗျား မှော်ပညာနဲ့လုပ်. . ."

"ခွေးတိရစ္ဆာန် . . မင်း ဘာစကားပြောတာလဲ၊ ငါ့ကို အောက် လမ်းသမား၊ အပယ်လားမယ့် အကောင်လို့ ပြောတာလား၊ ငါက ဆမ္မာကွ သစ္စာရှင်ကွ၊ သူတော်စင်ကွ"

ဂမ်ရော်သည် စောစောက နရွဲသီးကို ဆဆထိုးခဲ့သော မြားတံအား ကိုင်ပြီး မတ်တပ်ထ ရပ်လိုက်သည်။

"ဒါ ခင်ဗျားရဲ့ မှော်ပညာ မဟုတ်ရင် နရွဲသီးက ဘာလဲ၊ ဒီခဲလုံး ကကော ဘာလဲ"

"ဟဲ့ လူဗာလ၊ လူအန္ဓ၊ သေရင် ငရဲအိုးထဲ ဇောက်ထိုးဆင်းမယ့် အကောင်၊ မင်း ဒီလောကမှ အသိဉာဏ်မရှိဘူးလား၊ ဒီကျောက်ခဲဟာ တေဇောဓာတ်တွေ နှစ်ပေါင်းသန်းချီပြီး လောင်ကျွမ်းခံထားရတဲ့ ကျောက်ခဲ ပြီးတော့ နှစ်ပေါင်းသန်းချီ အေးခဲခံထားရတဲ့ သတ္တုခဲကွ၊ ဆွဲအား ရှိအား



www.burmeseclassic.com

www.burmeseclassic.com



တွေကို နှစ်ပေါင်းသန်းချီပြီး သိပ်သည်းထိန်းထားတာ၊ အဲဒါကြောင့် ထိပ်မှာ သံခါတ်ပါတဲ့ မြားစူးကို ဆွဲစုပ်နိုင်တာပေါ့၊ ဘာမှော်ကျောက်ခဲလဲ မင်း အမေ့လင် မှော်ကျောက်ခဲလား၊ ဒီလို ကျောက်ခဲမျိုးတွေ မင်းတို့ ဒိနယ်မှာ အများကြီးရှိတယ်၊ နှစ်ပေါင်းသန်းချီပြီး အေးခဲနေတဲ့ ဒီစွမ်းအားကို ထုတ်ယူနိုင်ရင် အားလုံး, အားလုံး လုပ်ချင်တာ လုပ်လို့ရတယ်။ ဒီစွမ်းအား အေးခဲနေမှုဟာ ပရမာအဏုမြူလောက် သေးငယ်ပေမယ့် သံတောင်၊ ကျောက်တောင်တွေကို ထုတ်ချင်းခတ် ဖောက်သွားနိုင်တဲ့ ဓာတ်ကြီးလေးပါး အစုအခဲ ဒီခဲလုံးမှာရှိတယ်၊ အဲဒါ မင်းနားလည်လား"

ထိတ်ထိတ်လန့်လန့်နှင့် ဂမ်ရော် ခေါင်းခါပြလိုက်သည်။

အမှန်က ဆမ္မာကြီးစကားကို သူ နားမလည်၍ ခေါင်းခါပြလိုက်ခြင်းဖြစ်သည်။

"မှတ်ထား လူမိုက် မှတ်ထား. . မှတ်ထား၊ ပထဝီ၊ တေဇော အာပေါ၊ ဝါယော. . တဲ့ သိလား"

ဆမ္မာကြီးအမေးကို ဂမ်ရော်ခေါင်းခါ၍ပြန်သည်။

"ဓာတ်ကြီးလေးပါးတောင် မသိတဲ့ မင်းလိုတိရစ္ဆာန်ကောင်နဲ့ စကားပြောနေရတာနဲ့ အချိန်တွေ အလဟဿကုန်သွားတယ်၊ တောက်"

ဆမ္မာကြီးသည် နေကို တစ်ချက်မော့ကြည့်လိုက်ကာ ကျောက်ခေါင်းရှိရာဘက်သို့ တက်သွား၏။ သွားရင်းနှင့် သူ့အတွင်းအိတ်ထဲမှ နဖွဲ့သီးတစ်လုံးကိုလည်း ပါးစပ်ထဲထည့်ပြီး မြုံ့ဝါးစားသွားသည်။

ဂမ်ရော်သည် စောစောက ကျောက်ခဲအဝတ်ထုပ်မှ ဆမ္မာကြီး ဖြုတ်ယူသွားသော သူ့မြားစူးများကို သတိရလိုက်သဖြင့် 'ဆမ္မာ. . ဆမ္မာ ကျုပ် မြားစူးတွေ ပြန်ပေးခဲ့ဦးလေဗျာ. . ကျုပ်မြားစူးတွေ ပြန်ပေးခဲ့ပါဦး' ဟု အော်ပြီး ဆမ္မာကြီးနောက်လိုက်၏။ ဆမ္မာကြီးကမူ သူ့ကို တစ်ချက်ပင် ပြန်လှည့်မကြည့် သွားမြဲသွားနေသဖြင့် ကျောက်ခေါင်းနားသို့ပင် ရောက်သွားပြီ။

"ဆမ္မာ . . ဆမ္မာ အဲဒီလို မလုပ်ပါနဲ့ဗျ ကျုပ်က ဒီရွာမှာ သူကြီးနော်၊ ကျုပ်မြားစူးတွေ ပြန်ပေးခဲ့ဦးလေဗျာ"





ကျောက်ခေါင်းဝနားအရောက်တွင် ဆမ္မာကြီးကို မီသဖြင့် ဆမ္မာကြီးကိုယ်ရုံကို လှမ်းဆွဲကာ ဂမ်ရော်ကပြော၏။

"ဖယ်စမ်းကွာ မင်းလက်နဲ့ ငါ့ကိုယ်ရုံ မကိုင်နဲ့ သနတယ်"

ဆမ္မာကြီး ဆောင့်ဆွဲလိုက်သဖြင့် ကိုယ်ရုံစလွတ်သွားကာ ဂမ်ရော်မှာ ယိုင်သွားသည်။

"ကျုပ် . . ကျုပ်မြားစူးတွေ ပြန်ပေးခဲ့လေဗျာ"

ဂမ်ရော်က အောက်ကျို့သံနှင့် တောင်းပန်သလိုပြော၏။

"မင်းပဲ ရွာသူကြီး ကတိတည်မယ်ဆို မပေးဘူးကွ၊ မင်းကို ငါ စောစောကတည်းကပြောတယ် မဟုတ်လား ပိန္နဲသီးကို ပစ်ပြနိုင်မှ မြားစူးတွေ ပြန်ပေးမယ်လို့၊ မင်း ဘယ်နှစ်စူး ပစ်ထိခဲ့လို့လဲ မပေးဘူး"

"ဆမ္မာကြီး တောင်းပန်ပါတယ်ဗျာ အဲဒီလို မလုပ်ပါနဲ့ ကျုပ်မြားစူးတွေ ပြန်ပေးခဲ့ပါဗျာ တောင်းပန်. . ."

"မပေးဘူးကွ မင်းကို မြားစူးပြန်ပေးလိုက်ရင် အပြစ်မရှိတဲ့ တိရစ္ဆာန်တွေကို လျှောက်သတ်နေဦးမယ်၊ မင်းက မုဆိုးဆို သေ့ရင် အပါယ်လားမယ့် ငရဲစာ၊ မပေးဘူးကွ မပေးဘူး၊ ကတိအတိုင်းပဲ ငါက သစ္စာဝါဒီသမား ဆမ္မာ ကတိတည်တယ်"

"ဟုတ်. . ဟုတ်ပါတယ် ဆမ္မာကြီးက သူတော်. ."

ဂမ်ရော်စကားမဆုံးခင် ဆမ္မာကြီးက ကျောက်ခေါင်းထဲဝင်သွားလေသည်။ ဂမ်ရော်မှာ ရုတ်တရက် ဘာလုပ်ရမှန်းမသိဘဲ ကျောက်ခေါင်းဝနား၌ ငေါင်ပြီးကျန်ရစ်သည်။

"ဆမ္မာကြီး . . ဆမ္မာကြီး"

သူအော်ခေါ်သည်၊ ဘာသံမှ မကြားရ။ တောင်ပိုင်ဂမ်ရော် ဒေါသထွက်လာပြီ။

ဤမြားစူးများမှာ သူပစ်ခတ်၍ရသော သားကောင်တွေနှင့် လဲထားသည့် မြားတံအကောင်းစား၊ အဆေးမာများချည်းဖြစ်သည်။ ဖဲထီးငြင်းသံလုံးတွေကို အနှစ်နှစ်အလလ မီးဖုတ်ပြီး ထုလုပ်ထားသော မီးကျက်မီးပြတ်၊ အသားသေပြီး အမာစားမြားစူးချည်းဖြစ်၏။ ထို့ကြောင့် သူမြား



www.burmeseclassic.com

www.burmeseclassic.com



ရူးတွေကို ပြန်တောင်းရန် ဆမ္မာကြီးဝင်သွားသော ကျောက်ခေါင်းထဲ သူဝင်လိုက်သွား၏။ ပါးစပ်ကလည်း 'ဆမ္မာ. . ဆမ္မာကြီး ဗျိုး. . ' ဟု အော်ခေါ်လာသည်။

"ဆမ္မာ. . အရှင်ကြီး ကျုပ်မြားတံတွေ ပြန်ပေးခဲ့ပါဗျ။ ကျုပ်မှာ ဒီမြားတံတွေ အားကိုးနဲ့ မုဆိုးလုပ်စားနေရသူပါ၊ ကျုပ်မြားတံပြန်ပေးပါ"

သူ တကြော်ကြော် အော်ခေါ်နေသော အသံတွေသာ ကျောက်လိုဏ်ထဲ ဟိုမှ သည်မှ ပဲ့တင်ပြန်လာနေသည်။ ဆမ္မာကြီးကိုကား အရိပ်အယောင်ပင် မမြင်ရ။ တစ်ခွန်းတစ်လေသော ပြန်ထူးသံ၊ ပြန်ပြောသံကိုလည်း မကြားရ။ ဆမ္မာကြီး ကျောက်ခေါင်းထဲဝင်သွားသည်နှင့် ချက်ချင်း ပျောက်သွားသည်။

ကျောက်ခေါင်းထဲ သူဝင်လိုက်လာ၍ ခြေလှမ်းတစ်ဆယ်ပင် မပြည့်သေး၊ လူတစ်ရပ်ကျော်ကျော်မြင့်သော ကျောက်ခေါင်းကြီး၏ အပေါက်တစ်ပေါက်မှ ကျားခေါင်းကြီးတစ်ခုလုံး ထွက်လာသည်။ သူ့အသံကြောင့် ထွက်လာလေသလားမသိ။ သူ့ကို ငုံ့ကြည့်ပြီး ကျားကြီးက ဟိန်းလိုက်သည်။ ပြီး သူ့ကို ခုန်အုပ်တော့မလို ကိုယ်ကိုကျုံ့လိုက်သည်။ မုဆိုးပီပီ သူသိသည်။ ကျားသစ်များသည် ရန်သူကို ခုန်အုပ်တော့မည်ဆိုလျှင် ဤသို့ပင် ကိုယ်ကိုကျုံ့၍ အားယူတတ်သည်။

ဂမ်ရော်မှာ ကျားမျိုးစုံကို တောထဲ တောင်ထဲ နီးနီးကပ်ကပ် အကြိမ်များစွာ ရင်ဆိုင်တွေ့ဖူးထားသူ ဖြစ်သဖြင့် များစွာတော့မကြောက်။ ထို့ကြောင့် 'တောက်'တစ်ချက် ခေါက်ကာ ကမန်းကတန်း နောက်ပြန်ဆုတ်လိုက်သည်။ ထိုစဉ် သူ့ခေါင်းထဲ အတွေးတစ်ခုဝင်လာသည်။ ထိုအခါမှာတော့ သူ့တစ်ကိုယ်လုံး ချက်ချင်း ကြက်သီးဖြန်းဖြန်း ထ,သွားသည်။

'တောက်'

သူ့ခေါင်းထဲဝင်လာသော အတွေးမှာ စောစောက သူ့မြားစူးတွေ ယူသွားသော ဆမ္မာဆိုသူ မှော်ဆရာကြီးသည် ချက်ချင်း 'ဝဋ်' ဝင်သွားလေပြီ။ မှော်ဆရာကြီးများ ဝဋ်ဝင်ပြီဆိုလျှင် ဤသို့ပင် ကျား၊ ကျားသစ်၊ ကြောင်စသည့် တိရစ္ဆာန်တစ်ကောင်ကောင်အဖြစ် ပြောင်းလဲသွားတတ်သည်ဟု





ဘိုးစဉ်ဘောင်ဆက် သူကြားလာခဲ့ရသည်။ ယခင်က သူကြားဖူးသည်မှာ ပုံပြင်သာ။ ယခုမူ ကိုယ်တိုင် ယနေ့တွေ့နေ၊ ကြုံနေရလေပြီ။ ဤဆမ္မာဆိုသူသည် မှော်ဆရာကြီးသာ ဖြစ်ရမည်။ ထို့ကြောင့်သာ ကျားကြီးတစ်ကောင်အဖြစ် သူ ချက်ချင်းရုပ်ပြောင်းသွားသည် မဟုတ်ပါလား။

ဂမ်ရော်သည် တုန်လှုပ်ချောက်ချားစွာနှင့် ကျောက်ခေါင်းထဲက ကမန်းကတန်း ထွက်ပြေးလာသည်။ သူ့မြားတံများ ဆမ္မာကြီးဆီ ပါသွားသည်ကို သတိရသောအခါ ဆမ္မာကြီး စောစောက ချိုးလွှင့်ပစ်ခဲ့သော သံဟက်မြားတံများကို လိုက်ရှာသည်။ အဟက်မှာ ဖဲထီးသံလုံးကို လုပ်ထားသော မြားစူးဖြစ်သဖြင့် သူ့လို မုဆိုးတစ်ယောက်အတွက် အလွန်တန်ဖိုးရှိလှသည်။ သူသည် မြားတံလုပ်၍ လက်သင်မုဆိုးငယ်များနှင့် ရွာနီးချုပ်စပ်က မုဆိုးများကို ရောင်းချတတ်သူ။ ဤသည်ကို သိ၍လည်း ဆမ္မာမှော်ဆရာကြီးသည် သူ့ဆီက မြားဆူးများကို ဥပါယ်တံမျဉ်ဆင်ကာ လုယူသွားလေပြီ။

မြားတံအဟက် လုပ်ရသော ဖဲထီးသံကိုင်းတွေမှာ သူတို့ဆီ၌မရှိ။ သူ တစ်ဖက်နိုင်ငံမှ ပစ္စည်းချင်းဖလှယ်၍ ယူလာရသော ရှားပါးပစ္စည်းများသာ။ ယခု သူ့တွင် မြားတံဆို၍ သက်စောင့်တစ်ချောင်းနှင့် အဟက်တစ်ခုသာ ကျန်တော့သည်။ သည်အတိုင်းဆိုလျှင် နောက်တစ်နှစ် ဆောင်းလတွင် ကတိုးသွားပစ်ရန် မြားစူးပင်မရှိတော့။ မည်သို့ လုပ်ရမည်နည်း။

ပတ်ဝန်းကျင်က မုဆိုးများနှင့် မိမိရွာက လက်သင်မုဆိုးငယ်များဆီ မြားတံသွား၍ ချေးငှားပါကလည်း မြားတံလုပ်၍ ရောင်းစားနေသူ ဒဟူရွာသူကြီး ပန်းပဲခါရာကို မုဆိုးတကာက ကဲ့ရဲ့ကြတော့မည်။ သူ သိက္ခာကျတော့မည်။ မည်သို့ လုပ်ရမည်နည်း။

ဂမ်ရော် အကြီးအကျယ် စိတ်ညစ်၊ စိတ်ရှုပ်ထွေးကာ ကျားရဲတောင်က ဆင်းလာသည်။ ကျားရဲတောင်နှင့် ဒဟူရွာကြားရှိ ရေခဲချောင်းကိုပင် သူ ဘယ်လိုကူးဖြတ်လာမှန်း သတိမထားမိ။ သွားနေကျဖြစ်သော အခြေထောက်နှစ်ချောင်းက အလိုက်တသိ လျှောက်လှမ်းလာ၍သာ ဒဟူရွာသို့ ပြန်ရောက်လာခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာကိုရောက်သည်နှင့် ဆမ္မာကြီးပြဿနာက သူ့ကို ဆီးကြိုနေသည်။

"ဘယ့်နှယ်လဲ ကျားရဲတောင်က ပုဂ္ဂိုလ်ကြီးကို ရှင်တွေ့ခဲ့လား၊ ဘာတဲ့လဲ၊ ဘာပြောလိုက်လဲ" ဟု သူ့မိန်းမ ဂျာနုက အရင်မေးသည်။

"မင်းတို့ တန်ခိုးရှင် ကဗ္ဗိပါဒ်ရှင်ကြီးကို ငါ တစ်မနက်လုံး ကျားရဲတောင်မှာ လိုက်ရှာခဲ့တယ်၊ မတွေ့ခဲ့ဘူး၊ ဘယ်သွားပုန်းနေလဲမှမသိတာ"

"အဘဒူဝါဒိုင်တို့ပြောတော့ ကျောက်ခေါင်းထဲ ဝင်သွားတယ်တဲ့၊ အခုလည်း ကျောက်ခေါင်းထဲဝင်နေလားမှ မသိတာ၊ ရှင် သူ့ကို ဟောဟော ခေါ်ကြည့်ခဲ့သေးလား"

"ဟောဟောခေါ်တာမှ ငါ့လည်ချောင်း ကွဲမတတ်ဘဲကွ၊ ရေငတ်လို့ ရေခဲချောင်းရောက်မှ အာခွတ်လာရတယ်"

"ကျောက်ခေါင်းထဲက ရှင် ဟောဟောတာကို မကြားလို့များလား ရှင်ကကော. . ."

သူ့မိန်းမကို သူ ဒေါသဖြစ်လာသည်။ ထို့ကြောင့် . . .

"ငါ ဒီလောက် ဟောဟောနေတာ မကြားဘဲ နေမလားကွ၊ ငါနဲ့ကို သူရင်မဆိုင်ဝံ့လို့ ကျောက်ခေါင်းထဲ ပုန်းနေတာနေမှာပေါ့"

ဂမ်ရော်က ဤသို့ပြောသည်ကိုပင် သူ့မိန်းမကမူ မယုံကြည်ချင်သလိုနှင့် "သူက တန်ခိုးကဗ္ဗိပါဒ်ရှင်ပဲ ရှင့်ကိုကြောက်လို့ ပုန်းနေတာတော့ မဖြစ်နိုင်ဘူး တစ်နေရာရာ. . ."

"ဟာ ဒီမိန်းမ. . . စကားရှည်လိုက်တာ၊ ထမင်းစားမယ်ကွာ" ဟု စကားလိုးလွှဲပြောလိုက်ရသည်။

သူ ထမင်းစားနေချိန်မှာပင် အိုကြီးအိုမ ဒူဝါဒိုင်တို့ အရပ်လူကြီးများက ရောက်လာကြပြန်သည်။ ဆမ္မာကြီးအကြောင်းကိုပင် အက်ကြောင်းထပ်အောင် အမျိုးမျိုးမေးကြသည်။ သို့သော် ဘယ်သူလာမေးမေး ဂမ်ရော်ကမူ မတွေ့ခဲ့ဘူး၊ မမြင်ခဲ့ဘူးဟူသော ဘူးတစ်လုံးကိုသာ တွင်တွင်ပြောနေရသည်။ ဆမ္မာကြီးနှင့် သူ ကြုံတွေ့ခဲ့ရသော အကြောင်းကိုသာ အမှန်အတိုင်း ပြောမိလိုက်လျှင် သူသိက္ခာကျမည်။





ရွာသူရွာသားများကလည်း ပို၍ ထိတ်လန့်တုန်လှုပ်ကုန်ကြမည်။ ရွာသားတွေ ထိတ်လန့် တုန်လှုပ်ကြမှာက အရေးမကြီး။ သူ့ကိုထက် ဆမ္မာကြီးကို ပိုပြီးကြောက်ကြ လေးစားအားကိုးလာကြလျှင် ရပ်မှာ၊ ရွာမှာ သူ့သြဇာကျတော့သည်။

ထို့ကြောင့်လည်း သူသည် တစ်မနက်လုံး ဆမ္မာကြီးနှင့် ဖြစ်ပျက်ခဲ့ကြရသည့်အကြောင်း မည်သူ့ကိုမှ မပြောဝံ့ဖြစ်နေသည်။ သည်ကြားထဲ ပြန်ခါနီးမှာ ဒူဝါဒိုင်က . . .

"အေး မင်းကို ရင်မဆိုင်ဝံ့လို့ ပုန်းနေတာတော့ ဟုတ်ချင်မှဟုတ်မယ် ဂမ်ရော် ငါတို့ တွေ့ခဲ့ရတာကတော့ သူက ဘယ်သူ့မှ အရေးမလုပ်တဲ့ပုံပဲကွ၊ မာရေကျောရေပဲ အေးလေ ဘာပဲဖြစ်ဖြစ် မင်းက သူကြီးဆိုတော့ မင်းမှာ ဒီကိစ္စအစဉ်အလာအရ တာဝန်ရှိတယ်နော်"ဟု ပြောပြီး အိမ်ပေါ်က ဒူဝါဒိုင်ဆင်းသွားသည်။

သူ့အား တာဝန်တွေ၊ ဝတ္တရားတွေပြောပြီး အိမ်ပေါ်က ဆင်းသွားသော သူကြီးဟောင်း ဒူဝါဒိုင်၏ နောက်ကျောကို ငေးကြည့်ကာ သူ့အတွာနှင့်ယှဉ်ပြီး ဒူဝါဒိုင်တို့ကို သူ ဒေါသထွက်မိပြန်သည်။

"ဟုတ်တယ် ကျုပ်က လက်ရှိသူကြီးဆိုတော့ တာဝန်ရှိတာပေါ့။ ရွာသူရွာသားတွေ ဆားနဲ့ အဝတ်အထည်တွေအတွက် ကျုပ် ဟိုဘက်နိုင်ငံသွားနေတုန်းကတော့ ခင်ဗျား သူကြီးဟောင်းမှာ တာဝန်ရှိပေမယ့် ဆမ္မာကြီးကို ထုံးတမ်းစဉ်လာအရ ခင်ဗျားတို့ ဘာလို့ အသေမသတ်နိုင်ခဲ့ကြတာလဲ၊ သေခါနီးကြီးတွေပဲ ဆမ္မာနဲ့ တိုက်ခိုက်ကြလို့ ခင်ဗျားတို့ အကုန်သေကုန်လဲ ဒဟူရွာအတွက် ဘာအကျိုးယုတ်စရာရှိလဲ၊ ခင်ဗျားတို့ ဟိုးရှေးရှေး ဘိုးဘေးဘီဘင်တွေအကြောင်းတော့ သိကြတယ် မဟုတ်လား၊ ဟိုတုန်းက သက်ကြားအိုကြီးတွေဆို သေချင်ကြလွန်းလို့ ရွာသူရွာသားကိစ္စနဲ့ ပြောင်တိုက် ကျားကိုက်ခံပြီးတောင် သေတတ်ကြတယ်ဆို၊ အခုတော့ ခင်ဗျားတို့ သေမှာကြောက်ပြီး ပြန်လာကြတာ၊ ခင်ဗျားတို့ မသေရဲ၊ မသေရဲ၊ သရဲဘောကြောင်ပြီး ပြန်ပြေးပြေးလာကြလို့ အခုတော့ ဆမ္မာကြီးဆီ ကျုပ်မြားဆူးတွေ အကုန်ပါသွားပြီ၊ ဒါ ခင်ဗျားတို့ကြောင့်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဂမ်ရော်သည် မိမိမြားစူးတွေ ဆမ္မာကြီးဆီ ပါသွားရသည့်ကိစ္စကို သူ့ ကိုယ်ကျိုးအတ္တနှင့်ယှဉ်ကာ ရွာလူကြီးတွေကိုလည်း ဒေါသထွက်ရပြန်သည်။

သို့သော် ဆမ္မာကြီးနှင့် ပတ်သက်၍တော့ မတွေ့ခဲ့ဘူး၊ ရှာမရခဲ့ဘူး၊ ကျုပ်နဲ့ ရင်မဆိုင်ဝံ့လို့ ကျောက်ခေါင်းထဲက မထွက်ရဲဘူးဆိုစကားကိုသာ ဘယ်သူလာမေးမေး ကလေးတွေကိုပါမကျန် မမှေ့မလျော့ ထိုစကားကိုသာ တွင်တွင်ပြောနေရလေသည်။

❖ ❖ ❖

မျက်စိနှစ်လုံး ပွင့်လာသည်နှင့် မနေ့ကအဖြစ်အပျက်ကို သတိရနေသည်။ အခုလောက်ဆို မှော်ဆရာ ဆမ္မာကြီးသည် သစ်မ၊ ကျားမကြီးတွေနှင့် ကျောက်ခေါင်းထဲ စိတ်ရှိတိုင်း မြူးထူးပျော်ပါးနေလိမ့်မည်ဟု တွေးကာ ဆမ္မာကြီးဆီ ပါသွားသော မြားစူးတွေကို သတိရနေပြန်သည်။

အိပ်ရာက ထပြီး ရွာအောက်ရေခဲချောင်းထဲ ဂမ်ရော် ရေခပ်ရန် ဆင်းလာသည်။ ဝါးကျည်တောက်နှစ်လုံးကို တစ်ဖက်တစ်လုံးဆွဲကာ ရေခပ်လာရင်းကလည်း သူ့မြားစူးတွေကို နှမြောစိတ်နှင့် သတိရနေဆဲ။ ဆမ္မာကြီးကို ဒေါသဖြစ်နေဆဲ။ ထို့ကြောင့်လည်း သူသည် မှုဆိုးပီပီ အမြီးအတောကြီးစွာနှင့် ကျားရဲတောင်ဘက် တစ်ချက်လှမ်းကြည့်လိုက်သည်။ ဆမ္မာကြီးကို ဘယ်လိုလက်တုံ့ပြန်ရ ကလဲ့စားချေရမည်နည်း ဟူသော အတွေးကြောင့်ပင်ဖြစ်သည်။

တစ်ဆောင်းလုံး ဆီးခါးရိုက်ခံထားကြရသည့် ထင်းရှူးပင် ကျိုးတိုးကဲ့တဲ့များမှာ ယခုအထိ ဖူးညွန့်ပုရစ်ပင် မဝေနိုင်ကြသေး။ ထို့ကြောင့် ရေခဲချောင်းလေးတစ်ခုသာ ခြားနေသော ကျားရဲတောင်ကို သူ့မုဆိုးမျက်လုံးက ပီပီပြင်ပြင် မြင်နေရသည်။ မနေ့က ဆမ္မာကြီးနှင့် သူတွေ့ခဲ့ရသော ကျောက်ခေါင်းလိုဏ်ပေါက်များဆီ မှန်းဆကြည့်သည်။ ဆမ္မာကြီးကိုတော့ ဤနေရာက မမြင်ရ၊ မမြင်နိုင်။ ဂိမန္တ၏ နံနက်ခင်းနေရောင်ခြည်



www.burmeseclassic.com

www.burmeseclassic.com



ယုက်ဖြာတန်းများကိုသာ ကျားရဲတောင်ပေါ်၌ လှမ်းမြင်နေရသည်။

တစ်ဖက်ကမ်းစပ်ရှိ ကျောက်တုံးကျောက်ဆောင်နားဘက်ဆီ ဂမ်ရော်၏ အကြည့်က ရောက်သွားပြန်သည်။ ကျောက်တုံးကျောက်ဆောင်များဆီ သူ့အကြည့်ရောက်သွားမိသည်မှာ မနေ့က ဆမ္မာကြီးနှင့် တွေ့ရန်အသွား၌ ရေခဲချောင်းထဲ ငါးဆင်းဖမ်းရန် လာချောင်းနေသော မြေခွေးတစ်ကောင် လူရိပ်ကျပြီး ထွက်ပြေးသွားသည်ကို သတိရ၍ဖြစ်သည်။ မုဆိုးများသည် သားကောင်လိုက်ရန်လည်းကောင်း၊ တစ်စုံတစ်ခု အရေးကြီးကိစ္စကို ဆောင်ရွက်ရန်၌လည်းကောင်း၊ အသွားခရီးအစတွင် မြေခွေးကို တွေ့ရလျှင် လာဘ်တိတ်သည်၊ မင်္ဂလာယုတ်သည်ဟူသော အယူအဆကို ယနေ့ ရေခဲချောင်းထဲရောက်မှ သတိတရဖြစ်သွား၍ ကျားရဲတောင်ဘက် အမှတ်မထင် လှမ်းကြည့်မိရာ ဂမ်ရော်မှာ အံ့ဩသွားရပြန်သည်။

ဆမ္မာကြီးသည် သောင်ခုံမှ ကျောက်ခဲများကို ကောက်လိုက်၊ ရေဆေးလိုက်၊ ဆကြည့်လိုက်၊ ပြန်ချလိုက်၊ နောက်တစ်လုံးကောက်ယူလိုက် လုပ်နေသည်ကို မျက်ဝါးထင်ထင် မြင်နေရသည်။ ကျောက်ခဲတွေ၌သာ စိတ်အာရုံရောက်နေသော ဆမ္မာကြီးကမူ သူ့ကို လုံးဝမြင်ပုံမရသေး။ ဂမ်ရော်သည် ဆမ္မာကြီးကို မြင်လိုက်သည်နှင့် သူ့မြားတံတွေ ဆုံးရှုံးသွားရသော ဝမ်းနည်းစိတ်က လည်ချောင်းထဲ တက်ဆောင့်လာသည်။ ထို့ကြောင့် တောင်းတောင်းပန်ပန် ကောင်းကောင်းမွန်မွန်ပြော၍ သူ့မြားစူးတွေ ပြန်တောင်းရန် ဆမ္မာကြီးရှိရာသို့ မပြေးရုံတမည် ရောက်ချလာသည်။

ကျောက်တုံးကျောက်ခဲတွေပေါ် နင်းပြေးလာသော မုဆိုးခြေသံကို သူ့နားကကြားပုံရ၏။ ထိုင်ပြီး ကျောက်တုံးကျောက်ဆောင်နား ကျောက်ခဲ ရွေးကောက်နေသော ဆမ္မာကြီးကလည်း အံ့ဩသွားသလို တစ်ချက်တော့ လှမ်းကြည့်သည်။ ပြီးတော့မှ ပြန်ခေါင်းငုံ့ပြီး မနေ့က ကျောက်ခဲမျိုးလို မှော်ကျောက်ခဲများကို ဆက်ရှာနေသည်။

တစ်ဖက်ကမ်းမှ ကျောက်တုံးကျောက်ခဲတွေပေါ် ပြေးနင်းလာသော ဂမ်ရော်က ဆမ္မာကြီးအနားသို့မတ်တပ်ရပ်လိုက်သည်။ နှုတ်ကလည်း

"ဆမ္မာကြီး မှော်ကျောက်ခဲတွေ ရှာနေတာလား"



"မင်းအမေ့လင် မှော်ကျောက်ခဲလား"

မော့၍ပင် မကြည့်ဘဲ အဆဲနှင့် တုံ့ပြန်စကားကိုဆိုသည်။

စပါးရော ဖွဲရော လုပ်မိခါမှ အဆဲခံလိုက်ရသဖြင့် ဒေါသနှင့် ဝမ်းနည်းစိတ်သည် ဂမ်ရော်၌ ချက်ချင်းဖြစ်သည်။

အမှန်က မှော်ပညာ၊ မှော်အတတ်ဆိုသည်မှာ ဂုဏ်ယူစရာဟူသော သဘောနှင့် သူက ပြောကြည့်ခြင်းသာ။ ဤသည်ကိုပင် ဆမ္မာကြီးက ဒေါသဖြစ်သွားပုံရသည်။ ထိုအခါ အချိုကျွေးလည်းမရ၊ အချဉ်ကျွေးလည်း ရမည့်ပုံမပေါ်သော ဆမ္မာကြီးကို ဂမ်ရော်က တဲ့တိုးပင်ပြောရတော့၏။

"ဆမ္မာကြီး မနေ့က ခင်ဗျားယူသွားတဲ့ ကျုပ်မြားစူးတွေ ပြန်ပေးပါဗျ"

"မပေးဘူး"

ဆမ္မာကြီးကလည်း တဲ့တိုးပင် ပြတ်ပြတ်ပြန်ပြော၏။

ဂမ်ရော် ဒေါသဖြစ်ဖြစ်နှင့် ဆမ္မာကြီးရှေ့ မျက်နှာချင်းဆိုင် ထိုင်ချလိုက်သည်။

သူ့ရွာနား လာခိုကပ်နေပြီး သူ့လို သူကြီး၊ တောင်ပိုင်၊ မုဆိုးကို အာခံနေပြန်ပြီ။ ပမာမခန့် လုပ်နေပြန်ပြီ။

"ဒီရွာမှာ ကျုပ်က သူကြီး၊ တောင်ပိုင်၊ တောင်အုပ်ဗျ၊ ခင်ဗျား ကျုပ်ကို ကဏ္ဍကောစ မလုပ်ပါနဲ့"

"ငါက မင်းကို ဘာ ကဏ္ဍကောစလုပ်လို့လဲ"

"ကျုပ်မြားတံတွေ ပြန်ပေးပါလို့ ပြောပါပြီကော"

"ဪ မင်းမြားတံတွေ ပြန်လိုချင်လို့လား"

"ဟုတ်ကဲ့ပါ လိုချင်ပါတယ် ဆမ္မာ ဒီမြားတံတွေဟာ ကျုပ် အနှစ်နှစ် အလလ မီးသင်းထားတဲ့ အဆေးကျမြားတံတွေပါ"

ဆမ္မာကြီးအသံမှာ ပုံမှန်အနေအထား ဖြစ်သွားသဖြင့် ဂမ်ရော်ကလည်း တောင်းပန်သလို ပြောလိုက်သည်။

"ဒါဆို လာလေ ငါနဲ့လိုက်ခဲ့"

"ဟုတ်ကဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာအားရနှင့် ဆမ္မာကြီးနောက် ဂမ်ရော်လိုက်လာသည်။

"ဒီလိုဆိုတော့လည်း ဆမ္မာကြီးက မဆိုးပါဘူး၊ ဘုဘောက်ပြော တတ်တာကတော့ သူ့ဝသီထင်ပါရဲ့" ဟုတွေးကာ ဂမ်ရော် ပြုံးပင်ပြုံးမိ သွားသည်။ မနေ့က တွေ့ခဲ့ကြသောနေရာအရောက်မှာ ဆမ္မာကြီး ရပ်လိုက်သဖြင့် ဂမ်ရော်လည်း လိုက်ရပ်လိုက်ရသည်။

"မင်းမြားတံတွေ ဒီဂူထဲမှာထားတယ် သွားယူလိုက်တော့"

ဆမ္မာက ကျောက်ခေါင်းဂူဝထဲ လက်ညှိုးထိုးပြ၍ပြော၏။

ဂမ်ရော် ချက်ချင်းပင် ဂူဝထဲ ပြေးသွားပြီး ဝင်လာ၏။ ခြေလှမ်း ဆယ်လှမ်းပင်မပြည့်၊ ကျားကြီးတစ်ကောင် ဟိန်းလိုက်သံကြောင့် ဂမ်ရော်၏ ခြေလှမ်းက တုံ့ခနဲ ရပ်သွားသည်။ ကျောက်ခေါင်းထဲရှိ ကျောက်စွန်း ပေါ်တစ်ခုမှ ကျားကြီးတစ်ကောင်သည် သူ့ကို စိုက်ကြည့်နေသည်။ မနေ့က အဖြစ်ကို သတိရလိုက်သဖြင့် ချက်ချင်းနောက်ဆုတ်လာရ၏။ ဆမ္မာကြီးကို ထပ်မံ၍ ဒေါသဖြစ်ရပြန်ပြီ။

"ငါ့ကို ကျားစာကျွေးသတ်ချင်တာနဲ့ သက်သက်ဉာဏ်ဆင်ပြီး ခေါ်လာတာကိုး"

သူဆီတွင် ဘာလက်နက်မှ မပါသဖြင့် ချက်ချင်းနောက်ဆုတ်လာရသည်။ သူ ဂူပေါက်ထဲက ပြန်ထွက်လာတော့ စောစောက ကျန်ရစ်ခဲ့သော နေရာတွင် ဆမ္မာကြီးကို မတွေ့ရတော့၊ ပို၍ ချောက်ချောက်ချားချား ဖြစ်သွားမိသည်။

စောစောက ကျောက်ဂူထဲ တွေ့ခဲ့ရသော ကျားကြီးသည် ဆမ္မာကြီး ဝင်္ဝင်စားလိုက်တာဟု တပ်အပ်သိလိုက်သည်၊ ကျောက်ခေါင်းထဲ တွင် လူမသိ သူမသိ သူ့ကို သတ်စားချင်၍ တမင် ဉာဏ်ဆင်ခေါ်လာ ခြင်းဟု နားလည်လိုက်သည်။ သူ့တစ်ကိုယ်လုံးမှာ ချက်ချင်း ကြက်သီး ဖြန်းဖြန်းထလာ၏။

"တော်သေးတယ် ငါ သတိကောင်းလို့ တောက် . . ခွေးမသား ဆမ္မာ ကျားငစဉ်းလဲ၊ နေနှင့်ဦးပေါ့ကွာ တစ်နေ့ မင်းကို ငါ သတ်ကို သတ်ဦးမယ်"





ထိုသို့ အကြိမ်ကြိမ်ရေရွတ်ဆဲဆိုကာ သူ့ကိုယ်ပေါ်တွင် ဘာလက် နက်မှ ပါမလာသော ဂမ်ရော်သည် ကယောင်ချောက်ချားနှင့် ကျားရဲ တောင်က ပြေးဆင်းလာရပြန်လေသည်။ သူ့စိတ်ထဲကမူ ဆမ္မာကြီးကို လုံးဝ အခဲမကျေ။

"ထင်းခွေမကြုံရင် ရေခပ်တော့ ကြုံဦးမှာပေါ့ကွာ" ဟု စိတ်ထဲက ကြိမ်းမောင်း၍ တောင်အောက်ရှိ ရေခဲချောင်းထဲ ဆင်းလာရသည်။

"သူကြီး ဘယ်ကလာလဲ"

ရေခပ်ရန် ချောင်းထဲရောက်နေကြသော မိန်းမသူနှစ်ယောက်က သူ့ကို လှမ်းနှုတ်ဆက်ကြသည်။

"ဟို တိရစ္ဆာန်ကို သွားရှာတာ"

"ဘာသားကောင်လဲ သူကြီးကိုယ်ပေါ် လေး မြားလည်း မပါပါလား ဘာကောင်လဲ"

ဒီကောင်မတွေကလည်း အရေးထဲ သူကြီးကို မျက်နှာလိုမျက်နှာရ စကားက ရှည်ချင်ကြသည်။ သူက 'ဟိုတိရစ္ဆာန်ကို သွားရှာတာ' ဟု ပြော လိုက်ခြင်းကို တကယ်ပင် သားကောင်တိရစ္ဆာန် တစ်ကောင်ကောင်ကို ပစ်ခတ်ဖမ်းဆီးရန် သွားချောင်းရာက ပြန်လာသည်ဟု ထင်လိုက်ကြပုံရ သည်။ ဆမ္မာကြီး ဝင်္ကောင်ကျားနှင့် တွေ့လာရသော ဂမ်ရော်မှာ ရွာသူ နှစ်ယောက်စကားကို ပိုပြီး ဒေါသဖြစ်ရပြန်သည်။

သူက နောက်ထပ် ဘာမှ မပြောတော့ဘဲ မိမိရွာဘက်ရှိရာ တက် လမ်းသို့ လျှောက်လာသည်အထိ မိန်းမတစ်ယောက်က စကား အဆုံး မသတ်နိုင်သေး။

"ဘာကောင်လဲ သူကြီး ညနေကျ တွန်တော်မတို့ အူစိုရဦးမှာပေါ့" ဟု လှမ်းပြောနေပြန်သေးသည်။ ဂမ်ရော်မှာ ဒေါသဖြစ်ရင်းက ယမ်းပုံမီး ကျဖြစ်ကာ ထိုမိန်းမနှစ်ယောက်ကို နောက်ထပ် ဘာမှ မပြောတော့ဘဲ ရွာတက်လမ်းအတိုင်းသာ ဆောင့်ကြီးအောင့်ကြီးနှင့် တက်လာ၏။ လမ်း တစ်ဝက် ရောက်တော့မှ မနက်က သူ ရေခပ်လာခြင်းကို သတိရသည်။ ထိုအခါ သူ့ဝါးကျည်တောက်နှစ်လုံးရှိရာသို့ ပြန်ဆင်းလာရပြန်လေ၏။

❖



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့က ဆမ္မာကြီး ချိုးပစ်လိုက်သော မြားတံအဟက်ကို ပြန် ဆပ်ရန် မြားတံတစ်ချောင်းကို ဂမ်ရော် နမြောတ,သစွာ ရွေသတ်နေစဉ် လူအော်သံလိုလို အသံတစ်သံ သူကြားလိုက်သည်မှာတော့ အမှန်ပင်။ သို့သော် မြားတံဝါးချောင်း၌သာ သူ့စိတ်ရောက်နေသဖြင့် ဘယ်နေရာက ဟု သတိမထားမိလိုက်။ လူအော်သံကလည်း နီးနီးကမဟုတ်ဘဲ ဝေးဝေး ကသာ ဖြစ်သဖြင့် ထင်းခွေ၊ ရေခပ်၊ ဟင်းရွက်ခူးသွားရင်း တစ်နေရာရာ က တစ်ယောက်နှင့်တစ်ယောက် အော်ခေါ်သံသာ ဖြစ်နိုင်သည်ဟု ပေါ့ပေါ့ တန်တန် ယူဆကာ သူ့မြားတံကိုသာ ဆက်လက်ရွေသင်နေလေသည်။

သို့သော် ညနေရောက်သည်နှင့် သတင်းထူးတစ်ခုက သူ့နားပေါက် လာရ၏။ အဖြစ်မှာ ရွာထဲက ကာလသားပေါက် သုံးလေးယောက်သည် ကျားရဲတောင်သို့ သွားခဲ့ကြသည်။ ဤကောင်လေး သုံးလေးကောင်မှာ ရွာ၌ 'ပြုတ်မနူး' ဟု လူတိုင်းပြောကြသော ရွာဖျားပိုင်းက အိမ်မောနှင့် ရမ်တို့၏ သားများပင်။

ဤကောင်လေးတွေကို ရွာသူရွာသားတွေက 'ပြုတ်မနူး'ဟု ခေါ် ကြခြင်းမှာ လူကြီးမိဘများ ပြောစကားကိုလည်း နားမထောင်၊ သူ့များပြု လျှင် သည်ကောင်လေးတွေကမည်းသည်။ ဘယ်နေရာ ဘာအထူးအဆန်း တစ်ခု တွေ့ခဲ့သည်။ မြင်ခဲ့သည်။ ကြားခဲ့သည် ဆိုရုံနှင့် သူတို့ကား ရောက် သွားကြပြီ။ ဟုတ်/မဟုတ် သွားကြည့်တတ်ကြပြီ။ အကြောက်အလန့်ဆို ၍လည်း နည်းနည်းမှ မရှိကြ။ သူတို့အဖေတွေမှာလည်း မုဆိုးတွေဖြစ်ကြ သဖြင့် မုဆိုးသားများပီပီ ရဲကြောင်း၊ သတ္တိရှိကြောင်းလည်း အလွန်ပြချင် ကြသော ကာလသားပေါက် သုံးလေးကောင်ဖြစ်သည်။ ထို့ကြောင့်လည်း ဤကောင်လေး သုံးလေးကောင်ကို ရွာသူရွာသားတွေက မည်မျှပြုတ်ပြုတ် မနူးမနပ်သော ပိန်းဆိုးဥ၊ မြောက်ဆိုးဥများနှင့် ဥပမာပေး၍ 'ပြုတ်မနူး' ဟု တင်စားခေါ်ဝေါ်ကြခြင်းဖြစ်သည်။

ထို ပြုတ်မနူး သုံးလေးကောင်သည် ကျားရဲတောင်၌ မှော်ဆရာ တစ်ယောက် ရောက်နေသည်။ တန်ခိုးကြွဒ္ဒိပါဒ်ရှိသော ပုဂ္ဂိုလ်တစ်ယောက် ရောက်နေသည်။ ရွာလူကြီးများဖြစ်ကြသော သူကြီးဟောင်း, ဒူဝါဒိုင်တို့





ဆိုပုဂ္ဂိုလ်ကို သွားကြည့်ကြသည်။ ဒူဝါဒိုင်တို့နှင့် ထိုမှော်ဆရာကြီးတို့ ဆတောက်ကဆ ဖြစ်လာကြသည်။ ယခုလက်ရှိသူကြီး ဂမ်ရော်ကိုတော့ နိုင်မဆိုင် အတွေ့မခံဝံ့သဖြင့် ကျားရဲတောင်ရှိ ကျောက်ခေါင်းထဲ ဝင်ပုန်း နေသည်. . စသည်ဖြင့် လူကြီးတွေ ပြောကြဆိုကြသံ နားစွန်နားဖျား ကြားသည်နှင့် သူတို့ တစ်ခါမှ မမြင်ဖူး၊ မတွေ့ဖူးကြသော မှော်ဆရာကြီး၊ တန်ခိုးကြွဒ္ဒိပါဒ်ရှင်ကြီး ဆိုသူမှာ မည်ကဲ့သို့သော လူပါလိမ့်ဟု ချောင်း ကြည့်ရန် သွားခဲ့ကြသည်ဟုဆိုသည်။

ပြုတ်မနူး သုံးလေးကောင်သည် ကျောက်ခေါင်းထဲ နေနေသည်ဆို သော ဆမ္မာကြီးကို သွားချောင်းကြသည်။ ဆမ္မာကြီး ကျောက်ခေါင်းထဲက ထွက်အလာကို စောင့်ကြည့်နေကြသည်။ သို့သော် ဆမ္မာကြီးက ထွက် မလာဘဲ ကျားကြီးနှစ်ကောင်သာ ထွက်လာသည်။ ထိုကျားကြီးနှစ်ကောင် ကို မှင်တက်စွာ ငေးကြည့်နေကြစဉ် သူတို့နောက်ကို ဘယ်ကဘယ်လို ရောက်လာမှန်းမသိသော ဆမ္မာက ပြုတ်မနူးနှစ်ကောင်ကို လက်တစ်ဖက် တစ်ကောင်စီ ဇိကုတ်ဖမ်းထားသည်။ ကျန်နှစ်ကောင်က ထွက်ပြေးကြရာ ကျားကြီးနှစ်ကောင်က ထွက်ပြေးကြရာ ကျားကြီးနှစ်ကောင်က လိုက်သဖြင့် သစ်ပင်ပေါ် တက်ပြေးကြ၏။ ကျားကြီးနှစ်ကောင်ကလည်း သူတို့ တက် ပြေးသော သစ်ပင်အောက်က မာန်ဖီပြီး စောင့်နေကြသည်။ ထိုအခါ ကျားလိုက်၍ သစ်ပင်ပေါ် တက်ပြေးကြသော ပြုတ်မနူးနှစ်ကောင်မှာ သစ်ပင်ပေါ်က မဆင်းရဲဘဲ ရှိနေကြစဉ် စောစောက ဇိကုတ်ဖမ်းမိထား သော ပြုတ်မနူးနှစ်ကောင်ကို ဆွဲခေါ်ကာ ဆမ္မာကြီးသည် သစ်ပင်အောက် ရောက်လာ၏။ ဆမ္မာကြီးနှင့် ပြုတ်မနူးနှစ်ကောင် သစ်ပင်အောက် ရောက် လာတော့ ကျားကြီးနှစ်ကောင်ကို ဆမ္မာကြီးက မောင်းလွှတ်လိုက်သည်။ သစ်ပင်ပေါ်က ပြုတ်မနူးနှစ်ကောင်ကိုလည်း ဆင်းခဲ့ကြဟု ခေါ်ချ၏။

ထိုအခါ ပြုတ်မနူးနှစ်ကောင်မှာ ကြောက်ကြောက်ရွံ့ရွံ့နှင့် သစ်ပင်ပေါ်က ဆင်းလာကြသည်။ သူတို့လေးယောက်ကို ဆမ္မာကြီးက "လူလေးတို့ ဒီကိုဘာလာလုပ်ကြလဲ"ဟု မေး၏။ တန်ခိုးကြွဒ္ဒိပါဒ်ရှိသည်ဟု ရွာသားတွေပြော[illegible]ကြည့်ချင်ဖူးချင်၍ [illegible]ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြုတ်မနူးလေးကောင်က ရှိခိုးဦးတင်၍ ပြိုင်တူပြောကြသည်။ ထိုအခါ ဆမ္မာကြီးက သူတို့လေးယောက်ကို သဘောကျ၍ ရယ်ရယ်မောမောနှင့် ဗင် ထူးဆန်းသားပေါက်မများ ရှိနေတတ်သည်ဟု ရွာသူရွာသားတွေ ပြောကြသော ကျောက်ခေါင်းထဲ ခေါ်လာသည်။

စောစောက ကျောက်ခေါင်းထဲ ဝင်သွားကြသော ကျားကြီးနှစ်ကောင်ကို ကျောက်ခေါင်းထဲ၌ ပြန်တွေ့ရသည်။ ဆမ္မာကြီးနောက် လိုက်လာကြ၍လားမသိ ကျားကြီးနှစ်ကောင်က ပြုတ်မနူးလေးကောင်ကို လုံးဝရန်မရှာ။ ဘာသိဘာသာ နေနေကြသည်။ ပြုတ်မနူးလေးကောင်မှာ ကျားကြီးကို ကြောက်သဖြင့် ဆမ္မာကြီးဝတ်ရုံကိုဆွဲ၍ နောက်က လိုက်လာကြရာ တစ်နေရာအရောက်တွင် မှောင်နေသော ကျောက်ခေါင်းထဲ အလင်းရောင်ရလာသည်။ အစကမူ မည်သည့်နေရာက အလင်းရမှန်း မသိ။ ကျောက်ခေါင်းထဲရှိ ကွေ့တစ်ခုကို ချိုးဝင်လိုက်ကြမှ အလင်းရောင် စိမ်းစိမ်းပြာပြာ ဝါဝါရဲရဲ ရောင်စုံထွက်နေသော ကျောက်ခဲများကို ကျောက်ခေါင်းနံရံဘေးရှိ ကျောက်စွယ်၊ ကျောက်ခွက်များ၌ တင်ထားသည်ကို တွေ့ရသည်။

ဤသို့သော ကျောက်ခဲများကို တစ်ခါမှ မမြင်ဖူးကြသော ပြုတ်မနူး လေးကောင်မှာ အံ့အားသင့်ပြီး ထိုအလင်းရောင်ထွက်နေသော ကျောက်ခဲ များကို မသိမသာ တို့ထိကြည့်ကြသည်။ အလင်းရောင်သာ ထွက်နေ သော်လည်း ထိုကျောက်ခဲများသည် လုံးဝမပူ၊ မလောင်။ ပြုတ်မနူးထဲမှ မုဆိုးအိမ်မောသား လက်ဆော့ခြေဆော့မြန်သော အကြီးကောင် လော်မာ က တောကြက်ဥလောက်ရှိသည့် ကျောက်ခဲတစ်လုံးကို လှမ်းယူဆုပ်ကြည့် လိုက်ရာ ကျောက်ခဲ၏ အလင်းရောင်က သူ့လက်ခုံပေါ်အထိ ဖောက် ထွက်လျှံဖြာလာသည်။ ကျောက်ခဲထဲကလည်း စီစီ၊စီစီမြည်လာသည်။ ပြုတ်မနူး လော်မာမှာ လန့်ပြီးဆုပ်ထားသော ကျောက်ခဲကို လွှတ်ချလိုက် သည်။

လက်ကလွှတ်ချလိုက်သော ကျောက်ခဲသည် အော်သံလည်းတိတ် အရောင်တွေလည်း ပျောက်သွားပြီး သူ့ခြေရင်းကို ဘုတ်ခနဲကျသွားသည်။





ထိုအခါ ရှေ့က မားမားကြီးသွားနေသော ဆမ္မာကြီးက ဆတ်ခနဲ နောက်ကိုလှည့်ကြည့်၏။ စောစောက ဖြစ်ပျက်သွားသော အခြင်းအရာ ကို သိသွားပုံရသော ဆမ္မာကြီးက -

"မင်းတို့အကောင်တွေ တယ် လက်ဆော့ခြေဆော့နိုင်ပါလား၊ အဲဒီ အရောင်ထွက်နေတဲ့ ကျောက်ခဲတွေကို သွားမကိုင်ရဘူး၊ ညစ်ပတ်တဲ့ မင်းတို့လက်နဲ့ကိုင်လို့ ကျောက်ခဲတွေက စိတ်ဆိုးပြီးအော်တာ၊ မင်းတို့ ညစ်ပတ်တဲ့ အနံ့အသက်ကို ကျောက်ခဲကရွံ့တယ်၊ အဲဒါကြောင့် အခုသေသွားပြီ၊ အရောင် ထွက်တော့ဘူး သိလား" ဟု ပြောသည်။

ဆမ္မာကြီးက 'လာ. . ' ဟု ဆိုသဖြင့် ကျောက်ခေါင်းကြီးအတိုင်း လိုက်ပါလာကြရာ တစ်နေရာအရောက်မှာ ဆမ္မာကြီးရှေ့ ကျားကြီး နှစ် ကောင် အပေါ်က ခုန်ချလိုက်သဖြင့် ပြုတ်မနူးလေးကောင်မှာ လန့်ဖျပ် ပြီး ဆမ္မာကြီးလက်နှင့် ကိုယ်ရုံကြီးကို ဆွဲကိုင်ထားမိကြသည်။ ထိုအခါမှ ၎င်းကျောက်ခေါင်းထဲတွင် ကျားကြီးများ ဝင်ထွက်သွားလာနိုင်သော ဂူပေါက် ကြီးများအပေါ်တွင် လေးငါးပေါက် ရှိနေသေးသည်ကို မြင်မိကြသည်။

ကျားကြီးနှစ်ကောင်က ဆမ္မာကြီးရှေ့ ခုန်ချပြီး လမ်းပိတ်ထားသလို ရပ်နေကြသဖြင့် ဆမ္မာကြီးလည်း ရပ်လိုက်သည်။ ထိုအခါ ပြုတ်မနူးလေး ကောင်မှာ ဆမ္မာကြီးအနားကို ပိုပြီးတိုးကပ်ကာ ကြောက်ကြောက်ရွံ့ရွံ့နှင့် ဆမ္မာကြီးကို ဖက်ထားကြသည်။

ဆမ္မာကြီး ထိုင်လိုက်တော့ သူတို့ကလည်း ဆမ္မာကြီးအနား လိုက်ထိုင်ကြသည်။

ဆမ္မာကြီးသည် ဘာမပြောညာမပြောနှင့် ပြုတ်မနူးလေးကောင်၏ အဝတ်အောက်စတွေကို လက်မလောက် တစ်ပတ်လည်ဆုတ်ဖြဲပြီး တစ်ယောက်စီကရသော အဝတ်အောက်စရှည်ရှည်ကို နှစ်ပိုင်းဖြတ်ကာ ကျားကြီးနှစ်ကောင်၏ လည်ပင်းတွင် ချည်ပေးသည်။ ပြုတ်မနူးလေးကောင် စလုံး၏ အဝတ်စအောက်ခြေကို ဆွဲဆုတ်ကာ တစ်ယောက်စီ အဝတ်စ ကို ကျားကြီးနှစ်ကောင်၏ လည်ပင်းမှာ ပတ်ချည်ပြီး ကျားကြီးနှစ်ကောင် ကို မောင်းထုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျားကြီးနှစ်ကောင်သည် အပေါ်ရှိ လိုဏ်ပေါက်တွေပေါ် ခုန်တက်သွားကြကာ ပျောက်သွားကြသည်။ ကျောက်ခေါင်းတွေက အပေါ်တွင် သုံးလေးပေါက်ရှိရာ ကျားကြီးနှစ်ကောင်မှာ ဘယ်အထိ လိုဏ်ပေါက်အတိုင်း လျှောက်သွားကြလိမ့်မည်ကို ပြုတ်မနူးလေးကောင်က မခန့်မှန်းတတ်။ အတွေးနှင့်သာ ကျောက်ခေါင်းပေါ် မော့ကြည့်နေမိကြသည်။

"လူလေးတို့ စောစောကတွေ့လိုက်ကြတဲ့ ကျားတွေကို ကြောက်ကြလား"

"ကြောက်ပါတယ် ဆမ္မာကြီး"

"မကြောက်ကြနဲ့တော့၊ နောက်ဆို အဲဒီကျားတွေက မင်းတို့ကို ဘယ်တော့မှ ကိုက်တော့ဘူး၊ ရန်မပြုတော့ဘူး၊ လူလေးတို့နဲ့ အဘ ကျားကြီးတွေက မိတ်ဆွေဖြစ်သွားကြပြီ"

"ဟင် တကယ်လားအဘ"

ဆမ္မာကြီးက သူ့ကိုယ်သူ အဘဟု ပြောလိုက်သည်ကို သံယောင်လိုက်ကာ ပြုတ်မနူးလေးကောင်ထဲမှ မုဆိုးရမ်းသား ရောင်ရင်က အံ့ဩသံနှင့်မေးလိုက်သည်။

"တကယ်ပေါ့ လူလေးတို့ရယ်၊ ကျားကို မိတ်ဆွေဖွဲ့ချင်ရင် အဲသည်လို လုပ်တတ်ရတယ်"

"ကျားလည်ပင်း အဝတ်စသွားချည်ဖို့ လွယ်ပါ့မလား အဝတ်စမချည်မီခင် ကိုက်ရင်ကော. ."

"ကိုက်ရင် သေလိုက်ကွာ ဟဲ ဟဲ. ."

တစ်ချိန်လုံး ကြောက်ကြောက်နှင့် စကားမပြောရဲဘဲ လိုက်ပါလာသော လော်မာ၏အမေးကို ဆမ္မာကြီးက ရယ်မောပြောလိုက်သောအခါ ပြုတ်မနူးလေးကောင်မှာလည်း ယခုမှ ရယ်မောလိုက်မိကြသည်။

"လူလေးတို့နားထဲ အခု ဘာသံကြားလဲ"

ဆမ္မာကြီးက 'ဘာသံကြားလဲ' ဆိုတော့လည်း ပြုတ်မနူးလေးကောင်မှာ နားစွင့်မိလိုက်ကြပြန်သည်။

"ရေကျသံကို ကြားရတယ်အဘ"





ဤစကားကိုတော့ ရောင်ရင်၏ညီ ဂရောင်က ထပြောလိုက်၏။

"အေး လူလေးတို့ မုဆိုးသားတွေ နားတော့ပါးကြသားပဲ ဟုတ်တယ်၊ ဒီကျောက်တောင်ထဲက ကျောက်ခေါင်းတွေထဲမှာ ရေတံခွန်တွေ ရှိတယ်၊ လူလေးတို့ကို အဘ နောက်တော့လိုက်ပြပါ့မယ်၊ နောက်ဆို အဘဆီကိုလည်း လာကြနော်၊ အဘကို မင်းတို့ကြောက်ကြလား"

"ရွာကလူတွေက အဘကို မှော်ဆရာကြီးလို့ ပြောကြတော့ ကျွန်တော်တို့ ကြောက်တာပေါ့၊ မှော်ဆရာတွေဟာ ရွာသူရွာသားတွေကို ဖျားနာအောင်လည်း. . ."

"ရွာသူရွာသားတွေ မစူးစမ်း မဆင်ခြင်ဘဲ ပြောကြတာကို လူလေးတို့ မယုံကြနဲ့၊ အဘက မှော်ဆရာမဟုတ်ဘူး၊ မှော်ဆရာဆိုတာ ယုတ်ညံ့တယ်၊ အဘက ဆမ္မာပဲ၊ သူတော်ကောင်း သစ္စာဝါဒီသမား မေတ္တာရှင်ပဲ၊ ရွာသူရွာသားတွေကို ဖျားနာအောင် လုပ်ဖို့မပြောနဲ့ ဘယ်သက်ရှိသတ္တဝါကိုမှ အဘက ဒုက္ခမပေးပါဘူးကွယ်၊ အဲဒါ လူလေးတို့ ရွာကလူတွေကိုလည်း ပြောပြကြ"

"ဟုတ်ကဲ့ပါ ဟို စောစောက ကျားကြီးတွေ လူကို မကိုက်အောင် အဘ ဘယ်လိုလုပ်ထားလဲ၊ မှော်ဆရာ မဟုတ်ဘဲလဲ လုပ်လို့ရလား"

"သိပ်ရတာပေါ့ အဲဒီကျားကြီးတွေကို အဘက မေတ္တာပို့ထားတာ လူလေးတို့လဲ ကျားကြီးတွေကို မေတ္တာပို့ကြ သတ်ဖြတ်မယ်ဆိုတဲ့ စိတ်မထားရဘူး"

လော်မာ၏ အမေးစကားကို ဆမ္မာကြီးက စိတ်ရှည်လက်ရှည် ရှင်းပြသည်။

"ကျားတွေကို ဘယ်လိုမေတ္တာပို့မလဲ"

"ကျားတွေရယ်လို့ မဟုတ်ဘူး၊ သက်ရှိသတ္တဝါတိုင်းကို မေတ္တာပို့တဲ့နည်း အဘ လူလေးတို့ကို သင်ပေးမယ်၊ အဘဆီကိုသာ လူလေးတို့ မကြာ မကြာ လာလည်ကြ၊ ဟုတ်လား"

ရောင်ရင်၏ အမေးစကားကို ဆမ္မာကြီးက လေအေးနှင့်ပြောပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"လာမယ် လာမယ် အဘ ကျားမကိုက်တဲ့နည်းသာ အဘက သင်ပေး ကျုပ်တို့ အဘဆီ နေ့တိုင်းလာပါ့မယ်"

"သာဓုကွယ်. . သာဓု. . သာဓု ကဲ. . လူလေးတို့ပြန်ကြတော့ အဘက အချိန်နဲ့ အလုပ်လုပ်ရတယ်"

ပြောပြောဆိုဆိုနှင့်ပင် ဆမ္မာကြီးသည် ကျောက်ခေါင်းနံရံထဲရှိ ဂူပေါက်တစ်ခုသို့ဝင်သွားလေသည်။ ပြုတ်မနူးလေးကောင်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ငေးကျန်ခဲ့ကြ၏။ အတန်ကြာတော့မှ ပြုတ်မနူးလေးကောင်ထဲတွင် အကြီးဆုံးအကောင် လော်မာက ရုတ်တရက်ထပြီး ဆမ္မာကြီးဝင်သွားသော ဂူပေါက်ဝဆီသွားပြီး ခေါင်းထိုးကြည့်သည်။ အထဲတွင် မှောင်နေသည်။ ဘာမှ မမြင်ရတော့။ သို့သော် သူတို့နေရာမှာတော့ အရောင်ထွက်နေသော ကျောက်ခဲများကြောင့် လင်းနေသည်။ ထိုအခါ ပြုတ်မနူးလေးကောင်မှာလည်း တစ်ယောက်လက် တစ်ယောက်ဆွဲကာ စောစောက ဆမ္မာကြီးနှင့်အတူ ဝင်လာကြသော ပြန်လမ်းအတိုင်း ကျောက်ခေါင်းထဲက ထွက်လာကြသည်။

အပြင်မရောက်မီ ကျောက်ခေါင်းတစ်နေရာနားမှာ သူတို့ခြေလှမ်းတွေက တုံ့ခနဲ ရပ်သွားကြပြန်၏။ အကြောင်းမှာ စောစောက ကျားကြီးနှစ်ကောင်သည် သူတို့ ရှေ့ဆက်ထွက်သွားကြရမည့် ကျောက်ခေါင်းထဲတွင် တစ်ကောင်နှင့်တစ်ကောင်မီပြီး အိပ်နေကြခြင်းကြောင့်ဖြစ်သည်။

"မကြောက်နဲ့ကွာ ဆမ္မာကြီး ဘဘက တို့ကို ကျားမကိုက်တော့ဘူး ပြောထားတာပဲ သွားစမ်းပါ"

ရှေ့ဆုံးကသွားနေသော ဖော်မာကို ရောင်ရင်က တွန်းထိုးပြီး 'သွား' ဟု ပြောလိုက်သည်။

"အေး. . . ဟုတ်သားပဲ အဘ ဆမ္မာက တို့ကို ကျားမကိုက်တော့ဘူး ပြောထားတာပဲ၊ ကဲ . . မင်းပဲ ရှေ့ကသွား"

"သွားတယ်ကွာ လာ. . ."

ရောင်ရင်သည် သူ့ညီ ဂရောင်၏ လက်တစ်ဖက်ကိုလှမ်းဆွဲကာ တကယ်လည်း ရှေ့ကသွားသည်။ သို့သော် ကျားကြီးနှစ်ကောင် အိပ်နေရာ





သို့ ရောက်သောအခါ ကျားကြီးနှစ်ကောင်စလုံးသည် လှဲအိပ်နေရာမှ ခေါင်းမော့ကြည့်ကြသဖြင့် လန့်သွားပြန်၏။ သို့သော် ခြေလှမ်းကား မရပ်ခဲ့။ မပြေးသော်လည်းရဲခဲစေဟူသော စကားအတိုင်း ရောင်ရင်တို့ညီအစ်ကိုက ခေါင်းထောင်ကြည့်လိုက်ကြသော ကျားနှစ်ကောင်အနားတပင် ဖြတ်လျှောက်လာကြသည်။ ထို့ကြောင့်လည်း ဂူဝအပြင်သို့ သူတို့ညီအစ်ကိုနှစ်ယောက်က အလျှင်ရောက်လာကြသည်။ လော်မာတို့ညီအစ်ကိုလည်း ရောင်ရင်တို့ ညီအစ်ကိုကို တစ်ချက်သာ ခေါင်းမော့ကြည့်ပြီး ခေါင်းပြန်ချအိပ်သွားကြသော ကျားကြီးနှစ်ကောင်နားကပင် ကျောက်ခေါင်းထဲက ထွက်လာကြသည်။

ရွာကိုရောက်၍ ဤအကြောင်းများကို ပြုတ်မနူးလေးကောင်က ပြောပြကြသောအခါ ရွာသူရွာသားတွေမှာ အံ့ဖွယ်သရဲ ဖြစ်ကုန်ကြသည်။ သူကြီးတောင်ပိုင် ဂမ်ရော်ကမူ "အေး. . ပြုတ်မနူးလေးတွေ မှော်ဆရာကြီး ဆမ္မာဆီ နင်တို့ ကြပ်ကြပ်သွားကြ၊ ဆရာကြီး ဝင့်ဝင်တဲ့အခါ နင်တို့ကို သတ်စားချင်လို့ အခုကတည်းက အယဉ်သွင်းထားတာမှတ်၊ နင်တို့က ဆမ္မာကြီး ဝင့်ဝင်တာနဲ့ မကြုံသေးလို့ အားလုံး ကျားစာဖြစ်ကုန်မယ်၊ ဘာမှတ်လဲ"ဟု ပြုတ်မနူးလေးကောင်ကို ခြိမ်းခြောက်ပြောသည်။

ထိုအခါ ပြုတ်မနူးလေးကောင်က ဝင့်ဝင်တယ်ဆိုတာ ဘာလဲဟု မေးကြ၏။ ဆမ္မာကြီး ဝင့်ဝင်သွားသည်ကို ကိုယ်တိုင်တွေ့ဖူးပါသည်ဆိုသော သူကြီးဂမ်ရော်ကလည်း ပြုတ်မနူးလေးကောင်ကို သူကိုယ်တွေ့ပြောပြသည်။ သို့သော် ကိုယ်တွေ့ကြုံမှ ယုံတတ်ကြသော ပြုတ်မနူးလေးကောင်က သူကြီးဂမ်ရော်၏စကားကို မယုံကြ။ သူတို့ကို ဆမ္မာကြီးက ပြောလိုက်သည်။ ဆမ္မာကြီးသည် သူတော်စင်ဖြစ်သည်။ သစ္စာဝါဒီသမားဖြစ်သည်။ မေတ္တာရှင်ဖြစ်သည်။ လူကို မဆိုထားနှင့်၊ မည်သည့်သက်ရှိသတ္တဝါကိုမှ ဒုက္ခမပေးသူဟု ပြန်ပြောကြသည်။

ဘယ်လိုမှ ပြောမရ။

မိုးလင်းသည်နှင့် ဆမ္မာကြီးဆီ ပြုတ်မနူးလေးကောင်က ရောက်သွားကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုလေးကောင်ကို သူကြီးတောင်ပိုင်သာမဟုတ်၊ သူ့မိ သူ့ဖ များပင် ပြောမရ ဆိုဆုံးမ,မရ ဖြစ်တော့သည်။ သူကြီးသည် သူမြားစူးတွေ ကို ဆမ္မာယူသွားသဖြင့် ထိုအပြီးနှင့် ဆမ္မာကြီး သိက္ခာကျအောင် သက်သက် ပြောခြင်းသာဟု သူ့မိဘတွေကို ပြုတ်မန္နးလေးကောင်က ပြန်ပြော ကြပြန်သည်။

သည်လိုနှင့် ပြုတ်မန္နးလေးကောင် ဆမ္မာကြီးဆီက ပြန်လာကြပြီ ဆိုလျှင် သတင်း ထူးထူးဆန်းဆန်း တစ်ခုခုကိုတော့ ကြားကြရစမြဲ။ "မင်းတို့ကို ဆမ္မာကြီးက ဘာတွေလုပ်ခိုင်းလဲ ဘယ်လိုပြောလဲ ဘာတွေ ပေးလဲ ဘာတွေကျွေးလဲ' ဟုလည်း ရွာသူရွာသားများက ပြုတ်မန္နးလေး ကောင် ပြန်လာသည်နှင့် ဝိုင်းမေးကြတော့သည်။

ပြုတ်မန္နးလေးကောင်က ပြောပြကြသည်မှာ ဆမ္မာကြီးက သူတို့ အား ကျောက်ဂူဝရှိ သစ်ပင်တွေကို ခုတ်ထွင်ရှင်းလင်းခိုင်းသည်။ လူကြီး လက်ကောက်ဝတ်လောက်ရှိသော သူတို့က 'ဂြတ်'ဟုခေါ်သော ကြိမ်ပင် ရှည်ကြီးတွေကို ရှာဖွေပြီး ခုတ်ခိုင်းသည်။ ထိုကြိမ်ပင်ရှည်တွေကို ကျောက် တောင်နားတွင် ပုံထားခိုင်းသည်။ သူတို့မောလျှင် နရွဲသီး၊ ပိန္နဲသီး၊ ဝက် ကပိုင်သီး၊ ပဝါသီး၊ မှန်တိမ်သီးနှင့် သစ်သီးမျိုးစုံတို့ကို ကျွေးသည်။ ဆမ္မာ ကြီး ကျောက်ခေါင်းထဲတွင် သစ်သီးမျိုးစုံရှိသည်။

ထိုသစ်သီးတွေကို ဝင် ယူခိုင်းပြီး ကျွေးသည်ဟု ပြောပြကြသည်။

ဤသည်ကို သူကြီးတောင်ပိုင် ဂမ်ရော်က "အဲဒါ မင်းတို့ကို အပင်း သွင်းနေတာ၊ ကြပ်ကြပ်စားကြ၊ သူ့မယား ကျားမကြီးတွေကိုကော ကျောက် ခေါင်းထဲ မတွေ့မိကြဘူးလား" ဟု မေးသောအခါ ပြုတ်မန္နးလေးကောင် က "တွေ့သားပဲ ကျုပ်တို့ကို ဘယ်ကျားကမှ မကိုက်ဘူး၊ ရန်တောင် မရှာ ဘူး၊ တက်နင်းမိတာတောင် တစ်ချက်အသံမပြုကြဘူး၊ သူတို့ကို ကျီစား တယ်ပဲ ထင်ကြတာ" ဟု ပြောပြကြပြန်သောအခါ အားလုံးမှာ မျက်လုံး ပြူး မျက်ဆန်ပြူးနှင့် အံ့ဩမဆုံး ဖြစ်ကြရပြန်သည်။

သည်လိုနှင့် အန္နးမြင် အတတ်သင်လိုသော ဒဟူရွာမှာ ကာလ သားပေါက်လေးတွေမှာ ထူးဆန်းတာကြည့်ချင် မြင်ချင်ကြသည်နှင့် ပြုတ်





မန္နး လေးကောင်နောက်လိုက်ပြီး ဆမ္မာကြီးဆီ တပည့်သွားခံကြပြန်သည်။ နောက်တော့ ကာလသားပေါက်တွေသာ မဟုတ် ဆယ်နှစ်၊ ဆယ့်တစ်နှစ် အရွယ် ကလေးတွေပါ ကျားရဲတောင်ရှိ ဆမ္မာကြီးဆီ ရောက်ကုန်ကြသည်။ ဆမ္မာကြီးနှင့် အကျွမ်းတဝင် ဖြစ်ကုန်ကြသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

သင်ကွတ်ပွင့်များ လှိုင်လှိုင်ပွင့်သော နွေလယ်ရာသီကို ရောက်လာသည်။ နှစ်စဉ်နှစ်တိုင်း ကျင်းပလေ့ရှိသော 'မယူမ' နတ်ပွဲလာရန် ကူကမ်ရွာ တောင်မင်းကြီး ထော်လီဆီက စကားမှာနှင့် ပွဲလာဖိတ်သူ တစ်ယောက် ဒဟူရွာတောင်ပိုင်သူကြီး ဂမ်ရော်ဆီရောက်လာသည်။

တောင်မင်းကြီးနေသော ကူကမ်ရွာမှာ သူကြီးဂမ်ရော်တို့ ဒဟူရွာ ထက် နှစ်ပြန်၊ သုံးပြန်ကြီးသည်။ တစ်ဖက်နိုင်ငံရှိ အာပူချ်ထက် တစ်ဖက်နိုင်ငံရှိ ကျင်ရှူနှင့်သာ ပိုနီးသည်။ ဒဟူရွာက ကူကမ်ကို ခြေကျင်တစ်ရက် ခရီးရှိသည်။ သူတို့ရွာထက် အမြင့်ပိုင်းကျသည်။ ဤပွဲကို ဒဟူရွာတောင်ပိုင် သူကြီးဂမ်ရော် မသွားမဖြစ် နှစ်တိုင်းသွားရသည်။

အမှန်က သူကြီးဂမ်ရော်တစ်ယောက်သာ မဟုတ်၊ တောင်မင်းကြီး မယူမနတ်ပွဲကို ရွာတိုင်းက သူကြီးတိုင်း သွားကြရသည်။ မယူမနတ်ပွဲမှာ ခုနစ်ရက်တိတိ ကျင်းပသည်။ တောင်ပိုင်၊ တောအုပ် သူကြီးတိုင်းသွားရသော ပွဲကြီးခမ်းကြီးဖြစ်သည်။ တစ်နှစ်တစ်ခါ သူကြီးများဆုံကြသောပွဲလည်း ဖြစ်သည်။ ထို့ကြောင့် ဒဟူရွာသူကြီးဂမ်ရော်သည် တောင်မင်းကြီး၏ မယူမနတ်ပွဲကို သွားသည်။ ခုနစ်ရက်စေ့၍ ပွဲပြီးသော ရှစ်ရက်မြောက်နေ့တွင် မိမိရွာသို့ ပြန်လာသည်။





သူ ရွာပြန်ရောက်လာချိန်မှာ သူ့မိန်းမဂျာနုက ဤနေ့ သူပြန်လာမည်ကို အတပ်သိသဖြင့် အိမ်မှာ ညနေစာကို ဖွယ်ဖွယ်ရာရာ ချက်ပြုတ်နေသည်။

မယူမနတ်ပွဲမှာ ခုနစ်ရက်ခုနစ်လီ စားကောင်းသောက်ကောင်း စားလာသော သူကြီးဂမ်ရော်သည် အိမ်ပြန်ရောက်လာ၍ အိမ်မှာ ဟင်းမကောင်းလျှင် ကူကမ်ရွာက တောင်မင်းကြီး ထော်လီ၏ မယူမနတ်ပွဲက တောင်မင်းကြီးဇနီး လက်ရာကို အမွှမ်းတင်ပြော၍ ဂျာနုကို ထေ့ငေါ့ပြောဆိုတတ်သည်။ သူ တောင်မင်းကြီးဖြစ်လာလျှင် သူ့မိန်းမက ကူကမ်တောင်မင်းကြီးဇနီးလို အချက်အပြုတ်မှ တတ်ပါ့မလားဟု စကားနာထိုးတတ်သည်။ ထို့ကြောင့် ဂျာနုက ဤနေ့ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်နေခြင်းဖြစ်သည်။

သူကြီးဂမ်ရော်သည် သူ့သား ဆိုင်ဂမ်ကို အိမ်၌မတွေ့ရသဖြင့် 'မင်းသားကော' ဟု မီးဖိုထဲက ဂျာနုကို လှမ်းမေးသည်။

'ဒီကောင်လေး ဆမ္မာကြီးတံတားဘက်သွားတယ် ထင်ပါရဲ့၊ ရှင့်သားက ညနေတိုင်း အဲဒီဆမ္မာကြီး တံတားဘက်ပဲ သွားသွားနေ. . ,"

"ဘာ. . ဆမ္မာကြီးတံတားလဲကွ"

သူ အိမ်ပြန်ရောက်သည်နှင့် သူ့ရန်ဘက် ဆမ္မာကြီးဟူသော စကားကို ကြားလိုက်ရသဖြင့် စိတ်တိုသွားကာ သူ့မိန်းမစကားအဆုံးကိုပင် မစောင့်ဘဲ အော်မေးလိုက်၏။

"ဩော်. . အေး. . စောစောက ရှင့်ကိုပြောဖို့မေ့သွားတယ်၊ ရှင် မယူမနတ်ပွဲသွားတုန်း ကျားရဲတောင်က ဆမ္မာကြီးလေ ဟို. . အိမ်မောသား ပြုတ်မနူးလေးတွေနဲ့ ရွာနဲ့ ကျားရဲတောင်ကို ပေါင်းကူးတံတား ထိုးထားပါပြီကောလား၊ အဲဒါ ရွာက ကလေးတွေဆို နေစောင်းတာနဲ့ ဆမ္မာကြီး တံတားပေါ် ရောက်သွားကြပြီ၊ ရှင့်သားလဲ အဲဒီမှာ ရှိမှာပေါ့၊ မိုးချုပ်တော့မယ်၊ သားကိုသွားခေါ်ရင်း ရှင်လဲ ဆမ္မာကြီး ကြိုးတံတားကို သွားကြည့်ပါလား၊ ဆမ္မာကြီး ကြိုးတံတားပေါ်က အောက်ငုံ့ကြည့်ရင် သိပ်အံ့သည်းယားစရာ ကောင်းတာ၊ ရေခဲချောင်းထဲက လူကို သေးသေးလေးပဲ မြင်ရ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကျုပ် ရင်တုန်ပန်းတုန်ဖြစ်လို့ အလယ်ထိအောင် မလျှောက်ဝံ့တာနဲ့ ရွာဘက်ပြန်လာရတာ၊ ဒီဆမ္ဗာကြီးဟာ တန်ခိုးဣဒ္ဓိပါဒ်ရှိတာ. . ."

သူ့မိန်းမစကားကို ကောင်းစွာ နားမလည်သဖြင့် ခေါင်းငိုက်စိုက်နှင့် နားထောင်နေရာ သူ့မိန်းမ၏စကားက ဆမ္ဗာကြီး တန်ခိုးဣဒ္ဓိပါဒ်ဟူသော စကားအရောက်မှာ 'ဘာ တန်ခိုးဣဒ္ဓိပါဒ်လဲ၊ တော်စမ်းပါကွာ' ဟု ဂျာနူစကားမဆုံးမီ အော်ပစ်လိုက်သည်။

"ရှင်ကလဲ ပြောလိုက်ရင် ဒေါသချည်းပဲ၊ ဆမ္ဗာကြီးဟာ တန်ခိုးဣဒ္ဓိပါဒ်ရှိလို့သာ ဒီလိုကြိုးတံတားမျိုး ထိုးနိုင်တာပေါ့၊ တစ်ရွာလုံးက အခုအံ့ဖွယ်သရဲ ဖြစ်နေကြတယ်၊ ဘယ်လောက်ထူးဆန်းလဲဆိုတာ ရှင်သွားကြည့်ဖို့ကောင်းတယ်"

ဂျာနူပြောသည်မှာ အမှန်ပင်ဖြစ်သည်။ သူတို့ဆီတွင် တစ်ခါမှ မမြင်ဖူး မကြုံစည်ဖူးကြသော ကြိုးတံတားကို ကလေးတစ်အုပ်နှင့် ဆမ္ဗာကြီး လုပ်လိုက်သည်မှာ နေ့ချင်းညချင်းဆိုသလိုပင်။ ယခုဆိုလျှင် နေ့စဉ်လိုလို ဆမ္ဗာကြီးကြိုးတံတားကို သွားကြည့်သူ၊ ဆမ္ဗာကြီးကြိုးတံတားကို သွားလျှောက်သူတွေနှင့် ဆမ္ဗာကြီးတံတားပေါ်တွင် လူတွေက ပြတ်သည်မရှိ။ ရွာမှ ကလေး လူကြီးမကျန် တစ်ခါမှ သူတို့အရပ်တွင် မမြင်ဖူး၊ မကြုံစည်ဖူးကြသော ကြိုးတံတားကို အပျော်ပင် သွားလျှောက်နေကြပြီ။

"ကြိုးတံတားရယ်လို့ ကြုံကြုံဖန်ဖန် ဘာကို ဘယ်လိုကြိုးတွေနဲ့ တံတားထိုးလဲဆိုတာ ပြောစမ်းပါဦး"

"ဆမ္ဗာကြီးက ကြိုးတံတားလို့ ပြောလို့သာ ရွာသူရွာသားတွေက ကြိုးတံတား ပြောနေကြတာရှင့်၊ အမှန်က ကြိုးနဲ့လုပ်တာ မဟုတ်ဘူး၊ ဂွတ်ပင်၊ ကြိမ်ပင်ရှည်ကြီးတွေကို ချောင်း ဟိုဘက်ဒီဘက် ပေါင်းကူးပြီး လုပ်ထားတဲ့ ဂွတ်တံတား၊ ကြိမ်ပင်တံတားပါပဲ၊ ဒါပေမယ့် သိပ်အံ့သြစရာကောင်းတာ၊ ရှင်သွားကြည့်တော့ မြင်ပါလိမ့်မယ်"

သူ့မိန်းမသည် ဆမ္ဗာကြီးက ကြိုးတံတားဟုပြော၍သာ သူတို့က ကြိုးတံတားဟု ဆမ္ဗာကြီးပြောသလို လိုက်ခေါ်နေကြသော်လည်း ဂွတ်လုံး၊ ကြိမ်လုံးတွေနှင့်ဟု သူ့မိန်းမ့ပြောမှ သူကြီးဂမ်ရော် သတိရမိလိုက်သည်။





"မင်းတို့ ဆမ္ဗာကြီးဆီသွားပြီး ဘာလုပ်နေကြတာလဲ" ဟု အိမ်မှာ သား ပြုတ်မနူးလေးတွေကို လွှန်ခဲ့သော နှစ်ပတ်လောက်က သူမေးကြည့်ဖူးသည်။ ပြုတ်မနူးလေးတွေက ဂွတ်ပင်၊ ကြိမ်ပင်ရှည်တွေ သွားရှာ သွားခုတ်ရသည်ဟု ပြောကြခြင်းမှာ ဤကြိုးတံတား ဆောက်ရန်ပါလား ဆိုသည်ကို သူကြီးဂမ်ရော် အခုမှ သဘောပေါက်တော့သည်။

တစ်ဆက်တည်းမှာပင် ပြုတ်မနူးလေးတွေက ကျားရဲတောင်ရှိ ကျောက်ခေါင်းဝနား တစ်ဝိုက်ကို ရှင်းလင်းခုတ်ထွင်ကြရသည်။ ချောင်းထဲက ကျောက်ခဲတွေကိုလည်း သွားထမ်းကြရသည်ဟူသော ဆိုစကားကို သူကြီးဂမ်ရော် စိုးရိမ်သွားမိသည်။ ရွာက ပြုတ်မနူးလေးတွေကို စည်းရုံးပြီး ဂွတ်ခုတ် ကြိမ်ခုတ်ခိုင်းရာမှ ယခု ကြိုးတံတားဆောက်လာသည်။ ချောင်းထဲက ကျောက်ခဲတွေကိုလည်း ထမ်းတင်ခိုင်းသည်မှာ နောက် ဘာများလုပ်ရန် ဤဆမ္ဗာကြီး အကြံအစည်ရှိနေပါလိမ့်။

သူကြီးဂမ်ရော် မီးခိုးကြွက်လျှောက် အတွေးသီနေစဉ် သူ့မိန်းမ ဂျာနူက -

"ဟင်းတွေလည်း ကောင်းကောင်းမကျက်တတ်သေးဘူး၊ ရှင့်သားကို ခေါ်ရင်း ရှင်သွားကြည့်ချင် သွားကြည့်လိုက်ပါဦးလားတော်၊ အထူးအဆန်းပဲဟာ" ဟု ထပ်ပြောလာပြန်သည်။

"မင်းတို့သာ ဘယ်ပြည် ဘယ်ရွာမှ မရောက်ဖူးလို့ ဆန်းနေကြ၊ အဲဒီတံတားမျိုး ဟိုဘက်မှာ ငါမြင်ဖူးလွန်းလို့ ရိုးနေပြီ၊ ဘာဆန်းလဲ"

အမှန်တကယ် သူမမြင်ဖူးသော်လည်း ဂမ်ရော်က သူ့သိက္ခာ ထိခိုက်မှာစိုးသဖြင့် သူ့လက်သုံးစကားကို ပြောလိုက်ရာ -

"ဟင်. . ဟုတ်လား၊ ဒါဆို ဒီလိုတံတားမျိုး ရွာသူရွာသားတွေကို စည်းရုံးပြီး အစောကြီးကတည်းက ရှင်ထိုးပေးဖို့ ကောင်းတာပေါ့၊ အခု ရွာကလူတွေ ပြောနေကြတယ်"

"ဘာပြောကြလို့လဲ"

"ဘာပြောကြမလဲ တို့ရွာနဲ့ တောင်ယာရှိတဲ့ တောင်တွေလိုလဲ ဆမ္ဗာကြီးတံတားမျိုး ထိုးထားနိုင်ရင် မိုးကြီးကြီး ရေကြီးကြီး တောင်ယာ



www.burmeseclassic.com

www.burmeseclassic.com



သွားလုပ်နိုင်မှာမို့ ဆမ္ဗာကြီးတံတားမျိုး ထိုးကြရလိမ့်မယ်လို့ ပြောနေကြတာ ပြီကောလား"

သူ့မိန်းမစကားကြောင့် သူကြီးဂမ်ရော် ပိုပြီး အငိုင်ကြီး ငိုင်ကျသွားပြန်သည်။

သူတို့ရွာမှာ မိရိုးဖလာ လုံခြုံရေးအတွက် ကျောက်ပြွမ်းတောင်စောက်များ၌သာ ရွာတည်ထားကြရာ တောင်ယာလုပ်သောအခါ ချောင်းငယ် မြောင်းငယ်များကို ကူးပြီး လွင့်ကျပြန့်ကျသော နောက် တစ်တောင်တောင်၊ တစ်တောတောမှာ တောင်ယာသွားလုပ်ကြရသည်။ မိမိတို့ရွာနှင့် တောင်ယာစေတာရှိရာမှာ အမြင့်နိမ့်သော်လည်း မတ်စောက်နက်ရှိုင်းသော ရေခဲချောင်းကျဉ်းကျဉ်းလေးတွေ ခံနေသဖြင့် ခရီးဝေးသလို ဖြစ်နေသည်။ ရွာတောင်က ဆင်းပြီး ရေခဲချောင်းကိုကူးကာ တောင်ယာရှိသော တောင်ကို တစ်ခါသွားတက်ကြရသည်မှာ အနီးကလေးနှင့် ခရီးကြာပြီး အချိန်ကုန်သည်။ မိုးတွင်း ရေကြီးချိန်နှင့် မြစ်ဖျားတွင် ရေခဲပျော့ချိန်ဆိုလျှင်လည်း ရေကြီး၍ ဘယ်လိုမှမသွားနိုင်ကြ။ ယခု ဆမ္ဗာကြီးတံတားလို တံတားမျိုးသာ ထိုးထားနိုင်လျှင် အချိန်မရွေး၊ ရာသီမရွေး တောင်ယာများရှိရာယာတောင်ကို သွားနိုင်ကြမည်။ ဂွတ်ပင်၊ ကြိမ်ပင်တွေမှာ သူတို့ဆီ၌ အလွန်ပေါသဖြင့် ဆမ္ဗာကြီး နမူနာကိုယူကာ မိုးမကျမီ ရွာသားများ မူချကြိုးတံတားငယ်များ အလျှိုအလျှိုထိုးပြီး တောင်ယာသွားကြတော့မည် ဆိုသည်ကို ဂမ်ရော်ကြိုတွေးမိသွားသည်။

သူသည် ရွာသူရွာသားများ၏ ကောင်းကျိုးအတွက် ဤလိုစိတ်ကူးမျိုးကို စောစောစီးစီး ဘာလို့ မတွေးမိ မလုပ်မိပါလိမ့်ဟု နောင်တရမိလိုက်ပြန်သည်။ အကယ်၍ ဤလိုစိတ်ကူးမျိုးကို သူသာ စောစောစီးစီး ရမိ လုပ်မိမည်ဆိုလျှင် ယခု ဆမ္ဗာကြီးတံတားဟု ပြောနေကြသော တံတားများမှာ သူကြီးဂမ်ရော်တံတား ဖြစ်မလာပါလား။ ဤစိတ်ကူးကိုသာ သူ စောစောစီးစီး ရမိခဲ့လျှင် ရွာသူရွာသား၊ နယ်သူနယ်သားတွေအတွက် ပိုပြီး အကျိုးရှိကာ သူသည် တောင်ပိုင်သူကြီးမှ ကူကမ်က ထော်လီလို တောင်မင်းပင် ဖြစ်လာနိုင်သည်။





သို့သော် တွေးလို့သာ တွေးနေရသည်။ ဆမ္ဗာကြီးသည် ဂွတ်ပင်၊ ကြိမ်ပင်တွေနှင့် ကျဲအားရဲတောင်နှင့် ရွာကို ဘယ်လိုများ တံတားထိုးထား သည်ကို သူ တွေးမရ။ သူ ချက်ချင်း သွားကြည့်ပစ်လိုက်ချင်သည်မှာလည်း စိတ်ပိုင်းကိုသေနေသည်။ သို့သော် ဆမ္ဗာကြီးတံတားကို သူသွားကြည့်လျှင် ဆာစောက စကားလွန်ထားသဖြင့် သူ့မိန်းမရှေ့၌ပင် အရှက်ရနိုင်သည်။ ကြောင့် သူ တွေဝေနေစဉ် နောက်တော့ အကြံတစ်ခုရသည်။ ခရီးဝေး ပြန်လာရသူပီပီ သူ ရေသွားချိုးဦးမည်ဟုပြောကာ မယောင်မလည်နှင့် ရေခဲချောင်းဆင်းလမ်းဘက် ထွက်လာသည်။

"သူကြီး. . တောင်မင်းကြီးပွဲက ပြန်ရောက်ပြီလား၊ ဘယ်လဲ ဆမ္ဗာတံတားကြီး သွားကြည့်တာလား"

"မဟုတ်ပါဘူး ခရီးပန်းလာတာ ရေချိုးမလားလို့"

အိမ်နီးနားချင်း ဆန်ရှောင်၏အမေးကို မဖြေချင့်ဖြေချင်ဖြေပြီး ခြေလှမ်းပြင်လိုက်စဉ် ဆန်ရှောင်က -

"ကျုပ်တို့ရွာနဲ့ ကျားရဲတောင်ကို ကလေးတွေနဲ့ ဆမ္ဗာကြီး ပေါင်းကူးတံတားကြီးတစ်ခု ထိုးထားတာ ရွာသူကြီးအနေနဲ့ သွားကြည့်ဖို့ကောင်းတယ်၊ ဆမ္ဗာကြီးတံတားကို နမူနာယူပြီး မိုးမကျမီ တောင်ယာတောသွားချောင်းတွေကို ကြိုးတံတား ထိုးထားကြရင် ကောင်းမယ်လို့ လူကြီးတွေက ပြောနေကြတယ်၊ သိပ် စိတ်ကူးကောင်းတဲ့ ဆမ္ဗာကြီးဗျာ၊ အံ့စရာပဲ"

ဆန်ရှောင့်စကားက သူ့မိန်းမစကားနှင့် ထပ်တူထပ်မျှ ဖြစ်နေသဖြင့် သူကြီးဂမ်ရော်မှာ စိတ်မာတ်လည်းကျ စိတ်ဆိုးဒေါသလည်းဖြစ်ရနှင့် -

"ဒါ. . အံ့ဩစရာလားကွ၊ ဒီလိုချောင်းကူး မြောင်းကူးလေးတွေကို ကြိုးတံတားတွေထိုးထားတာ ဟိုဘက်မှာ ပေါလွန်းလို့၊ မင်းတို့က ဘယ်မြို့ ဘယ်ရွာမှ မရောက်ဖူးကြလို့ ဆန်းနေကြတာပါ" ဟု ခပ်တည်တည်နှင့် ပြောထားခဲ့ရပြန်သည်။

ရေခဲချောင်းဆင်း လမ်းနားကိုပင် မရောက်သေး ရွာမြောက်ပိုင်းက အိမ်ပြန်လာသော သူ့သားကို လှမ်းမြင်ရ၍ ခဏမတ်တပ်ရပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



စဉ် သူ့သားက သူ့ရှေ့ရောက်လာသည်။ ခြေလှမ်းပင် မရပ်သေး၊ သား
ဆိုင်ဂမ်၏ ပါးစပ်မှ ထွက်လာသောအသံမှာ သူ့နားကို ထူပူသွားစေ
သည်။

"အဖေ. . ဆမ်. . ဆမ်မာကြီးလေ ရွာနဲ့ ကျားရဲတောင်ကို ကြိုး
တံတားကြီးတစ်ခု ထိုးထားတယ်ဗျ၊ အဖေ ကြိုးတံတားသွားကြည့်ဖို့ လာ
တာလား"

"အခု မင်း ဘယ်ကပြန်လာလဲ"

"ဆမ္မာကြီးတံတား သွားလျှောက်တာ၊ အိပ်ပဲ့,အိပ်ပဲ့နဲ့ လျှောက်
သိပ်ကောင်းတာပဲ၊ အဖေ အခု သွားလျှောက်ကြည့်ပါလား၊ သားလဲ ပြ
လိုက်မယ်၊ မိုးချုပ်ခါနီးလို့သာ ပြန်လာရတာ၊ သူများတွေ သွားလျှောက်နေ
ကြတုန်းပဲ၊ လာ. . အဖေ သွားလျှောက်ကြ. ."

"ကြုပ်ကြုပ်သွားလျှောက် ရေခဲချောင်းထဲ ကြိုးပြတ်လိမ့်ကျရင် အ
အသားတောင် ရှာရမှာမဟုတ်ဘူး"

ဆမ္မာကြီးဟူသော စကားကို ကြားလိုက်ရတိုင်း ဒေါသဖြစ်ရသော်
လည်း တစ်ဦးတည်းသောသားကိုတော့ ချစ်လွန်းသဖြင့် သူ့ပါးစပ်
မအော်ငေါက်မိ။

သူ့သားကမူ -

"တံတားကြီးကြိုးက ဘယ်လိုမှ ပြတ်မကျနိုင်ဘူးတဲ့ အဖေ၊ ဆမ္မာ
ကြီးက လော်မာတို့ ရောင်ရင်တို့နဲ့ တံတားကြီးအလေးချိန် ခံ,မခံ ကျောက်ခဲ
တွေရွက်ထမ်း စမ်းသပ်ပြီးမှ ဆောက်ကြတာတဲ့၊ ဆမ္မာကြီးတံတား
လူတွေလျှောက်ကြရုံနဲ့ ဘာမှမဖြစ်နိုင်ဘူးလို့ ပြောနေကြတယ်၊ သားပြ
လာတော့ ရွာဖျားပိုင်းက ကလေးတွေနဲ့ လူကြီးတချို့ ဆမ္မာကြီးတံတားပေ
အပျော်သွားလျှောက်နေကြတုန်း၊ အဖေသွားမလား သားလိုက်ပြမယ်"

"တံတားကြီးအလေးချိန် ခံ,မခံ ကျောက်ခဲတွေထမ်းရွက် စမ်းသ
ပြီးမှ"ဟူသော သူ့သားစကားကို ဂမ်ဆော်မှာ တွေးမရဖြစ်သွားပြန်သည်
ကြိုးတံတားက လူတွေအလေးချိန် ခံ,မခံ ဘယ်လိုများ ကျောက်ခဲရွက်ပြီး
စမ်းသပ်ကြပါလိမ့် ဆိုသည်ကိုလည်း သူ့မှာ တွေးမရ။ သူ တွေးမရ





နိုင်တိုင်တိုင်ငူတူတူ ဖြစ်သွားစဉ် သူ့သားဆိုင်ဂမ်က 'အဖေ သွားမလား'ဟု
သူ့လက်တစ်ဖက်ကိုဆွဲပြီး ပြောနေပြန်၏။

သူသည် ဒေါသကိုချုပ်တည်းကာ "မသွားတော့ပါဘူး သားရယ်
အဖေ ခရီးပန်းလာတယ်၊ လာ အိမ်ပြန်ကြမယ်" ဟု ပြောပြီး သူ့သား
ဆိုင်ဂမ်ကို လက်တွဲခေါ်လာရသည်။ ညနေ ထမင်းစားနေစဉ်မှာပင် သူ
ပြန်ရောက်နေပြီဟူသော သတင်းကြား၍ သူကြီးဟောင်း ဒူဝါဒိုင်နှင့်
ရွာလူကြီးဆေနောင်တို့ ပေါက်ချလာကြပြန်သည်။

ခါတိုင်းနှစ်တွေ တောင်မင်းကြီး၏ မယ္ဃမနတ်ပွဲက ပြန်ရောက်လာ
လျှင်လည်း ဒူဝါဒိုင်တို့မှာ ဤသို့ပင် လာရောက်မေးမြန်း နှုတ်ဆက်တတ်
ကြ၏။ ဒူဝါဒိုင်မှာ သူကြီးဟောင်းပီပီ တောင်မင်းကြီး၏ မယ္ဃမနတ်ပွဲ
အကြောင်းကို သိလိုသဖြင့် အားရပါးရမေးတတ်သည်။ သူ သူကြီးဘဝ
တုန်းက နတ်ပွဲ၌ မည်သို့မည်ပုံ ကကြ ခုန်ကြ ပျော်ကြရသည့် အကြောင်း
များကိုလည်း လွမ်းဆွေးတသစွာ ပြောပြတတ်သည်။

သို့သော် ယနေ့၌မူ တောင်မင်းကြီး၏ နတ်ပွဲအကြောင်း ဒူဝါဒိုင်
တ လုံးဝမမေး။ သူမရှိတုန်း ကျားရဲတောင်သို့ လာရောက်နေထိုင်နေသော
ဆမ္မာကြီးအကြောင်းကိုသာ အားရပါးရ ပြန်ပြောပြနေပြန်သည်။ သူ
မရှိတုန်း ဆမ္မာကြီးအား ဒူဝါဒိုင်နှင့် သူတို့အဖွဲ့ သွားကြည့်ကြသည်တ
စပြီး သူတို့တွေ ကြုံခဲ့ကြရသည်များမှသည် ယနေ့ တံတားထိုးထားသည့်
အချိန်အထိ ကာလတစ်လျှောက်လုံး အကြောင်းကိုသာ ဒူဝါဒိုင်က စီကာ
ပတ်ကုံး ရှည်ရှည်လျားလျား လာထိုင်ပြောနေပြန်သည်။

တောင်မင်းကြီး၏ မယ္ဃမနတ်ပွဲအကြောင်းကိုမူ တစ်လုံးတစ်ပါဒမှ
မမေး။ ကြာတော့ ဂမ်ရော် စိတ်တိုလာသည်။

ထို့ကြောင့် 'အဘ. . ကျုပ် ခရီးပန်းလာတယ်၊ နေလို့လဲ သိပ်
မကောင်းချင်သလိုပဲဗျ၊ အိပ်တော့မယ်' ဟုပင် ဒူဝါဒိုင်နှင့် ဆေနောင်တို့ကို
ပြောလွှတ်လိုက်ရလေသည်။

ဂမ်ရော် တောင်ပိုင်ကြီးအတွက် ပို၍ ဒေါသဖြစ်စရာ ကောင်းသည်
မှာ ဒူဝါဒိုင်က ပြန်ခါနီး၌ပင် 'ဂမ်ရော် မင်းက ရွာသူကြီးဆိုတော့ ဆမ္မာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးတံတားကို သွားကြည့်လေ့လာထားဖို့တော့ ကောင်းတယ်နော်၊ ဒီ ဆမ္ဘာကြီးဟာ မင်းတို့ ငါတို့ ထင်ထားကြသလို ရပ်ကျိုးရွာကျိုး ပျက်ပြား အောင်တော့ လုပ်မယ့်ပုဂ္ဂိုလ် မဟုတ်ဘူးကွ၊ ဟိုဘက်ပိုင်းက အီမော၊ ရမ် တို့သားတွေ ပြော်စရာအရဆိုရင် သူက သူတော်ကောင်းဆဲမှာ၊ သစ္စာ ဝါဒီသမား၊ မေတ္တာရှင်။ လူတွေမပြောနဲ့ ဘယ် သက်ရှိသတ္တဝါ တစ်ဦး တစ်ယောက်ကိုမှ ဒုက္ခရောက်အောင် မလုပ်တတ်ဘူးလို့ ပြောတယ်တဲ့ သူပြောတာ ဟုတ်နိုင်တယ်ကွနော်၊ အခုပဲ မင်းကြည့်လေ တို့ရွာက လူတွေ ကျားရဲတောင်ဘက်ကမ်းကို သွားချင်ရင် ဟိုတုန်းကလို ရေခဲချောင်းထဲ ဆင်းပြီး ကူးသွားစရာ မလိုတော့ဘူး၊ ဆမ္ဘာကြီးတံတားက လျှောက်သွား ကြရုံပဲ၊ လူ မပင်ပန်းသလို အချိန်ကုန်လဲ သက်သာတယ်၊ ဒီ ဆမ္ဘာကြီး ဟာ ပေါ့သေးသေးလူတော့ မဟုတ်ဘူးနော်၊ တန်ခိုးဣဒ္ဓိပါဒ် ရှိတယ်ဆို တာလဲ ဖြစ်နိုင်တယ်၊ နေညိုရင် ဘယ်သူမှ မသွားရဲတဲ့ ကျားရဲတောင်က ကျောက်ခေါင်းထဲ နေနေတာပဲကြည့်၊ အခုလဲ ဂြုတ်ပင် ကြိမ်ပင်တွေနဲ့ တံတားထိုးထားတာ ဘယ်လောက် အံ့ဩစရာကောင်းလဲ"

"အဘဒိုင်ကလဲဗျာ ဂြုတ်ပင် ကြိမ်ပင်တွေနဲ့ ချောင်းကူး မြောင်း ကူး တံတားထိုးတာ ဘာဆန်းလဲ"

သူ အိပ်တော့မည်ဟု ပြောသဖြင့် ထပြန်ရန် ထိုင်နေရာက ထပြီး မှ မတ်တပ်ကနေ ထပ်၍တစ်ခါ စကားရှည်နေသော သူကြီးဟောင်း ဒူဝါဒိုင်ကို အမြင်ကတ်လာသဖြင့် ဂမ်ရော်က 'ဘာဆန်းလဲ'ဟု ပြောမိ လိုက်ကာမှ ဒူဝါဒိုင်က သူ့ကိုစေ့စေ့ကြည့်ပြီး -

"မဆန်းဘဲ နေမလားကွ တို့အရပ် တို့ဒေသမှာ ဒီလို တံတားထိုး တာ မင်းမြင်ဖူးလို့လား"

"ကျုပ်တို့အရပ်မှာသာ ဒီလိုတံတားမျိုး မရှိတာပါဗျာ၊ ဟိုဘက် ပြည်တွေမှာဆို ဒီလိုတံတားမျိုးတွေ အများကြီးပါ အဘရယ်"

ဂမ်ရော်က သူ့လက်သုံးစကားနှင့် ပြန်ပြောသည်။

"မင်းပြောတဲ့ ဟိုဘက်ပြည်ဆိုတာ အာပူချ်နဲ့ ကျင်ရှုကို ပြောတာ လား၊ သူကြီးဘဝတုန်းက အဲဒီဘက်တွေ ငါလည်းရောက်ဖူးသားပဲ၊ တစ်ခါမှ





မတွေ့ဖူးပါဘူး၊ မင်းပြောတာက လားမားကြီးတို့ တိဗက်ပြည်ရွာဘက်မှာ လား၊ အဲဒီဘက်တော့ ငါလည်း မရောက်ဖူးဘူး"

"အဘတို့ခေတ်တုန်းက မရှိပေမယ့် အခု ဟိုဘက်ပြည်တွေမှာ ဒီလို တံတားမျိုးတွေ ရှိပါတယ်ဆို၊ အခုပဲကြည့်လေ ကျုပ်တို့ဆီတောင် ဒီတံတားမျိုး ရှိလာပြီပဲ အဘရယ်"

"အေးကွ တို့ဆီလဲ ဒီလိုတံတားမျိုး စလုပ်ပြတတ်တဲ့ ဆမ္ဘာကြီးကို ဘာပဲဖြစ်ဖြစ် ကျေးဇူးအနန္တ တင်ကြရလိမ့်မယ်၊ ကဲ. . မင်းလဲ ခရီးပန်း လာတော့ ငါတို့ သွားလိုက်ဦးမယ်၊ မင်း သူကြီးတစ်ယောက် အနေနဲ့ ဆမ္ဘာကြီးတံတားကိုတော့ သွားကြည့်ပြီး လေ့လာထားနော်၊ ဆမ္ဘာကြီး တံတားမျိုးလို တို့ရွာဘက်ကမ်းနဲ့ တောင်ယာတွေဘက်ကမ်း မိုးမကျခင် တံတားထိုးကြဖို့လဲ ရွာသူရွာသားတွေကို မင်း အခုကတည်းက စည်းရုံး လှုံ့ဆော်ထားမှ ဖြစ်မယ် ဂမ်ရော်၊ ဒါ ရပ်ကျိုးရွာကျိုးပဲကွနော်၊ ကဲ. . တို့သွားပြီ"

ဒူဝါဒိုင်တို့ ထွက်သွားကြသည်နှင့် ဂမ်ရော်သည် ဒေါသ[illegible] 'တောက်'တစ်ချက် ခေါက်လိုက်မိသည်။ ၎င်းသည်ကို ဘာမှန်း[illegible] သူ့မိန်းမ ဂျာနူက -

"ရှင် ဒီနေ့ ဘယ်လိုဖြစ်နေတာလဲ၊ အဘဒိုင်က အကောင်း[illegible] သွားတာ ရပ်ကျိုးရွာကျိုးဆို ရှင့်မှာ တာဝန်မရှိဘူးလား"

"ရပ်ကျိုးရွာကျိုး ငါသိတယ်၊ ငါ နားလည်တယ်၊ သူ သူကြီးခေတ် တုန်းက တို့ရွာသားတွေ ဆားတောင် လုံလုံလောက်လောက် စားခဲ့ကြရလို့ လား၊ သရောကြီးခိုင်းပြီး ဟိုဘက်နိုင်ငံတောင် သူ မရောက်တတ်လို့ ငါ တို့မှာ ဝါးရွက်တွေ ပြာချပြီး ဆားချက်စားခဲ့ရတာ နင်သိလို့လား ဒီ ရှစ်ဆယ်ကျော် သက်ကြားအိုကြီးက သူကြီးဟောင်းဆိုတဲ့ အာ[illegible] တွေနဲ့ ငါ့ကိုလာပြီး ဩဇာပေးနေတာ၊ အခု လက်ရှိသူကြီးက ခံနေ[illegible] ဟုတ်လား၊ နင် ပါးကွဲမယ်မှတ်ထား၊ ကိုယ့်လင် ကိုယ့်သားဘက်[illegible] စကားတစ်လုံး မဟဘူး၊ ငါ တိုဘက်က ပြန်ပြာကတည်းက ဒီ[illegible] နတော သူများရွာနား လာကပ်နေတဲ့ ဆမ္ဘာကြီးအကြောင်းပဲ [illegible]



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မသိဘဲနဲ့ ဘာတန်ခိုးရှင်လဲ ဘာဣန္ဒြေပါဒ်လဲ၊ အောက်လမ်းမှော် အတတ်တွေနဲ့ ဝင့်ဝင်ပြီး တိရစ္ဆာန်မတွေနဲ့ ပျော်ပါးနေတဲ့ အကောင်ကများ တောက်. ."

သူကြီးဂမ်ရော်ဒေါသက အတိုင်းအဆမရှိ ပေါက်ကွဲလာနေသည် ကို သိသောအခါ သူ့မိန်းမဂျာနူမှာလည်း နောက်ထပ် စကားမရှည်ရဲတော့။

❖

ဆမ္မာကြီးနှင့် ပတ်သက်၍ ဤတံတားနှင့် ပတ်သက်၍ သူ့သား သူ့မိန်းမ သူကြီးဟောင်း ဒူဝါဒိုင်နှင့်တကွ ကြားသမျှ စကားများကို သူ ဘယ်လိုပဲ ဒေါသထွက်ထွက် ဆမ္မာကြီးတံတားကို သူသွားကြည့်ထားမှ ဖြစ်တော့မည်ဆိုသည်ကို ဒဟူရွာသူကြီး ဂမ်ရော် သဘောတော့ ပေါက်နေ သည်။ သို့သော် ရပ်သူရွာသား ကလေးသူငယ်များ မြင်အောင်တော့ ဆမ္မာ ကြီးတံတားကို သူ သွားကြည့်၍မဖြစ်။ ဟိုပြည် ဟိုဘက်မှာ မြင်ဖူး တွေ့ဖူး ပါသည်ဟုလည်း သူ့နှုတ်က လွန်ထားမိရာ နေ့ခင်းနေ့လည်မှာ ဆမ္မာကြီး တံတားကို သူ သွားကြည့်ပါသည်ဆိုလျှင် သူ့သိက္ခာကျတော့မည်။ ဘယ် လိုမှ သူ သွားကြည့်၍မဖြစ်။

ထို့ကြောင့် ည လူခြေတိတ် ရပ်သူရွာသားအားလုံး အိပ်မောကျ နေကြသော သက်ကြီးခေါင်းချချိန်ရောက်တော့မှ သူကြီးဂမ်ရော်သည် လေး မြားစွဲ၍ ဆမ္မာကြီးတံတားကို ပုန်းလျှိုးကွယ်လျှိုး သွားကြည့်ရသည်။ ခိုးကြောင်ခိုးဝှက် လာကြည့်ရသူဖြစ်သဖြင့် သတိလည်း ကြီးစွာထားရ သည်။ မတော်တဆ ညရေးညတာ အပေါ့အပါး ထသွားသော တစ်စုံ တစ်ယောက် မြင်သွားမှာကိုမူ ဂမ်ရော်က သေမလောက် ကြောက်ရွံ့စိုး ရိမ်နေသည်။ ဆမ္မာကြီးတံတားကို လာရောက်ကြည့်ရှုနေသည်ဟုသာ ရွာသူရွာသားများ သိသွားကြလျှင် -

ဂမ်ရော်မှာ ဆက်မတွေးရဲတော့။ ဆမ္မာကြီး တည်ဆောက်ထား သော ကြိုးတံတားမှာ တစ်ခါမှ မမြင်ဖူး မတွေ့ဖူးကြသော ရွာသူရွာသား များ အနေနှင့် အံ့သြကြမည်ဆိုကလည်း အံ့သြစရာ။ ဆမ္မာကြီးသည်





သူ့အနွေ့ဝါသိကများနှင့် လူကြီးလက်မောင်းလောက်ရှိသော ဂြုတ်ပင်၊ ကြိမ် ပင်ရှည်ကြီး လေးငါးပင်ကို အရင်းအဖျားတစ်ပင်စီ ကျားရဲတောင်နှင့် သူတို့ ရွာကို ချည်ခင်းထားသည်။ ရွာဖျားမှာ ချောင်းကလည်းကျဉ်းရာ လူတွေ ဘက်ဖလျှောက်သွားလာ၍ ခံနိုင်အောင် ဟိုဘက်အဖျားနှင့် သည်ဘက် အဖျား ဂြုတ်ပင်ကြီးတွေကို ထင်းရှူးပင်တိုင်ငုတ်တွေမှာ နှစ်ပတ်၊ သုံးပတ် သိမ်ပြီး ချည်နှောင်ထားသည်။ တံတား၏ အနံမှာလည်း လူနှစ်ယောက် အသွားအလာ ရှောင်နိုင်အောင် ဘေးနှစ်ဖက်မှ လက်ကိုင်နိုင်ရန် ဂြုတ် ပင်ကြီး တစ်ဖက်နှစ်ပင်ကို သွယ်တန်းချည်နှောင်ထားသည်။ ထို ဂြုတ်ပင် နှစ်ပင်ကြားကို ကြိမ်ပင်ကြီးတွေနှင့် တံတားဘေးကို လူကြီး,လူငယ် ကလေး သူငယ်များကအစ ပြုတ်မကျအောင် မြက်ကွင်းရက်ချည်ထားသည်။ လူ တွေ နင်းလျှောက်သွားနိုင်အောင် အခင်းဂြုတ်ပင်ကြီးတွေပေါ်မှ လက်သန်း သက်မ ဝါးတင်းပိတ် အမာများကိုလည်း ဖတ္တလားစီသလို ကြိမ်ပင် သေးသေးတွေနှင့် တစ်လျှောက်လုံး ကွပ်စီချည်ထားသည်။

ဂမ်ရော်သည် ဆမ္မာကြီးတံတားပေါ် ဟိုဘက်သည်ဘက် သွား လျှောက်ကြည့်သည်။ ထိုအခါ သူ့သား ဆိုင်ဝမ်က 'အိပ္ပံ့ အိပ္ပံ့နဲ့ ဆမ္မာကြီး တံတားပေါ် သိပ်လျှောက်ကောင်းတာပဲ ပျော်စရာ' ဟူသော စကားကို သတိရသလို ရွာသူရွာသား ကလေးသူငယ်များသည် ဆမ္မာကြီးတံတားပေါ် အပျော်ပင် သွားလျှောက်နေကြသည်ဟူသော စကားကိုလည်း သတိရမိ သွားပြန်သည်။ သူတို့ဆီတွင် ဂြုတ်ပင်၊ ကြိမ်ပင်ကြီးတွေ ဤမျှ ပေါနေပါ လျက် ထိုစိတ်ကူးကို စောစောစီးစီး သူ ဘာကြောင့် မရမိသည်ကိုလည်း နောင်တရမိသည်။ ရွာသူရွာသားတွေအတွက် ဆမ္မာကြီးလိုသာ သူစိတ်ကူး ရပြီး ကြိုးတံတား ထိုးပြနိုင်လျှင် သူတို့တစ်ရွာတည်းသာမဟုတ်၊ တခြား ရွာနီးဝန်းကျင်ကပါ ထိုတံတားမျိုး လိုက်ထိုးကြပြီး သူသည် စံပြပုဂ္ဂိုလ် တစ်ယောက်အဖြစ် အသိအမှတ်ပြုခံရပြီး တောင်ပိုင်သူကြီးဘဝမှ တောင်မင်းသူကြီးပင် ဖြစ်လာနိုင်သည်။ ယခုမူ သူနောက်ကျသွားလေပြီ။

ဆမ္မာကြီးတံတားပေါ် ဟိုဘက်သည်ဘက် လျှောက်သွားနေပြီ သဖြင့် ယခုအခါ ဆမ္မာကြီးရှိရာ ကျားရဲတောင်နှင့် ဒဟူရွာမှာ အိမ်ခြေနှင့်

www.burmeseclassic.com



ကြမ်းပြင်လို ဖြစ်သွားသည်။ ကလေးသူငယ်များသာမက လူကြီးတွေပါ ဆမ္မာကြီးတံတားကို သွားလျှောက်ပြီး ကျားရဲတောင်ဘက်ကမ်းကို နေ့စဉ်လိုလို သွားလာနေကြသည်။ သည်လိုနှင့် ဆမ္မာကြီး တံတားထိုးပြီး သုံးလေးရက်အကြာမှာပင် ဆမ္မာကြီး၏ တပည့်များသည် ရွာထဲရှိ လူကြီး ပေါင်လုံးခန့်ကြီးသော ကြသောင်းဝါးကြီးများကို လာခုတ်ထမ်းပြီး ကျားရဲတောင်ဘက် သယ်သွားနေကြပြန်သည်။

ဤသည်ကို 'ဘာလုပ်ဖို့လဲ'ဟု လူကြီးတွေက မေးကြသောအခါ သူတို့လည်းမသိ ဆမ္မာကြီးက ရှာခုတ်ခိုင်း၍ဟု ပြောကြပြန်၏။ မကြာမီ ဆမ္မာကြီးသည် ထိုဝါးလုံးများကို အဆစ်ဖောက်ပြီး သူကျားရဲကျောက်ခေါင်းထဲရှိ ရေတံခွန်မှ ရေများကို ကျားရဲတောင်ဘက်ကမ်း သူ့တံတားဦးသို့ ရေတံလျှောက်နှင့် ရေသွယ်ချလာပြန်သည်။ နွေလ၌ ရေခဲချောင်းမှာ ရေစီးရုံသာ စီးနေသဖြင့် ရွာသူရွာသားများ သောက်ရေ သုံးရေ ချောင်းထဲ ဆင်းခပ်ကြရသည်မှာ တောင်တက် တောင်ဆင်းဖြစ်သဖြင့် ပင်ပန်းကြသည်။ အချိန်လည်းကုန်သည်။ ဤသည်ကိုသိ၍ ဆမ္မာကြီးက ကျားရဲတောင်ဘက်ကမ်းရှိ တံတားဦး ရေတံလျှောက်တွင် ရေလာခပ်ကြပါရန် သူ့တပည့်များကို ရွာ၌ ဆော်ဩခိုင်းလေသည်။

ထိုအခါ အချိန်ကုန်၊ လူပန်း သက်သာသဖြင့် ဆမ္မာကြီး ရေတံလျှောက်ရေတွင်ပင် ရွာသူရွာသားတွေက သောက်ရေသုံးရေကို အလွယ်တကူ သွားခပ်ရယူနေကြပြန်သည်။ ယခင်က ကျားရဲတောင်ဘက်ကမ်းကို တစ်ခါမှ မသွားဖူး မရောက်ဖူးကြသော ရွာသူ မိန်းမကြီးငယ်များပင် ယခုတော့ ဆမ္မာကြီး ရေတံလျှောက်ကို ရေသွားခပ်၍ ဥဒဟို ဖြစ်လာကြသည်။ သူတို့ တောင်အောက်ဆင်းပြီး ရေမခပ်ရတော့ဘဲ တံတားဦးရှိ ဆမ္မာကြီးရေ၌ပင် ရေသွားခပ်ကြရရာ ဆမ္မာကြီးကို ကျေးဇူးတင်မဆုံး ဖြစ်လာကြပြန်သည်။

ဤသည်ကို တွေးမိလျှင် သူကြီးဂမ်ရော်မှာ ပို၍စိတ်မကောင်းဖြစ်ရပြန်ပြီ။ သူတို့ရွာ၏ အနောက်ဘက်တောင်ပေါ်တွင် စမ်းပေါက်တစ်ပေါက်ရှိသည်။ ထိုစမ်းပေါက်သည် ဆယ့်နှစ်ရာသီ ရေစီးနေသည်။





ထိုစမ်းပေါက်မှ ရေများသည် အနောက်ဘက် ရေခဲချောင်းထဲအထိ စီးကျနေသည်။ ရွာအနောက်ဘက် တောင်ပေါ်ရှိ ထိုရေကိုသာ ရွာသူရွာသားတွေ သောက်ရေ သုံးရေအဖြစ် ယခု ဆမ္မာကြီးလုပ်သလို ဝါးရေတံလျှောက်တွေနှင့် ရွာဘက်သို့ ရေရောက်လာအောင် ယခင်က ဆမ္မာကြီးစိတ်ကူးမျိုးလိုသာ သူ စိတ်ကူးရခဲ့လျှင် ရွာသူရွာသားများသည် ချောင်းထဲကို ဆင်းတက်ပြီး ရေခပ်ရ သက်သာကာ သူ့ကို မည်မျှကျေးဇူးတင်လေးစားကြမည်နည်း။

ယခုမူ ဆမ္မာကြီး ဦးသွားပြီဖြစ်သဖြင့် သူ့မှာ နောင်တရမဆုံးဖြစ်ရပြန်သည်။

ဆမ္မာကြီးက သူ့တံတားဦးထိပ်တွင် ရေတံလျှောက်နှင့် ရေပင်တစ်ပင် လုပ်ပေးထားရာ ဆမ္မာကြီးတံတားကို လျှောက်ပြီး တံတားဦးထိပ်ရှိ ရေပင်သို့ ရေခပ်သွားသူ မိန်းမကြီးငယ်များသည်ပင် ယခုတော့ ဆမ္မာကြီးကို မြင်ဖူး တွေ့ဖူးကြသူတွေ များလာသည်။

တစ်နေ့မနက်၌ အူရာဆိုသည့် မိန်းမတစ်ယောက်က စောစောစီးစီး ဆမ္မာကြီးရေပင်တွင် ရေသွားခပ်ရာက ပြန်လာပြီး သူကြီးကတော်ဂျာနူကိုပြော၏။ ဂျာနူကတဆင့် သူ့ယောကျ်ား သူကြီးဂမ်ရော်ကို ပြောပြန်သည်။

"ဒီနေ့ မနက်ကပဲတော် အူရာ ဆမ္မာကြီးရေပင်မှာ ရေသွားခပ်တယ်တဲ့"

"အဲဒါ ဘာဖြစ်လဲ အခု မင်းလဲ သွားခပ်နေတာပဲ မဟုတ်လား"

ယနေ့မနက် သူ့ထောင်ချောက်တွင် မည်သည့်သားကောင်မှ မမိသဖြင့် စိတ်တိုလာသော ဂမ်ရော်က သူ့မိန်းမကို ပြန်မေးလိုက်သည်။ ဆမ္မာဟူသောအသံကို ကြားသည်နှင့် ဂမ်ရော်မှာ အလိုလိုစိတ်တိုနေသူဖြစ်၏။

"ဘာဖြစ်ရမလဲ ဆမ္မာကြီးလေ.. နို့ပျဉ်းကျ ကျားမကြီးတစ်ကောင်ရဲ့ လက်ပြင်ကို ခေါင်းအုံးပြီး နေစာလှုံရင်း ကြေးပေ့ပိုက်တစ်ခုကို ဖတ်နေတယ်တဲ့၊ ကျားမကြီးကိုယ်ပေါ် ခြေတင်၊ ပေါင်တင်ထား



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ကျားမကြီးက လှုပ်တောင် မလှုပ်ဘူးတဲ့တော်၊ အဲဒါ အူရာလာပြောလို့ ကျုပ်တောင် လန့်သွားတယ်"

"မလန့်နဲ့ နင်လည်း ဆမ္ဘာကြီး ရေပင်ကို အဖော်မပါဘဲ ကြုပ်ကြုပ်ရေသွားခပ်၊ ဆမ္ဘာကြီး ဝင့်စိတ်ဝင်ချင်တာနဲ့ကြုံရင် နင်တို့ပါ ဆမ္ဘာကြီး မယားတွေ ဖြစ်ကုန်မယ်၊ ဘာမှတ်လဲ"

"ရှင်က ပြောပြန်ပြီ.မဟုတ်ကဟုတ်က ဆမ္ဘာကြီးက ရှင့်မယားနဲ့ ရှင့်ရွာသူတွေကို စိတ်ဝင်စားဖို့ မပြောနဲ့ ဘယ်မိန်းမသူကိုမှ နှုတ်တောင် မဆက်ပါဘူးဆို"

"နှုတ်ဆက်မလားကွ နို့ပျဉ်းကျ ကျားမကြီးတွေက မင်းတို့ထက် စွဲမက်စရာကောင်းလို့နေ. . ."

"အို. . ရှင် ညစ်ညစ်ပတ်ပတ် ဒါ. . ရွာလူကြီးစကားလား၊ အဲဒါကြောင့် ဆမ္ဘာကြီးနဲ့ ရှင်နဲ့ မတည့်တာ၊ ဆမ္ဘာဆီက သတင်းထူးကြားရင် ပြောပါလဲပြောသေးရဲ့၊ ပြောပြန်တော့လဲ ရှင့်ပါးစပ်က အယုတ္တအနတ္တ၊ ဟင်း. . ."

ဂျာနူ ခြေဆောင့်၍ အိမ်ပေါ်တက်သွားသောအခါ ဂမ်ရော်မှာ သူ့စကားလွန်သွားသဖြင့် သူ့မိန်းမကို ခါတိုင်းလို ပြန်မအော်ရဲဘဲ ငိုင်ကျန်ခဲ့ရ၏။ သူက ဆမ္ဘာကြီးနှင့် ပတ်သက်၍ ကြားသမျှ မြင်သမျှကို ပြန်ပြောပြရန် သူ့မိန်းမနှင့် သူ့သားတို့အား မှာကြားထားသည်မှာလည်း အမှန်ပင်။ သူ့မိန်းမ သူ့သားကိုသာမဟုတ် သူနှင့်ရင်းနှီးသူ ဆယ်အိမ်ခေါင်း သူ့တပည့်တပန်းများကိုလည်း ဂမ်ရော်က ဆမ္ဘာကြီးသတင်းကို အမြဲနားစွင့်ခိုင်းထားသည်။ ထိုသို့ မစုံစမ်း မမေးမြန်း ခိုင်းထား၍လည်း သူကြီးတစ်ယောက်အနေနှင့်မဖြစ်။

ဆမ္ဘာကြီးနှင့် ပတ်သက်၍ ကြားနေရသော သတင်းစကားတွေမှာလည်း အထူးအဆန်းတွေချည်း ဖြစ်နေသည်။

တစ်နေ့ညတွင် ဆမ္ဘာကြီးဆီက ပြန်လာကြသော ပြုတ်မနူးလေးကောင်နှင့် သူ့အဖော် ကာလသားများက ပြောသွားကြသည်ဆိုသော စကားလုံးမှာလည်း ဂမ်ရော်အနေနှင့် တွေးခေါ်ကြည့်၍မရ။ ယခုတစ်ခါ





ဆမ္ဘာကြီးသည် သူတို့အား ကျောက်ခဲရှာခိုင်းပြီး ကျောက်ခဲများကို မီးထဲထည့်ဖုတ်ခိုင်းသည်။ ပြီးတော့ ကညင်စေးတွေ နှမ်းဖြူစေးတွေ သစ်ပင်မျိုးစုံမှထွက်သော သစ်စေးဟူသမျှကို ရှာခိုင်း စုဆောင်းခိုင်းနေပြန်သည်ဟု ဆို၏။

သူ သိက္ခာကျအောင် ဆမ္ဘာကြီးက သူ့တပည့်တွေကို ဘာများလုပ်ခိုင်းပြန်ဦးမည်နည်းဟု ဂမ်ရော်မှာ ရင်တထိတ်ထိတ်ဖြစ်နေရသည်။

မကြာပါချေ။ နောက်တစ်နေ့မှာပင် ဆမ္ဘာကြီးသည် ကျောက်ခဲကျောက်တုံးတွေနှင့် သခ်မ်းဆောက်နေပြန်သည်ဟူသော သတင်းကို ကြားရ၏။ သူတို့အရပ်တွင် ကျောက်ခဲ ကျောက်တုံးတွေနှင့် အိမ်ရာဆောက်သည်ကို သူတို့ မကြားဖူးကြ။ ထို့ကြောင့် ပြုတ်မနူးလေးကောင်ကို သူကြီးဂမ်ရော်က သေသေချာချာ မေးကြည့်ရပြန်သည်။ ပြုတ်မနူးလေးကောင်က ပြောပြကြသည်မှာ -

"ဘသူကြီး. . ဆမ္ဘာကြီး သခ်မ်းဆောက်တာက အဆန်းသားဗျ၊ ကျောက်လုံးကြီးတွေကို အောက်ခံထားပြီး သေးတဲ့ကျောက်လုံးတွေ ကျောက်ခဲတွေကို ကြီးစဉ်ငယ်လိုက် အပေါ်ကို စီတက်သွားတာ"

"ကြီးစဉ်ငယ်လိုက် စီတာက ဟုတ်ပါပြီ၊ ပြုတ်မကျဘူးလားကွလော်မာရ"

"မကျဘူးလေ ဘသူကြီး၊ အဲ ဒီကျောက်ခဲတွေကြားမှာ သုဓနဲ့ သစ်စေးတွေကိုရောပြီး ကပ်ထားတယ်၊ တစ်ရက် နှစ်ရက်ကြာရင် အဲဒီ သစ်စေးနဲ့ သုဓတွေဟာ ကျောက်ဖြစ်သွားကြလိမ့်မယ်လို့ ဆမ္ဘာကြီးက ပြောတာပဲ"

"ဘာလဲ. . သုဓဆိုတာ"

"ကျောက်ခဲမီးဖုတ်တွေကို ပြောတာထင်တယ် ကျုပ်တို့လဲမသိဘူး"

"ဟာ. . ကျောက်ခဲကို မီးဖုတ်ရင် ပိုပြီး မမာလာဘူးကွ၊ ဘယ်လိုလုပ် အဲဒါ သစ်စေးနဲ့ ရောလို့ရမလဲ"

"ဟာ. . ကျောက်ခဲကို မီးဖုတ်ရင် ပိုပြီး မမာလာဘူးလားကွ၊ ဘယ်လိုလုပ် အဲဒါ သစ်စေးနဲ့ ရောလို့ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဘသူကြီးကလဲ အဲဒီ မီးဖုတ်ကျောက်ခဲတွေကို ရေလောင်းလိုက်ရင် ဆူညံအောင်အော်ကြပြီး ချောင်းထဲကန္တွလို ဖြစ်သွားတာဗျ ဒါပေမယ့် နွံ့ရောင်တော့မဟုတ်ဘူး ဖွေးဖွေးကိုဖြူနေတာပဲ"

"ဘယ်လိုများပါလိမ့်"ဟု သူကြီးဂမ်ရော်က သက်မ,ချသည်။ မင်းတို့ ဆမ္မာသခ်မ်းက ဘယ်နား ဆောက်ကြတာလဲ"

"ကျောက်ခေါင်းရှေ့မှာပဲလေ ဘသူကြီး ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူးကွာ မေးကြည့်တာပါ"

ဆမ္မာကြီးကို အလွန်အထင်ကြီး လေးစားနေကြသော ဤ ပြုတ်မနူးလေးများကို ဆက်မေးနေလျှင် ဘာမှအကြောင်းမထူးဘဲ သူ့ပါးစပ်က ဆမ္မာကြီးအပေါ် တစ်စုံတစ်ရာ မကောင်းထွက်မိလျှင် ဤကလေးများကို နောက်ထပ် ဘာမှ မေးမရဖြစ်မည်ကို သိသဖြင့် ဆမ္မာကြီးသခ်မ်းဆောက်သည့်ကိစ္စ ဤမျှနှင့် စကားရပ်လိုက်ရသည်။

သို့သော် ဆမ္မာကြီးက ယခု ကျောက်တုံး၊ ကျောက်ခဲတွေနှင့် အခိုင်အခံ့ သခ်မ်းဆောက်နေသည်ဆိုခြင်းမှာ ဤအရပ်၌ သူ အခြေချနေထိုင်တော့မည့် သဘောဆိုသည်ကို ဂမ်ရော် ချက်ချင်းသိလိုက်သည်။ ဤအရပ်မှာ ဆမ္မာကြီးသာ အရှည်သဖြင့် နေနေလျှင် ဤရွာသာမက ရွာနားဝန်းကျင်ရှိ လူငယ်ကလေးများမှာ ဆမ္မာကြီးတပည့်ချည်း ဖြစ်လာကြမည်။ ဤသည်ကို ဂမ်ရော်မှာ အစိုးရိမ်ကြီး စိုးရိမ်သွားရပြန်သည်။ ထို့ကြောင့် သူသည် ဆမ္မာကြီးသခ်မ်းကို သွားကြည့်ရင်း ဆမ္မာကြီးနှင့်လည်း သင့်သင့်မြတ်မြတ်နေနိုင်မှ ဖြစ်တော့မည်ဟုလည်း သူ့ဒေါသကိုထိန်းကာ စိတ်လျှော့လိုက်ရသည်။

❖ ❖ ❖

ဂမ်ရော်သည် ဆမ္မာကြီးနှင့် သင့်မြတ်ရေး အလို့ငှာ ဆမ္မာကြီးရှိရာကို လာသာလာရသော်လည်း ရွာသူရွာသား ကလေးသူငယ်များ မြင်သွားမှာစိုး၍ ပုန်းလျှိုးကွယ်လျှိုးသာ။ နေ့၌ဆိုလျှင် ရေလာခပ်သူနှင့် ဘုံတားပေါ် အပျော်လာလျှောက်နေသူတွေနှင့် ဆမ္မာကြီးရှိရာ ကျားရဲခေတာင်နားတွင် လူသူလေးပါး ပြတ်သည်တု မရှိလေရာ သူကြီးဂမ်ရော်မှာ လူပြတ်သော တစ်ညနေ၌ ဆမ္မာကြီးဆီ ရောက်သွားရလေသည်။

ဒဟူရွာသူကြီး ဂမ်ရော်သည် ပြုတ်မနူးလေးတွေပြောသော ကျောက်ခေါင်းနားဘက်ကို ပုန်းလျှိုးကွယ်လျှိုးနှင့် ချောင်းမြောင်းလျှောက်လာရသည်။ အချိန်မှာ မှောင်ရီဖျိုးဖျ နွားမိုင်းသွင်းချိန်ဖြစ်သည်၊ သူတို့အရပ်ဒေသ ဓလေ့အရ ဤအချိန်တွင် ရွာလမ်း၌ပင် မည်သူမျှ မရှိကြတော့။ အားလုံး အိမ်ထဲရောက်နေကြလေပြီ။ ထို့ကြောင့်လည်း တစ်ဦးတစ်ယောက်ကိုမှ အမြင်မခံချင်သော ဂမ်ရော်က ဤအချိန်ကို ရွေးလာခြင်း ဖြစ်သည်။

ပြုတ်မနူးလေးတွေ ပြောသည်မှာ အမှန်ပင်ဖြစ်သည်။ ကျောက်ခဲတွေကို ကြီးစဥ်ငယ်လိုက်စီ၍ ဆောက်ထားသည်မှာ လူကြီးလက်ခုပ် တစ်ဖောင်ခန့်အထိပင် အမြင့်ရှိနေပြီ။ ဆမ္မာကြီး သခ်မ်းမှာ ကျားရဲတောင်ရှိ ကျောက်ခေါင်းပေါက်ကို နောက်ခံပြု၍ ထားသည်။ သုံးဖက်သုံးတန်



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ထရံကာမည့်ပုံ ပေါ်နေသော်လည်း ယခုအခါ ကျောက်ထရံတ တောင်နှင့်မြောက် နှစ်ဖက်ကိုသာ ကာထားသေးသည်။ သင်္ချိုင်း၏ ရှေ့ဘက် ဖြစ်သော ဒယ္ယူရွာဘက်ကိုမူ မကာရသေး။ သင်္ချိုင်းအတွင်းပိုင်းတွင် ထင်းရှူး ပင်များလည်း ပင်ကိုအတိုင်း မတ်မတ်ထောင်၍ သုံးလေးပင် ရှိနေသေး သည်။

ထို့ကြောင့်လည်း သင်္ချိုင်းကို လှည့်ပတ်ကြည့်နေသော ဂမ်ရော် သည် သင်္ချိုင်းအတွင်းပိုင်းရှိ ကျောက်ဂူဝဘက်ကို တစ်ချက် လှမ်းကြည့်မိ သည်။ သူကသာ မုဆိုးပီပီ ခြေသံလုံလှပြီဟု ထင်သော်လည်း ဆမ္မာကြီး သည် သူ့ခြေသံကို ဘယ်လိုကြားသွားသည်မသိ ကျောက်ခေါင်းထဲက ထွက် လာပြီး သူ့ကို မတ်တပ်ရပ်ကြည့်နေသည်။

ဂမ်ရော်သည် မဝံ့မရဲနှင့် ဆမ္မာကြီးဆီ ခြေလှမ်းမှန်မှန်နှင့် လျှောက် လာ၏။ ဆမ္မာက သူ့ကို ဘာတစ်ခွန်းမှ မဟသေးဘဲ အံ့ဩသလို စိုက် ကြည့်နေသည်။ ဂမ်ရော် သူ့ရှေ့ရပ်လိုက်သည်။

"မုဆိုးကြီးပါလား ဘာကိစ္စလဲ"

"ဩော်. . အထွေအထူး မဟုတ်ပါဘူး၊ ဆမ္မာကြီး သင်္ချိုင်းဆောက် နေတယ် ကြားလို့ လာကြည့်တာပါ"

"ဘာမြင်လဲ"

"ဆမ္မာကြီး ကျောက်သားသင်္ချိုင်း ကောင်းပါတယ်"

"ကောင်းတဲ့လူလုပ်တာ ကောင်းတာဖြစ်ရမှာပေ့ါ။ ငါက မင်းတို့ လို မကောင်းတဲ့လူမှ မဟုတ်တာ"

ဆမ္မာကြီးနှင့် ဆင့်မြတ်အောင်ဟု ရည်ရွယ်လာသော သူကြီး ဂမ်ရော်သည် ဆမ္မာကြီးစကားကြောင့် ဒေါသဖြစ်ရပြန်ပြီ။ ဤဆမ္မာကြီး သည် ငါ့ပိုင်နက် ငါ့ရွာနား လာနေပြီး ငါ့ကို မကောင်းပြောပြန်ပြီ"

"ကျုပ်က ဘာမကောင်းလို့လဲ"

"ဟ နေ့တိုင်း တိရစ္ဆာန်တွေကို သတ်ဖြတ်နေတဲ့ကောင်က လူ ကောင်းလားကွ၊ အခုလဲ မင်း ဒီဘက်တောင်ကို အတောင်ဘလောင် လာ ရှာရင်း ငါ့ကိုလာပြီး အပြစ်ရှာဖို့ သင်္ချိုင်းထဲ ဝင်လာတာလား"





သူ့မယား ကျားမတွေကိုသတ်ရန် လာချောင်းသည်ထင်သဖြင့် ဤဆမ္မာ ဤစကားပြောပြန်ပြီဟု ဂမ်ရော် စိတ်ဆိုးရပြန်သည်။ သို့သော် တစ်ရွာလုံးကလူတွေ လေးစားရိုသေနေကြသူနှင့် သူက ကဏ္ဍကောစ ထပ် မဖြစ်ချင်သဖြင့် "ဆမ္မာကြီးကလဲဗျာ ခင်ဗျား ကျုပ်ကို အလိုလို မုန်းထား နေတာပဲ ခင်ဗျားနဲ့ကျုပ်. ."

"ဟေ့ကောင် မင်းနော်. . ငါ့သင်္ချိုင်းနားလာပြီး ငါ့ကို မစော်ကား နဲ့၊ ငါက ဆမ္မာကွ သူတော်စင်ကွ မေတ္တာဝါဒီသမား၊ ငါ ဘယ်သူ့မှ မုန်း မထားဘူး၊ အမှန်ကိုပြောတာ"

"ခင်ဗျားပြောလိုက်ရင် ဒီစကားပဲ မေတ္တာဝါဒီတွေ သစ္စာဝါဒီတွေ ကျုပ်နားမလည်ဘူး၊ အခု ခင်ဗျားပြောတဲ့အထဲမှာ ကျုပ်ကို ခင်ဗျား မုန်း မထားဘူး၊ ကျုပ်အပေါ်မှာ မေတ္တာထားတယ်ဆိုတာတော့ ကျုပ်သိရလို့ ဝမ်းသာ. . ."

"ဟင့်အင်း . . ဟင့်အင်း. . မင်းလို အန္ဓဗာလကို ငါ မေတ္တာ မထားပါဘူး၊ ဥပေက္ခာကိုတောင် မနည်းခေါ်ထားရတယ်"

"ဥပေက္ခာကို ဘယ်လိုခေါ်ထားရလဲ၊ ဥပေက္ခာဆိုတာ ခင်ဗျား တမည့်လား၊ ခင်ဗျားစကား ကျုပ် နားမလည်ဘူး"

"ဟ သူတော်ကောင်း စကားတို့ သူယုတ်မာက ဘယ်လိုလုပ် နားလည်. . ."

"ဆမ္မာ. . ခင်ဗျား အဲဒီလို မပြောစမ်းပါနဲ့ဗျာ၊ ကျုပ်က အခုလာ တာ အကောင်းလာတာပါ၊ ခင်ဗျားနဲ့တစ္စ မိတ်ဆွေဖြစ်ရအောင် လာတာ ပါ၊ ရွာသူကြီးတစ်ယောက်ရဲ့ မိတ်ဆွေဆိုတာ ဘယ်လောက်ဂုဏ်ရှိ. ."

"ဟား. . ဟား သူတော်ကောင်းနဲ့ အန္ဓဗာလ မိတ်ဆွေလုပ်ကြမလို့ ဟုတ်လား"

ဆမ္မာကြီးက တဟားဟားရယ်တာ သရော်သလို ပြောလိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျားနဲ့တစ္စ မိတ်ဆွေဖွဲ့ရအောင် လာတာပါ ဆမ္မာ၊ ကျုပ်က ဂုဏ်သရေရှိ ရွာလူကြီးတစ်ယောက်ပါ၊ ကောင်းကောင်း ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ မိတ်ဆွေဖွဲ့ရအောင် မင်းလာတာ အမှန်နော်"

"အမှန်ပါ ဆရာကြီး၊ ဒီရွာမှာ လူရှိသေ လူလေးစားတာလဲ ဆရာနဲ့ ကျုပ်ပဲရှိတာ၊ သင့်သင့်မြတ်မြတ် တိုင်တိုင်ပင်ပင်နေကြရင် ဘယ်လောက် ကောင်းလဲ၊ ကျုပ်ပြောတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး မင်းနဲ့ ငါနဲ့ မသင့်မြတ်ကြရအောင် အခု ဘာဖြစ်နေကြလို့လဲ၊ ငါ့ဘာသာငါနေ မင်းဘာသာ မင်းနေတာပဲဟာ"

"ဒီရွာနား လာနေရင် ကျုပ်က သူကြီးဆိုတော့ ခင်ဗျား ကျုပ်ဆီ . . ."

"မင်း ဒီစကားပြောပြန်ပြီ၊ မင်း ခွင့်ပြုပြု မပြုပြု ငါ နေချင်သလောက် နေမှာပဲ၊ ငါ့ကို ဘယ်သူမှ မပိုင်ဘူး"

"ဟုတ်ပါတယ် ခင်ဗျားကို ပိုင်တာကတော့ နို့ပျဉ်းကျ ကျားမကြီးတွေပဲဟု" ပြောချင်လိုက်သည်မှာ ဂမ်ရော် လျှာယားနေသည်။ သို့သော် သူက မိတ်ဆွေဖွဲ့ရန် လာသည်ဟု ပြောပြီးမှ ဤစကားပြောရန် မသင့်ဟူသော သတိနှင့် ဂမ်ရော်က -

"ဟုတ်ပါတယ် ဆရာကြီးရယ် ဆရာကြီး ကြိုက်သလို နေနိုင်ပါတယ်၊ ကျုပ် စောစောက ပြောပြီးပါပြီကောလား၊ ဆရာကြီးနဲ့ကျုပ် မိတ်ဆွေဖွဲ့ရအောင် ဆိုတာလေ"

"မိတ်ဆွေတို့မည်သည်မှာ တစ်ဦးစကား တစ်ဦးလိုက်နာ လေးစားရတယ်ကွ၊ ငါ့စကား မင်းလိုက်နာနိုင်ပါ့မလား"

"ပြောပါ ဆရာကြီး ကျုပ်ကို ဘာလိုက်နာခိုင်းမလို့လဲ"

"မိုးချုပ်နေပြီကွာ ငါ တိုတိုပဲပြောမယ်၊ ငါနဲ့ မိတ်ဆွေဖွဲ့ချင်ရင် မင်း တိရစ္ဆာန်တွေ လိုက်သတ်နေတဲ့အလုပ် စွန့်လွှတ်မလား၊ ကဲ. . ပြောစွန့်လွှတ်မယ်ဆိုရင် အခု မင်းကိုယ်ပေါ်က မြားနဲ့လေး ငါ့ကိုအပ်ပြီး သစ္စာဆိုသွား၊ ကျုပ်တစ်သက် တိရစ္ဆာန်သတ်တဲ့အလုပ်ကို မလုပ်တော့ပါဘူးလို့ ဘယ့်နှယ့်လဲ ငါပြောတာ၊ မင်း မုဆိုးကတိ ပေးနိုင်ပါ့မလား"

ဆရာကြီးစကားကြောင့် ဂမ်ရော် ငိုင်ကျသွားသည်။ ပြီး ဒေါသလည်း ဖြစ်လာပြန်သည်။ သူ့ နို့ပျဉ်းကျ ကျားမတွေကို သတ်မှာစိုးသဖြင့်





ဆိုးအလုပ်ကိုပါ စွန့်လွှတ်ခိုင်းနေသည်။ ဂမ်ရော်မှာ မိရိုးဖလာ တစ်သက်လုံး လုပ်လာသော ဤမုဆိုးအလုပ်ကို ဘယ်လိုမှ မစွန့်လွှတ်နိုင်။ ဤသည်ကို အတပ်သိ၍လား (သို့မဟုတ်) အကြံအစည် တစ်ခုခုကြောင့်လား ဆိုသည်ကိုတော့ ဂမ်ရော်မသိ။ ဆရာကြီးက 'အဲဒါ အဆုံးအဖြတ်ပဲကွ' ဟုပြောကာ သူကျားမတွေရှိရာ ကျောက်ခေါင်းထဲသို့ ဝင်သွားလေသည်။

ဂမ်ရော်မှာ ဒေါသဖြစ်ဖြစ်နှင့် တောက်ခေါက်ကာ ရွာပြန်လာရ၏။

ဤဆရာ မကောင်းဆိုးဝါးကြီးကို ဤနေရာက ထွက်သွားအောင် ဘယ်လိုလုပ်ရကောင်းမည်နည်းဟု ဒေါသဖြစ်ဖြစ်နှင့် တစ်လမ်းလုံး တွေးလာသည်။ သို့သော် အဖြေကမူ ပေါ်မလာသေး တစ်နည်းနည်းနှင့်တော့ ဤဆရာကြီးကို သူပိုင်နက်ထဲမှာ မနေနိုင်အောင် လုပ်ကို လုပ်ရတော့မည်။ ဤဆရာကြီး ရှိနေသမျှ သူသိက္ခာမှာ တစ်နေ့တခြား ကျတော့မည်ကိုလည်း အစိုးရိမ်ကြီး စိုးရိမ်လာသည်။ သူသိက္ခာကျအောင် နောက် ဘာတွေများ လုပ်ဦးမည်မသိဟုလည်း သူကြီးဂမ်ရော်မှာ အပူပန်ကြီး ပူပန်လာလေသည်။

ရပ်သူရွာသားများ တောင်ယာ စခုတ်ကြသောရာသီသို့ ရောက်လာသည်။ ထိုအချိန်သည် ဒဟူရွာသူကြီးဂမ်ရော်အတွက် အလုပ်အများဆုံး အချိန်ဖြစ်သည်။ ဂမ်ရော်၏ ပန်းပဲဖိုတွင် ဓားလာလုပ်သူ၊ ဓားလာသသူ၊ ဓားလာဆေးသူတွေနှင့် ရှုပ်ယှက်ခတ်နေ၏။ မိမိတစ်ရွာတည်းကသာ မဟုတ် ရွာနီးချုပ်စပ်ရှိ ဓားမှန်သမျှသည် ဂမ်ရော် ပန်းပဲဖိုကို မရောက်ဖူးသော ဓားဟူ၍ တစ်စင်းတစ်လက်မှ မရှိ။ ဤနယ်တစ်ဝိုက်တွင် ပန်းပဲအတတ်ကိုတတ်သူ၊ တူရွင်း၊ ပေါက်ပြား၊ ဓား၊ မြား လုပ်ပေးနိုင်သူဆို၍လည်း ဂမ်ရော်တစ်ယောက်သာ ရှိသည်။ တောင်ယာခုတ်ဓား၊ ဓားမြှောင်၊ ဆောင်ဓားတို့အပြင် မြားတံသံဟက်များကိုလည်း ဂမ်ရော်၏ ပန်းပဲဖိုသို့သာ လာလုပ်ကြရသည်။

ဓားလာလုပ်သူ မြားတံသံဟက်လာလုပ်သူ မှန်သမျှသည် ဂမ်ရော်အား တောင်ယာစပါးနှင့် အသားဟင်းလျာ လာပို့ကြရသည်။ ထို့ကြောင့် ဂမ်ရော်မှာ မိမိကိုယ်တိုင် တောင်ယာမလုပ်သော်လည်း တစ်နှစ်စာစပါ



www.burmeseclassic.com

www.burmeseclassic.com



ဆန်စပါးကို ဖွဖွလုံလုံရနေသည်။ သားကောင့်လိုက် သားကောင်ပစ်သော အလုပ်ကိုတော့ သူက ဘိုးစဉ်ဘောင်ဆက် ဝါသနာအရလုပ်၏။ မားထ သော ပန်းပဲအတတ်တွင် သူ့ကို ပြိုင်နိုင်သူမရှိပေ။ သူသည် တခြား မု များ မသွားရဲ မလာရဲသော ရေခဲတောင်များကို တစ်ယောက်ထီးတည် သွားရဲ လာရဲ သားကောင်ပစ်ရဲသလို မည်သူမျှ မရဖူး၊ မပစ်ဖူးသော ေ တောင်ပေါ်က ဖွတ်ဘီလူးကြီးတစ်ကောင်ကိုလည်း ပစ်ဖူးရဖူးခဲ့သည် ထို့ကြောင့် ဤနယ်တစ်ဝိုက်ရှိ မုဆိုးလောက၊ တောင်အုပ်၊ တောင်ပို ရွာသူကြီးလောက၌လည်း ဩဇာတိက္ကမကြီးမားကာ တောင်မင်းကြီးအဖြ ကို မျှော်မှန်းနိုင်သူ သိက္ခာကြီး မုဆိုးအဖြစ်ကို ခံယူထားသူ ဖြစ်သည်။

ယခု ရပ်သူရွာသားတွေ တောင်ယာစခုတ်ကြသော ရာသီဖြ သဖြင့် ဂမ်ရော်မှာ သူပြိုင်ဘက် ဆမ္မာကြီးကိုပင် သတိမရအားဖြစ်ေ သည်။ ယခင်လက ကျားရဲတောင် ကျောက်ခေါင်းဝ၌ ဆမ္မာကြီး သခ်ိမ်း ကျောင်း ဆောက်လုပ်နေသည်မှာ ပြီးသွားပြီဟု သတင်းသိရသည်။ ဤ သတင်းကြောင့် တစ်ညနေတွင် ရေသွားချိုးရင်း ဆမ္မာကြီး သခ်ိမ်းကျောင် ကို သူသွားကြည့်ဖြစ်သည်။ ထိုနေ့၌ ဆမ္မာကြီးကိုတော့ မတွေ့။ သူ့မယား များရှိရာ ကျောက်ခေါင်းထဲ ရောက်နေပုံရ၏။ ထို့ကြောင့်လည်း ဂမ်ရော် က သူ့သခ်ိမ်းကို သေသေချာချာ ကြည့်ခွင့်ရခဲ့သည်။

ရပ်သူရွာသားများ အံ့ဩကြမည် ဆိုကလည်း အံ့ဩစရာပင် ဆမ္မာကြီးသခ်ိမ်းကျောင်းမှာ သူတို့ဆီက လူများ အိမ်ဆောက်သလို ဝါးကပ် ကာ ဝါးကပ်မိုးမဟုတ်။ ကျောက်လုံး ကျောက်ခဲကာ သစ်ပြားပျဉ်ချပ်မိုး ကျောင်းသခ်ိမ်းဖြစ်သည်။ အမိုးမှာ ထင်းရှူးပင်များကို အစိမ်းလိုက် ခွဲ စိတ်ရွေသင်ကာ အရှည်အပြားလိုက်မိုးထားသည်။ သစ်ပြားအဆက်ကြား များကို သူပြောသော သုမ (ထုံးအင်္ဂတေ) ကညင်စေး၊ နှမ်းဖြစေး၊ သစ်စေး တို့ကို သမအောင် ရောနယ်ကာ ကြားတွေကို ပိတ်ထားပုံရသည်။ ထင်းရှူး ပင်ပြားတွေမှာ အဆီများသည့်အပြင် သုမသစ်စေးတွေနှင့်လည်း အပေါ် ကအုပ်ထားရာ မိုးကြီးသော သူတို့အရပ်တွင် ရေညှိမြန်မြန်တက်၍ ခေါင် မိုးပေါ်တွင် မြက်ပင်ပေါက်လာနိုင်မည်ဟု ထင်သည်။ ထို့ကြောင့် ဆမ္မာ





ကြီး ကျောင်းသခ်ိမ်းကို အပေါ်စီးကသာ ကြည့်မည်ဆိုလျှင် မြက်ပေါက် နေသော တောင်ကုန်းတစ်ခုကို မြင်ရသည်နှင့် အတူတူ ဖြစ်ချိမ့်မည်။

ဆမ္မာကြီး ကျောင်းသခ်ိမ်းကို အံ့ဩစိတ်နှင့်အတူ ဂမ်ရော်မှာ မနာလိုစိတ်လည်း ပွားလာသည်။ ပြုတ်မနူး လေးကောင်ကလည်း ဆမ္မာ ကြီး တပည့်ခံယူထားပြီး ကျောက်နံရံနှင့် သုမ ကညင်ဆီသစ်စေး ရောစပ် နည်းတွေကို ဆမ္မာကြီးဆီက ရထားကြမည်ဖြစ်ရာ ဒဟူရွာ၌ မကြာမီ ဆမ္မာကြီး ကျောင်းသခ်ိမ်းမျိုးကို လိုက်လုပ်ကြတော့မှာပဲဟု စိတ်ထဲ ပူပန် မှုတစ်ခု ထပ်တိုးလာပြန်သည်။

သူ ပူပန်မိသလိုပင် ရပ်ရွာရှိလူများသည် ယခင်က ဆမ္မာကြီး တံတား၊ ဆမ္မာကြီး ရေတံလျှောက်၊ ရေပင်တို့ကို သွားကြည့်ကြသလို ယခု လည်း ဆမ္မာကြီးကျောင်း ဖြစ်လာကြပြန်သည်။ မကြာပါချေ။ ဆမ္မာကြီး ကျောင်းသခ်ိမ်းလိုမျိုးအိမ်ကို ဆမ္မာကြီး၏ လက်ရင်းတပည့်များ ဖြစ်ကြ သော လော်မာနှင့်ရောင်ရင်တို့ စဆောက်နေကြပြီဟူသော သတင်းကို ဂမ်ရော်ကြားရပြန်သည်။ ပြီး ပြုတ်မနူးလေးကောင်၏ ထူးဆန်းချက်မှာ မုဆိုးသားများ ဖြစ်ကြသော်လည်း သူ့ဆရာ ဆမ္မာကြီးသဘောကျ မိရိုး ဖလာ မုဆိုးအလုပ်ကိုလည်း စွန့်လွှတ်လိုက်ကြပြီဟု ကြားရပြန်သည်။

ထို့နောက် မကြာမီ ကြားရပြန်သော သတင်းတစ်ခုမှာ ယခင်က နေညိုလျှင် မိန်းမနှင့် ကလေးငယ်များ ယောင်၍ပင် မသွားရဲကြသော ကျားရဲတောင်တွင် ယခုအခါ ဆမ္မာကြီးမယား နှီပျဉ်းကျ ကျားမကြီးတွေနှင့် ကျားထီးကြီးတွေကလည်း တစ်ကောင်ဘစ်မြီးမှ မရှိကြတော့ဟု ဆိုပြန် သည်။ ရွာက လှမ်းကြည့်လျှင် မြင်နိုင်သော ကျားရဲတောင် အနောက် ဘက် တစ်ခြမ်းကို ခုတ်ထွင် ရှင်းလင်းထားကြသည်ကိုလည်း သူကြီး ဂမ်ရော် ဒဟူရွာတောင်ဖျားက လှမ်းကြည့်နိုင်နှင့် ကိုယ်တိုင်မြင်နေရပြန် သည်။

ရပ်သူရွာသားများနှင့် ကလေးသူငယ်များက ဥဒဟို သွားလာနေ ကြသဖြင့် လူသွားလမ်းကြောင်းတစ်ခုတို့လည်း ရွာကပင် လှမ်းမြင်နေရ ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသည်တို့ကို မြင်ရလေ ဆမ္မာကြီးအပေါ် သူကြီးဂမ်ရော်မှာ ဒေါသဖြစ်လေ၊ မစ္ဆရိယ ကြီးထွားလာလေ ဖြစ်နေသည်။ ဆမ္မာကြီး ရှိ သော သင်္ခမ်းကျောင်းဘက်ကို ရွာသူရွာသားများအား မသွားရဟု အမိ ထုတ်လျှင် ကောင်းလေမည်လားဟုပင် အစက တွေးမိသေးသည်။ သို့သော် ရွာသူရွာသားများကို အမိန့်အာဏာနှင့် တားမြစ်ဖို့ နေနေသာသာ ယ အခါ သူကြီးဂမ်ရော်မှာ သူ့မိန်းမနှင့် သူ့သားဆိုင်ဂမ်တို့ကိုပင် ပြောမ စည်းရုံးမရ ဖြစ်နေသည်။ ထို့ကြောင့်လည်း မကြာမီမှာပင် ရပ်သူရွာသား ကလေးသူငယ်များနှင့် ဆမ္မာကြီးတို့မှာ အကျွမ်းတဝင် ဖြစ်လာကြပြ သည်။

ဆမ္မာကြီးမှာ ကြိုးတံတားဆောက်၊ ရေပင်ပေါက်ပေး၊ ကြာရှည် ၍ လုံခြုံမှုလည်း ပိုရှိသော အိမ်ပုံစံများကို နမူနာပြု လုပ်ပေးနိုင်သည် ရပ်သူရွာသားများ မကျန်းမမာဖြစ်ကြလျှင်လည်း ဆေးဝါးဓာတ်စာနှ ကုသပေးသော အလုပ်ကိုလည်း လုပ်လာပြန်သည်။ တောင်ယာခုတ်ရာ ၌ မတော်တဆ မားရိုးကျွတ်ထွက်ကာ ဘွမ်ကော၏ ခြေသလုံးကို ခုတ်မိ ၍ သွေးမတိတ်ဖြစ်နေသော ဒဏ်ရာကို ဆမ္မာကြီးဆေးက ချက်ချင်းသွေး တိတ်စေသည်ကိုလည်း ရွာသူရွာသားများမှာ အံ့ဖွယ်ဘနန်း ပြောကြဆို ကြပြန်သည်။

ဤသည်ကစ၍ နှာစေး၊ ချောင်းဆိုးမှသည် ဖျားနာခြင်း၊ သွေးအ ခြင်း၊ ဝက်ပက်၊ ပြောင်ဝှေ့၊ ဝံကုတ် စသည် အနာကြီးရောဂါကြီးများထိ လည်း ဆမ္မာကြီးဆေးက ကောင်းစွာနိုင်နင်းကြောင်း ပြောလာကြပြ သည်။ ဆမ္မာကြီးနှင့် ပတ်သက်၍ ကြားသမျှ သိသမျှ သတင်းတွေမှာ သူကြီးဂမ်ရော်အတွက် မစ္ဆရိယဖြစ်စရာ၊ ဒေါသဖြစ်စရာချည်း ဖြစ်လာ လေသည်။ ထိုအခါ ဤဆမ္မာကြီး ကျွန်းရဲတောင်၌ မနေနိုင်အောင် မြန်မြ ပြေးရအောင် မည်သို့လုပ်ရပါမည်နည်း ဆိုသည်ကို သူကြီးဂမ်ရော်က နေ့စဉ်နှင့်အမျှ ကြံဆတွေးတော နေနေရသည်။

သို့သော် သူကြီး ဂမ်ရော် ဘယ်လိုကြံကြံ သူ့ခေါင်းထဲ၌ အကြံထ ပေါ်မလာ။





တစ်နေ့ညနေ သူ ထောင်ချောက်ဆင်ရာက ပြန်အလာတွင် ရွာ ထဲ၌ ထူးဆန်းတာတစ်ခုနှင့် ပက်ပင်းသွားတိုးမိပြန်သည်။ အဖြစ်မှာ -

သူ တောထဲ ထောင်ချောက်ဆင်ရာကအပြန် ရွာထဲအရောက်မှာ ကလေးများဆီက 'ဆမ္မာကြီးကွ. . ဆမ္မာကြီးဟေ့၊ ဆမ္မာကြီး. . ဟုတ်ပေ့ ဗျာ၊ ဒါမှ တို့ဆမ္မာကြီး၊ ဟေး ဆမ္မာကြီး ဒါမှ တို့ဆမ္မာကြီးကွ' ဟု သူ့ရှေ့ ရွာလမ်းမတစ်နေရာက အသံများကို ကြားမိလိုက်ရာ သူကြီးဂမ်ရော်မှာ လန့်ထိတ်၍ပင် သွားမိသည်။

တစ်ခါတစ်ထူး ရွာထဲကို တစ်ကြိမ်တစ်ခါ မှ မလာဖူး မဝင်ဖူးသော ဆမ္မာကြီးသည် ရွာထဲဝင်လာနေပြီဟု အသံကြားရုံနှင့် သူ လန့်သွားခြင်း ဖြစ်သည်။ သူ့တပည့် ပြုတ်မန္တလေးကောင်နှင့်အတူ ကလေးသူငယ်များ တစ်အုပ်တစ်မနှင့် ဆမ္မာကြီးသည် ရွာထဲကို "ဘာဒုက္ခပေးဖို့ ဝင်လာပါ လိမ့်" ဟု ဂမ်ရော်မှာ အစိုးရိမ်ကြီး စိုးရိမ်သွားမိ၏။

ထို့ကြောင့် ကလေးသူငယ်များ အသံကြားရာ ရွာလယ်ဝမ်းဗိုက်ထဲ သို့ သတိ၊ ဝီရိယကြီးစွာနှင့် မုဆိုးချောင်း ချောင်းကာ ရှေ့သို့ တရွေ့ရွေ့ လျှောက်လှမ်းလာသည်။ အော်ဟစ် ကစားနေကြသော ကလေး သူငယ် များကို တွေ့ရ မြင်လိုက်ရပြန်သောအခါ သူကြီးဂမ်ရော်မှာ အကြောက် ပြေသွားပြီး ကလေးသူငယ်များ ဆော့ကစားနေကြသည်ကို ပုန်းလျှိုး ကွယ် လျှိုး ချောင်းကြည့်နေရပြန်သည်။

ကလေးတစ်ယောက်သည် ရွာသူမှူး စပါးထောင်း၊ ဆန်ဖွပ် လုပ် ကြသော သစ်သားဆုံကြီး တစ်လုံးပေါ် မတ်တပ်ရပ်နေသည်။ ထိုသူငယ် ကလေးကို မြေပြင်တွင် မတ်တပ်ရပ်နေကြသော ကလေးများက ဟိုဘက် သည်ဘက်မှ တစ်ယောက်တစ်ချက်စီ ရွှံ့ပျော့ခဲတွေနှင့် လှမ်းပေါက်ကြ၏။ ဆုံပေါ်တွင်တက်နေသော ကလေးက အောက်ကပေါက်လိုက်သော ခဲလုံး ကို ခုန်၍ရှောင်သည်။ မြေပြင်အောက်က ကလေးများ ဆုံပေါ်က ကလေး ကို ခဲနှင့် တစ်ချက်ချင်းပေါက်၍ မထိလျှင် "ဆမ္မာကြီးကွ. . ဟေ့ ဒါမှ တို့ဆမ္မာကြီးဟ ဆမ္မာကြီးကွ"ဟု အော်ဟစ်အားပေးနေကြသည်။ အော ရှိ ကလေးတစ်ယောက်ယောက်က ပေါက်လိုက်သော ရွှံ့ပျော့ခဲက ဆုံပေါ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရှိ ကလေးကို ထိသွားလျှင် "ထိပြီဟေ့ ဆမ္မာကြီးကို ထိသွားပြီ"ဟု အော်လိုက်ကြသည်။ ထိုအခါ ရွှံ့ပျော့လုံး အထိခံရသော ကလေးမှာ ဆုံပေါ်က ဆင်းရသည်။

ထိုအခါ ဆုံပေါ်သို့ နောက်တစ်ယောက် တက်ရ၏။ ထိုဆုံပေါ် တက်နေသော ကလေးကို အောက်က ကလေးတွေက ရွှံ့ပျော့နှင့် ဝိုင်းပေါက်နေကြပြန်သည်။ မထိလျှင် 'ဆမ္မာကြီးကွ ဆမ္မာကြီးဟေ့ ဒါမှ တို့ ဆမ္မာကြီး' ဟု အော်ဟစ်ကောင်းချီးပေးကာ ရွှံ့ပျော့နှင့် ဆက်ပေါက်ကြပြန်သည်၊ ထိလျှင် ထိုကလေးဆင်း၍ နောက်ကလေးတစ်ယောက် ဆုံပေါ် တက်ပြန်သည်။ သည်လိုနှင့် ကလေးများသည် အပျော်ကြီးပျော်ကာ ရွှံ့ပျော့နှင့် လှမ်းပေါက်၍ အော်ဟစ်ကစားနေကြသည်ကို မြင်နေရသည်။ သူ့ရန်ဘက် ဆမ္မာကြီးကိုမူ ကလေးများ အနားၤ၌ မတွေ့ရ။

ထိုအခါ သူကြီးဂမ်ရော်သည် ကောင်လေးတွေနား လျှောက်လာပြီး -

"ကလေးတွေ မင်းတို့ ဘာတွေလုပ်နေကြတာလဲ" ဟု မေးလိုက်၏။

"ဆမ္မာကြီးလုပ်တမ်း ကစားနေကြတာလေ သူကြီး"

သွက်လက်ချက်ချာပုံရသော ကလေးတစ်ယောက်က ဖြေသည်။

"ဘာ ဆမ္မာကြီးလုပ်တမ်းလဲ တော်တော် အဆန်းတတ်တဲ့ကလေးတွေ မတော်လို့ မျက်စိ မျက်ဆန် ထိသွားရင် နင်တို့မျက်စိ ကန်းလိမ့်မယ် ဘာမှတ်လဲ"

ဆမ္မာကြီးဟူသော အသံကို ကြားလိုက်သည်နှင့် အလိုလို ဒေါသထွက်လာသော သူကြီးဂမ်ရော်က အောင်ငေါက်လိုက်သောအခါ ကလေးတစ်ယောက်က

"ဘသူကြီးကလည်း ရွှံ့ပျော့နဲ့ ပစ်ပေါက်ကစားကြတာပါ။ ဆမ္မာကြီးဆို ကျုပ်တို့က ခဲလုံး ကျောက်ခဲ အမာကြီးတွေနဲ့တောင် ပစ်ပေါက်ကစားကြတာ ဘာမှ မဖြစ်ဘူး၊ ကျုပ်တို့ပစ်တဲ့ ခဲလုံး၊ ကျောက်ခဲတွေလည်း ဆမ္မာကြီးကို တစ်လုံးမှ မထိဘူး၊ ဆမ္မာကြီးနဲ့ ကစားကြရတာ သိပ်ပျော်စရာကောင်းတယ်" ဟု ပြန်ပြောပြန်သည်။





ယခင်ကဆိုလျှင် ယခုလို သူ အော်ငေါက်စရာပင်မလို၊ ရွာကလေးများသည် သူ့ကို မြင်လိုက်သည်နှင့် 'ဟိုမှာ ဘသူကြီး လာနေပြီ' ဟု ပြောကာ ကြက်ပျောက်ငှက်ပျောက် ပြေးကုန်ကြသည်။

ယခုမူ သူ့ကိုပင် ကလေးများက -

"ဘသူကြီးကို ကျုပ်တို့ ဆမ္မာကြီးနဲ့ ကစားနည်း နောက်တစ်ခု သုပ်ပြဦးမယ်၊ ဘသူကြီး ကြည့်ဦးမလား" ဟု ပြန်၍ပင် မေးနေသေးသည်။

"ဘာဆမ္မာကြီး ကစားနည်းလဲ၊ ငါ မကြည့်ချင်ဘူး၊ မိုးချုပ်တော့မယ်၊ အိမ်ပြန်ကြစမ်း၊ နောက် အဲသည်လို မကစားရဘူး၊ ကြားလား။ နောက် အဲသည်လို လုပ်ကစားနေကြတာ တွေ့လို့ကတော့ နင်တို့ကို အကုန် ထိပ်တုံးခတ်ပြီသာမှတ်"ဟု ဂမ်ရော်က အော်ငေါက်လွှတ်သည်ကိုပင် ကလေးများက မကျေမနပ်နှင့် သူ့ကို ပေစောင်းပေစောင်း ကြည့်ကာ လူစုခွဲ ထွက်သွားကြသည်။

ဤကလေးတွေမှာ သူကြီးအမိန့်ဆိုလျှင် မှားမှားမှန်မှန် နာခံ လိုက်နာရမည်ဟူ၍ လူကြီးသူမတွေ၏ စကားကြောင့်သာ သို့မဟုတ်လျှင် ဤကလေးများသည် သူ့ကိုပင် ပြန်အော်ကြမည့်ပုံပါလားဟု တွေးကာ ဂမ်ရော်မှာ ကလေးများကိုပင် စိတ်ဆိုးဒေါသဖြစ်ရပြန်သည်။

ဤနေ့သာ သူ့ကို ပြန်မအော်ရဲသော်လည်း တစ်နေ့နေ့တွင် ဆမ္မာကြီးတပည့်တွေအဖြစ် ခံယူကြကာ မြှုဘ်မန္တူးလေးများလို သူ့ကို ခံအော်ခံပြောလာကြမည့် သူများ ပါလားဟု တွေးလိုက်သည်နှင့် သူ့စိတ်က ဆမ္မာကြီးဆီ ရောက်သွားကာ ဆမ္မာကြီးတို့ ဒေါသဖြစ်ရပြန်သည်။

"အဖေ့ကို ကျုပ် ဒါပြချင်လို့ ဆမ္မာကြီး သခ်မ်းက စောစောပြန်လာတာ"

အိမ်တံစက်မြိတ်ကပင် မဝင်ရသေး သားဆိုင်ဂမ် ပြေးထွက်လာပြီး သူကြီးဂမ်ရော်ရှေ့ လာရပ်သည်။

အိမ်ကို မဝင်ရသေး. . .

သူ့သားဆီမှ ဆမ္မာဟူသော စကားကြောင့် ဂမ်ရော် ဒေါသထွက်ရပြန်သည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သို့သော် အတ္တကြီးသူတို့၏ ထုံးစံအတိုင်း ရှာက ကလေးများကိုသာ အော်ငေါက်ထားခဲ့သော်လည်း တစ်ဦးတည်းသော သူ့သား ဆိုင်ဂမ်ကိုတော့ သူ မအော် မငေါက်။ သိမ့်မွေ့နှင့်ပင် -

"သားက ဘာပြမလို့လဲ"

"ဒီမှာလေ အဖေကြည့်ပါလား"

တောင်ဆုပ်နီးပါးရှည်ပြီး ကြိုးနှင့်သီထားသော ဝါးဆစ်ပိုင်း တစ်ပိုင်းကို သူ့သားဆိုင်ဂမ်က ကိုင်လှုပ်ပြသည်။

"အဲဒါ ဘာလဲ"

တစ်ခါမှ မမြင်ဖူးသဖြင့် မေးလိုက်၏။

"ဒါ ရသေ့စိတ်ဖြေ ကစားစရာလို့ ဆမ္မာကြီးက ပြောတယ်၊ ထိုးလား မီးစာလို့လည်း ခေါ်တယ်တဲ့ ဂမ္ဘီရတစ်မျိုးတဲ့၊ ဒီကြိုးကွင်းထဲက ဝါးဆစ်ပိုင်းနှစ်ခု တစ်ဖက်စီဖြစ်နေတာကို ကြိုးမဖြုတ်ဘဲနဲ့ ဟိုဘက်ဒီဘက် ရောက်လာအောင် တစ်ခုစီဖြစ်နေရာက ပူးသွားအောင် တစ်ဖက်တည်း ရောက်သွားအောင် အဖေလုပ်တတ်လား"

သူ့သားလက်ထဲက ရသေ့စိတ်ဖြေဆိုသောအရာကို သူကြီးဂမ်ရော် ယူကြည့်သည်။ ဟိုဘက် သည်ဘက်ကို ကြိုးမဖြုတ် မဖြုတ်ဘဲ ဘယ်လိုမှ တစ်ဖက်တည်း ရောက်သွားစရာ အကြောင်းမမြင်။ သူတွေးမရ၍ ငေးကြည့်နေစဉ် -

"ဒီလိုလုပ်ရင် ရတယ် အဖေ၊ ဒီမှာကြည့်. , ဒီကြိုးကို ဒီလိုဆွဲပြီး ဒီလိုသွင်း ပြီးတော့ ပြန်ပြီး ဒီကြိုးလေးပင်ပူးကို တစ်ခါ ဒီဘက်က ပြန်ဆွဲ ဟောဒီမှာ ဒီဘက်ကို ရောက်သွားပြီ တွေ့လား"

သူ့သား လုပ်ပြတော့လည်း ဟုတ်နေ၏။ အလွယ်လေးပင်။ သို့သော် ဘယ်လိုကဘယ်လို ဒီဘက်ရောက်လာမှန်း သူကြီးဂမ်ရော် မတွေးတတ်။

"အိမ်း. , ဒါ ဘယ်လိုဟာလဲ"

"ဒါ. . ကိုးကွင်းစွပ် ကိုးကွင်းလွတ်ပညာရဲ့ ပဏာမလို့ ဆမ္မာကြီးက ပြောတယ်၊ ဆမ္မာကြီးကို ကြိုးဘယ်လိုတုပ်တုပ် ကြိုးဘယ်လို ချည်ထား





ချည်ထား သူဖြုတ်ပြတယ်၊ ပြေသွား ပြုတ်သွားအောင် လုပ်နိုင်တယ်၊ ပြီးတော့ တံတားဆောက်တုန်းက အပိုင်းအစကျန်တဲ့ ဂြိုတ်လုံးကြီးတစ်လုံးကို ထင်းရှူးပင်နှစ်ပင်မှာချည်ပြီး အဲဒီဂြိုတ်လုံးပေါ် လမ်းလျှောက်ပြတယ်။ ဂြိုတ်လုံးပေါ်မှာ ဆမ္မာကြီးရပ်နေတာကို ခဲနဲ့ထိအောင် ပစ်ခိုင်းတယ်။ တစ်ဖက်တစ်ယောက်၊ နှစ်ယောက် ဝိုင်းပစ်ကြပေမယ့် ဆမ္မာကြီးကို မထိဘူး။ ယောက်မလိုလုပ်ထားတဲ့ သစ်သားပြားနှစ်ခုကို တစ်ဖက်တစ်ခုစီ ကိုင်ပြီး အဲဒီယောက်မနဲ့ ကျုပ်တို့ပစ်တဲ့ ခဲလုံးတွေကို ရိုက်ချပြတယ်။ ပြီးတော့မှ တစ်ခါ မျက်နှာကို အဝတ်နဲ့စည်းထားပြီး ဂြိုတ်လုံးပေါ် လမ်းလျှောက်ပြတယ်အဖေ။ ဆမ္မာကြီးဟာ တကယ် ထူးဆန်းတယ်။ အဖေ တစ်နေ့လောက် လိုက်ကြည့်ပါလား"

ယခု သူ့သားပြောတော့မှ စောစောက ရှာလယ်ပိုင်းတွင် ဆမ္မာကြီး လုပ်တမ်းကစားနေကြသည်ဆိုသော ကလေးများ၏ ကစားကွက်ကို ဂမ်ရော်မျက်စိထဲ မြင်မိလာသည်။ ဆမ္မာကြီးသည် ကလေးများအား ဤသို့ အမျိုးမျိုးလုပ်ပြပြီး စည်းရုံးနေပုံရ၏။ သူ့သားပြောသလိုသာဆိုလျှင် တကယ် ထူးဆန်းပါလားဟူသော အတွေးမဆုံးမီပင် သူ့သားဆိုင်ဂမ်က-

"မျက်နှာကို အဝတ်နဲ့အုပ်ထားပေမယ့် ဆမ္မာကြီးကို ခဲနဲ့ပစ်လို့ မထိဘူး၊ ခဲလာတဲ့အသံကို သူ့နားက ကြားတယ်လို့ပြောတယ်၊ အဲဒါကြောင့်လဲ ကျုပ်တို့ပစ်လိုက်တဲ့ ခဲလုံးကို မျက်နှာအုပ်ထားပေမယ့် လက်နဲ့ ဖမ်းပြတယ်၊ ဆမ္မာကြီးနားက မုဆိုးနားထက် ပါးတယ်နော်အဖေ၊ ခဲလုံးကိုသာမဟုတ်ဘူး၊ ပစ်လွှတ်လိုက်တဲ့ မြားတံကိုပါ ဖမ်းလို့ရတယ်ပြောတယ်၊ လက်ကလဲ တကယ်ဖြောင့်ပဲ၊ အမြင့်ကြီးမှာရှိတဲ့ နရွဲသီးအကင်းလေးတွေကိုတောင် ထိပြီးပြုတ်ကျလာအောင် ပစ်ပြနိုင်တယ်၊ အဖေတို့ မုဆိုးတွေထက် ဆမ္မာကြီးဟာ အများကြီးလက်ဖြောင့်တာပဲ၊ ပြီးတော့လေ အဖေ. . ဆမ္မာကြီးက ကျောက်ခဲတွေကို ပဲစေ့ထဲ မျိုချလိုက်ပြီး ဖင်ကထုတ်ပြတယ်၊ ချိုးစော်နံလား နမ်းကြည့်ကြဆိုပြီး သားတို့နှာခေါင်းတွေကို ထိုးကပ်တိုတာ ရယ်ရတယ်၊ ကြိမ်ကွင်းတွေကိုလဲ အဆက်မပြုတ်ဘဲနဲ့ ကြိမ်ကွင်းတည်း တစ်ကွင်းဝင်သွားအောင် လုပ်ပြတယ်၊ သိပ်ထူးဆန်းတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာမှ မဆန်းဘူး သား အဖေ ဟိုဘက်ပြည်တွေမှာ မြင်ဖူးတယ်၊ အဲဒါ မှော်ဆရာတွေ မျက်လှည့်ဆရာတွေ လုပ်ပြတဲ့အလုပ်ပါ၊ သားတို့ ဆမ္မာကြီးဟာ မှော်ဆရာပဲ၊ ဒီလောက်တော့ တတ်တာပေါ့၊ ဒီထက် ကြောက်စရာကောင်းတဲ့ ဝင့်ဝင်ပြီး ကျားတွေ၊ ကြောင်တွေ၊ တိရစ္ဆာန်တွေ အဖြစ်ကို. . ."

"ဆမ္မာကြီးဟာ မှော်ဆရာမဟုတ်ပါဘူးတဲ့ အဖေ၊ သူက သူတော်ကောင်း သန္တာ. . ."

"သူကတော့ ဟုတ်တယ်လို့ ဘယ်ပြောမလဲ သားရယ်၊ လူတွေကို ဖြားစားတတ်တဲ့ မှော်ဆရာမှန်း အဖေတို့ ရွာသူရွာသားတွေ သိသွားရင် သူ့ကို မောင်းထုတ်ကြမှာကြောက်လို့ တမင်လိမ်ပြောတာ၊ အဲဒီ ဆမ္မာကြီး သင်္ခမ်းကျောင်းနားကို မသွားကြနဲ့နော်၊ သားတို့ကို သူ့မှော်အတတ်တွေနဲ့ မျှားခေါ်ပြီး တစ်နေ့မှာ ဝင့်ဝင်လာရင် ကိုက်သတ်စားလိမ့်မယ်၊ အရင်က သားတို့ကို အဖေ ပြောဖူးသားပဲ၊ အဖေကတော့ ဆမ္မာကြီး ဝင့်ဝင်တာ ကိုယ်တိုင်မြင်ခဲ့ရလို့ သားတို့ကိုပြောတာ၊ သတိပေးရတာ"

ဆမ္မာကြီးက မှော်ဆရာဖြစ်သဖြင့် ဤအတတ်တွေကို တတ်သည် ဟူသော စကားကြောင့်လားမသိ၊ သူ့သားသည် အဖေဖြစ်သူ ဂမ်ရော်၏ စကားကို ခဏတွေသွားပြီး -

"သားတို့လည်း အဲဒီလိုမှော်အတတ်ကို တတ်ရင်ကောင်းမယ်နော် အဖေ"

"မှော်အတတ်ဆိုတာ တတ်ကောင်းတဲ့ အတတ်မဟုတ်ဘူး"

"ဟင်. . . ဘာဖြစ်လို့လဲ အဖေ"

"ဘာဖြစ်လို့လဲဆိုတော့ အရင်က မှော်ဆရာတွေ ဝင့်ဝင်ရတဲ့ အကြောင်း အဖေပြောဖူးတယ်၊ တချို့ မှော်ဆရာတွေဆို နေ့မှာ လူဖြစ်ပြီး ညဆို တိရစ္ဆာန်အဖြစ်နဲ့ နေကြရတယ်၊ ဝင့်ဝင်တဲ့အခါမှာလဲ သူတို့ အစီအမံတစ်ခုခု ချွတ်ချော်တိမ်းပါးသွားရင် တစ်သက်လုံး တိရစ္ဆာန်ဖြစ်သွားရော၊ လူက သမန်းကျားဖြစ်သွားတယ်ဆိုတာ ကြားဖူးတယ်မဟုတ်လား၊ သား တိရစ္ဆာန်ဖြစ်သွားမှာ မကြောက်ဘူးလား"





"ဟာ . . တိရစ္ဆာန်ဖြစ်သွားမှာတော့ ကြောက်တာပေါ့အဖေရ"

"အေး. . ကြောက်ရင် နောက်ကို ဆမ္မာကြီးဆီ မသွားနဲ့တော့"

"သားတို့မှ သူ့လို မှော်ဆရာမလုပ်ချင်တာ"

"သား ဘယ်လောက်ပဲ မလုပ်ချင်,မလုပ်ချင် မှော်ဆရာ ဆမ္မာကြီးနဲ့ နီးနီးကပ်ကပ်နေရင်လဲ မသိမသာနဲ့ မှော်ဆရာဖြစ်သွားတတ်တယ်တဲ့ သားရယ်"

သူ ခြိမ်းခြောက်ပြောသောအခါ သူ့သားဆိုင်ဂမ်က ငိုင်တိုင်တိုင် ဖြစ်သွားသည်။ ထို့ကြောင့်လည်း သူကြီးဂမ်ရော်က ဆမ္မာကြီးသည် ကြောက်စရာကောင်းသော မှော်ဆရာကြီးတစ်ယောက်ဖြစ်ကြောင်းကို သူ့ ကိုယ်တွေ့ဟု လုပ်ကြံပြောပြရသည်။

သို့သော် တစ်ရက်၊ နှစ်ရက်ပင်မကြာ ဆိုင်ဂမ်မှာ ရွာက ကလေးများနည်းတူ ဆမ္မာကြီးဆီ ရောက်သွားပြန်သည်။

ထို့ကြောင့်လည်း တစ်နေ့ ညနေ၌ ဂမ်ရော် မြားတံထုနေသော ဒိုရုံထဲ ဝင်လာပြီး -

"အဖေ ဒီမှာကြည့်ပါဦး ဒီတုတ်တံဟာ အသက်ရှိလား" ဟု မေးလာပြန်၏။

သူ့သားပြသော တုတ်ချောင်းလေးကို မြားတံထုရင်းက လှည့်ကြည့်ရပြန်သည်။

တုတ်တံ ဝါးခြမ်းပြားလေးမှာ မီးခြစ်ဆံထက် အတုတ်ကြီးပြီး လက်နှစ်ဆစ်လောက်သာရှည်သည်။

"တုတ်တံပဲ သားရယ် ဘယ် အသက်ရှိပါ့မလဲ"

"အသက်မရှိတဲ့ တုတ်တံက ရေကူးပြတတ်ပါ့မလား"

"ဘယ်ပြတတ်မလဲသားရယ် တုတ်တံမှာ အသက်မှမရှိတာ"

"ဟဲ ဟဲ အသက်မရှိတဲ့ တုတ်တံ ရေကူးပြမယ်၊ ဒီမှာ အဖေကြည့်"

ပြောပြောဆိုဆိုနှင့်ပင် သူ့သား ဆိုင်ဂမ်သည် အနား၌ရှိသော သူ၏ ဓားသွေးခွက်၊ မြားတံသွေးခွက် ရေအင်တုံထဲသို့ တုတ်ချောင်းကလေးကို ပစ်ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ဖြစ်သဖြင့် သူကြီးဂမ်ရော် အံ့အားသင့်သွားမိပြန်သည်။ သူ့သားဆိုင်ဂမ် ပစ်ချလိုက်သော တုတ်ချောင်းကလေးသည် ရေအင်တုံထဲ လျှောက်ပြေးနေလေသည်။

"ဟင်း. . ဟင်း အဖေကပြောတော့ အသက်မရှိရင် ရေမကူးတတ်ဘူးဆို အခု ဒီတုတ်ချောင်းကလေးက အသက်မရှိဘဲနဲ့ ရေအင်တုံထဲ ဘာလို့လျှောက်ပြေးနေတာလဲ၊ အဖေပြောလေ"

အမှန်ပင် အသက်မရှိသော တုတ်ချောင်းကလေးက ခါးဆေးသော ရေအင်တုံထဲ လျှောက်ပြေးနေသဖြင့် ခဏငိုင်ကြည့်ပြီး -

"မှော်ဆရာ ဆမ္မာကြီးက မန်းပေးလိုက်လို့ ဖြစ်မှာပေါ့ သားရယ်"

"သားတို့ကလဲ အစကတော့ အဖေထင်သလိုပဲ ဒါပေမယ့် ဆမ္မာကြီးက သူဟာ မှော်ဆရာမဟုတ်ပါဘူးတဲ့၊ ဒီတုတ်ချောင်းကလေး ရေကူးတာဟာ အပူ အအေး ဝိရောဓိဖြစ်ပြီး ရုန်းကန်လှုပ်ရှားသွားတဲ့ သဘောပါတဲ့။ ဘာမှော်အတတ်မှ မဟုတ်ဘူးတဲ့၊ ဓာတ်ကြီးလေးပါးကို သဘောပေါက်ထား သိထားရင် ဘာမဆို လုပ်လို့ရတယ်တဲ့၊ အခု ဒီတုတ်ချောင်းကလေး ခဏ ရေကူးပြတာ အပူအအေး ဝိရောဓိဓာတ် ဆန့်ကျင်ဘက်ဖြစ်တာတဲ့၊ ဒီတုတ်ချောင်းလေးမှာ နားဖာချေးသုတ်ထားတာအဖေ၊ နားဖာချေးက အပူဆိုတော့ ရေနဲ့ထိရင် ရုန်းကန်လှုပ်ရှားတဲ့ သဘောတဲ့၊ ဒါ ဘယ်သူလုပ်လုပ် ဒီလိုပဲဖြစ်တယ်၊ အခု မယုံရင် အဖေနားကလော်တဲ့ နားဖာကလော်တုတ်ကို ရေထဲချကြည့်လိုက် တုတ်တံက ရေထဲပြေးနေမှာပဲ"

သူကြီးဂမ်ရော်သည် သူ့သားပြောသလို ဟုတ် မဟုတ် သိချင်သဖြင့် ထရုံပေါက်မှ တုတ်ချောင်းလေးတစ်ခုနှင့် နားဖာချေးကလော်လိုက်ပြီး ရေအင်တုံထဲ ထည့်ကြည့်ရာ သူ့သားပြောသလိုပင် တုတ်ချောင်းလေးက ရေအင်တုံထဲ ဦးတည်ရာမဲ့ လျှောက်ပြေးနေလေသည်။

"ဟုတ်တယ်နော် အဖေ အခု တွေ့လား၊ တုတ်တံကလေး ရေထဲလျှောက်ပြေးနေတာ၊ ကျောက်ခဲ ရေပေါ်တယ်ဆိုတာ အဖေ ကြားဖူးမှာပေါ့၊ ဆမ္မာကြီးဆီမှာ ကိုင်ကြည့်ရင် သိပ်လေးပေမယ့် ရေထဲချလိုက်ရင် ရေပေါ် ပေါ်နေတဲ့ ကျောက်ခဲတွေ၊ အမြှုပ်တစီစီနဲ့ ရေကူးသွားနေတဲ့





ကျောက်ခဲတွေ၊ နားနားကပ်ပြီ နားထောင်ရင် တစီစီအော်မြည်နေတဲ့ ကျောက်ခဲတွေ အများကြီးပဲအဖေ၊ အဲဒါတွေဟာ ဓာတ်ကြီးလေးပါးရဲ့ အစုအဝေးတွေလို့ ဆမ္မာကြီးကပြောတယ်၊ ဓာတ်ကြီးလေးပါးကို နားလည်ထားရင် ဘာမဆို လုပ်လို့ရတယ်တဲ့"

"ဓာတ်ကြီးလေးပါးကို နားလည်အောင် ဘယ်လိုလုပ်ရလဲလို့ သားတို့က ဆမ္မာကြီးကို မေးမကြည့်ကြဘူးလား"

"သားက ဘယ်မေးရဲမလဲ အစ်ကိုကြီးရောင်ရင်တို့ လော်မာတို့က မေးကြတယ်"

"မေးတော့ ဘာပြောလဲ"

သူ တစ်ခါမှ မကြားဖူး မမြင်ဖူးသည်ကို သူ့သားဆိုင်ဂမ်က ကိုယ်တွေ့ ပြောပြနေသောအခါ တောင်ပိုင်ကြီး ဂမ်ရော်မှာလည်း အံ့ဩသိချင်စိတ်နှင့် သူ့သားကို မေးမိလိုက်၏။

"ဆမ္မာကြီး ပြောတာကတော့ ဘာပါလိမ့်၊ သားလဲ ကောင်းကောင်း မပြောတတ်ဘူး၊ ဒိဋ္ဌေ ဒိဋ္ဌဆိုလား၊ အာန ဘာဆိုလား၊ အာနာပါနဆိုလား အရင်လုပ်ရတယ်တဲ့၊ အမိပ္ပာယ်ကတော့ တရားထိုင်တယ်လို့ သားတို့ နားလည်ကြတယ်၊ အခု အဲဒါ အစ်ကိုကြီးတွေ လုပ်နေကြတယ်"

"အစ်ကိုကြီးဆိုတာက ဘယ်သူတွေလဲ သား"

"ရောင်ရင်တို့ လော်မာတို့လေ အဖေ သူတို့က ဆမ္မာကြီးတပည့်ခံထားကြတာကိုး၊ သူတို့အဖေတွေက မုဆိုးတွေဆိုတာ အဖေသိပါတယ်နော်"

"အေးပါ အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ အဖေရာ သူတို့ အဖေတွေတောင် အခု မုဆိုးမလုပ်ကြတော့ဘူးတဲ့၊ ဆမ္မာကြီးက မုဆိုးလုပ်တာကို မကြိုက်လို့တဲ့၊ သားကိုလဲ မင်းအဖေက သူကြီး၊ နာမည်ကြီး မုဆိုးဆို ဟုတ်လား၊ ဒါဆို လူမိုက်ကြီး သားပါလား၊ လာ. . . ဒီကို ဘာဘပြောမယ်ဆိုတော့ ကျွန်တော်ကြောက်ကြောက်နဲ့ ဆမ္မာကြီးအနား ရောက်သွားတယ် မင်းအဖေလို မမိုက်နဲ့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အဖေက ဘာလို့မိုက်ရမှာလဲ သူကြီးဗျ တောင်ပိုင်ဗျလို့ သားက ပြန်မပြောလိုက်ဘူးလား၊ ခင်ဗျား ဒီနေရာနေရတာ အဖေကောင်းလို့ နေနေရတာလို့ ပြန်မပြောခဲ့ဘူးလား"

သူ့ကိုသာမဟုတ် ကလေးကိုပါ လူမိုက်သားဟု ပြောသည်ဆိုသဖြင့် ဂမ်ရော်မှာ ဒေါသဖြစ်ရပြန်သည်။

"အဖေကလဲ. . . ဆမ္မာကြီးကို ကျုပ် ဘယ်ပြောရဲမလဲဗျ၊ သူက သားတို့ကို လူမိုက်လို့ပြောတာက သူကြီးလုပ်တာ တောင်ပိုင်လုပ်တာ ပြောတာမဟုတ်ဘူး အဖေ၊ မုဆိုးလုပ်တာ တိရစ္ဆာန်တွေကိုသတ်တာ ပြောတာ၊ မုဆိုးသား မုဆိုးသားလို့ အခေါ်ခံရတာ ဆမ္မာကြီးကျောင်းမှာ သား မျက်နှာငယ်တယ် အဖေရာ၊ လော်မာတို့ ရောင်ရင်တို့ အဖေတွေလို အဖေလဲ မုဆိုးမလုပ်နဲ့တော့ဗျာ"

"ဟ. . သား အဖေ မုဆိုးမလုပ်ရင် သားတို့အမေနဲ့ ရွာသူရွာသားတွေ ဘာဝတ်ကြမှာလဲ၊ ဆားကကော ဘယ်သူကလာပေးမှာလဲ၊ အဖေတို့တောင်ပေါ်မှာ အဖိုးတန်ထွက်ကုန်ဆိုလို့ ကတိုးနဲ့ တိရစ္ဆာန်ပစ္စည်းတွေပဲ ရှိတာ"

"အဲဒါလဲ ဆမ္မာကြီးကတော့ ပြောတာပဲ အဖေရာ၊ လူတွေ. . ."

"ဘာပြောလဲ ဆမ္မာက. . ."

"သားကိုပြောတာတော့မဟုတ်ဘူး၊ ကိုကြီးလော်မာနဲ့ ရောင်ရင်တို့ကို ပြောနေသံကြားတယ်၊ မင်းတို့ဆီမှာ ရွှေငွေတွေထက် တန်ဖိုးရှိတဲ့ပစ္စည်းတွေ အများကြီးပါ၊ တောတိရစ္ဆာန်တွေကို သတ်ပြီး ဟိုဘက်သွား ရောင်းမှ ဆားနဲ့ အဝတ်အထည် ရတာမဟုတ်ဘူး၊ သယံဇာတတွေ အများကြီးပါတဲ့"

"ဘာလဲ သယံဇာတဆိုတာ. . ."

"အဲဒါတော့ သားလဲမသိဘူးလေ၊ ဆမ္မာကြီး ပြောတာကတော့ တိရစ္ဆာန်တွေကိုလဲ သတ်ဖို့မလိုဘဲ ဟိုဘက်ကိုလဲ ပင်ပန်းခံမသွားဘဲ ဆားနဲ့ အဝတ်အထည်တွေ ရနိုင်တဲ့ နည်းလမ်းတွေ အများကြီးရှိပါတယ်လို့ ပြောနေသံကြားလို့ ပြောရတာပါ"





"အလကားပြောတာ ကတိုးအိတ်တွေ၊ သားကောင်တွေ အရိုးအရင်း၊ သည်းခြေ၊ ဦးချို မပေးဘဲနဲ့ သူ့ကို ဘယ်သူက ဆားနဲ့ အဝတ်အထည်တွေ ရနိုင်တဲ့ နည်းလမ်းတွေ အများကြီး ရှိပါတယ်လို့ ပြောနေသံကြားလို့ ပြောရတာပါ"

"အလကားပြောတာ ကတိုးအိတ်တွေ သားကောင်တွေ အရိုးအရင်း၊ သည်းခြေ၊ ဦးချို မပေးဘဲနဲ့ သူ့ကို ဘယ်သူက ဆားနဲ့အဝတ်အထည် လာပေးမှာလဲ၊ ဟိုပြုတ်မန္တန်း သုံးလေးကောင်ကို အဲသည်လိုပြောပြီး မင်းတို့ဆမ္မာက အိမောင်နဲ့ ရမ်ကို မုဆိုးမလုပ်ကြနဲ့ပြောခိုင်းတာ နေမှာပေါ့၊ ဟိုငတုံးနှစ်ကောင်ကလဲ အဲဒါ အဟုတ်မှတ်နေကြတာ၊ ရာသီရောက်လို့ ကိုယ့်လက်ထဲ ဘာကောင်မှ ရထားတာမရှိမှသိမယ်၊ အမှန်က ဘာမှ မဟုတ်ဘူး၊ သူ့မယား နို့ပျဉ်းကျမတွေကို မုဆိုးတွေသတ်မှာစိုးလို့ တမင် ကြံဖန်ပြောနေတာ၊ ဒင်းနဲ့ငါ တစ်နေ့တော့ တွေ့ဦးမယ်"

သူကြီးဂမ်ရော်မှာ ဒေါသက ဖြစ်လာပြန်သဖြင့် သူ့သားစတားကိုပင် ဆက်နားမထောင်တော့ဘဲ ပန်းပဲဖိုရုံထဲက ဒေါကြီးမောကြီး ထွက်လာလေသည်။

ဤနှစ်တွင် ဘယ်လိုက ဘယ်လိုဖြစ်သည်ကိုတော့ သူကြီးဂမ်ရော်လည်း မတွေးတတ်။ ခါတိုင်းနှစ်တွေမှာ ဤလို တောင်ယာခုတ်ချိန်၌ သူ့ပန်းပဲဖိုတွင် လူဝင် လူထွက်တွေနှင့် ရှုပ်ယှက်ခတ်နေကြသည်။ မိမိရွာက လူများသာမဟုတ် ရွာနီးချုပ်စပ်က ဓားလာဆေးသူ၊ ဓားလာသသူ၊ ဓားလာလုပ်သူတွေနှင့် သူ့မှာ လက်မလည်အောင် လုပ်ခဲ့ရသည်။ သူတစ်ယောက်တည်း မနိုင်သဖြင့် သူ့လက်ရင်းတပည့် ဆယ်အိမ်ခေါင်းလေးပါလေရာကိုပင်ခေါ်ပြီး ပန်းပဲပညာသင်ပေးရင်း လုပ်အားတောင်းခဲ့ရသည်။

ဤသည်မှာ ယခင့် ယခင်နှစ်တွေက ယခုနှစ်တွင် သူ့ဆီ ဓားလာသသူ၊ ဓားလာဆေးသူ၊ ဓားလာလုပ်သူဆို၍ နည်းပါးသွားကာ ကျိုးတိုးကျဲတဲဖြစ်သွားသည်၊ ပြီးတော့ အထူးသဖြင့် မိမိရွာသားများထက် ရပ်နီးရွာနီးက လူတွေလောက်သာ အလာများသည်။ ယခု သူ အများဆုံး လုပ်



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဘယ်လိုသစ္စာလဲကွ ပါလေရာ ပြောစမ်းပါဦး"

"သူ့ဆရာ ဆမ္မာကြီးဆီမှာ သစ္စာဆိုရတာကတော့ ဆောင်ဓားနဲ့ ယာခုတ်ဓားကလွဲပြီး နောက်ဘယ်ဓားမှ မလုပ်ပါဘူး၊ အထူးသဖြင့် တိရစ္ဆာန်တွေကို သတ်ဖြတ်မယ့် မုဆိုးတို့အလို့ငှာ မြားတံသံဟက်များကို လုံးဝမလုပ်ပါဘူး၊ အကယ်၍ လုပ်မိခဲ့သော် ထိုမြား ထိုသံဟက်တွေဆူး လို့သေပါစေဆိုပြီး ဆမ္မာကြီးဆီမှာ ကတိခံ သစ္စာပြုရတယ်လို့ ရောင်ရင် ကပြောပါတယ် အာစရိ၊ ဟုတ် မဟုတ်တော့ ကျုပ်လဲ မသိဘူး၊ အခု အာစရိ ပြောပုံအရဆို ဒီကောင် ဆမ္မာကြီးဆီမှာ အဲသည်လို ကတိခံ သစ္စာပြုပြီးလုပ်လာလို့ သူ့ဓားတွေကများ အဆေးမာ သံသေသံသားကျ ဖြစ်နေလားမှ မသိတာ"

"တကယ် ဟုတ်ကော ဟုတ်ရဲ့လားကွာ"

"ဘာကိုလဲ အာစရိ"

'ဟို ပြုတ်မန္တလေး ရောင်ရင်ရဲ့ဓားက အဆေးမာတယ် သံသား သေတယ်ဆိုတာလေကွာ"

"အဲဒါတော့ ကျုပ်လဲ မပြောတတ်သေးဘူး အာစရိ"

ဤစကားကို ပါလေရာပြောခြင်းမှာ သူ့ဆရာ သူကြီးဂမ်ရော်ကို အားနာ၍ဖြစ်သည်။ အမှန်က ဤသည်မှာ မေးနေစရာပင် မလိုတော့။ ခါတိုင်းနှစ်တွေလို တောင်ယာလှိုင်လှိုင် ခုတ်ချိန်မှာ သူ့ဆီ ဓားလာလုပ်သူ၊ ဓားလာသသူ၊ ဓားလာဆေးသူ နည်းပါးသွားသည်နှင့် ရောင်ရင်မလုပ်သော မြားတံသံဟက်တွေကိုသာ လာလုပ်နေကြခြင်းက သက်သေခံနေလေပြီ။

ဤသည်ကို နောက်မှတွေးမိပုံရသော သူကြီးဂမ်ရော်မှာ သူ့တပည့် ကြီးရှေ့၌ မျက်နှာပင် ဘယ်ထားရမှန်းမသိ ဖြစ်သွားသည်။ သည်အတိုင်း ဆိုလျှင် နောက်နှစ်နောင်ခါ သူ့ဆီ မည်သူမျှ ဓားလာအပ်ကြတော့မည် မဟုတ်။ အခုမှပေါက်လာသော ရွှေကြာပင် ပန်းပဲသမားလေး ရောင်ရင် ကြောင့် သူ သိက္ခာကျဦးမည်။

အရင်းစစ်လျှင် အမြစ်မြေကဆိုသလို ဤသည်မှာလဲ ဆမ္မာကြီး ကြောင့်ပင်တည်း။





ဤဆမ္မာကြီး ရှိနေသမျှ သူ့သိက္ခာမှာ တစ်နေ့တခြား ကျပြီးရင်း ရင်း ဖြစ်လာချေပြီ။ ဤဆမ္မာကြီး ကျားရဲတောင်က မြန်မြန်ပြေးရအောင် မည်သို့လုပ်ရကောင်းမည်နည်း။ တိုင်ပင်စရာ အကြံဉာဏ်ကောင်းစရာ ၍လည်း သူ့မှာ ပါလေရာနှင့် ဆယ်အိမ်ခေါင်း နှစ်ယောက်သာရှိသည်။ ည်အကောင်တွေကလည်း ဆမ္မာကြီးနှင့် ရွာသူရွာသားဘက် ယခုအခါ ပ်ပါပါဖြစ်နေကြသည်။ သူပြီးလျှင် ဒဟူရွာတွင် ဩဇာအာဏာအရှိဆုံး ကြီးဟောင်း ဒူဝါဒိုင်တို့ကို သွားတိုင်ပင်လျှင်လည်း ယခင်ကပင် ဆမ္မာ နည်းတွေကို မင်း သင်ကြားထားဖို့လိုပြီဟု ပြောဖူးသဖြင့် ဒူဝါဒိုင်ဆီ ား၍လည်း မဖြစ်သေး။

အကယ်၍ ဆမ္မာကြီးကို ကျားရဲတောင်မှာ မနေနိုင်အောင် သူ ပ်နေပါသည်ဆိုသော သတင်းစကားပေါက်ကြားသွားလျှင် သူ့မှာ ပိုပြီး သိက္ခာကျရတော့မည်။ မည်သို့ လုပ်ရမည်နည်း။ သူကြီး တောင်ပိုင် မ်ရော်မှာ တွေးရင်း တွေးရင်း ခေါင်းသာနောက်လာသည်။ ထိုအခါ တ်ကြီးသူ့ စိတ်ဆတ်သူပီပီ ဆမ္မာကြီးကိုချည်း မစ္ဆရိယပွားကာ ဒေါသ ည်းထွက်နေလေသည်။ ဆမ္မာကြီး သူ့ပိုင်နက် ကျားရဲတောင်က ပြောင်း ပြေးရအောင် နည်းလမ်းကိုလည်း ဂမ်ရော်မှာ ကြံဆတွေးတော၍ မရသေး။ သည်လိုနှင့် တောင်ယာခုတ်၊ စူးထိုးစပါးစိုက် ရာသီမှသည် တောင်ယာ ဝါး မှည့်ဝင်းစပြုသောရာသီကို ရောက်လာလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

တောင်ယာစပါးများ မှည့်ဝင်းစ အချိန်ဆိုလျှင် တောဝက်အုပ်များ တောင်တိုင်းလိုလိုကို လာရောက်ဖျက်ဆီးကြသည်။ သူတို့တောင်ယာတွေ မှာ ရွာနှင့်လည်းမနီးသဖြင့် တစ်နှစ်,တစ်နှစ် ဝက်အုပ်တွေဝင်စား၍ စပါး များ ပျက်ဆီးရသည်မှာ တစ်ဝက်ပင်မရကြ။ သို့သော် ထိုရာသီတွင် တော ဝက်သားများကိုတော့ ရွာသူရွာသားများ အလျှံပယ် စားကြရသည်။ စား မကုန်သော တောဝက်သားများကို အိမ်တိုင်းလိုလို၌ အခြောက်ပင် လှန်း ထားနိုင်ကြသည်။ မိုးတွင်းရောက်၍ ဆန်မလုံလောက်လျှင် ထိုအခြောက် အခြမ်း ဝက်သားများနှင့် ဆန်ကို အနည်းငယ်သာထည့်ပြီး သားပွမ်းထမင်း များလည်း လုပ်စားကြရသည်။

တောင်ယာစပါးများ မှည့်ဝင်းစအချိန်တွင် တောင်ယာထဲလာပြီး သောင်းကျန်းကြသော ဝက်အုပ်များကို နှိမ်နင်းရာမှာတော့ သူကြီးဂမ်ရော် နှင့် ရွာမုဆိုးတွေက အားကိုးရသည်။ သားရဲတိရစ္ဆာန်များနှင့် ကျားပေါ သော အရပ်ဖြစ်သဖြင့် နေညှိသည်နှင့် တောင်ယာထဲ ယာခင်းရှင်တွေက မနေရဲကြသော်လည်း ရွာသူရဲကောင်း သူကြီးဂမ်ရော်နှင့် ရွာမုဆိုးတွေက တော့ ရှိသမျှ တောင်ယာတွေကို တစ်ညလုံး လှည့်လည်ကာ ဝက်ပစ်ကြ ရသည်။ ထို့ကြောင့်လည်း သူတို့ရွာသားတွေမှာ ဆန်ရှားမှာတော့ အပူပင် ကြီး မဖြစ်ကြ။ "သူကြီးနဲ့ ရွာမုဆိုးတွေရှိတာပဲ သားပွမ်းထမင်းတော့ ဘယ်သူမှ မငတ်နိုင်ပါဘူး"ဟုပင် လက်သုံးစကား ဆိုထုံးပြုထားကြသည်။





ထို့ကြောင့်လည်း ယနေ့ညတွင် သူကြီးဂမ်ရော်နှင့် ဆယ်အိမ်ခေါင်း လေး ပါလေရာတို့သည် မိုးချုပ်သည်နှင့် တောဝက်ပစ်ရန် ရွာထဲက ထွက် လာကြသည်။ သူတို့နှစ်ယောက် ဝက်ပစ်ရန် ထွက်လာကြသော ယာတောင် မှာ ရွာနှင့် ရေခဲချောင်းလေးတစ်ခုသာခြားသည်။ ထိုရေခဲချောင်းလေးကို ယာခင်းရှင်တွေက ဆမ္ဗာကြိုး ကြိုးတံတားထိုးထားကြသည်။ ထို့ကြောင့် လည်း တောင်ယာရှင်တွေမှာ မိုးကြီး၊ ရေကြီးသော်လည်း သူတို့တောင်ယာ ဆီ အချိန်မရွေး သွားလာနိုင်ခဲ့ကြခြင်း ဖြစ်သည်။

ယခု တောဝက်ပစ်ရန်လာကြသော ဂမ်ရော်တို့ ဆရာ တပည့် နှစ်ယောက်မှာလည်း ဟိုတုန်းကလို တောင်အောက်ဆင်း၊ ပြီးတော့မှ ယာတောင်ရှိရာတောင်ကို တစ်ခါ မတက်ကြရတော့ဘဲ မိုးဦးကပင် ယာခင်းရှင်များထိုးထားသော ဆမ္ဗာကြိုး ဂြိုဟ်ကြိမ်ကြိုးတံတားမှ လျှောက် လာကြခြင်းဖြစ်သည်။

မိုးအနှောင်း ဆောင်းအကူးကာလ၊ ရာသီဥတုကလည်း သာယာ သဖြင့် လဆန်းလကလည်း ထိန်ထိန်သာနေရာ တောထဲကယာခင်းထဲ ထွက်လာကြမည့် ဝက်အုပ်ကြီးကို သူကြီးဂမ်ရော်နှင့် ပါလေရာတို့က ယာစ နားရှိ သစ်ပင်ကြီးတစ်ပင်ကို အကာအကွယ်ယူကာ မျက်တောင်မခတ် စောင့်ကြည့်နေကြသည်။ မကြာပါချေ။ လေးငါးခြောက်ကောင်ရှိသော တောဝက်အုပ် တစ်အုပ်သည် ယာစနား ချက်ချင်းရောက်လာကြ၏။ ဂမ်ရော်နှင့် ပါလေရာတို့ကလည်း ဒူးလေးတိုယ်စီနှင့် အသက်အောင့် ပစ်မှတ်ကို ရွေးနေကြစဉ် -

"ဘောင်း. . ဘောင်း. . ဘောင်း. . ဘောင်း. ." ဟူသော ပေါက်ကွဲသံကြီး တစ်ခုသည် တောင်ချိုင့်တစ်ခွင်လုံး မြည်ဟည်းရိုက်ခတ် သွားကာ ဂမ်ရော်၏ နားစည်ထဲပင် ဘောင်ဘင်လာခတ်သွားသည်။ ထို့ ကြောင့် ဂမ်ရော်နှင့် ပါလေရာတို့မှာ လန့်ဖျပ်ပြီး ရုတ်တရက် ထ,ခုန်မိ မတတ်ပင် ဖြစ်သွားကြသည်။ သူတို့သာမဟုတ် တောဝက်များလည်း လန့်ဖျပ်ပြီး တစ်ချိုးတည်း ဝရုန်းသုန်းကားနှင့် ချက်ချင်း တောထဲဝင်ပြေး သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . ပါလေရာ ဘယ်လိုဖြစ်တာလဲကွ၊ ဘာသံပါလိမ့်၊ တော...
ခြောက်တာလည်း မဟုတ်ပါဘူး ဘာသံလဲ"

"ဟုတ်တယ် သူကြီး ဒါ ဘာသံပါလိမ့် တောင်ချိုင့်တစ်ခုလုံး ဟိ...
သွားတာပဲ"

"ဟေ. . အေးကွ ဘယ်လို အသံပါလိမ့်"

ဤအရပ်မွေး ဤအရပ်ကြီးသူ ဖြစ်ကြသော်လည်း ဤလိုအသံမျိုး...
ကို တစ်ခါမှ မကြားဖူးကြသော သူကြီးဂမ်ရော်နှင့် ဆယ်အိမ်ခေါင်း...
ပါလေရာတို့မှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ပါးစ...
အဟောင်းသား ဖြစ်သွားကြသည်။

"တောခြောက် တောင်ခြောက်တာလဲ မဟုတ်ဘူးကွ၊ ဒီအသံမျိုး...
ဟိုတုန်းက ငါတို့ ဒီတော ဒီတောင်မှာ တစ်ခါမှ မကြားဖူးပါလား ဘာ...
ပါလိမ့်"

"ဟုတ်တယ် သူကြီး၊ တောမှာ တောင်မှာ တစ်ခါမှ မလန့်ဖူး...
ကျုပ်တောင် ရုတ်တရက်ဆိုတော့ လန့်သွားသဗျာ၊ အသံကြီးက ကျုပ်နား...
ထဲတောင် လာပေါက်ကွဲသလားထင်လိုက်. . ."

"ဘောင်း. . ဘောင်း. . ဘောင်း. . ဘောင်း. ."

ပါလေရာ၏ စကားမဆုံးမီ အသံကြီးက တစ်ခါ ပေါက်ကွဲမြည်...
ဟည်းလာပြန်ရာ ဤတစ်ခါတော့ သူတို့နှစ်ယောက်မှာ မုဆိုးနားပီပီ အသံ...
လာရာကို ချက်ချင်းခန့်မှန်းမိလိုက်ကြသည်။

"ကြားလိုက်ရတဲ့ အသံကတော့ ဟိုဘက် အီမောတို့ တောင်ယာ...
ဘက်ကပဲကွ ပါလေရာ၊ အဲ. . ဒီဘက် အီမောတို့ တောင်ယာရှိတာပဲ"

"ဟာ. . သူကြီးပြောလိုက်မှ ကျုပ်အမှတ်ရပြီဗျို့ ကျုပ်အမှတ်ရ...
ပြီ စောစောက ကျုပ်တို့ကြားလိုက်ကြတဲ့ အသံဟာ ကေန္တ ဆမ္မာကြီး
စက်ရဟတ်တွေ ပေါက်ကွဲသံဖြစ်ရမယ်ဗျ"

"ဟင်. . ပါလေရာ ဘယ်လို ဆမ္မာကြီးစက်ရဟတ်လဲကွ"

ဆမ္မာကြီးဟူသော စကားပါလာပြန်သဖြင့် သူကြီးဂမ်ရော်မှာ
အထိတ်တလန့်နှင့် ပါလေရာကို ကမန်းကတန်း မေးမိလိုက်ပြန်သည်။





"ဒီလိုဗျို့ သူကြီးရာ ဟိုတစ်လောက ကျုပ် အီမောတို့ ရွာဖျားပိုင်း
တို့ ရောက်တယ်၊ အီမောက သူ့သားတွေ ဆမ္မာကြီးတပည့်ခံထားကြတော့
မုဆိုးအလုပ်ကို မလုပ်ဘဲ ဒီနှစ် တောင်ယာများများလုပ်ထားတယ်၊ အဲဒါ
ဒီရာသီရောက်ရင် သူ့တောင်ယာစပါးတွေကို တောဝက်တွေ ဝင်မဖျက်နိုင်
အောင်ဆိုပြီး စက်ရဟတ်လုပ်နေတယ်လို့ ကျုပ်ကိုပြောတယ်"

"စက်ရဟတ်. ."

စက်ရဟတ်ဆိုသည့်ကို မကြားဖူးသော ဂမ်ရော်မှာ ပါလေရာ
စကားကို အံ့ဩရပြန်သည်။

"ဟုတ်တယ်သူကြီး အဲဒီ စက်ရဟတ်လုပ်တဲ့နည်းကို ဟိုပြုတ်မနူး
လေး လော်မာ ဆမ္မာကြီးဆီက ရလာတယ်ပြောတယ်"

"ငါ့နားရှုပ်သွားပြီ၊ ဘယ်လိုဆမ္မာကြီးဆီက ရလာတာလဲ၊ မင်းပြော
တဲ့ လော်မာဆိုတာ ဟိုပြုတ်မနူးကောင် အီမောသားပဲ မဟုတ်လား"

"ဟုတ်တယ်လေ သူကြီး၊ လော်မာတို့ ရောင်ရင်တို့ဆိုတာ ဆမ္မာ
ကြီးရဲ့ လက်ရင်းတပည့်တွေဆိုတာ သူကြီးကို ကျုပ်ပြောထားပြီးသားပါ"

"အေးပါ. . အေးပါကွာ အခု ဘယ်လို စက်ရဟတ်လဲဆိုတာသာ
ပြောစမ်းပါ"

"ဖြစ်တာက ဒီလိုသူကြီးရယ် ဆမ္မာကြီးက မုဆိုးအလုပ်ကို အမြဲ
ရှုတ်ချပြောဆိုနေတော့ လော်မာက တောင်ယာလုပ်တော့လဲ တောဝက်
တွေနဲ့ တောတိရစ္ဆာန်တွေ ဝင်ဝင်ဖျက်လို့ ကျုပ်တို့အဖ ဝမ်းစာမရရင် ဘယ့်
နှယ် လုပ်မလဲ ဆမ္မာကြီးလို့ ပြောပြရာက ဒီစက်ရဟတ်ကို ဆမ္မာကြီးက
လုပ်ပေးနည်းပြလိုက်တယ်လို့ အီမောက ကျုပ်ကိုပြော. . ."

"ဘယ်လိုလုပ်လဲ ဆိုတာကော မင်း သေသေချာချာ လေ့လာကြည့်
မိခဲ့ရဲ့လား"

"အထူးအဆန်းဆို ရွာမှာ ကျုပ်လေ့လာဖို့ သူကြီးက တာဝန်ပေး
ထားတာပဲ၊ ဘယ်မလေ့လာဘဲ နေပါ့မလဲ၊ သဘောကတော့ ဝါးကြီးတွေ
သေးတာပဲကွာတယ်၊ ဝါးလက်ခုပ်သဘောပဲဗျ၊ အထဲက ဂျင်ဘက်နဲ့
ကြသောင်းဝါးကြီးကို အီမောလုပ်. . ၊ ဟော. . ပေါက်ပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။ ပါလေရာက ဂမ်ရော်ကို ရှင်းပြနေချိန်မှာပင် ဆမ္မာကြီး စက်ရဟတ်ဆိုသော ဝါးလက်ခုပ်ကြီးက အီမောတို့ တောင်ယာဘက်မှ ပေါက်ကွဲသံကြီး ပေါ်လာပြန်လေသည်။ ပေါက်ကွဲသံ ဆုံးသွားသည်နှင့် ပါလေရာက အီမောဆီတွင် သူမြင်ခဲ့ရသော ဆမ္မာကြီး စက်ရဟတ် အကြောင်းကို ရှင်းပြရပြန်သည်။

ပါလေရာ ပြောသလိုပင် ဆမ္မာကြီး စက်ရဟတ်ဆိုသည်မှာ အထွေအထူး ဆန်းဆန်းပြားပြားတော့ ဘာမှမဟုတ်။ လူကြီးပေါင်ရင်းလောက်ရှိသော ကြသောင်းဝါးလုံးကြီးကို ဝါးလက်ခုပ်ကဲ့သို့ပင် ဝါးတိုနှစ်ခြမ်းခွဲ၍ အထဲတွင် ဂျလက်နှစ်ခု တပ်ထားသည်။ ထိုဂျလက်နှစ်ခုကို ကြိုးနှင့် ဆက်သွယ်ထား၏။ ဂျလက်တစ်ခု လည်ပြီဆိုလျှင် ကျန် ဂျလက်တစ်ခုမှာ ဆက်ထားသောကြိုးက သွားပတ်နေသည်။ ထို ဂျလက်ထိပ်တွင် ဆွဲကြိုးကိုတပ်ပြီး တောင်ယာမှသည် မိမိအိမ်အထိ သွယ်တန်းထားမည်။ တောဝက်နှင့် တောတိရစ္ဆာန်များ ည,ည တောင်ယာစပါးကို လာစားနေလျှင် ထိုဆက်သွယ်ရေးကြိုးကို အိမ်က မကြာ,မကြာ ဆွဲပေးခြင်းဖြင့် တောင်ယာ၌ ဆင်တပ်ထားသော ဝါးလက်ခုပ်ကြီး ဆမ္မာစက်ရဟတ်က တဘောင်းဘောင်း ထမြည် ထပေါက်တော့သည်။ ထိုအခါ တောင်ယာထဲ ရောက်နေသော တောဝက်များ လန့်ပြီးပြန်ပြေးကြသည်။

ပါလေရာ ရှင်းပြတော့လည်း ဆမ္မာကြီးစက်ရဟတ်ဆိုသည်မှာ လွယ်လိုက်သည့်ဖြစ်ခြင်း။ ရွာသူရွာသားတွေ တောင်ယာခင်းထဲ တောဝက်များ လာမဖျက်ဆီးနိုင်အောင် ဤလိုစိတ်ကူးမျိုး သူ ဘာကြောင့် စောစောစီးစီး မရတတ်ပါလိမ့်။ ဤလိုစိတ်ကူးမျိုးကိုသာ သူ စောစောစီးစီးရခဲ့၍ ရွာသူရွာသား တောင်ယာသမားများကို လုပ်ပေးနိုင်ခဲ့လျှင် သူ့အား မိမိတစ်ရွာတည်းကသာမဟုတ် တခြားရွာများရှိ တောင်ယာသမားများကလည်း လေးစားလာကြပြီး သူသည် တောင်ပိုင်သူကြီးမှ တောင်မင်းသူကြီးအုပ်ပင် ဖြစ်လာနိုင်သည်။ ဤသို့ သူများတွေ မကြံစည်၊ မလုပ်တတ်၊ မလုပ်ရဲသော ထူးခြားချက်တစ်ခုခုကို လုပ်ပြနိုင် စွမ်းဆောင်နိုင်မှ သူတို့အရပ်တွင် တောင်ပိုင်သူကြီးဖြစ်ရသည်။





ယခု ဂမ်ရော် ဒဟူရွာသူကြီး ဖြစ်လာရခြင်းမှာ မည်သူ တစ်ဦးတစ်ယောက်မှ မရဖူး မပစ်ဖူးသော ရေခဲတောင်ပေါ်က ဖွတ်ဘီလူးကြီးကို ပစ်ခတ်ရလာခဲ့သည့် သတင်းကျော်စောမှုကြောင့် အသက်အရွယ် ကြီးရင့်နေသူ ဒူဝါဒိုင်ကို အငြိမ်းစားပေးပြီး တောင်မင်းကြီးက သူ့ကို သူကြီးရာထူးခန့်လိုက်ခြင်းဖြစ်သည်။ ဤသည်မှာလည်း သူတို့ဆီ၌ အစဉ်အလာဖြစ်သဖြင့် သူကြီးဟောင်းကလည်း ထိုစဉ်က ဂမ်ရော်ကို သူ့ရဲကောင်းတစ်ယောက် ဖြစ်ကြောင်း၊ သူကြီးရာထူးနှင့် ထိုက်တန်ကြောင်းကို ကြည်ကြည်ဖြူဖြူပင် တောင်မင်းကြီးဆီ၌ ကတိဝန်ခံချက် ပေးခဲ့သည်။

ဝေသီမြစ်ခေါင်သော ရေခဲတောင်ပေါ်မှ ဖွတ်ဘီလူးကြီးကို ပစ်ခတ်၍ ရလာခြင်းမှာ ရွာသူရွာသားတွေအတွက်က ဘာအကျိုးမှမပြု။ သူတို့ရွာသူကြီးက တခြား ရွာသူကြီးထက် တော်သည်ဟု ရွာသူရွာသားများ ကြွားစရာကလွဲပြီး ဘာအကျိုးမှမရှိ။ တောင်မင်းကြီး အနေမှာလည်း ဒါ ဒဟူရွာသူကြီး ရေခဲတောင်ပေါ်က ပစ်ဖမ်းလာပြီး ကျုပ်ကို ဆက်သထားတဲ့ ဖွတ်ဘီလူးကြီးရဲ့ အရေခွံပဲဗျို့ဟု ကြွားရုံကလွဲပြီး ရပ်သူရွာသားများတို့ ဘာအကျိုးမှ ပြုနိုင်သည့်အရာမဟုတ်။

ယခု ဆမ္မာကြီးကမူ ကြိုးတံတား၊ ရေပင်၊ ကျောက်အိမ်ကစပြီး တောဝက်နှင်နည်း စက်ရဟတ်များကိုပင် လုပ်ပေးနိုင်သူဟူသော သတင်းစကားသာ တောင်မင်းကြီးဆီ ရောက်သွားလျှင် သူ့အား ဒဟူရွာသူကြီးအဖြစ်မှပင် ယယ်နုတ်ခံရပြီး ဆမ္မာကြီးကို သူကြီးရာထူးပေးခဲ့သော် . . ဂမ်ရော်မှာ ဆက်၍မတွေးချင်လောက်အောင် စိတ်ဓာတ်ကျသွားပြန်သည်။ အီမောတို့ ယာတောင်ဘက်က ဆမ္မာကြီး၏ စက်ရဟတ်ကလည်း မကြာမကြာ ထ,ထပေါက်နေရာ သည်အတိုင်းဆိုလျှင် ဘယ်တောဝက်တစ်ကောင်တစ်မြီးမှလည်း ယာတောသို့ လာတော့မည် မဟုတ်ဆိုသည်ကို သိသဖြင့် ဂမ်ရော်နှင့် ပါလေရာတို့မှာ လေး၊ မြားထမ်းကာ ညကြီးမင်းကြီး ရွာထဲပြန်ဝင်လာကြရလေသည်။

❖

ပေယျာလမြန်မာစာပေတိုက်

www.burmeseclassic.com

သည်နှစ်ရာသီဥတုက ထူးထူးခြားခြားကြမ်းသည်။ နှင်းခါးရိုက်ချိန်ပင် မရောက်သေးဘဲ ဆောင်းဦးကပင် ရေခဲချောင်းတွေမှာ ရေစီးနည်းလာသည်။ သစ်ပင်၊ သစ်ရွက်များကို နှင်းကျီးပေါင်းတွေ လာကပ်သဖြင့် သစ်ရွက်တွေ ကြွေကျကုန်သည်။ သည်အတိုင်းဆိုလျှင် ရှာမှုဆိုးများမှာလည်း ကတိုးပစ်ရန် ရေခဲတောင်တွေပေါ် သွားနိုင်ကြမည်မဖြင်။ ရေခဲတောင်ပေါ် မသွားနိုင် ကတိုးမရနိုင်လျှင် သူတို့ ရွာသူရွာသားတွေမှာ အဝတ်အထည် ရှားပါးကြမည်။

အဝတ်အထည်တွေမှာ ရှိတာလေး ဖာချုပ်ဝတ်နေကြလျှင် ရသော်လည်း မိုးတွင်းနှင့် တစ်နှစ်စာအတွက် ဆားမှာ အခက်ကြီးကြုံကြရလိမ့်မည်။ သူတို့ဒေသအတွက် ဆားမှာ အရေးအကြီးဆုံးအရာဖြစ်သည်။ ဆားမစားရလျှင် သူတို့တောင်ပေါ်၌ ရောဂါဆန်းတစ်ခုဖြစ်ကာ လူတွေ အသေအပျောက် များတတ်ကြသည်။ ထို့ကြောင့် ရွာသူရွာသားတွေမှာ ဒူဝါဒိုင်သူကြီးဘဝတုန်းက သရောကြီးခိုင်းပြီး ဝါးရွက်ကိုပင် ဆားချက်စားရသော အဖြစ်ဆိုးနှင့်များ ဤနှစ်ကြုံကြလေမလားဟု စိုးရိမ်တကြီး ဖြစ်နေကြသည်။

ထိုသို့ စိုးရိမ်သောက ဖြစ်နေကြစဉ် ဆမ္မာကြီးတပည့်တွေကတော့ "ခင်ဗျားတို့ ဘာမှ မစိုးရိမ်ကြနဲ့၊ ဒီအပင်၊ ဒီမှို၊ ဒီအမြစ်၊ ဒီအရွက်တွေကိုသာ များများရအောင် ရှာစုထားကြ၊ ဒီအမြစ်၊ ဒီဥ၊ ဒီအရွက်၊ ဒီမှိုတွေနဲ့ ဆားနဲ့လဲလို့ရတယ်ဆိုတာ ဆမ္မာကြီးက ကျုပ်တို့ကို မှာထားတာ၊ ဘာမှ မပူကြနဲ့၊ ခင်ဗျားတို့ ဒီအမြစ်၊ ဒီဥ၊ ဒီအရွက်၊ ဒီမှိုတွေဟာ ကျုပ်တို့ရွာနားဝန်းကျင်မှာ ပေါလွန်းလို့၊ များများသာရအောင် ရှာစုထားကြတဲ့ဗျို့" ဟု တစ်ရွာလုံးကို မောင်းခတ်သလို တွေ့သမျှလူတွေကို ထိုအမြစ်၊ ထိုအပင်၊ ထိုဥ၊ ထိုအရွက်၊ ထိုမှိုတွေကို ကိုင်ပြပြီး ဆမ္မာကြီးက ပြောထားတယ်ဟု လူတကာကို လိုက်ပြ၊ လိုက်ပြောနေကြသည်။ သူ့စကားကိုယုံသော သူ့မိ၊ သူ့ဖတို့က ထိုအပင်၊ ထိုအမြစ်၊ ထိုဥ၊ ထိုမှိုတွေကို လိုက်ရှာကောက်စုနေကြသည်။

ထိုအမြစ်၊ ထိုအပင်၊ ထိုဥ၊ ထိုအရွက်၊ ထိုမှိုတွေမှာ သူတို့ရွာနားတွင် ရှာဖွေစုဆောင်းလျှင် ရနိုင်သည်ကို သိကြသော်လည်း သူကြီးဂမ်ရော်





နှင့် သူ့လက်ရင်းတပည့် ပါလေရာ ဆယ်အိမ်ခေါင်း ဂယောင်နှင့်မှုဆိုးတစ်သိုက်ကမူ "ခင်ဗျားတို့က ဆမ္မာကြီးစကားဆို ကြပ်ကြပ်ယုံကြ၊ ကတိုးနဲ့ ဆေးဖက်ဝင် အကောင်ပလောင်တွေ ရှာမရလို့ကတော့ ဒီနှစ်သရောကြီးခိုင်းပြီး ဆားငတ်ကြပြီသာမှတ်၊ ရာသီဥတုမကောင်းလို့ တို့လည်း တောင်ပေါ်မသွားနိုင်ဘူး၊ ဒီတော့ ရပ်နား ရွာနား ရနိုင်တဲ့ အကောင်ပလောင်တွေကို ရှာဖွေပစ်ခတ်ဖို့တော့ စိတ်မကူးကြဘဲ ဟိုမော်ဆရာကြီးက ဝင့်ဝင်ခါနီးလို့ ကယောင်ချောက်ချား ပြောနေတာကို တကယ်မှတ်နေကြ၊ သူဝင့်ဝင်သွားရင် ခင်ဗျားတို့ သူ့အရိပ်တောင် မြင်ကြရမှာ မဟုတ်ဘူး" ဟု ခြိမ်းခြောက်ထားသော ဆမ္မာကြီးပြောသည်ဆိုသည့် ထိုအမြစ်၊ ထိုအပင်၊ ထိုဥ၊ ထိုအရွက်၊ ထိုမှိုတွေကို မယုံတစ်ဝက်နှင့်မို့ ရှာမစုကြ။ အထူးသဖြင့် မုဆိုးများကမူ ရာသီဥတု သာယာလာလျှင် ရေခဲတောင်ပေါ် ကတိုးလိုက်သွားနိုင်ကြမည့် နေ့ရက်တွေကိုသာ စောင့်မျှော်နေကြသည်။

ဆမ္မာကြီး ပြောသောစကားကို အယုံအကြည်မရှိသော သူကြီးဂမ်ရော်မှာလည်း ရေခဲတောင်ပေါ်တက်ပြီး ကတိုးလိုက်နိုင်မည့် နေ့ရက်ကို စောင့်ရင်း ရွာနားဝန်းကျင်တွင် ရနိုင်သမျှသော တောင်ဆိတ်၊ ဝံ၊ ရှူးပျံများကို ရှာဖွေပစ်ခတ်နေရသည်။ တစ်နေ့၌ သူသည် တောလည်သွားရာ တောင်ဆိတ်တစ်ကောင် တောင်စောင်းတွင် အစာရှာစားနေသည်ကို မြင်သဖြင့် မြားတစ်ကမ်းအထိ သွားချောင်းပြီး ထိုတောင်ဆိတ်ကိုပစ်ရန် ကြိုးစားနေသည်။

ထိုတောင်ဆိတ်ကိုရလျှင် ဤနှစ် ရေခဲတောင်ပေါ် ကတိုးပစ်မတက်နိုင်သော်လည်း တစ်ဖက်ပြည်သွားပြီး ဆားနှင့်လဲလျှင် အတော်အသင့်ရနိုင်သည်။ ပြီး မနှစ်က ရာသီလွန်မှ ပစ်ခတ်ရထားသော ရှူးပျံသားရေ တစ်ချပ်နှင့် ဝံသည်းခြေနှစ်လုံးလည်း သူ့တွင်ရှိနေသည်။ ဝံသည်းခြေနှင့် တောင်ဆိတ်တစ်ကောင်၏ အရိုးဦးချိုတို့မှာ တစ်ဖက်ပြည်၌ ဈေးကောင်းရသည်။

တောင်ဆိတ်အရိုးဦးချိုနှင့် ဝံသည်းခြေတို့မှာ ဆေးဖက်ဝင်သဖြင့် ကြိုက်ဈေးရနိုင်သည်။

www.burmeseclassic.com



ထို့ကြောင့် သူကြီးမုဆိုးဂမ်ရော်သည် တောင်ဆိတ်ကို မြား တစ်ကမ်းမှ လှမ်းပစ်လိုက်သည်။ သို့သော် ဘယ်လိုဖြစ်သည်မသိ၊ သူပစ်လိုက်သော မြားစူးသည် တောင်ဆိတ်ကို မထိဘဲ လမ်းတစ်ဝက်၌ပင် ပျောက်သွားလေသည်။ တောင်ဆိတ်ကလည်း အစာရှာမပျက်။ လည်ပင်းတာယမ်းယမ်း လျှာတထုတ်ထုတ်နှင့် ကျောက်ဆောင်နားမှာ သူစားချင်နေသော သစ်ရွက်၊ သစ်ပင်ငယ်များကိုသာ ဂရုမစိုက် တစ်လှမ်းချင်းသွား၍ လိုက်ရှာနေသည်။

ဂမ်ရော်သည် သူပစ်လိုက်သော မြားစူးသံဟက်က လွှဲချော်သွားသည်အထင်နှင့် နောက်မြားတစ်စူးဖြင့် ထပ်ပစ်ပြန်သည်။ ထိုမြားစူးသည်လည်း ပထမမြားစူးလို ဘယ်ရောက်သွားပြန်သည်မသိ။ လက်တစ်ဝက်လား၊ တောင်ဆိတ်နားမှာလားမသိ ပျောက်သွားပြန်သည်။ နှစ်ချက်ပစ်သော်လည်း တစ်ချက်မှ မထိသည်ကိုတော့ သူအံ့ဩမိသည်။ သူသည် သူ့လက်သူ ယုံကြည်၏။ ခါတိုင်းဆိုလျှင် တစ်ချက်ပစ် တစ်ချက်ထိလျက်နှင့် ဤတစ်ခါ ဘယ်လိုဖြစ်ပါလိမ့်ဟု တောင်ဆိတ်ရှိရာနှင့် ပို၍နီးသော နေရာသို့ ချောင်းရွေ့လာသည်။

ရာသီဥတုက မှုန်မှိုင်းနေသည့်အပြင် တောင်ဆိတ်နှင့် တစ်လံလောက်အကွာမှာ ကျောက်ထရံတစ်ခုလည်း ရှိနေသဖြင့် ထိုကျောက်ထရံနှင့် လွတ်နိုင်မည့် မြားလမ်းဖြောင့်ကိုရှာကာ တတိယမြားနှင့် တောင်ဆိတ်ကို ပစ်လိုက်ပြန်သည်။

ဒါလည်း တောင်ဆိတ်သည် ကျောက်တောင်အပေါ်လွှာရှိ မြေသားပေါ်မှာ ပေါက်ရောက်ရှင်သန်နေသော ပြန့်ဇင်ရွက်နုများကို အစားအဝါးမပျက်၊ သူ လေးနှင့်ချောင်းပစ်နေသည်ကိုလည်း နည်းနည်းမှ ရိပ်မိပုံမပေါ်။ မြူခိုးဝေဝါးရှိနေသဖြင့် သူ ပစ်လိုက်သော မြားစူးကလည်း ဘယ်ရောက်သွားသည်မသိ။

ဂမ်ရော်သည် စိတ်တိုလာသဖြင့် ဤတစ်ခါတော့ သူပစ်လိုက်သော မြားစူးသွားရာ လမ်းကြောင်းကိုပင် မြင်သာနိုင်သော နေရာအထိ အနီးကပ်သို့ ရွေ့လာသည်။





တောင်ခိုးရေငွေ့များနှင့် နှင်းပါးပါးရှိသော်လည်း မြားသွားရာ လမ်းကြောင်းကို မြင်နိုင်သောနေရာ အရောက်တွင် စတုတ္ထမြားတစ်စူးနှင့် တောင်ဆိတ်ကို အပိုင် ဝိုးခနဲ အနီးကပ် ပစ်ထည့်လိုက်သည်။

ဝိုးခနဲ ညို့မှထွက်သွားသော သူ့မြားစူး လေထုထဲ ပြေးဖြတ်သွားသံကဲ့သို့ပင် လေထဲတွင် အသံတစ်ခုကို ကြားလိုက်ရပြီး လူသံတစ်ခုက ပေါ်လာသည်။ ဤတစ်ခါတော့ သူ့မြားစူးက တောင်ဆိတ်ကို မထိသော်လည်း မြားသံ လူသံကြောင့် တောင်ဆိတ်လည်း တောင်ပေါ်က ခုန်ချ ပြေးဆင်းသွားလေသည်။

"မုဆိုး ငရဲကောင် မင်းလွန်ပြီနော်"

ကိုယ်ရုံကြီး ဖိုးသီဖတ်သီနှင့် ကျောက်ဖျာကွဲနှစ်ခုကြားက ထွက်လာသော ဆမ္မာကြီးကို မြင်လိုက်ရသောအခါ ဂမ်ရော်မှာ ရုတ်တရက် လန့်ဖျပ်သွားသည်။ ဆမ္မာကြီး၏လက်ထဲတွင် သူပစ်လိုက်သော သံဟပ်ကြီး တပ်မြားစူးလေးချောင်း ကိုင်ထားသည်ကို မြင်လိုက်ရသောအခါ ပို၍လည်း တုန်လှုပ်သွားသည်။

လတ်စသတ်တော့ ဤဆမ္မာကြီးသည် တောင်ဆိတ်နား ကျောက်ဖျာကွဲ နှစ်ခုကြားက သူပစ်လိုက်သော မြားစူးများကို ဖမ်းဆွဲလှမ်းယူထားလိုက်ပါလား။ ထို့ကြောင့်လည်း သူ့မြားစူးများသည် တောင်ဆိတ်နှင့် တစ်လံကျော်ကျော်အရောက်မှာ ပျောက်ပျောက်သွားသည်ကိုး။ စောစောကသာ သူသတိထားကြည့်မိလျှင်တော့ သူပစ်လိုက်သော မြားစူးများကို လမ်းခုလတ်က ဆမ္မာကြီး ဖမ်းဆွဲယူနေသောလက်ကို မြင်ရသည်။ သို့သော် သူ့မှာ တောင်ဆိတ်ရလိုမှု ဇောကပ်နေသဖြင့် တောင်ဆိတ်ကိုသာ မြားစူး ထိ/မထိ ကြည့်နေရာ လမ်းခုလတ်က မြားလမ်းကြောင်းကို သတိမထားမိခဲ့။ ယခု သတိထားမိတော့ သူ့ရန်ဘက် ဆမ္မာကြီးနှင့် လာတိုးနေပြီး -

"ဟင် ခွေးတိရစ္ဆာန်မုဆိုး မင်း တော်တော်လွန်ပါလားလို့"

သူ့မြားစူးလေးချောင်းကို လက်တစ်ဖက်က ဆုပ်ကိုင်ရင်း ဆမ္မာကြီးသည် သူ့ကို ချက်ချင်းမဲ့ လုံးထွေးသတ်ပုတ်တော့မည့်ပုံစံနှင့် ကျောက်ဖျားစောင်းပေါ်က ခုန်ဆင်းလာသည်။ သူ့အနားခုန်ချလိုက်၍ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



လေဟပ်သွားသောအခါ ဂမ်ရော်မှာ ကြောက်ရွံ့ပြီး ကယောင်ချောက်ချား ဖြစ်ကာ 'ကျုပ်က ဘာလွန်လို့လဲ' ဟု ပြန်အော်ပစ်လိုက်၏။

'မလွန်ဘဲ နေမလားကွ ဒီတောင်ဆိတ်ဟာ နာနေတယ်၊ အဲဒါကြောင့် သူက သက်သာရာသက်သာကြောင်း ဆေးပင် ဆေးရွက်တွေကို လိုက်ရှာပြီး စာနေတာ။ ငါက သူ့ဆေးပင်တွေကို သိချင်လို့ သူ့နောက် လိုက်လာတာ ဟိုတောင်ထိပ်နားကတည်းက၊ မင်းက အခုမှရောက်ပြီး နာနေတဲ့တောင်ဆိတ်ကို ပစ်တယ်ဆိုတော့ မလွန်ဘူးလား။ မင်းတို့ မုဆိုး စကားအရလည်း ငါ အရင်မြင်လို့၊ ဒီတောင်ဆိတ်ဟာ ငါ့တောင်ဆိတ်ပဲ။ အဲဒါ မင်းက ဘာလာလုပ်ပစ်တာလဲ မုဆိုး"

"ဆမ္မာကြီး ခင်ဗျား ကျုပ်ကိုတွေ့တိုင်း ရန်စကားချည်းပြောတယ် ဆဲတယ်၊ ကျုပ်ပိုင်နက်ထဲ လာနေပြီး ခင်ဗျား ကျုပ်ကို ဒီလိုဆက်ဆံတာ ကောင်းလား ကျုပ်သည်းခံလာတာ များပြီနော်၊ ကျုပ် စိတ်. .

"အောင်မာ မင်းက ကြီးကြီးကျယ်ကျယ် ခွေးပါးစပ်နဲ့ နတ်သံပစ်. . "

"ခင်ဗျား ကျုပ်ကို ဆဲပြန်ပြီ ဘာခွေးပါးစပ်လဲဗျ၊ ကျုပ်က လူ ခွေးမဟုတ်ဘူး"

ဆမ္မာကြီးကို ဒေါသဖြစ်၍သာ ပြန်အော်လိုက်ရသော်လည်း ကြောက်တော့ကြောက်နေသည်။ ကလေးတွေ ပြောပြတုန်းက ပစ်လိုက်သော မြားစူး၏ အသံကိုပင် သူ့နားကကြားသည်။ ပစ်လိုက်သော မြားစူးကို လက်နှင့် ဖမ်းပြနိုင်သည်ဆိုသည်ကို ယခင်က မယုံမိသော်လည်း ယခုမူ ကိုယ်တွေ့မို့ ဂမ်ရော်မှာ ဆမ္မာကြီးကို အလန့်ကြီးလန့်သွားသည်။ ကလေးတွေ ပြောပြသည်မှာ အမှန်ပင်။ သို့သော် ဟန်ကိုယ့်ဖို့အနေနှင့်သာ ပြန် အော်ပြောနေရ၏။

"မင်းက ခွေးထက်မိုက်တဲ့ကောင်၊ ဘာလူလဲ လူဆိုတာ အသိဉာဏ် ရှိရတယ်၊ သက်ရှိသတ္တဝါတွေအပေါ် သနားကြင်နာစိတ်ထားရတယ်၊ အဲဒါမှ လူကွ၊ အခုတော့ မင်းက သားကောင်ကို ကောက်ကျစ်စဉ်းလဲပြီး လက်နက်ကိရိယာနဲ့ အနိုင်ကျင့်တယ်၊ ခွေးကမှ သူနိုင်,ကိုယ်နိုင် လုံးထွေး





သတ်ပုတ်ပြီး ကိုက်စားတာ၊ မင်းက ခွေးထက်ဆိုးတဲ့ကောင်၊ ငါ တယ်. . လုပ်လိုက်ရရင် သေတော့မှာပဲ သွားစမ်းကွာ"

ဆမ္မာကြီးက ပြောရင်းဆိုရင်း ဒေါသဖြစ်လာပုံနှင့် သူ့တုတ်ကို လှမ်းဆွဲပြီး ယမ်းပစ်လိုက်ရာ ဂမ်ရော်မှာ တစ်ပတ်၊ နှစ်ပတ်လည်ပြီး ယိမ်းယိုင်သွားသည်။ လဲမကျအောင်ပင် မနည်း ထိန်းထားလိုက်ရ၏။

"သူ့ကိုယ်သူ သူကြီးတဲ့ တောင်ပိုင်တဲ့၊ သောက်ရှက်မရှိတဲ့ အကောင်၊ မင်းကို ငါ ဒီမှာ သတ်ပစ်ခဲ့လို့ရတယ် သိလား။ မင်းရွာသား မင်းတို့ တောင်ပိုင်တွေ သူကြီးတွေ တောင်မင်းတွေက မင်းမသာကိုတွေ့ ရင်လည်း မင်းအကုသိုလ်နဲ့မင်း တိရစ္ဆာန်သွားသတ်ရင်း တောင်ပေါ်က လိမ့်ကျတယ် ထင်ကြမယ် သိလား၊ မင်းကို ငါမလုပ်ချင်လို့၊ မင်းလိုစိတ် ထားမျိုး ငါ့မှာမရှိလို့၊ ငါက ဆမ္မာမို့ သူတော်ကောင်းမို့ မင်း အသက်ရှင် နေသေးတယ်မှတ်၊ ခွေးတိရစ္ဆာန် ငါက လူသတ္တဝါတွေ ကယ်မယ့်အလုပ် လုပ်နေတာ လာနှောင့်ယှက်တယ်"

သူကြီးဂမ်ရော်မှာ ဤတစ်ခါတော့ ဆမ္မာကြီးကို အကြီးအကျယ် ကြောက်ရွံ့ထိတ်လန့်သွားသည်။ ဆမ္မာကြီး နေရာမှာဆိုလျှင် သူသည် ဆမ္မာကြီးကို တကယ်ပင် သတ်မိမည်မှာ မုချပင်။ ဤနေရာတွင် တစ်ယောက်ကိုတစ်ယောက် သတ်ပစ်ထားခဲ့၍လည်း မည်သူမျှ သိမည် မဟုတ်။ ဤတော ဤတောင်၌ ယခု လူတစ်ယောက် သတ်ထားခဲ့လျှင် မကြာမီ နာရီပိုင်းအတွင်း၌ပင် ကျားစာ၊ မြေခွေးစာ၊ တောခွေးစာ ဖြစ် သွားနိုင်သည်။ ထို့ကြောင့် ဤမျှ သူ့အား ဆဲဆိုကြိမ်းမောင်းနေသည်ကိုပင် လုံးဝပြန်မပြောဝံ့တော့ဘဲ မျက်ရည်အဝဲသားနှင့် ဆမ္မာကြီးကိုသာ မတုံ့မရဲ ကြောင်တောင်ကြည့်နေမိသည်။

"ဟေ့ကောင်. . ဘာကြောင်ကြည့်နေတာလဲ၊ ဘာလဲ . . မင်းက ငါ့ကို သတ်ချင်လို့လား၊ လာ. . သတ်လေ မင်းလက်ထဲက လေး၊ မြား ငါ့ပေးစမ်း"

"ဟာ. . ဆမ္မာကြီးမလုပ်ပါနဲ့ ကျုပ်. . ကျုပ် တောင်းပန်ပါတယ် ဆမ္မာကြီးကို ကျုပ်. . ကျုပ်. . "



www.burmeseclassic.com

www.burmeseclassic.com



သူလေး မြှားကိုလုရန် ဆမ္မာကြီး လက်ရွယ်လိုက်သည်နှင့် သူကြီး ဂမ်ရော်မှာ ကြောက်ကြောက်နှင့် ဒေသွးရူးသွေးတန်း ဓတာင်အောက်ဆင်း ပြေးလာရသည်။

"ဟော့ကောင် မုဆိုး၊ မင်း လေးနဲ့မြှား ပေးခဲ့စမ်း၊ ပေးခဲ့စမ်း" ဟု အော်ပြောသော ဆမ္မာကြီး သူနောက်လိုက်လာသံကြားလေ သူကြီးဂမ်ရော်မှာ ပြေးလေပင်၏။

သည်လိုနှင့် အလဲလဲအပြိုပြို ပြေးလာသော ဂမ်ရော်သည် ဆမ္မာကြီး အသံကို လုံးဝမကြားရတော့မှ ခြေလှမ်းရပ်တန့်ဝံ့သည်။ အလဲလဲ အပြိုပြို ပြေးလာရသဖြင့် ပေါက်ပြဲလာသော ဒူးခေါင်းနှင့် ခြေထောက်တို့မှ ဒဏ်ရာများသည် သွေးပင်ထွက်နေသည်။

ဂမ်ရော်သည် ကျား၊ ဆင် အလိုက်ကို အကြိမ်အတော်များများ ခံခဲ့ရဖူးသည်။

သို့သော်. . ဆမ္မာကြီးအလိုက်ခံရသော ဤတစ်ခါလောက် အကြောက်တရား ကြီးမားခြင်းကိုမူ တစ်ခါမှ မခံစားရဖူး။

အိမ်ရောက်တော့ ချွေးတွေပြန်ကာ လူမှာ နွမ်းခွေသွားသည်။

ဆမ္မာကြီးနှင့် သူတို့ ဤသို့ဖြစ်ခဲ့ကြရသည်ကို ရှက်လွန်းသဖြင့် ဂမ်ရော်မှာ သူ့မိန်းမဂျာနုကိုပင် မပြောဝံ့။

ဤအကြောင်းကို ရွာသူရွာသားများသာ သိသွားပါက သူ့သိက္ခာမှာ အဖတ်ဆယ်ရတော့မည် မဟုတ်။

ထို့ကြောင့် ဘယ်မှမသွားဘဲ အိမ်ထဲ၌ပင် ငြိမ်ကုပ်နေရာ တစ်နေ့ ညနေတွင် ရေပင့်မှ ပြန်လာသော သူ့မိန်းမသည် မှိုရလာသော မချိုမချဉ် မျက်နှာနှင့် သူ့အနားရောက်လာသည်။

'ဘာလဲ'ဟူသော သံဘောနှင့် သူ့မိန်းမကို သူ လှည့်ကြည့်လိုက်စဉ်

"ဒီနေ့တော့ ထူးထူးဆန်းဆန်းပဲတော် သိလား"ဟု စကားစ လာသည်။

"ဘာထူးဆန်းလဲ"

"ဆမ္မာကြီးက ဒီနေ့ ကျုပ်ကို နှုတ်ဆက်တယ် သိလား"





သူ့မိန်းမဆီက ဆမ္မာကြီးဟူသော အသံကို ကြားရပြန်သောအခါ ဂမ်ရော်၏ဒေါသမှာ ချက်ချင်းခေါင်းထောင်ထလာပြန်သည်။ ထို့ကြောင့် ဒေါသသံနှင့် -

"ဆမ္မာကြီးက နင့်ကို ဘယ်လိုနှုတ်ဆက်လို့လဲ"

"ကျုပ် ရေခံနေတုန်း သူက သူ့ရေပင် ရေကျနည်းတာ လာကြည့် ရင်း ထင်တာပဲ၊ သမီးက ဟိုဘက်ပြည်ကလားလို့ မေးတယ်၊ ကျုပ်က ဘွန်တော်မ ဒီရွာပေါက်ပါ အဘွားသာ ဟိုဘက်ပြည်ပေါက်ဆိုတော့ အဲဒါကြောင့် သမီးရုပ် ထူးခြားနေလို့ မေးတာတဲ့"

ဂျာနုမှာ ဤရွာ၌ အလှဆုံး၊ အချောဆုံးဖြစ်သည်။ ယခု ကလေး တစ်ယောက်အမေ အသက်လေးဆယ်ကျော်ပြီဖြစ်သော်လည်း ဂျာနုကား အလှမပျက်သေး။ ထိုအလှကို စွဲမက်သဖြင့် ဆမ္မာကြီးက မေးလေသလား ဟု ဂမ်ရော် ချက်ချင်း အတွေးဝင်လာပြန်သည်။

"နင့်ကို လှလို့မေးတာ နေမှာပေါ့"

"မဟုတ်ပါဘူး"

"မဟုတ်ဘူး မပြောနဲ့ အခု သူ့ကျားရဲတောင်က ကျောက်ခေါင်းထဲ မှာ ကျားတွေ တစ်ကောင်မှမရှိတော့ဘူးဆို"

"ဟုတ်မယ်ထင်တယ် ကျုပ်တို့ တစ်နေ့ တစ်ခါ နှစ်ခါ ရေသွား ခပ်နေကြတာပဲ၊ ကျားတွေ တစ်နေ့မှ မမြင်မိပါဘူး၊ ဟိုတုန်းက အဲဒီမှာ ကျားသိပ်ရဲ. ."

ဂမ်ရော်၏စကားကို သူ့မိန်းမက သဘောမပေါက်။ ထို့ကြောင့် လည်း အရိုးခံအတိုင်း ပြောနေခြင်းဖြစ်သည်။ သို့သော် ဂျာနုစကားမဆုံး ခင်ပင် ဂမ်ရော်က -

"အေး. . နင်တို့ ရွာသူတွေ သတိသာထားကြတော့၊ အထူးသဖြင့် နင်က ပိုသတိထား"

"ဟင် . . ကျုပ်က ဘာကို ပိုသတိထားရမှာလဲ"

"နင်က သူများထက်လှတော့ နင့်ကို ဆမ္မာကြီးက မယားလုပ်ချင်လို့ လာနှုတ်ဆက်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ရှင်. . . နော် ပြောပြန်ပြီလား ဆမ္မာကြီးကို အမနာပစကား. . "

"ဘာအမနာပစကားလဲ နင် ဘာသိလို့လဲ ဒီကောင်ကြီးတာ. . "

"ပြောပြန်ပြီ ဘာ ဒီကောင်ကြီးလဲ သူတော်ကောင်းကို ပြစ်မှားတဲ့စကား၊ ကျုပ်ကို ဆမ္မာကြီး လာနှုတ်ဆက်တာက အကောင်းလာပြောတာ"

"ဘာအကောင်းလဲ သူများကို တစ်ခါမှ ဆမ္မာကြီး လာနှုတ်ဆက်တယ်လို့ ပြောသံမကြားဘဲ နင့်ကျမှ လာနှုတ်ဆက်တယ်ဆိုတော့ စဉ်းစားကြည့်ပေါ့"

"ဘာမှ စဉ်းစားစရာ မလိုဘူး၊ ကျုပ်က ဟိုဘက်ပြည်သူတွေရုပ်မှို့ ဟိုဘက်ကလားမေးတာ၊ ပြီးတော့ သမီးတို့အရပ်က ကုန်းမြင့်တော့ လေသိပ်ထန်တယ်၊ သမီးတို့ စပါးထောင်း ဆန်ဖွပ်ကြရတာ သိပ်ပင်ပန်းကြတယ်၊ အဲဒါ လေရဟတ်တစ်ခုဆင်ပြီး အလိုလိုလေရဟတ်က စပါးထောင်း ဆန်ဖွပ်ပေးမယ့် ရဟတ်ဆုံတွေ လုပ်ပေးရဦးမယ်တဲ့တော် သိလား။ လူမပင်ပန်းဘဲနဲ့ အလိုလို စပါးထောင်း ဆန်ဖွပ်ပေးမယ့်ဆုံ ရှင်လုပ်ပေးတတ်လို့လား၊ ဆမ္မာကြီးဟာ တကယ့်သိဒ္ဓိရှင်ကြီး၊ အရာရာကို လုပ်တတ်တယ်၊ ရှင်သာ ရွာသူကြီးလုပ်နေပြီး ဘာမှ. . ."

သူ့မိန်းမ ဘာတွေဆက်ပြောနေသည်ကိုပင် သူကြီး ဂမ်ဇော်နားထဲ မကြားမိတော့။ လေရဟတ်နှင့် စပါးထောင်း၊ ဆန်ဖွပ်ဆုံ လုပ်ပေးဦးမည်ဆိုသော ဆမ္မာကြီးစကားကြောင့် သူ့မှာ အနာဂတ်ရေးအတွက် ထိတ်ထိတ်လန့်လန့် ဖြစ်သွားရပြန်၏။ သူ ဤစကားကြားရသဖြင့် မည်မျှ ထိတ်လန့်တကြားဖြစ်ကာ မည်မျှ ငူငူငိုင်ငိုင် ဖြစ်သွားသည်မသိ။ နောက်ဆုံး သူ့မိန်းမ ပြောလိုက်သော စကားလောက်ကိုသာ ကြားမိလိုက်သည်။

"ကျုပ်တို့ရွာသူတွေ စပါးထောင်း ဆန်ဖွပ်တာကို ကိုယ်တိုင်မလုပ်ရဘဲ ဆမ္မာကြီး လေရဟတ်နဲ့ လုပ်ပေးမယ်ဆို ဘယ်လောက်ကောင်းတဲ့ ဝမ်းသာစရာလဲရှင့်၊ ဒဟူရွာသူကြီး တစ်ယောက်အနေနဲ့လည်း ရှင့်ရွာက ရွာသူတွေ သူများရွာသူတွေလို လက်နဲ့စပါးထောင်း ဆန်ဖွပ်မလုပ်ရဘဲ ဆမ္မာကြီးလေရဟတ်က စပါးထောင်း၊ ဆန်ဖွပ်ပေးတယ်ဆိုရင် ရှင် ရွာသူကြီးမှာလဲ ဂုဏ်မတက်ဘူးလား၊ အဲဒါကြောင့် ကျုပ် စောစောကပြော





သားပဲ ဆမ္မာကြီးကို ကဏ္ဍကောစ မလုပ်ပါနဲ့၊ သူ့ဆီသွားပြီး မိတ်ဖွဲ့ထားပါ၊ သူ့ဆီက အတတ်ပညာတွေကို သင်ထားပါပြောတာ ရှင် ဘယ်နှစ်ခါ ဆမ္မာကြီးသခ်မ်းသွားလဲ၊ ဆမ္မာကြီးဆီက အတတ်ပညာတွေကိုသာ ရှင် ပေါင်းသင်းတတ်လို့ရရင် မကြာခင် တောင်ပိုင်ကနေ တောင်မင်းသူကြီး မဖြစ်နိုင်ပါလား။ အခုတော့ တစ်ဆိတ်ရှိ ဆမ္မာကြီး မကောင်းကြောင်းဘဲ အမနာပပြောနေတာ၊ ရှင်နဲ့စာရင် ကျုပ်သား ပိစိကွေးလေးကတောင် အခု ဆမ္မာကြီးနည်းတွေ. . ."

"တော်စမ်းပါကွာ မင်းတို့ ဆမ္မာကကော ငါ့ကို တောင်ပိုင်သူကြီး တစ်ယောက်လို့ အသိအမှတ်ပြုလို့လား၊ မင်းမသိပါဘူး၊ အချိုကျွေးလို့ ရေ၊ အချဉ်ကျွေးလို့မရဆိုတာ မင်းတို့ ဆမ္မာလို မြွေတိမန္တးလူမျိုးကွ၊ ငါ မိတ်ဖွဲ့မယ်. . ."

သူနှင့် ဆမ္မာကြီးတို့ အကြိမ်ကြိမ်အခါခါ ပဋိပက္ခတွေချည်း ဖြစ်ကြရသည်ကို မသိသော သူ့မိန်းမစကားကြောင့် ဆမ္မာကြီးကို မိတ်ဖွဲ့ရန် ဝင် သူ အောက်ကျနောက်ကျခံ၍ သွားခဲ့သည်မှ ယခင်သုံးလေးရက်က သေမလို သတ်မလိုပင် ဖြစ်ခဲ့ကြသည်အထိတို ပြောမိမလိုဖြစ်သွားပြီးမှ သူ သိက္ခာကျမည်ကို သိသဖြင့် စကားတစ်ပိုင်းတစ်စနှင့် သူက မတ်တတ် သ ရပ်လိုက်သည်။ အချိုကျွေး၍မရ၊ အချဉ်ကျွေး၍လည်းမရ ဆိုသည့် စကားမှာ သူ အောက်ကျနောက်ကျခံ၍ ပေါင်းသော်လည်း သူနှင့် ဆမ္မာကြီးသည် ဘယ်လိုမှ သင့်မြတ်နိုင်စရာအကြောင်း မရှိကြောင်း ပြောခြင်း ဖြစ်သည်။ အယူအဆမှာလည်း သူနှင့် ဆမ္မာမှာ မြဒါတစ်လမ်း သံတစ်လမ်းသာ။ ယခုမှတော့ ဘယ်လိုမှ ပေါင်းသင်း၍မရနိုင်တော့။

ဆမ္မာကြီး လေရဟတ်ဆင်ပေးမည် ဆိုခြင်းကိုလည်း ဂမ်ဇော်မှာ အတွေးချော်ပြီး ကြောင့်ကြစိုးရိမ်ကြီးသွားမိပြန်သည်။ ဤနေ့ သူ့မိန်းမအား ဆမ္မာကြီးက အလိုအလျောက် လေရဟတ်နှင့် စပါးထောင်း၊ ဆန်ဖွပ်ဆုံတွေ ဆင်ပေးမည်ဆိုသည်မှာ တကယ်ပဲလား၊ လူသွားလူလာများလာ၍ ကျားရဲတောင်၌ နို့ပျဉ်းကျ ကျားမကြီးများ မရှိသောအခါ ရွာသူတွေကို များ စည်းရုံးပြီး သူ့မယားများ လုပ်ချင်၍လား (သို့မဟုတ်) တစ်နေ့က



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်ဆမ္မာကြီးတို့ တောင်ဆိတ်ကိစ္စနှင့် ရိုက်မောင်းပုတ်မှုမောင်းအထိ ဖြစ်ခဲ့ကြပြီး သုံးလေးရက် သူ ရွာပြင်ထွက်တာ မမြင်ရသဖြင့် သူ့အခြေအနေကို စုံစမ်းချင်လို့ ဆမ္မာကြီးက သူ့မိန်းမကို ဥပါယ်တံမျဉ်နှင့် သူ့အကြောင်း မေးလို သိလို၍ တမင်လာနှုတ်ဆက်ခြင်းလား။ သူနှင့် ဆမ္မာကြီးတို့ နောက်တစ်ကြိမ်တွေ့ကြလျှင် လုံးထွေးသတ်ပုတ်မည့် အခြေအနေသို့ပင် ရောက်ကြရတော့မည်လား။ ဆမ္မာကြီးသည် တစ်နေ့နေ့တွင် သူ၏ သူကြီးရာထူးကိုပင် လုယူမည့်သူလား။

သူကြီးဂမ်ရော်မှာ စိုးရိမ်စိတ်တစ်ဝက်၊ ဒေါသစိတ်တစ်ဝက်နှင့် ဆမ္မာကြီးကို တွေးမိတိုင်း သောကကြီးစွာ ဖြစ်နေရသည်။

❖ ❖ ❖

ရာသီဥတုမှာ သရောကြီးခိုင်းမလို ဖြစ်နေသည်။ ထို့ကြောင့် ရေခဲတောင်တွေပေါ် လည်း ကတိုးရှုံမသွားဖြစ်။ ဤလို ရာသီဥတုမျိုးတွင် ရေခဲတောင်ပေါ်၌ နှင်းမုန်တိုင်းကြီး ကျတတ်သည်ကို သူသိသည်။ ထို့ကြောင့် ရွာနီးဝန်းကျင်၌ သားကောင်သွားပစ်မည် ဆိုပါကလည်း လွန်ခဲ့သော သုံးလေးရက်ကလို ဆမ္မာကြီးနှင့် တစ်နေရာရာတွင် ပက်ပင်းတွေ့မိကြမှာ ဂမ်ရော်စိုးရိမ်နေသည်။ ဆမ္မာကြီးသည် ထိုနေ့ကကိစ္စကြောင့် ရွာနားဝန်းကျင်သို့ သားကောင်ပစ်ထွက်လာမည့်သူ့ကို အငြိုးအတေးကြီးစွာနှင့် ချောင်းမြောင်းစောင့်ဆိုင်း၍များ ရှိနေလေမလားဟုလည်း စိုးရိမ်နေသည်။ ထို့ကြောင့် သူသည် ယနေ့အထိ သားကောင်ပစ်ရန် ရွာပြင်ကို မထွက်ရဲသေးဘဲ အိမ်တွင်းပုန်း ရွာထဲပုန်း လုပ်နေ၏။ သို့သော် ထိုသို့ နေနေကာမှ ဆမ္မာကြီးနှင့်ပတ်သက်သော အကြောင်းအရာတစ်ခုကို သူ့မိန်းမက အိမ်ပေါ် ယူလာပြန်သည်။

သူ့မိန်းမဂျာနူ အိမ်ပေါ်ယူလာသော အသီး၊ အပွင့်၊ အရွက်၊ အဥ၊ မှိုဂျိတွေမှာ ဆမ္မာကြီးက ဆားနှင့်လဲ၍ရသည်ဆိုသော ပစ္စည်းများဖြစ်သည်။

ဤ အပွင့်၊ အရွက်၊ အဥ၊ အပင်တွေနှင့် မှိုဂျိတို့မှာ သူတို့ရွာနားတစ်ဝိုက် ဘယ်နေရာသွားရှာရှာ ရနိုင်သော ပစ္စည်းတွေချည်းဖြစ်သည်။ ဤအရာတွေနှင့် ဆားနှင့်လဲ၍ ရသည်ဆိုသည်မှာ တစ်ခါမှ မကြားဖူးသဖြင့် ဂမ်ရော်တွေးမရ။ ထို့ကြောင့်လည်း သူ့မိန်းမကို -



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ မိန်းမတွေဟာလေ. . နှာခေါင်းသာမပါရင် ချေးစားမယ် ဆိုတာ ငါတော့ယုံသွားပြီ၊ မင်းစဉ်းစားကြည့်စမ်း၊ ဒီ အရွက်၊ အပွင့်၊ မှို့ရို့တွေလား ဆားနဲ့လဲလို့ရမှာ၊ မင်းတို့ ငါတို့ဆီမှာ ဆားဟာ ရွှေ ငွေထက် တန်ဖိုးရှိတယ်ကွ၊ မင်းတို့ ဆမ္မာကြီးဟာ ဝဋ်စိတ်နဲ့ ကျားမ သစ်မတွေ့ ရှာမရလို့ ရှူးကြောင်ကြောင်ဖြစ်နေပြီ၊ သခ်မ်းကို ကျပ်ကျပ်သွားကြ အားလုံး ဆမ္မာကြီးမယားတွေ ဖြစ်ကုန်မယ်၊ ထွီ . ."

ဂမ်ရော်က ဘာမဟုတ်သည့် အပွင့်၊ အသီး၊ အရွက်၊ အဥနှင့် မှိုရိုတွေကို သူများပြောတိုင်းယုံပြီး ယူလာရမလားဟု ဂျာနူကို သူ့လက်သုံး စကားနှင့် အော်ငေါက်ပစ်လိုက်သည်။ ယခင်က ဆမ္မာကြီးတပည့် ခံထား ကြသော ပြုတ်မန္တူးသုံးလေးကောင် စပြောကြတုန်းကတော့ မည်သူမျှ ယုံကြည်ကြမည်မထင်သဖြင့် သူကြီးဂမ်ရော်က ဂရုတစိုက် မဟန့်တား မပြောမိလိုက်။ ယခု ရာသီဥတုကလည်း တကယ် သရောကြီးခိုင်းမလို အခြေအနေရောက်နေရာ မိန်းမသူမဟွမှာ ဟုတ်နိုး ဟုတ်နိုးနှင့် အားကိုး အားထားရာရှာရင်း ဆမ္မာကြီးအပြောကို သက်ဝင်ယုံကြည်နေကြပုံရသည်။ ထို့ကြောင့်လည်း ထိုကိစ္စမှာ ယခု ဂမ်ရော် အိမ်ပေါ်ကိုပင် ရောက်လာ သည်။ ဂမ်ရောမိန်းမကိုယ်တိုင် ယူချလာသည်။ ဤသည်ကို ဂမ်ရော်မှာ ယမ်းပုံမီးကျဖြစ်ပြီး ဒေါသပေါက်ကွဲနေသည်။

သူက အော်ပစ်လိုက်သောအခါ ဂျာနူမှာလည်း ဤတစ်ခါတော့ သူ့ယောကျ်ားကို ယခင်ကလို ကက်ကက် ကက်ကက် ပြန်မပြောတော့။ ဤသည်မှာ သူ့ယောကျ်ားကို ပြောမရသလို သူလည်း တစ်ခါမှ မကြားဖူး မကြုံဖူးဖြစ်သဖြင့် ဇဝေဇဝါနှင့် မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်သွားပုံရ သည်။ ထို့ကြောင့် -

"အေးလေ . . ကျုပ်တို့လည်း တစ်ခါမှ မကြုံဖူး မကြားဖူးတာ တော့ အမှန်ပဲ၊ ဒါပေမယ့် ရွာမြောက်ဖျားက ဟိုမိန်းမကြီးပြောတာနဲ့ ရှင့် ကိုပြကြည့်မလို့ နမူနာသဘော ယူလာတာပါ၊ သူတို့အပိုင်းကတော့ လူ တိုင်းလိုလို ဒီအပွင့်၊ ဒီအသီး၊ ဒီအဥနဲ့ မှိုရိုတွေကို ကောက်စုရှာထားကြ တာ တွေ့ခဲ့ရလို့ပါ"





"ဘယ်မိန်းမကြီးလဲ"

"အိမောမိန်းမ လော်မာအမေ ယူယာလေ ရှင်သိပါတယ်"

ယခင်က ဆမ္မာဟူသော နာမည်ကို ကြားလိုက်မိသည်နှင့် ဒေါသ ထွက်တတ်သော သူကြီးဂမ်ရော်သည် ဤတစ်ခါတော့ အိမောတို့၊ လော် မာတို့ဟူသော အသံကို ကြားလိုက်သည်နှင့် ပို၍ဒေါသထွက်လာရပြန် သည်။ ပြုတ်မန္တူးလေး လော်မာဆိုသည်မှာ သူ့ကိုယ်သူ ဆမ္မာကြီးတပည့် ဟု အမြဲဂုဏ်ယူဝင့်ကြွားပြောတတ်သူ မဟုတ်ပါလား။ ယခင်က ရွာမုဆိုး ကြီးဖြစ်သော အိမောမှာလည်း မကြီးမငယ်နှင့် သူ့သား ပြုတ်မန္တူးလေး လော်မာက ပြောသည်နှင့် တစ်သက်လုံးလုပ်လာသော မုဆိုး အလုပ်ကို ပင် စွန့်လွှတ်လိုက်ပြီဟုဆိုသူ။ ဤသူများသည် သူ့ရန်ဘက်ဖြစ်သော ဆမ္မာ ကြီးကို အားပေးနေကြသူတွေမို့ ဂမ်ရော်မှာ ပို၍ပင် ခံပြင်းဒေါသဖြစ် ရသည်။

"တောက်. . ခွေးမသားလေးတွေ မင်းကလည်း မင်းပဲ သွားလွှင့် ပစ်လိုက် အဲဒါတွေ ငါ့အိမ်ပေါ် တင်မလာနဲ့"

ပြောပြောဆိုဆိုနှင့်ပင် သူသည် ဒေါသကြီးကာ အိမ်အောက်ဆင်း လာသည်။ နေလုံးကို မမြင်ရသော်လည်း အချိန်မှာ မနက်တစ်ဗိုလ်ခတ် နေပြီ။ (နေထန်းတစ်ဖျား) သို့သော် နှင်းလုံးနှင်းခဲများကား မစဲသေး။ ထို့ကြောင့်လည်း ဂမ်ရော်တို့ငယ်စဉ်က သူကြီးဒူဝါဒိုင်တို့လက်ထက်တွင် ကြုံခဲ့ကြရသော သရောကြီးခိုင်းခဲ့သည့်နှစ်လိုမျိုး ဤနှစ်လည်း သရော ကြီးခိုင်းနှစ် ဖြစ်နေမလားဟု သူကြီးဂမ်ရော် တွေးမိသွားသည်။

ရာသီဥတုမှာ တစ်နေ့ထက်တစ်နေ့ ပိုဆိုးလာသလိုပင်၊ နှင်းခဲ နှင်းလုံးများက တဖြောက်ဖြောက်ကျသံကို ညစဉ်လိုလို ကြားခဲ့ရသည်။ နေ့ဦးကာလ တောင်ယာခုတ်ချိန်သာ နီးလာသည်။ နှင်းမိုးကလည်း နေ့ တိုင်းလိုလို ရွာနေဆဲ။

ထို့ကြောင့်လည်း နှစ်စဉ်နှစ်တိုင်း ကတိုးလိုက်ရန် ရေခဲတောင်ပေါ် သွားတက်နေကျ ရွာမုဆိုးများမှာလည်း ဤနှစ်တော့ အကြံကုန် ဖြစ်ရ[illegible] ဆားချက်ဆိုသလို ရေခဲတောင်များကို သွားမတက်ရဲကြသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ရွာနီးဝန်းကျင်မှ ရသမျှသားရေကောင်များကိုသာ ရှာဖွေ[illegible]စ်ခတ် နေကြရသည်။

သို့သော် ရေခဲတောင်ပေါ်က ရှားရှားပါးပါး ဖွတ်ဘီလူးကြီး တစ်ကောင်ကို ပစ်ဖမ်းရလာ၍ သူကြီးဖြစ်လာသူ သိက္ခာရ အကျော်ဒေးယျမုဆိုးကြီး ဂမ်ရော်မှာကား ယခုအခါ ရေခဲတောင်ပေါ်လည်း သွားမတက်ရဲတခြားမုဆိုးများလို ရွာနီးဝန်းကျင်ရှိ သားကောင်များကိုလည်း ရှာဖွေပစ်ဖမ်းရန် ရွာပြင်ကို မထွက်ရဲသေး။ သူ့စိတ်ထဲမှာ ဆမ္မာကြီးသည် တောင်ဆိတ်ကိစ္စ ရန်ငြိုးနှင့် သူ ရွာပြင်ထွက်လာမည့် အချိန်ကို ချောင်းမြောင်းစောင့်နေလိမ့်မည်ဟု စိတ်ထဲစွဲနေသည်။ ဤတစ်ခါသာ တွေ့ကြလျှင်တော့ သူ သက်သာမည်မဟုတ်။ သေလျှင်သေ၊ မသေလျှင်မလှ။ ခြေကျိုး၊ လက်ကျိုး တစ်ခုခုဖြစ်နိုင်သည်ကိုတွေးကာ သူ ကြောက်ရွံ့တုန်လှုပ်နေသည်။

ထိုအခါ သူ့မှာ တခြားမုဆိုးများထက် အတတ်ပညာတစ်ခု သာသူမို့ ပန်းပဲဖိုထဲသာ ဝင်လာရပြန်သည်။ သို့သော် ခါတိုင်းနှစ်လိုတော့ဓားလာပေးသူ၊ ဓားလာသွေးသူ၊ ဓားလာလုပ်သူတွေနှင့် သူ့ပန်းပဲဖိုမှာ အဝင်အထွက် ရှုပ်ယှက်ခတ်မနေတော့။ အကြောင်းမှာ မနေ့ တစ်နေ့ကမှ ပေါက်လာသော ပန်းပဲလက်သစ် ရောင်ရင် ရွှေကြာပင်ကြောင့် ဖြစ်သည်။ သည်ပြုတ်မနူးလေးသည် ဆမ္မာကြီးသင်ပေး၍ ပန်းပဲအတတ်ကို မနေ့တစ်နေ့ကမှ တတ်သူဖြစ်သော်လည်း သူ့ကို ပုတ်ခတ်စကားဆိုသည်။ သူ့ဆီ ဓားသွေး၊ ဓားသ၊ ဓားလုပ်လာသူများကို သိမ်းသွင်းနေကြောင်း ပါလေရာဆီက သူကြားနေရသည်။

ရွှေကြာပင်ရောင်ရင် ပြုတ်မနူးလေးက -

"ဘသူကြီး တစ်သက်လုံး ပန်းပဲလုပ်လာတာ အလကားပဲတဲ့ဘသူကြီး သွေးပေးထားတဲ့ ဓားတွေဟာ တစ်မနက် တောင်ယာခုတ်မခံဘူး၊ အမြက်မြစ်ဆုံတွေကိုလည်း နည်းနည်းလေးသွားထိတာနဲ့ သူ့ဓားတလိမ်ပဲ့ အသွားလိပ်ကုန်တာ၊ ဒီနှစ် ယာခုတ်ချိန်ကျရင် ခင်ဗျားတို့ဓား ကျွပ်သွေးပေး သပေးမယ်၊ ကျုပ်သွေးပေးထားတဲ့ ဓားဆို တစ်ခါသွေးရုံနဲ့တစ်ရက်၊ နှစ်ရက်တော့ အနည်းဆုံး အခုတ်ခံရမယ်၊ သွေးသား မာ/မဓာ





ဆိုလည်း လှ[illegible]ဘယ် ထင်းရှူးကျိုးပေါင်းမြစ်ဆုံကိုမဆို ခုတ်ပြရဲတယ်၊ မပဲ့မလိမ်သွားစေရဘူး၊ အာမခံနဲ့ကို လုပ်မယ်" တဲ့။

သူကြီးဂမ်ရော် ပန်းပဲဖိုထဲဝင်လာသည်နှင့် ပြုတ်မနူးလေးရောင်ရင်က ပြောသည်ဆိုသောစကားကို ချက်ချင်းအမှတ်ရလိုက်ကာ ဒေါသထွက်ရပြန်သည်။ တစ်သက်လုံး သူ သွေးပေး၊ သပေး၊ လုပ်ပေးသောဓားနှင့် ခုတ်သော တောင်ယာစပါးကိုစားပြီး ကြီးလာသူ ပြုတ်မနူးလေးကအခုတော့ သူ့သိက္ခာနှင့် သူ့အလုပ်ကိုပါ ထိခိုက်လာစေသည်။ ထို့ကြောင့်လည်း ရွာသူရွာသားတွေမှာ အာမခံနှင့်လုပ်ပေးနေသည်ဆိုသော ရောင်ရင်ရွှေကြာပင် ပန်းပဲသမားဆီ ရောက်သွားကြသည်။

သူ့ဆီ ဓားလာအပ်သူတွေမှာ လုပ်နေကျ တစ်ရပ်တစ်ကျေးကလူတွေ အားနာတတ်သူ အိမ်နီးပါးနားနှင့် ရောင်ရင်သတင်းကို မကြားသေးသူ လေးငါးယောက်လောက်သာ။ သူ ယခုထိ စွဲစွဲမြဲမြဲ လုပ်ပေးနေရသည်ကတော့ ရောင်ရင် မလုပ်ချင်သော မလုပ်ပေးသော မြားတံသံဟက်များသာ။

ဓားတစ်စင်းကို အသွေးတင်ရန် မီးထဲထည့်ဖုတ်ရင်း အတွေးစိတ်က ဟိုရောက်သည်ရောက် ဗယောက်ဗယက်ဖြစ်နေစဉ် သူ့ပန်းပဲဖိုဝထဲအရိပ်တစ်ခု ထိုးကျလာသည်။ ဓားလာလုပ်သူ တစ်ယောက်ယောက်အထင်နှင့် လှမ်းကြည့်လိုက်ရာ သူ့တစ်ကိုယ်လုံးမှာ ချက်ချင်း ကြက်သီးဖြန်းဖြန်း ထသွားလေသည်။

ဆမ္မာကြီးသည် သူ့ဖိုဝ၌ ထီးထီးမားမား လာရပ်နေပြီ။ တောင်ဆိတ်ကိစ္စနှင့် သူ့အား ရန်ငြိုးမပြေသေးသော ဆမ္မာကြီးသည် ရွာပြင်တောတောင်ထဲ သူ့ကို ရှာမရသဖြင့် ကေန္ဒ ရွာထဲဝင်ပြီး သူ့အိမ်၊ သူ့ပန်းပဲဖိုဝကို ရောက်လာလေပြီ။

သူကြီးဂမ်ရော်သည် တုန်လှုပ်ချောက်ချားစွာနှင့် အနားရှိ ဓားတစ်စင်းကို ယောင်ယောင်မှားမှား လှမ်းကိုင်လိုက်သည်။ ထိုစဉ်မှာပင် ဆမ္မာကြီးဆီက အသံထွက်လာ၏။

"မုဆိုးကျော်ကြီး ကျန်းခန့်သာလို့ မာပါစဗျာ"



www.burmeseclassic.com

www.burmeseclassic.com



သူ စားကိုင်ထားသည်ကို မြင်၍လားမသိ၊ လေသံကတော့ ရန်မူ ရန် သူသေ ကိုယ်သေ တိုက်ခိုက်ရန်လာသော လေသံမျိုးမဟုတ်။

သို့သော် ဤဆမ္မာမှာ အလွန် ပရိယာယ်များသူ၊ ကောင်းကောင်း မွန်မွန် ပြောဆိုဆက်ဆံနေရင်းကလည်း ထဆဲချင်ဆဲတတ်သူ၊ စိတ်မှန်သူ မဟုတ်။ တစ်နေ့ရွှေ တစ်နေ့ငွေမဟုတ်။ တစ်မိနစ် တစ်စက္ကန့်ထဲမှာ အမျိုးမျိုး ဖောက်ဖောက်ပြန်ပြန် စကားကို ဆိုတတ်သူ။ ချော့မော့ဖျောင်းဖျ၍ နည်းပရိယာယ်အမျိုးမျိုးနှင့် သူ့မြားတံများကို ယူသွားဖူးသူ၊ နည်းနည်းမှ စိတ်မချရသူ။

ထို့ကြောင့် ကြောက်လန့်သွားသော်လည်း ဟန်ကိုယ်ဖို့ ဆိုသလို သူကြီးဂမ်ရော်သည် မျက်မှာထားကို ပိုပြီးတင်းပစ်လိုက်ကာ ဘာမှ မပြောသေးဘဲ ဆမ္မာကြီးကိုသာ ဒေါသမျက်လုံးနှင့် စိုက်ကြည့်ထား၏။

နှုတ်ကမူ လုံးဝ မဟသေး။

"ကျုပ် ဝင်လာပါရစေနော် မုဆိုးကြီး"

ဂမ်ရော်စိတ်ထဲ ဟိုက်ခနဲဖြစ်သွား၏။

ကေန္ဒ သူ့ဆီ တစ်ခုခု အကြံအစည်နှင့်တော့ လာနေပြီ။ လေသံပျော့နှင့် ခွင့်တောင်းဝင်လာသော်လည်း စိတ်မချရသေး။ အနီးကပ်မှ သူ့ကို လုံးထွေးသတ်ပုတ်လာလျှင် ခက်မည်။

ဆမ္မာကြီးမှာ သူ့ထက် အလုံးအရပ်ကောင်းသူဖြစ်သဖြင့် အနားကို အကပ်ခံ၍တော့မဖြစ်။

ဂမ်ရော် အတွေးမဆုံးမီပင် ဆမ္မာကြီးက သူ့ရှေ့ရောက်လာ၏။ ဂမ်ရော် တုန်တုန်လှုပ်လှုပ် ဖြစ်သွားသည်။ ထို့ကြောင့် မသိမသာလည်း နောက်ဆုတ်လိုက်မိသည်။

"နေကောင်းတယ်နော် မုဆိုးကြီး"

"နေကောင်းလို့ အလုပ်လုပ်နေတာပေါ့ဗျ၊ နာနေရင် အိပ်ရာထဲ လဲနေမှာပ"

သူက ဆမ္မာကြီးကို တစ်ခါမှ ဘုဘောက်မပြောမိသော်လည်း ဤတစ်ခါတော့ ဂမ်ရော်က ဦးဆုံး ဘုဘောက်ပြောသည်။ ရွာထဲဝင်ပြီးတော့





သူ့လို တောင်ပို့နှံ့သူကြီးကို ဆမ္မာကြီး ဝင်သတ်ရဲမှာတော့ မဟုတ်ပါဘူး ဟူသော အတွေးကြောင့်လည်း ရဲရဲရင့်ရင့်ပင် ဘုတောလိုက်သည်။

"ဟဲ. . . ဟဲ"

ဘာကို သဘောကျသည်မသိ။

အသံတိမ်တိမ်နှင့် ဆမ္မာကြီးက ရယ်လိုက်၏။

ပရိယာယ်လုပ်တာများလားဟူသော ကြောက်စိတ်နှင့် ဂမ်ရော်က ဆမ္မာကြီးကို အံကြိတ်ကြည့်နေစဉ် -

"အိမ်း. . မုဆိုးကြီး ကျန်းမာနေကောင်းနေတယ်ဆိုတော့ အပြစ်မဲ့တဲ့ တောတိရစ္ဆာန်တွေဟာ သေကြေပျက်စီးမှု ဖြစ်ကြရဦးမှာပါလား၊ ကျွတ်. . ကျွတ် အဲဒါဆို ကျုပ်က မုဆိုးကြီး နာနေပါစေ ဖျားနေပါစေလို့ ဆုတောင်းပြောင်းရမလို ဖြစ်နေပြီဗျ ဟဲ. . ဟဲ"

"ခင်ဗျားကတော့ ဟုတ်တာပေါ့၊ ကျုပ် နာနေ ဖျားနေမှ သစ်မ၊ ကျားမတွေ အသက်ချမ်းသာရာရကြမှာကိုး။ ဒါမှလည်း ဆမ္မာကြီးအတွက် ပျော်ပျော်ကြီး နေနိုင်မယ်မဟုတ်လား ဟဲ. . ဟဲ"

ဂမ်ရော်က ဆမ္မာကြီး ဝဋ်ဝင်သည့်ကိစ္စကို ပြော၏။

သို့သော် . . .

ဆမ္မာကြီးက သဘောပေါက်ပုံမရ။

"တဲ . . ဟဲ မုဆိုးကြီးကို ကျုပ် ကျီစားတာပါ၊ စိတ်မဆိုးနဲ့ ဒေါသမဖြစ်နဲ့၊ စိတ်ဆိုးတယ် ဒေါသထွက်တယ်ဆိုတာ အကုသိုလ်အလုပ်ပဲ၊ ကျုပ်က သက်ရှိသတ္တဝါတိုင်းကို ကျန်းမာပါစေ ချမ်းသာပါစေလို့ နေ့တိုင်း မေတ္တာပို့ အမျှဝေနေရတဲ့ မေတ္တာရှင်ဆမ္မာပါ၊ ကျုပ်တို့ကိုယ်ကျုပ်တို့ ဗောဓိသတ္တလို့ ခံယူထားတဲ့ သူတော်စင် သစ္စာဝါဒီတွေပါ"

"ဩော်. ."

သူနားမလည်သောစကားကို ပြောပြန်ပြီဟု ဂမ်ရော်ဒေါသထွက်လာပြန်သည်။

"သစ္စာဝါဒီတွေ ဗောဓိသတ္တတွေ ကျုပ်လာမပြောနဲ့ အခု မေတ္တာရှင်ကြီးက ကျုပ် ငရဲကောင် သားသတ်ကောင်စီ ဘာကိစ္စလာလဲ ပြော"



www.burmeseclassic.com

www.burmeseclassic.com



သူ့အား လူတကာရှေ့ ပုတ်ခတ်ပြောဆိုထားသော စကားတွေကို ရုတ်တရက် သတိရလိုက်သဖြင့် ဂမ်ရော်က ဆမ္မာကြီးကို ပြန်ပြီးထိုးနှက်လိုက်၏။

"ဒီလိုပါ မုဆိုးကြီး ကျုပ်တို့လို အရည်ဝါသီ တောမှီပုဂ္ဂိုလ်တွေ ရပ်ရွာဂါမကို ဝင်လာတယ်ဆိုတာ ချဉ်ဆားမှိဝဲခြင်း အလို့ငှာပါပဲ၊ အဲဒါ ဒီလိုရာသီ ဒီလိုသမယမှာ သူများအိမ်တွေ ဆားသွားအလှူခံရင် ဆားတစ်လမ္ဘူမျှကို ပေးကမ်းစွန့်ကြဲကြရမှာ ဝန်လေးတတ်ကြမယ်မှန်းသိလို့ မုဆိုးကြီးဆီ တမင်လာတာပါ၊ အခု ကျုပ်ဖျားနေတယ်၊ ကျုပ်ကို ဆေးသောက်ဖို့ ချဉ်ဆားနည်းနည်းလှူဒါန်းပါ"

"ဩော် ဟဲ. . ဟဲ အခု ဆမ္မာကြီး ကျုပ်ဆီ ချဉ်ဆားလာအလှူခံတယ် ဆိုပါတော့"

"မှန်ပါတယ်"

ယခုမှ လုံးလုံးလျားလျားအကြောက်ပြေသွားသောသူကြီးဂမ်ရော်က "ကဲ. . ကျုပ် တစ်ခုမေးပါရစေဦး ထိုင်ပါ"

"မေးပါ" ဟု ပြောကာ ဆမ္မာကြီးက သူ့အနား၌ ချည့်နဲ့စွာ လာထိုင်သည်။

"ခင်ဗျားက ပြောတယ်ဆို ဟို ဘာမဟုတ်တဲ့ ဟိုဟာဗျာ သစ်ပွင့်၊ သစ်ဥ၊ သစ်မြစ်တွေ၊ မှိုဂျိုတွေနဲ့ ဆားနဲ့လဲပေးမယ်လို့ ပြောတယ်ဆို၊ ဟုတ်လား"

"ဟုတ်ပါတယ် ခန်းတောက်မြစ်နဲ့ မချစ်ဥ၊ ဖံပွင့်၊ မှိုဂျိုတွေဟာ ဟိုဘက်မှာ သိပ်တန်ဖိုးရှိတာပေါ့၊ မုဆိုးကြီးတို့ အရပ်ကလူတွေ မသိကြသေးလို့ပါ၊ တနိုင်းဘက်က ကချင်ကြီးတွေ ဒီဆေးသုံးနေကြတာ နှစ်ပေါင်းရာချီနေပြီလေ၊ မုဆိုးကြီးတို့က သားကောင်ပဲ တန်ဖိုးရှိထင်နေ. ."

"ဒီမှာ ဒီမှာ ကျုပ်ပြောမယ်၊ ခင်ဗျားစကား ခဏရပ်ထားဦး၊ အဲဒီ ဘာမဟုတ်တဲ့ အပွင့်၊ အရွက်၊ အပင်၊ မှိုဂျိုတွေနဲ့ ချဉ်ဆားလဲပေးပါ့မယ် ဆိုတဲ့ ဆမ္မာက အခု ဘာလို့ ကျုပ်ဆီလာပြီး ချဉ်ဆားတောင်းနေတာလဲ ပြောစမ်းပါဦး"





အပေါ်စီးရနေပြီဖြစ်သော သူကြီးဂမ်ရော်က ဆမ္မာကြီးကို စူးစူးနစ်နစ်ကြည့်ပြီး ခနဲ့မေး မေးလိုက်၏။

"အချိန်ကာလဆိုတာ ရှိတယ်လေ မုဆိုးကြီး၊ အခု အချိန်ကာလ မရောက်သေးလို့ပါ၊ အဲဒီ ဆေးမြစ်၊ ဆေးပင်တွေနဲ့ ချဉ်ဆားလဲလို့ရမှာ အမှန်ပဲ၊ ကျုပ်က မုသာဝါဒ မပြောပါဘူး၊ မှန်သောစကားပါ၊ သစ္စာဆို. ."

"ခင်ဗျားဟာ ဘာစကားလဲ မုသာဝါဒဆိုတာ ဘာလဲ"

"မဟုတ်မမှန်တာကို ကျုပ်မပြောဘူးလို့ ဆိုလိုတာပါ"

ဆမ္မာကြီးလေသံက ပျော့ပျောင်းသွားသဖြင့် ဂမ်ရော်လည်း ပြုံးမိချင်သွားသည်။

"ခင်ဗျားစကား ကျုပ် နားမလည်ဘူး၊ မုသာဝါဒတွေ၊ သစ္စာဝါဒီတွေ၊ ပထဝီ၊ တေဇော၊ အာပေါတွေ ကျုပ် လာမပြောနဲ့၊ ခင်ဗျားစကား ကျုပ် နားရှုပ်တယ်၊ ခင်ဗျား အခု ဘာအတွက် လာတယ်ဆိုတာပဲ ပြော"

ဆားလာတောင်းမှန်း ပြောပြီးပြီ၊ သိပြီးပြီဖြစ်သော်လည်း တမင်အကွက်ရတုန်း နှိမ်ချင်သဖြင့် ဂမ်ရော်က ဆမ္မာကြီးကို မချိုမချဉ် မျက်နှာပေးနှင့် ထပ်မေးလိုက်၏။ ထိုစဉ် ခြေသံကြားသဖြင့် လှည့်ကြည့်လိုက်ရာ သူမိန်းမဂျာနူက ဖိုရုံနောက်ဘက်ပေါက်က ဝင်ရောက်လာ၏။ အောက်တွင် ကတောက်ကဆ ပြောနေကြသံကြားသဖြင့် လာကြည့်ပုံရသည်။ ဆမ္မာကြီးကို ပန်းပဲရုံထဲတွင် တွေ့ရသောအခါ အံ့အားသင့်သွားပုံလည်းရသည်။ ထို့ကြောင့် ဆမ္မာကြီးကို ငေးကြည့်နေ၏။

"မုဆိုးကြီး ဒါတွေ နားမလည်ဘူး နားရှုပ်မယ်ဆိုတာ ကျုပ်ယုံကြည်တယ်၊ သူတော်ကောင်းစကားကို သူယုတ်မာ နားမလည်တာ မဆန်းပါဘူး၊ ဒါတွေ နားမလည်လို့လဲ မုဆိုးကြီး တောတိရစ္ဆာန်တွေကို လိုက်သတ်နေတာပဲ၊ ကဲ. . အခု မုဆိုးကြီးနားလည်အောင် ကျုပ်အရှင်းဆုံး ပြောမယ်၊ အခု ကျုပ်ကို ချဉ်ဆားနည်းနည်းပေးပါ"

"လိုချင်လား"

ဆမ္မာကြီးက ဂမ်ရော်ကို ပတာတိမျက်နှာနှင့်ကြည့်၍ ခေါင်းညိတ်ပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ချဉ်ဆားလိုချင်ရင် ကျုပ်မြားတံတွေ ပြန်ပေး"

ပထမဦးဆုံး တွေ့ကြသော နေ့ကပင် တစ်နေ့က တောင်ဆိတ်ပြဿနာအထိ ဆမ္မာကြီးဆီတွင် သူ့မြားတံ ဆယ့်နှစ်ချောင်းရှိသည်ကို သတိရ၍ ဂမ်ရော်ကပြောလိုက်၏။ သူ့မြားတံ ဆယ့်နှစ်ချောင်းကို ပြန်ပေးလျှင် ဆားပေးလိုက်မည်ဟုလည်း ဂမ်ရော်ဆုံးဖြတ်ပြီးသားဖြစ်၏။

"အဲဒီ မြားတံတွေနဲ့ ဘယ်တောတိရစ္ဆာန်တွေကိုမှ မပစ်ပါဘူး၊ မသတ်ပါဘူးဆိုတဲ့ကတိ မုဆိုးကြီး ကျုပ်ကိုပေးမလား"

"မပေးဘူး"

"ဒါဆို ကျုပ်လည်း မြားတံတွေ ပြန်မပေးနိုင်ဘူး"

"ဩော် ခင်ဗျားက ဒီလိုကိုး"

"အမှန်ပဲ ဒါ သစ္စာစကားပဲ"

"သွားဗျာ အဲဒါဆို ခင်ဗျားကို ဘယ်ဆားမှ မပေးနိုင်ဘူး သွား အခု ကျုပ်အိမ်ထဲကထွက်သွား"

"ချဉ်ဆားပေးမှ သွားမယ် ကျုပ် အမိဋ္ဌာန်နဲ့လာတာ"

"လာပြန်ပြီ ကျုပ် နားမလည်တဲ့စကား ဘာအမိဋ္ဌာန်လဲ ဆားစားချင်ရင် စားချင်တယ်ပြောတာ မဟုတ်ဘူး"

"ဟုတ်တယ် ကျုပ် ဆားစားချင်တယ် ဒါဆို အခု ပေး"

"ဆားပေးမယ် ကျုပ် မြားတံတွေ ပြန်ပေးမလား"

"ကျုပ်တောင်းတဲ့ကတိ မုဆိုးကြီးကော ပေးမလား"

"မပေးဘူး"

"ကျုပ်တောင်းတဲ့ကတိမပေးရင် ကျုပ်ကလဲ မြားတံတွေ ပြန်မပေးနိုင်ဘူး"

"အဲဒါဆို ကျုပ်လဲ ဆားမပေးနိုင်ဘူး၊ သွား အခုထွက်သွားစမ်း"

"စဉ်းစားပြောနော် မုဆိုးကြီး ကျုပ် မုဆိုးကြီးကို ပြောပြီးပြီ၊ အမိဋ္ဌာန်နဲ့ လာပါတယ်လို့၊ ကျုပ်တို့ အမျိုးက အမိဋ္ဌာန်နဲ့လာတာ၊ တောင်းမရရင် ပြန်တဲ့အမျိုးမဟုတ်ဘူး၊ အခု မုဆိုးကြီးဆီက ဆားတောင်းမရရင် မပြန်တော့ဘူးဆိုရင်ကော. ."





ဤတစ်ခါတော့ သူကြီးဂမ်ရော် တွေကျသွားသည်။ မှော်အတတ်ပညာနှင့်များ သူ့ကို တစ်ခုခုလုပ်ချင်လို့ ဆားကို အကြောင်းပြပြီး တမင်လာတာလား၊ ကိုယ်တိုင်မမြင်ဖူးသော်လည်း သူ့ဆီတွင် ရှိနေသည်ဆိုသော ကျောက်ခဲတွေကအစ အံ့ဩစရာ ကြောက်စရာ။ စကားကလည်း လွန်ထားပြီဖြစ်ရာ သူကြီးဂမ်ရော်မှာ ရုတ်တရက် ဘာလုပ်ရမှန်းမသိဘဲ ဆမ္မာကြီးကိုသာ ကြောင်ကြည့်နေမိ၏။

ထိုအချိန်တွင် ဘယ်တုန်းက သွားယူလိုက်သည်မသိသော ဂမ်ရော် မိန်းမ ဂျာနူက ဆမ္မာကြီးအား ဆားတစ်လမျှခန့်ကို ဖက်နှင့်ထုပ်ယူလာပြီးပေး၏။

ဂျာနူက 'ဩော်. . အရှင်' ဟုလည်း ပါးစပ်ကရွတ်ကာ တုန်တုန်ခိုက်ခိုက်ဖြစ်နေ၏။ သူ့ခင်ပွန်းနှင့် ဆမ္မာကြီးတို့ အချင်းဆက်များနေကြမှာကို သူက မိန်းမသားပီပီ ကြောက်၍ စိုးထိတ်သွားပုံရသည်။

"အိမ်း. . သာမုကွယ် သာဓု. . သာဓု. . သမီးကြီး ဒီအိမ်ကလား"

"မှန်ပါအရှင်"

ဆမ္မာကြီးအကြည့်က ဂမ်ရော်ဆီ ရောက်သွားပြန်၏။

"သူက သမီးရဲ့ခင်ပွန်းလား"

"မှန်ပါအရှင် ကျွန်တော်မရဲ့ ခင်ပွန်းပါ"

"ဩော်. . အိမ်း ချဉ်ဆားပေးလှူတဲ့အတွက် ကျေးဇူးကြီးပါပေတယ်ကွယ်၊ ဒီမှာ မုဆိုးကြီး ခင်ဗျားကို ကျုပ် အကျိုးတစ်ခု တို့ပြန်ပါရစေလက်ခံပါ"

ပြောရင်းက ဆမ္မာကြီး မတ်တတ်ရပ်လိုက်သဖြင့် ဂမ်ရော် လန့်သွားပြန်သည်။ ထို့ကြောင့် အထိတ်တလန့်နှင့် -

"ဘာအကျိုးလဲ"

"ကောင်းကျိုးပါ"

ဆမ္မာကြီးအကြည့်က သူ့နားတွင် ဂမ်ရော် ဆေးပြီးထောင်ထားသော ဓားသုံးလေးစင်းစီ ရောက်သွားသည်။

"ဒီဓားတွေက ဘာဓားတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တောင်ယာခုတ်ဓားတွေ"

ဂမ်ရော်က ဘာများအကျိုးပြုမလို့ပါလိမ့်ဟူသော အတွေးနှင့် ဤစကားကိုတော့ သံမှန်နှင့် ပြောလိုက်၏။

"အေး. . ဟုတ်ပြီ ဒါ. . မုဆိုးကြီး ဆေးသပေးထားတဲ့ ဓားတွေထင်တယ်"

ဖိုဘေးတွင်ထောင်ထားသော ဓားများကို လက်ညှိုးထိုး၍မေး၏။

"ဟုတ်. . ဟုတ်တယ်"

အရင်တုန်းကလို ကောင်းကျိုးပြုမလိုလိုနှင့် သူ့မြားတံတွေကို လုယူထားဖူးရာ ယခုလည်း ကောင်းကျိုးပြုမည်ပြောပြီး သူ့ဓားတွေကိုများ လုယူသွားဦးမလားဟု ဂမ်ရော်ငေးကြည့်နေစဉ် -

ဆမ္မာကြီးသည် မီးဖိုထဲ စောစောက ထည့်ဖုတ်ထားသော သူကြီးဂမ်ရော်၏ဓားတစ်စင်းကို ကောက်နုတ်ပြီး အနားရှိ ဆေးခွက်အင်တုံထဲ ထည့်လိုက်သည်။ ရှဲခနဲ အသံမြည်သွားသဖြင့် ဂမ်ရော်နှင့် ဂျာနူတို့မှာ ရုတ်တရက် လန့်ဖျပ်သွားကြသည်။

ဆမ္မာကြီးသည် ဆေးခွက်ထဲက ပြန်ဖော်လိုက်သော ဓားသွားကို အဆေးမာ/မမာ တစ်ချက်ပင်ငုံ့မကြည့်။ ဆေးခွက်အင်တုံထဲတွင် အပူငွေ့နှင့် အခိုးအငွေ့တွေ ဝဲပိုက်နေသည်ကိုသာ ခဏစိုက်ကြည့်နေသည်။ ပြီး စောစောကမှ ဂမ်ရော်ဆေးတင်ထားသော ဓားတစ်ချောင်းကို ကောက်ယူကာ သူ စောစောကဆေးလိုက်သော ဓားနှင့် ခုတ်ချလိုက်သည်။

သူကြီးဂမ်ရော် အမာဆုံးဖြစ်အောင် စောစောကမှ ဆေးသားတင်ထားသောဓားသည် တစ်ချက်တည်းနှင့် အလယ်လောက်က ပြတ်ထွက်သွားသည်။ ဂမ်ရော်မှာ ကြီးစွာ အံ့ဩသွားသည်။ ဤနှစ် သူတပည့်ရောင်ရင်ကလည်း ပန်းပဲသမား လက်သစ်ပေါ်လာရာ ဂမ်ရော်မှာ သူ့ဆီလာအပ်သမျှ ဓားများကို အဆေးမာအောင် အထပ်ထပ်အခါခါ ဆေးသားတင်ထားသောဓားဖြစ်သည်။ ထိုဓားကို ယခု ဆမ္မာကြီး အဆေးတင်လိုက်သောဓားနှင့် ခုတ်ဖြတ်လိုက်သည်မှာ ပြိန်းရိုးတစ်ချောင်းကို ခုတ်ဖြတ်လိုက်သလိုပင် ထက်ပိုင်းပြတ်ကျသွားသည်။





သို့နှင့် ဆမ္မာကြီးသည် သူ ဆေးပြီးထောင်ထားသော ဓားသုံးလေးချောင်းကို တစ်ချောင်းပြီးတစ်ချောင်း၊ တစ်စင်းပြီးတစ်စင်း စွပ်ခနဲ စွပ်ခနဲ ခုတ်ဖြတ်ပစ်လိုက်၏။

ရုတ်တရက်ဖြစ်သဖြင့် ဂမ်ရော်နှင့်ဂျာနူတို့မှာ ပါးစပ်အဟောင်းသားနှင့်။

"မုဆိုးကြီး ပန်းပဲမတတ်သေးပါဘူး၊ အားရင် ကျုပ်ဆီ တစ်နေ့လာခဲ့ပါလား ကျုပ် သင်ပေးပါ့မယ်"

ဂမ်ရော်မှာ ဘာစကားမှ ပြန်မပြောနိုင်ဘဲ ဆမ္မာကြီးမျက်နှာကို တစ်လှည့် ခုတ်ဖြတ်ထားသော ဓားပိုင်းများနှင့် ဆမ္မာကြီး ဆေးပေးလိုက်သော ဓားကို တစ်လှည့်စီကြည့်ကာ မှန်တက်မိနေ၏။ သူ့အမာဆုံးဖြစ်အောင် ဆေးထားသော ဓားတွေသာ ထက်ပိုင်းပြတ်ကျသွားသော်လည်း ဆမ္မာကြီး ဆေးပေးလိုက်သောဓားကမူ အရာပင်မထင်။ ပကတိအတိုင်းပင်။

"ကဲ ကျုပ် နေသိပ်မကောင်းလို့ ပြန်လိုက်ဦးမယ်ဗျို့. သမီးကြီးကျန်းမာချမ်းသာပါစေ"

ပြောပြောဆိုဆိုနှင့်ပင် သူဆေးပေးထားသော ဓားကို ပစ်ချကာ ဆမ္မာကြီး သူ့ပန်းပဲရုံထဲက ထွက်သွားလေသည်။

ဂမ်ရော်နှင့်ဂျာနူတို့ ဘာပြန်ပြောရမှန်းပင်မသိလိုက်။

တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ကာ သက်ပြင်းကိုယ်စီချလိုက်ကြရာမှ -

"ရှင် ဆမ္မာကြီးအစွမ်းကို မြင်ပြီမဟုတ်လား"

"ဘာအစွမ်းလဲ ကျုပ်ဆေးထားတဲ့ဓားတွေ အကုန်ဖျက်ဆီးသွားတယ်၊ တောက်. ."

"အဲဒါကြောင့် ပြောတာပေါ့၊ ရှင် တစ်သက်လုံး ပန်းပဲလုပ်လာတာ ဆမ္မာကြီးဆေးပေးခဲ့တဲ့ ဒီဓားလို တစ်စင်းရဖူးလို့လား၊ ဆားလာတောင်းမှန်းသိရက်နဲ့ နည်းနည်းပါးပါး ပေးလိုက်ရင် ပြီးတဲ့ကိစ္စ၊ အခုတော့ သက်သက်ကဏှာကောစလုပ်ပြီး စကားရှည်. . ."



www.burmeseclassic.com

www.burmeseclassic.com

"ဆားတောင်းရင် ကောင်းကောင်းတောင်းပါလားကွ၊ အခုတော့ သစ္စာဝါဒီလေး ဘာလေး ညာလေးနဲ့ သက်သက်အပေါ်စီးက လူတွင်ကျယ် လုပ်သွားတာ၊ တနိုင်ဘက်က မြန်မာ၊ ကုလား၊ တရုတ်ဘုန်းကြီးတွေ မြင်ဖူး တွေ့ဖူးပါတယ်၊ ဒီလို မာရေကျောရေမဟုတ်ပါဘူး၊ သိမ်သိမ်မွေ့ မွေ့တွေပါ၊ အခုတော့ မတွေ့လိုက်နဲ့ တွေ့လိုက်တာနဲ့ လူကို နှစ်ပြားမတန် အောင် လုပ်သွား ပြောသွားတာ၊ တောက် . . တစ်နေ့တော့ ငါနဲ့ တွေ့တို့ တွေ့ဦးမယ်"

"ပြောလိုက်ရင်ဒါပဲ အခု ဆမ္မာကြီးက ရှင့်ကို အကောင်းပြောသွား တာပဲ၊ သူ့စားလို အဆေးမာသံသေစားလုပ်ပေးမယ် လာခဲ့ပါဆို မဟုတ် လား၊ တစ်နေ့သွားလိုက်ပါလား၊ ရှင် သူ့ဆီသွားရလို့ သူကြီးသိက္ခာ၊ တောင် ပိုင်ကြီးသိက္ခာ ကျမှာစိုးရင် ဒီလိုလုပ်ပါလား၊ ကိုယ့်သားဆိုင်ဂမ်လည်း ဆမ္မာ ကြီးဆီ နေ့တိုင်းသွားနေတာပဲ၊ ကလေးကို သွားရှာသလိုလို လာကြည့် သလိုလိုနဲ့ သွားလည်းရသားပဲ၊ ဒါမှ မဟုတ်လဲ သူ့နေမကောင်းဘူး ပြော သွားတယ်၊ ဘယ့်နှယ်လဲ နေကောင်းသွားပြီလား ဘာများ အလိုရှိသေးလဲ ဘာဘာညာညာနဲ့ လူနာမေးသွားသလို သွားလည်း ရတာပဲ၊ ရှင်က ဒယ ရွာသူကြီးပဲ သူ့ကျန်းမာရေးအတွက် ရှင့်တာဝန်မရှိဘူးလား၊ ကိုယ့်အရပ် လာနေသူမို့ ကျုပ်မှာ တာဝန်ရှိလို့ လာမေးတာပါဆို ဆမ္မာကြီးက ရှင့်ကို ကျေးဇူးမတင်ဘဲ နေမလား၊ ဒါမှ မဟုတ်ရင်လည်း ကျုပ်သွားမယ်၊ သူက သစ်သီး သစ်ဥပဲစားတယ်ဆိုတော့ အိမ်မှာ ကန်စွန်းဥ၊ ပြိန်းဥတွေလဲ ရှိတာပဲ၊ သူက ကျုပ်ကိုတော့ ခင်ချင်ပုံရ . . ."

"သွား . . သွား . . မင်းကို ခင်ချင်မှာပေါ့ အခု သူ့ကျားရဲတောင် မှာ နို့ပျဉ်းကျ ကျားမတွေ သစ်မတွေလဲ မရှိတော့ဘူးဆိုတော့ မင်းသွားပေါ့ အခု သူ နေမကောင်းဖြစ်နေတာ သိလား၊ ဝင်္ဂဝင်ချင်ရင် မအီမသာဖြစ် နေတာ သွားပေါ့"

"ဩော် ရှင်ဟာလေ ပြောလိုက်ရင် ဒီ အမနာပစကားပဲ၊ ဒီ လောက် ကိုယ့်မျက်စိရှေ့မှာ အစွမ်းပြသွားတာတောင် မသိတတ်သေးဘူး နည်းနာယူရမှန်း သဘောမပေါက်သေးဘူး၊ အခုထိ သူတော်စင်ကို ပြစ်မှား





စကား ဆိုရဲသေးတယ်၊ အဲဒါကြောင့် ဆမ္မာကြီးက သွယ်ဝိုက်ပြီး သူတော် ကောင်း စကားကို လူယုတ်မာ နားမလည်ဘူးလို့ ပြောသွားတာ ကြားလိုက် ရဲ့လား၊ ကိုယ့်မိန်းမက ကောင်းရာကောင်းကြောင်း ပြောနေတာတောင် သူတော်ကောင်းနဲ့ မဟုတ်တရုတ် စွပ်စွဲပြောချင်နေတုန်း၊ ရှင် ဆမ္မာကြီး မားလိုမျိုး လုပ်တတ်သွားရင် ဒီနယ်တစ်ဝိုက်မှာ ဘယ်လောက်ကျော်ကြား ပြီး ဂုဏ်သိက္ခာရှိလာမလဲ စဉ်းစားကြည့်စမ်း၊ အခု တောင်ပိုင်သူကြီးကနေ တောင်မင်းကြီး ဖြစ်မလာနိုင်ပါလား၊ ကိုယ့်မိန်းမစကားလဲ နည်းနည်းပါးပါး နားထောင်ပြီး စဉ်းစားကြည့်ပါလားတော်၊ အဲဒါ ဘာပဲဖြစ်ဖြစ် မနက်ဖြန် ကျရင် သတင်းသွားမေးလိုက်ဦး"

"မငီးက ဒါပဲ သိတာကိုး"

"ဩော် . . ကျုပ်က ဒါပဲသိတာဆိုတော့ ရှင်က . ."

"ငါသွားလည်း ဒီဆမ္မာနဲ့က ဘယ်လိုမှ အဆင်ပြေကြမှာ မဟုတ် ဘူး"

"ဘာ အဆင်မပြေစရာရှိလဲ ပြော . . ကျုပ်ကိုပြောလေ"

သူကြီးဂမ်ရော် သူ့မိန်းမမျက်နှာကို မျက်နှာသေလေးနှင့် တစ်ချက် လှမ်းကြည့်သည်။ သူနှင့် အကြိမ်ကြိမ်တွေ့ဖူး ဖြစ်ဖူးကြသည်များကို သူ့ မိန်းမအား ပြောပြလိုက်လျှင် သူ သိက္ခာကျမည်ကို တွေးကြောက်နေသည်။ သူ ဆမ္မာကြီးဆီ ရောက်သွားလျှင် ဆမ္မာကြီးက တကယ်ပင် ပန်းပဲပညာ သူ့ကို သင်ပေးပါ့မလား၊ မုဆိုးအလုပ်ကို ဆက်လုပ်ဦးမည်ဆိုလျှင် ဘယ် လိုနည်းနှင့်မျှ သူ့ကို ပန်းပဲပညာ သင်ပေးမည်မဟုတ်။ လေး မြား လက် နက် မလုပ်ရ။ တိရစ္ဆာန်တွေကို သတ်တဲ့ မုဆိုးအလုပ် မလုပ်ရဟူသော တတိကို ဆမ္မာကြီးက မုချတောင်းတော့မည်။ ဤသည်ကို ဤမိန်းမက သိသည်မဟုတ်။ ယခင်ကပင် သူ့အပေါ် အငြိုးအတေးထားနေသော ဆမ္မာကြီးသည် ယခု သူ့မိန်းမကိုလည်း ကြိုက်နေပုံရရာ သူသခ်မ်းထဲ ရောက်သွားလျှင် တစ်နည်းနည်းနှင့် သူ့ကို သတ်ပစ်လျှင်ကော . . တွေးရင်း တွေးရင်း ဂမ်ရော်မှာ ဝေခွဲမရဖြစ်ပြီး တွေဝေနေစဉ်-

"ရှင် ကျုပ်ပြောတာ သဘောပေါက်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



သူ တွေတွေငေးငေးဖြစ်နေသည်ကို မြင်သဖြင့်
*သူမိန်းမက မေး၏။*

"ပေါက်တယ် ပေါက်တယ် သဘောမပေါက်တာက မင်း. ."

"ခြော်. . ကျုပ်က သဘောမပေါက်တာ"

"ဟုတ်တယ် ငါပြောမယ် ဒီမယ်. . ဆမ္မာကြီးဆီ သွားပြီဆို တော့၊ သင်ပေးမယ် ပန်းပဲပညာ၊ ငါ တောင်မင်းကြီးဖြစ်ပြီး မင်းလဲ တော မင်းကြီးကတော် ဖြစ်အောင်ပေါ့"

"ဟုတ်တယ် အဲဒါ မကောင်းဘူးလား"

"ငါ မင်းဆမ္မာကြီးဆီသွားပြီး ပန်းပဲပညာ သွားသင်ရင် မင် တောင်မင်းကြီးကတော်တော့ ဖြစ်မှာမဟုတ်ဘူး၊ ဆမ္မာကြီးမယားပဲ ဖြ လိမ့်မယ်"

"ဂမ်ရော် နင် ဒါ့ သူကြီးစကားလား၊ သူတော်စင် ဆမ္မာကြီး နေ့တိုင်းစော်ကားလို့ အားမရတာနဲ့ အခု နင် ငါ့ကိုပါ စော်ကားလာတာ ဟုတ်လား"

ဘယ်အခါ ဘာစကားပဲပြောပြော ဆမ္မာကြီးနှင့် ပတ်သက်လာ လျှင် သူယောက်ျားက သူ့အား ဆမ္မာကြီးနှင့် အမြဲပေးစားစကား အယု အနတ္တချည်း ထွက်လာသော ဂမ်ရော်ကို စိတ်ဆတ်သူပီပီ ဒေါသပေါ ကွဲလာကာ တစ်ကြိမ်တစ်ခါမျှ နာမည်ကိုထုတ်၍ နင်လုံး ငါလုံး ရိုက်မပြော ဖူးသော ဂျာနူကလည်း ဤတစ်ခါတော့ သည်းမခံနိုင်တော့သဖြင့် ပြ အော်ပြောလိုက်၏။

တစ်သက်လုံး သူလုပ်ကျွေးလာသော မိန်းမ၊ ဆမ္မာကြီးက တစ်ပြ တစ်ခါလေး နှုတ်ဆက်လိုက်ရုံနှင့် သူ့ကိုယ်သူ ဟုတ်လှပြီ အထင်ရော ကာ တစ်ခါဖူးမှ ပြန်မအော်ဖူးသော မိန်းမက ယခု သူ့ကို နင်နှင့်ငါ ပြန်အော်ပြောလိုက်သောအခါ ဒီကောင်မ တကယ်ပင် ဆမ္မာကြီးကို ပရောပရည် လုပ်ချင်နေ၍လား မသိဟု ဒေါသပိုဖြစ်လာကာ ဂမ်ရော် ပို၍ ယမ်းပုံမီးကျ ဖြစ်သွားသည်။

"ကောင်မ နင် တောင်ပိုင်ကတော်ဖြစ်မှာပဲ သိတယ်မဟုတ်. ."





"တောင်ပိုင်ကတော် မဟုတ်ဘူး၊ ဆမ္မာကြီးကတော်ဖြစ်အောင် သွားလုပ်ရမယ်"

ဂျာနူကလည်း ကောင်းရာကောင်းကြောင်း မိန်းမလုပ်သူက ညွှန် ပြသည်ကိုပင် လိုက်နာရမှန်း မသိသည့်အပြင် သူ့သိက္ခာကိုပါ စော်ကား ရပါမည်လားဟု ဒေါသစိတ်မွန်ထူကာ တမင် အရွဲ့တိုက် ပြောပြစ်လိုက် ပြန်သည်။

"သွားလုပ် . . သွားလုပ်. ."

"သွားမယ် . . သွားမယ် မနက်ဖြန်ကို သွားမယ်"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

"အဇမေ ဘယ်သွားမှာလဲဟင်"

လင်မယားနှစ်ယောက် စကားများ ရန်ဖြစ်နေကြစဉ် ပန်းပဲဖိုရုံထဲ ပြေးဝင်လာသော သူ့သား ဆိုင်ဂမ်က သူ့အမေကို လှမ်းမေးလိုက်သည်။

အမှန်က သူ့သားဆိုင်ဂမ်သည် ခါတိုင်းနေ့များလိုပင် ရွာသူငယ်ချင်းတစ်အုပ်နှင့် ဆမ္မာကြီးသင်္ခမ်းကို သွားနေကျအတိုင်း သွားကြသည်။ ဆမ္မာကြီးသင်္ခမ်း ရောက်သောအခါ ဆမ္မာတပည့်ကြီး ဘွမ်မာနှင့် အီမောင်တို့က "ဆမ္မာကြီး နေမကောင်းလို့ ဒီကနေ့ မင်းတို့နဲ့ မကစားနိုင်ဘူး" ဆိုသဖြင့် ရွာပြန်လာပြီး ဆမ္မာကြီးလုပ်တမ်း ကစားနေကြသည်။ ယခု ဆိုင်ဂမ် ပြန်ပြေးလာခြင်းမှာ ထမင်းဆာ၍ဖြစ်ရာ အိမ်နားအရောက်တွင် သူ့မိ သူ့ဖတို့ အော်ကြီးဟစ်ကျယ် ပြောဆိုနေကြသံကို နားစွန်နားဖျားကြားလိုက်ရသဖြင့် ဖိုရုံထဲပြေးဝင်လာပြီး မေးနေခြင်းဖြစ်သည်။ မမျှော်လင့်ဘဲ သူ့သား ပေါက်ချလာသဖြင့် လင်မယားနှစ်ယောက်က မတ်တပ်ရပ်နေသော သူ့အမေလက်ကိုဆွဲပြီး မေးနေပြန်၏။

သူ့ခင်ပွန်း ဂမ်ရော်အပေါ် ဒေါသမပြေသေးသော ဂျာနူကလည်း

"ဟုတ်တယ် မနက်ဖြန် သားကိုပါခေါ်သွားပြီး ပန်းပဲပညာ သင်ပေးဖို့ ဆမ္မာဆီအပ်ရမယ်၊ နင့်အဖေကတော့ ဘယ်လိုပြောပြော နားဝင်ဘဲ့ လူမျိုးမဟုတ်တော့ အမေ့မှာ ဒီသားပဲ အားကိုးရမှာ၊ သား ဆမ္မာကြီးဆီ လိုက်မယ်မဟုတ်လား"





သူ့မိန်းမက သူ့ကို ရွဲ့ပြောနေမှန်းသိသဖြင့် ဂမ်ရော်သည် သူ့ မိန်းမတို့ ဒေါသနှင့် ကြည့်နေ၏။

"ကျုပ် နေ့တိုင်း သွားနေတာပဲ အမေ၊ ဒီနေ့ ဆမ္မာကြီး နေမကောင်းလို့ ကိုကြီးဘွမ်မာတို့က အော်လွှတ်လိုက်တယ်၊ အဲဒါကြောင့် ဆော့စောကမှ ပြန်လာပြီး ဆမ္မာကြီးလုပ်တမ်း သွားကစားနေတာ၊ ပန်းပဲပညာဆိုတာ အခု ဖေဖေလုပ်နေတာပဲ၊ ဆမ္မာကြီးဆီ သွားသင်နေရဦးမလား"

"ငါလုပ်တာက အသုံးမကျလို့ဟေ့ ငါလုပ်တာက အသုံးမကျလို့၊ မင်းအမေက ဆမ္မာကြီးဆီ မင်းကို အသုံးကျတဲ့ ပန်းပဲပညာသာမဟုတ်ဘူး ဆမ္မာကြီးရဲ့ ဝင့်ဝင်တဲ့ပညာပါ သင်ပေးချင်လို့တဲ့၊ အဲဒါ မနက်ဖြန်ကျရင် မင်းအမေနဲ့ ဆမ္မာကြီးဆီလိုက်သွား၊ နှစ်ကောင်စလုံး ပြန်လည်းမလာကြနဲ့တော့၊ ဘာမှ ရှေ့နောက်စဉ်းစားတတ်တဲ့မိန်းမ မဟုတ်ဘူး၊ တောင်မင်းကြီးကတော် ဖြစ်ချင်တာလောက်ပဲသိတယ်"

"ဟုတ်တယ်. . ဟုတ်တယ် ကျွန်တော်မတို့ကတော့ တောင်အုပ်ဆီ တောင်ပိုင်၊ တောင်ပိုင်က တောင်မင်းကတော်ဖြစ်ဖို့ ဒီတစ်သက် မမှန်းနိုင်တော့ ကျုပ်သားပဲ တောင်မင်းကြီးဖြစ်လာအောင် ပညာသင်ပေးရမှာ ဆမ္မာကြီးဆီတင် မကဘူး သူ့အဘွားတွေ ပြည်ဘက်တောင် ပညာသင်လွှတ်သင့် လွှတ်ရမယ်"

သူ့မိ သူ့ဖတို့ စကားများ ရန်ဖြစ်နေကြသည်ကို ဆိုင်ဂမ်က ယခု သဘောပေါက်သွားကာ မျက်နှာငယ်လေးနှင့် သူ့အမေမျက်နှာ မော့ကြည့်လိုက် သူ့အဖေမျက်နှာ မော့ကြည့်လိုက် ဖြစ်နေ၏။

"ဘယ်လိုပြောလို့မှ သဘောပေါက်မယ့်မိန်းမ မဟုတ်ဘူး"

"ရှင်သာ ဘယ်လိုပြောပြော သဘောမပေါက်တာ၊ လာ. . သား အမေတို့ အိမ်ပေါ်သွားမယ်၊ သား ထမင်းဆာပြီဆို"

ပြောပြောဆိုဆိုနှင့်ပင် ဂျာနူက သူ့သားဆိုင်ဂမ်ကို လက်ဆွဲပြီး အိမ်ပေါ်တက်သွားသောအခါ သူကြီးဂမ်ရော်မှာ ပန်းပဲဖို အိမ်အောက်တွင် ငိုင်ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းပဲဖိုဝင်လိုက်သည်နှင့် မနေ့က အဖြစ်အပျက်နှင့် ဆမ္မာကြီး ခုတ်ပစ်ခဲ့သော မားပိုင်းတွေကို မြင်နေရပြန်သောအခါ ဂမ်ရော်မှာ ဒေါသဖြစ်ရပြန်သည်။ ဤတစ်ခါတော့ ဆမ္မာကြီးကိုသာ မဟုတ်။ သူ့မိန်းမဆီပါ သူ့ဒေါသက ကူးယှက်သွားသည်။ သည်ကြားထဲ မီးလောင်ရာလေပင့် ဖြစ်လာရပြန်သည်မှာ စိတ်ကြီးသော သူ့မိန်းမသည် သူ့ပန်းပဲဖိုထဲရောက်၍ ဆောင့်ထောင်းဖိုထဲ မီးသွေးထည့်နေချိန်မှာပင် ပန်းပဲဖိုထဲ ဝင်ရောက်လာပြန်၏။

ပန်းပဲဖိုထောင့်စွန်းရှိ ပိန်းဥ၊ မျောင်ဥပုံမှ အလုံးကြီးဥချောများကို ဂျာနူလာရွေးနေသည်ကို လှမ်းကြည့်ပြီး သူ့မှာ ဒေါသဖြစ်သလို စိတ်ဓာတ်ပါကျသွားသည်။ သူ့မိန်းမသည် အမှန်တကယ်ပင် ဆမ္မာကြီးဆီသွားပြီး သူ့သားဆိုင်ဂမ်ကို ပန်းပဲပညာသင်ပေးရန် တကယ် သွားအပ်တော့မည်ဟု အတပ်သိလိုက်သည်။ ထိုအခါ သူ့မိန်းမစိတ်ကို သိသဖြင့် ပြောမရက သူ့စိတ်ကို လျှော့ရတော့မည်ဖြစ်သဖြင့် ဟန်လုပ်ကာ -

"ဘာလဲ နင် ပိန်းဥပြုတ်မလို့လား၊ ရာသီဥတုက သိပ်အေးတယ်နော်၊ ကလေးကို ပိန်းဥပြုတ်ကျွေးလို့ ချွဲကျပ်ပြီး ချောင်းဆိုးနေပါဦးမယ်ကွာ" ဟု လေသံအေးအေး ကြင်နာသံပေးကာ ချော့သံနှင့် ပြောလိုက်၏။

"ကလေးကို ပြုတ်ကျွေးမလို့ မဟုတ်ဘူး၊ ဆမ္မာကြီးသခ်မ်း သွားမလို့ ဥကြီး၊ ဥချောတွေ လာရွေးနေတာ"

"ခက်လိုက်တဲ့ မိန်းမကွာ. . မနေ့က ကလေးရှေ့မှို့ ငါမပြောတာ"

"ဘာကိုလဲ"

"ဒီမယ် ငါ အခုတော့ မှင်းကို ဖွင့်ပြောရတော့မှာပဲ"

"ဘာဖွင့်ပြောတော့မှာလဲ၊ ဆမ္မာကြီး ဝင့်စိတ်မွန်ပြီး မအီမလည်ဖြစ်နေတာ အခု နင်သွားတော့ နင်နဲ့ရကြတော့မှာပဲလို့ ရှင်ပြောမယ် မဟုတ်လား"

သူ့စကားကိုပင် ဆုံးအောင်နားမထောင်တော့ဘဲ စိတ်ဆိုးမပြေသေးသော ဂျာနူက သူ့ကို ကတ်ကတ်လန် ပြန်အော်သောအခါ ဂမ်ရော်မှာ ဤတစ်ခါ ဒေါသမဖြစ်ရဲတော့ဘဲ သူ့မိန်းမကို ချော့သံနှင့် -





"ခက်လိုက်ပါဘိကွာ၊ ဒီမယ်. . ငါပြောမယ်၊ သေသေချာချာ ဒီနားကထောင်ဦး ငါ ဆမ္မာကြီးဆီ. . "

ဂမ်ရော်က ပြောပြောဆိုဆိုနှင့် သူ့အနားရောက်လာပြီး သူ့နားကို မနာအောင် ကျိစယ်လိမ်ဆွဲလိုက်သောအခါ ဂျာနူက 'ဖယ်စမ်း၊ လာပြန်ပြီလား၊ ဆမ္မာကြီးကို မဟုတ်မဟုတ် ပြောဖို့စကား' ဟု အော်လိုက်ပြီး ဂမ်ရော်လက်ကို ပုတ်ချလိုက်သည်။

"မဟုတ်ပါဘူးဆို မင်းက ငါ ဆမ္မာကြီးဆီကို တစ်ခါမှ မရောက်ဘူး ဆမ္မာကြီးနဲ့ တစ်ခါမှ မတွေ့ဖူးဘူးလို့ ထင်နေသလား၊ အဲဒါပြောမလို့ပါ မိန်းမရာ"

"တော်နဲ့ ဆမ္မာကြီး ဘယ်တုန်းကတွေ့လို့လဲ၊ ဘယ်နှစ်ခါ ရှင် ဆမ္မာကြီးသခ်မ်းကို သွားလို့လဲ"

"သွားပါပြီကော မိန်းမရာ ငါ ဆမ္မာကြီးဆီသွားတိုင်း ငါ့ကို မင်းတို့ ဆမ္မာကြီးက ဘာပြောလဲ သိလား"

"ဘာပြောလဲ"

"ငါ့ကို မုဆိုးအလုပ် မလုပ်နဲ့တဲ့ တောတိရစ္ဆာန်တွေကို သတ်တဲ့ အလုပ် မလုပ်ရဘူးတဲ့၊ မနေ့ကလည်း မင်းကြားလိုက်မှာပါ၊ အဲဒီကတိကို မပေးရင် ငါ့မြားစူးတွေကို ပြန်မပေးနိုင်ဘူး သူပြောသွားတာလေ"

"အဲဒီကိစ္စ မနေ့ကတည်းက ရှင့်ကို ကျုပ်မေးမလို့၊ ဆမ္မာကြီးနဲ့ ရှင် ရန်ဖြစ်ကြပြီထင်လို့ ကျုပ် လန့်ပြီး မေးဖို့မေ့သွားတာ၊ ရှင့်မြားစူးတွေက ဘယ်လိုဖြစ်လို့ ဆမ္မာကြီးဆီ ရောက်သွားရတာလဲ"

"အေး. . ငါလဲ အဲဒါ အခု မင်းကိုပြောပြမလို့၊ ဆမ္မာကြီးနဲ့ငါ မတွေ့ဘဲနေပါ့မလား၊ သူ့သခ်မ်းမှာလဲ တွေ့တယ်၊ တောမှာ တောင်မှာ ငါ အမဲလိုက်ရင်းနဲ့လဲ သူ့ကိုဆေးမြစ် ဆေးပင်ရှာလို့ တွေ့တွေ့နေတာပဲ၊ မြားစူး သူ့ဆီ ရောက်သွားရတာက တစ်နေ့က တောထဲတွေ့ကြတော့ တိရစ္ဆာန်တွေကို လိုက်သတ်ရပါ့မလားလို့ ငါ့ကို ဆဲဆိုကြိမ်းမောင်းရုံတင်မက ငါ့ဆီက မြားစူးတွေပါ တစ်နေ့ကမှ လုယူသွားတာလေ၊ အဲဒါကြောင့် မနေ့က သူ ဆားတောင်းဖို့လာတော့ ငါက ငါ့မြားစူးပြန်ပေးပါ၊ ဆားပေး



www.burmeseclassic.com

www.burmeseclassic.com



ပ့ါမယ် ပြောတာတောင် သူ ဘာပြောသွားလဲ မင်းလည်း ကြားလိုက်သား ပဲ၊ သူက သူ့တိရစ္ဆာန်မတွေကို ငါသတ်ဖြတ်ပစ်မှာ သိပ်စိုးရိမ်နေတယ်၊ ဒါလောက်ဆို မင်းသဘောပေါက်၊ ငါက ကိုယ်တွေ့မျက်မြင်မဟုတ်ရင် ဘယ်တော့မှ ယုံတတ်တဲ့ကောင် မဟုတ်ဘူး၊ မင်းတို့ ရွာသူတွေအတွက် စိုးရိမ်လို့ပြောနေရတာ၊ မင်း မှတ်မိဦးမှာပါ၊ ငါက မင်းတို့အကောင်ဟာ အချိုကွေးလဲမရ အချဉ်ကွေးလဲ မရပါဘူးလို့ ဟိုတစ်ခါက ပြောတာလေ၊ ငါ သူ့ဆီ အောက်ကျနောက်ကျခံပြီး မိတ်ဖွဲ့ရအောင် အကြိမ်ကြိမ် သွား ခဲ့တယ်၊ ငါက ဒဟူရွာသူကြီးကွ မင်းစဉ်းစားကြည့် အမှန်က ဘယ်သူက ဘယ်သူ့ဆီလာရမှာလဲ. . .

ဘယ်ခါတွေ့တွေ့ ငါ့ကို မဆိုးမလုပ်ဖို့ချည်း တရား ဟောနေတာ၊ အနုနည်းနဲ့ပြောမရတော့ အကြမ်းပတမ်းနဲ့ ငါ့မြေးစူးတွေကို လုယူသွားတာ၊ ဒါ ထားတော့ ကဲ. . အခု ဆမ္မာကြီးက ငါ့ကို မဆိုး အလုပ် မလုပ်ပါနဲ့ တိရစ္ဆာန်တွေကို မသတ်ဘူးလို့ ကတိပေး၊ သစ္စာဆို မင်းကို ငါ ပန်းပဲပညာ သင်ပေးမယ်ဆိုရင် ငါ ဘယ်လိုလုပ်ရမလဲ၊ မင်းက ငါ့မိန်းမပဲ ကဲ. . ပြော ငါ ဘယ်လိုလုပ်ရမလဲ"

ဂမ်ရော်မှာ သူ့မိန်းမကို ချော့ပြောရင်းက ဆမ္မာကြီးကို ဒေါသဖြစ် လာပြန်ရာ ဤတစ်ခါတော့ ဂမ်ရော်ပြောပြသည်မှာ အဖြစ်မှန်ချည်း ထင် သဖြင့် ဂျာနူမှာလည်း ဘာပြောရမှန်းမသိ ဖြစ်သွား၏။

"ကဲ. . အခု မင်းသိပြီမဟုတ်လား၊ ဒီအကြောင်းတွေကို မင်း ဘယ်သူ့တစ်ယောက်ကိုမှ မပြောနဲ့နော် မင်းနှုတ်လုံ၊ ဒီအကြောင်းတွေကို သာ ရွာသူရွာသားတွေသိသွားရင် မင်းယောကျ်ား တောင်ပိုင်သူကြီး ဂမ်ရော် ဘယ်လောက်သိက္ခာကျမလဲဆိုတာ မင်းစဉ်းစားကြည့်၊ အထူးသဖြင့် ဒီ အကြောင်းတွေကို ဟိုပြုတ်မနူးလေး တစ်ကောင်တလေသာ ကြားသွားလို့ ကတော့ သွားပြီ၊ ငါလဲ ဒီရွာမှာ သူကြီးလုပ်နေစရာ မလိုတော့ဘူး၊ ငါ့ ရာထူး မင်းတို့ဆမ္မာကြီးသာ အပ်လိုက်ကြတော့"

ဂမ်ရော်မှာ ပြောရင်း ပြောရင်းက မျက်ရည်ဝဲ၊ ဝမ်းနည်းသံ ပါလာ သောအခါ ဂျာနူမှာလည်း သူ့ယောကျ်ားကို သနားသွားပုံရသည်။





"ကျုပ် ဒါတွေ ဘာမှ မသိလို့ပါရှင်၊ ကျုပ်ကို ရှင် ဘာလို့ ဒါတွေ စောစောတမပြောလဲ၊ စောစောက ကျုပ်သာသိ. . ."

"ဘာလို့မပြောလဲဆိုတော့ ငါ့မှာ စားလည်းရှူး ဆုပ်လည်းစူး ဆိုသလို မင်းကပါ ဆမ္မာကြီးဘက်ပါနေတော့ . . အမှန်က မင်းသာ မဟုတ်ပါဘူးကွာ၊ အခုဆို တစ်ရွာလုံးလိုလိုက ဆမ္မာကြီး ဆမ္မာကြီး ဖြစ်နေ ကြတော့ မခက်ဘူးလား. . .

အခု တောင်မင်းကြီးနား ဒီဆမ္မာအကြောင်း မပေါက်ကြားသေးလို့ တော်နေသေးတာ၊ ပေါက်သာရပေါက်ကြားသွားရင် မုချ ငါ့ကို မင်းကြီးက ခေါ်မေးစစ်တော့မယ်၊ ဒီဆမ္မာဆိုတဲ့ ကြောင်သူတော်ကြီး ရောက်လာ ကတည်းက ငါ. . ဘယ်လောက် စိတ်ဆင်းရဲခဲ့ရတယ် ဆိုတာ မင်းတို့ မသိဘူး"

သူကြီးဂမ်ရော်မှာ ပြောရင်း အသံတွေတုန်ကာ ငိုသံပါလာလေရာ ဂျာနူမှာလဲ မျက်ရည်အဝဲသားနှင့် သူ့ယောကျ်ားမျက်နှာကိုပင် မော့မကြည့် ရဲတော့ဘဲ ခေါင်းငုံ့ကာ ပိန်းဥ၊ မျောက်ဥ ရွှေနေမိသည်ကိုပင် အမြစ်ကြီး တစ်ခုဖြစ်ကာ အရွေးရုပ်ပြီး ကယောင်ချောက်ချား ဖြစ်သွားသည်။

ဤသည်ကိုသိသော ဂမ်ရော်က -

"ငါပြောမယ် မင်း သေသေချာချာနားထောင်"

"ဟုတ်ကဲ့ပါ"

"ဒီဆမ္မာကြီးဟာ ကြောင်သူတော်ဆိုပေမယ့် ပေါ့သေးသေး အကောင်တော့ မဟုတ်ဘူး၊ မှော်အတတ်တလဲ တကယ့်ကို တစ်ဖက်ကမ်း ခတ်တတ်တဲ့ ဆမ္မာ၊ လက်တွေ့ နည်းတွေ့ ပညာတွေလဲ စုံတကာစေ့၊ ပြောသံကြားရုံနဲ့ ဖျားလောက်တယ်၊ မင်းနဲ့ရေပင်မှာ တစ်ခါပဲတွေ့တယ်၊ ဘာပြောလဲ မင်းတို့မိန်းမတွေ စပါးထောင်း၊ ဆန်ဖွပ်လုပ်ရလို့ ပင်ပန်းကြ တယ်၊ အဲဒါ ရွာသူတွေ မပင်ပန်းကြရအောင် ဘာလုပ်ပေးမယ်ဆိုလား ပြောသေးတယ်ဆို"

"လေရဟတ်နဲ့ စပါးထောင်း ဆန်ဖွပ်ဆုံတွေ လုပ်ပေးမယ်တဲ့၊ သူ ပြောတာ ကျုပ်လည်း အံ့ဩမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မအုံးသြနဲ့ မကြာခင် မင်းတို့ကို တကယ်လုပ်ပေးမှာ၊ သူက အတတ်ပညာစုံတဲ့လူ၊ အဲဒီလိုလုပ်ပေးမှ ရွာသူတွေနဲ့ ပရောပရည်နေလို့ ရမယ်လေ၊ အခုဆို သစ်မ ကျားမတွေလဲ သူ့ဆီမှာ မရှိတော့ဘူးဆိုတော့ လူတွေဘက် လှည့်လာတာပေါ့ကွာ၊ ဒီလို မှော်ပေါက်နေတဲ့ ဆမ္မာတွေဟာ ဘယ်လောက်ကြောက်စရာကောင်းလဲဆိုတာ မင်းတို့က ဒဟူရွာကလွဲပြီး ဘယ်မှ မရောက်ဖူးကြလို့ မသိတာ၊ ငါ ဟိုဘက်မှာ ကြားဖူးတာက ဒီလို မှော်ဆရာတွေဟာ ရွာသူတွေကို တစ်နေ့တစ်ယောက် သူ့အတတ်ပညာနဲ့ ခေါ်ခေါ်ပြီး ပျော်ပါးတယ်၊ ပြီးတော့ သွေးစုပ်သတ်ပစ်တယ်၊ အလောင်း အစအနရှာမရအောင် ကျားတွေခေါ်ပြီး အစာကျွေးပစ်တယ်၊ ဒါမှမဟုတ် ကျားကိုက်သတ်စားသွားတယ် ထင်ရအောင် လုပ်တယ်၊ ဘယ်လောက် ကြောက်စရာကောင်းလဲ"

"ရှင်ပြောတာနဲ့ ဒီဆမ္မာကြီးကို ကျုပ်တောင် ကြက်သီးထလာပြီ"

"မထနဲ့ ဒီဆမ္မာကြီးကတော့ ငါကြားဖူးတဲ့ မှော်ဆရာတွေလောက် စွမ်းချင်မှစွမ်းမယ်၊ အဲဒီလောက် မစွမ်းလို့လဲ အခုထက်ထိ တို့ရွာကို ဘာဆိုကျိုးမှ မလုပ်နိုင်သေးတာပေါ့၊ သူဟာ တို့ရွာအတွက် ကောင်းကျိုးပြုနေသေးတာတော့ အမှန်ပဲ၊ ဒါကိုတော့ သူနဲ့မတည့်ပေမယ့် ငါ ဝန်ခံတယ်၊ တစ်ရွာလုံးလဲ ဝန်ခံကြရမယ်၊ အခုထိတော့ သူက ရပ်ကျိုးရွာကျိုး လုပ်ပေးနေတာကိုး၊ အဲဒီတော့ ပိန်းဥ၊ မျောက်ဥ ဥကြီးချောချောတွေ ရွေးပြီး မင်းသားနဲ့မင်း ဆမ္မာကြီးဆီ သွားလိုက်ကြ"

"ဟင် ကျုပ်တို့သားအမိ ဆမ္မာကြီးဆီ သွားရမယ်"

ယခင်က ဆမ္မာကြီး ရေပင်မှာ ရေသွားခပ်သည်ကိုပင် အပြစ် ပြောချင်နေသော သူ့ယောက်ျားက ယခု ဆမ္မာကြီးဆီ သွားလိုက်ကြဟု ပြောလာပြန်သောအခါ ဂျာနူမှာ သူ့ယောက်ျားကို ဘယ်လိုနားလည်ရမှန်း မသိသဖြင့် အံ့သြကြီးစွာနှင့် တစ်ချက်မော့ကြည့်လိုက်၏။

"ဟုတ်တယ် ဆမ္မာကြီးဆီ မင်းတို့သားအမိ သွားကိုသွားရမယ်၊ ငါပြောတာ မင်း သေသေချာချာ နားထောင်၊ စောစောက ငါပြောပါပြီ ကောလား၊ ဘာပဲပြောပြော ဆမ္မာကြီးဟာ အတတ်ပညာစုံတာတော့ အမှန်





ပဲ၊ ဒါကို တို့ရွာသူရွာသားတိုင်း အမြင်မှန်ကြရမယ်၊ မင်းတို့ သားအမိကို မနက်ဖြန် ငါက သွားပါပြောတာ သူ့ဆီက ပညာတွေကို ငါတို့ ယူကြရမယ်၊ သူ့ပညာတွေဟာ ဘယ်လောက် အစွမ်းထက်တယ်ဆိုတာ မနေ့က မင်းမြင် တဲ့အတိုင်းပဲ၊ ဒီတော့ အခုဆို မင်းတို့ ငါတို့နဲ့လည်း ဆမ္မာကြီးက မေးထူး ခေါ်ပြောအဆင့်ထက်တောင် အကျွမ်းလည်းဝင်နေကြပြီ၊ မင်းကိုလဲ သူက စိတ်ဝင်စားနေတော့ မင်းသားကို ပန်းပဲပညာ သင်ပေးပါလို့ ပြောလိုက်ရင် ကောင်းကောင်းကြီးသင်ပေးလိမ့်မယ်၊ အရေးကြီးတာက သူ့ဆီက ပန်းပဲ ပညာကို မင်းသားရဖို့ အရေးကြီးတယ်. . .

ဒါမှလဲ မင်း ငါ့ကို ဟိုနေ့က ပြောသလိုပေါ့ ကြီးလာရင် မင်းသားက မုချ တောင်မင်းကြီးဖြစ်မယ့်ကောင်၊ တောင်မင်းကြီးဖြစ်ရုံမက ပန်းပဲ ပညာမှာလဲ ပြိုင်စံရှားဖြစ်လာရင် ပို မကောင်းဘူးလား၊ ဒီတော့ မင်းသား နောင်ရေးအတွက် ဆမ္မာကြီးဆီက ပန်းပဲပညာကိုတော့ ရအောင်ကို ယူထားတတ်ထားလိုက်မှဖြစ်မယ်"

"ဆိုင်ဂမ် ပန်းပဲပညာတတ်တာကတော့ ဟုတ်ပါပြီ၊ ရှင်ပြောသလို ဆမ္မာက ကျုပ်ကို ပရောပရည်လုပ်. . ."

"ဟာ ဒါကတော့ သူ့အကြောင်း မင်းကို ငါပြောပြထားပြီးပြီပဲ၊ ကြည့်ရှောင်ပေါ့၊ သူ့ဆီသွားရင် တစ်ယောက်တည်း မသွားနဲ့ကွာ၊ ကလေး တစ်ယောက်ယောက်ဖြစ်ဖြစ် ရွာသူတစ်ယောက်ယောက်ဖြစ်ဖြစ် ခေါ် သွားပေါ့၊ မင်းနဲ့ဆမ္မာတို့ အကျွမ်းဝင်ကြတယ်ဆို သူတို့လည်း ဆမ္မာကြီးနဲ့ အကျွမ်းဝင်ချင်လို့ လိုက်ချင်ကြတဲ့ မိန်းမတွေ ယက်တောင်ထုတ်ရမယ်၊ ငါပြောတာ မင်းသဘောပေါက်လား"

"ဘာကိုလဲတော်. ."

"ဟာ ဒီမိန်းမ ပါးမလိုလိုနဲ့ ထူနေပြန်ပြီ၊ မင်းသား ဆိုင်ဂမ် ပန်းပဲ ပညာတတ်ထားဖို့ကိစ္စ ပြောနေတာ"

"ကလေးက အခုမှ ဆယ့်နှစ်နှစ်ရှိသေးတာ၊ ရှင့်ကိုလဲ သင်ပေး ပါ့မယ်၊ လာပါလို့ ဆမ္မာကြီးက ဖိတ်သွားသားပဲ၊ ရှင် သွားလိုက်ပါလား၊ ရှင်က ပန်းပဲပညာအခံလဲ ရှိထားတော့ မြန်မြန်မတတ်လွယ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"တောက်. . ဒီမိန်းမ ပြောရင်း ပြောရင်းကကို နားဝေးလာပြန်ပြီ၊ နင့်လင်သွားရင် နင့်လင်ကို နင့်လင်ဆမ္မာကြီးက မုဆိုးမလုပ်ပါနဲ့လို့ ကတိ အခါခါတောင်းနေပါတယ်၊ သစ္စာဆိုခိုင်းနေပါတယ်ဆို နင့်ကို ဘယ်နှစ်ခါပြောရမလဲ၊ ငါ့နှယ်နော် နင့်ကိုပြောရတာ ငါသေချင်တယ်"

"ကျုပ်က ကြောက်တယ်တော့၊ ကြောက်လို့ပြော. . "

"ဘာကြောက်တာလဲ နင်က. . ."

"ရှင်ပဲ ပြောနေတာပဲ. . . ကျုပ်တို့ကို ဆမ္မာကြီးက မယား လုပ်ချင်. . "

"ငါနော်. . နင့်ကို ငါသတ်ချင်လာပြီ သိလား"

"သတ်ချင်လဲ သတ်လိုက်တော်၊ ဆမ္မာကြီးမယားတော့ ကျုပ်တို့ မလုပ်ရဲပါ"

"ဟဲ့ နင့်ကို ဆမ္မာကြီးမယား သွားလုပ်ဖို့ ပြောနေတာ မဟုတ်ဘူး ဟဲ့ ကောင်မရဲ့၊ နင့်သား ပညာရေးကိစ္စ ပြောနေတာ၊ နင့်သား ပညာတတ် မဖြစ်စေချင်ဘူးလား"

"ရှင်ကကော ရှင့်သား ပညာတတ် မဖြစ်စေချင်ဘူးလား"

"ကဲ . . ကြည့် ဒါကျတော့ ပြန်ပြောတတ်တယ်၊ ငါ ကန်မိလိမ့် မယ်နော် ဂျာနူ"

"ကန်. . ကန်တော် ကျုပ်က ကြောက်ပါ. . "

"လာပြန်ပြီ ဒီကြောက်ပါတယ်"

"မကြောက်ဘဲနေမလား အခု ပြောရင်းတောင် ကြက်သီးထ လာပြီ"

"သေလိုက် သေလိုက်"

သူ့မိန်းမက ပခုံးတွန့်ပြသည်ကို ဂမ်ရော် စိတ်တိုသွားပြီး အော် လိုက်၏။

"သေတော့ မသေချင်သေးဘူး၊ တောင်မင်းကြီးကတော် ဖြစ်ချင် သေးတယ်"

"ငါ အကောင်းပြောနေတာ နင်ရူးသလို ပေါသလို လုပ်မနေနဲ့"





"ရှင် အမျိုးမျိုးပြောနေတာနဲ့ကို တကယ် ကျုပ်က ရူးချင်လာတာ စောစောကပြောတော့ ဆမ္မာကြီးကို ကြောက်ဖို့၊ အခုတစ်ခါ ကျပြန်တော့ ဆမ္မာကြီးဆီပဲ ဆိုင်ဂမ် ပန်းပဲပညာတတ်ဖို့ ကျုပ်ကပဲ ဆမ္မာကြီးမယား သွားလုပ်ရ. . "

"နင့်ကို ဘယ်သူက ဆမ္မာကြီးမယား သွားလုပ်ပါ ပြောနေလို့လဲ၊ ဘယ်လောက်နားဝေးတဲ့ မိန်းမလဲဆို ငါပြောတာက. . "

"ကဲ. . ပြောတော်. . ပြော. . ပြော ကျုပ် ဘာလုပ်ရမလဲပြော နားရှုပ်. . ရှင့်စကား နားရှုပ်. . နားရှက်လွန်းလို့"

"ဘာမှ နားရှုပ် နားရှက် လုပ်မနေနဲ့ ငါပြောမယ်"

"ပြော. . "

"မနက်ဖြန် ပိန်းဥ၊ မျောက်ဥကြီးကြီးတွေ ရွေးယူပြီး နင့်သားနဲ့ နင်နဲ့ ဆမ္မာကြီးဆီသွားကြ၊ ဆိုင်ဂမ်ကို ပန်းပဲပညာသင်ပေးပါ အရှင်လို့ ရိုရိုသေသေပြော၊ ဟိုနေ့ကတော့ အရှင်တွေ အရှဲတွေ နင်ပြောတတ် သားပဲ"

"ပြောတတ်မှာပေါ့ အဲဒီနေ့က ကျုပ်လင်ကို ဆမ္မာကြီး သတ်သွား မှာစိုးလို့ပေါ့တော်"

"ဟင်း. . ဟင်း. . ငါ့မိန်းမ ငါ့ကို ဒီလောက်ချစ်မှန်း အခုမှသိရ တော့တယ်"

"ကိုယ့်လင်ပဲတော် မချစ်ဘဲနေမလား ရှင်ကကော ကိုယ့်မယား ကို မချစ်ဘူးလား"

"ချစ်ပါတယ်ဗျာ သိပ်ချစ်ပေါ့ ကဲ. . ဒါဆို လင်ချစ်မရေ. . လင် စကားလဲ နားထောင်ဦး"

"ကျုပ် နားနာတယ်တော့ တစ်ဖက်မဟုတ်ဘူး နှစ်ဖက်စလုံးနဲ့ကို နားထောင်ပါ့မယ် ကဲ. . ပြော"

"ဆမ္မာကြီးက ငါ့ကိုမေးရင် တောင်မင်းကြီးရဲ့ မယူမနတ်ပွဲ နီးလာ လို့ အလုပ်ရှုပ်နေလို့ပါ။ သူ့သားကို ပန်းပဲပညာသင်ပေးဖို့ အရှင့်ကို အပ် လိုက်ပါတယ်၊ သူတော့ တောင်မင်းကြီး မယူမနတ်ပွဲပြီးမှ အရှင့်ဆီ လာ



www.burmeseclassic.com

www.burmeseclassic.com



မယ်ပြောပါတယ် အရှင်လို့ ရိုရိုသေသေပြော၊ ဆမ္မာကြီးကို မင်းပြောရင် ရမှာပါ"

"ရှင်ကကော တောင်ပိုင်ကြီး မယူမနတ်ပွဲပြီးရင် ဆမ္မာကြီးဆီ တကယ်သွားမှာလား"

"ပြောတာကို နားမလည်ဘူး ထူလာပြန်ပြီ၊ သွားသွား မသွားသွား စကားလှအောင် မင်းသားကို ပညာသင်ပေးလေအောင် ပြောတတ်ရတယ်ဟ"

"သူ့ကို လာလိမ်ပြီး သူ့သားကို ပညာသင်ခိုင်းတယ်ဆိုပြီး ကျုပ်ကို တစ်ခုခုလာလုပ်ရင်ကော. ."

"နင့်ကို ဆမ္မာကြီးက ဘာလုပ်မှာလဲ"

"ဒါတော့ ဘယ်သိမလဲတော် ရှင်ပဲ ဆမ္မာကြီးဟာ အတတ်ပညာစုံတယ်၊ မှော်အောင် မှော်ပေါက်ထားတယ်ဆို၊ သူက ပညာနဲ့လုပ်မှာ ပြောနိုင်လား၊ ကျုပ်က အဲဒါကြောက်တာ"

"ကဲ ကြောက်ကြောက် သေအောင်သာ ကြောက်လိုက်ကွာ၊ တော်ပြီ မင်းသွားချင်သွား၊ မသွားချင်နေ၊ ငါ နောက်ထပ်မပြောချင်တော့ဘူး ရှေ့ဆက်ပြောရင် မင်းကို ငါရိုက်မိလိမ့်မယ် သိလား"

"ဩော် ရှင်က ကျုပ်ကို ရိုက်မယ်၊ ကျုပ်မိ ကျုပ်ဖဆီမှာ ရှင် ကျုပ်ကို လာတောင်းတုန်းက ရှင့်ပါးစပ်က ဘာပြောခဲ့လဲ၊ စောစောကလဲ ကျုပ်ကို ကန်မယ် ကျောက်မယ် တစ်ခါ ပြောပြီးပြီနော် ဂမ်ရော်"

"ထို့ နှစ်ပေါင်းနှစ်ဆယ်ကျော် ပေါင်းပြီးမှ ဒီမိန်းမ ဒီလောက်ထူ ဒီလောက်အမှန်း သိတော့တယ်၊ အစကတော့ လင်ကို ချစ်စနိုးနဲ့ တမင် အချင်ယောင် နချင်ယောင်ဆောင်ပြီး ပေတိုးနေတာ ထင်မိတယ်၊ တကယ် နဲ့ တကယ်အတွဲ့ မိန်းမပါလား"

"ဟုတ်ပါတယ် ကျွန်တော်မတို့က ရှင့်လို ပြည်ပေါက် တိုင်းပေါက် မဟုတ်တော့လဲ နုံတာ အတာပေါ့တော်"

"အဲဒီလို အနုံမကများ တောင်မင်းကတော် ဖြစ်ချင်သေးလား ဖြစ်ပါ့လိမ့်မယ် အားကြီးကြီး"





"ဟင်. . ရှင် တော်မင်းဖြစ်ရင် မတူမတန်ဘူးဆိုပြီး ကျုပ်ကိုပစ်မယ်ဆိုတဲ့ သဘောလား ဟုတ်လား ဟင် ဂမ်ရော် နင့်စိတ်ထဲက တကယ်ပြောနေတာ ဟုတ်လား အမေ အဖေတို့ရယ် ဒီမှာ ဂမ်ရော်က ကျုပ်ကို. ."

"အော်. . အော်. . ကောင်မ နင်တစ်ရွာလုံး ကြားအောင်အော်ဘယ်လိုပြောပြော နားလည်မှုကို မရှိဘူး တောက်. ."

သူကြီးဂမ်ရော်မှာ ဤမျှနုံ ဤမျှအသော သူ့မိန်းမကို တကယ်လည်း စိတ်တိုလာပုံနှင့် မြည်တွန်တောက်တီးလုပ်ကာ အိမ်ပေါ် တက်သွားလေသည်။

သူယောက်ျားက မည်မျှဆိုဆို မည်မျှဆူဆူ လင်ချစ်မဂျာနူမှာ နောက်တစ်နေ့ မနက်ကျတော့လည်း သူ့ယောက်ျားဂမ်ရော် ပြောသည့်အတိုင်း ပိန်းဥ မျောက်ဥတောင်းကိုရွက်ကာ ဆိုင်ဂမ်ကို လက်ဆွဲပြီး ဆမ္မာကြီးသခ်မ်းကို ရောက်သွားရပြန်သည်။

သို့သော် ဆမ္မာကြီးကိုမူ မတွေ့ခဲ့ရ။

သူ့တပည့်ကြီး ဘွမ်မာ အိမ်မောင်တို့နှင့်သာတွေ့ပြီး ဆမ္မာကြီးနေမကောင်းသဖြင့် ကျောက်ခေါင်းထဲ စရဏဝင်လုပ်နေသည်ဟု ပြောသည်။

ဂျာနူက ဆိုင်ဂမ်ကို ဆမ္မာကြီးဆီ ပညာသင်အပ်ရန် လာကြောင်းပြောသောအခါ ဘွမ်မာက 'ဆိုင်ဂမ်က နေ့တိုင်းသခ်မ်းလာနေတာပဲ ကြီးကြီး အထူးအပ်စရာ မလိုပါဘူး' ဟု ပြောသည်။

"ဒါဖြေမယ့်ကွယ် သူ့အဖေကလဲ ဆမ္မာကြီးကို သေသေချာချာ ပြောအပ်ခဲ့ပါ မှာလိုက်လို့ပါ" ဟု ဆိုရာ-

"ရပါတယ် ကြီးကြီး ညနေကျလို့ ဆမ္မာကြီး ဂူထဲကထွက်လာရင် ကျုပ်တို့ ပြောလိုက်ပါ့မယ်"

"ငါ လာတယ်ဆိုတဲ့အကြောင်းနဲ့ ဒါတွေလဲ ဆမ္မာကြီးကို ကပ်လိုက်ကြပါ"

"ဟုတ်ကဲ့ စိတ်ချပါ သူကြီးကတော်လာပြီး သစ်ဥတွေ ထားသွားကြောင်း ပြောလိုက်ပါ့မယ် ဆိုင်ဂမ် မင်းက လာနေကျပဲ နေ့တိုင်းနေခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



လား" ဟု ဘွမ်မာက ပြောသောအခါ ဆိုင်ဂမ်လည်း ဘွမ်မာတို့ အိမ်မောင်တို့နှင့် ဆမ္မာကြီးသခ်မ်းတွင် ကျန်နေခဲ့သည်။

အိမ်ပြန်ရောက်လာ၍ သူကြီးဂမ်ရော်ကို ဂျာနူက ပြောပြသောအခါ -

"ဟုတ်ပြီ အဲဒီလောက်ဆိုရပြီ၊ သူ့ကို ငါတို့ ပိန်းဥ မျောက်ဥတွေ လာလှူသွားကြောင်း ဆမ္မာသိရင်တော်ပြီ၊ နောက်တစ်ရက် နှစ်ရက်ကြာရင် မင်းသွားပြီး ဆမ္မာကြီး နေကောင်း မကောင်း သတင်းသွားမေးလိုက်ဦး"

"ဟင် ကျုပ်က သတင်းသွားမေးရဦးမယ်"

"ဟုတ်တယ်လေ အဲဒါမှလဲ မင်းနဲ့ဆမ္မာ ရင်းနှီးပြီး မင်းသားကို ပန်းပဲပညာ ကောင်းကောင်း သင်ပေးမှာပေါ့"

"ရှင်ပြောတာနဲ့ ကျုပ်တတော့ ဆမ္မာကြီးကိုတွေ့ရမှာ ကြောက်နေတယ် ဟီး ဟီး"

"လုက်လာပြန်ပြီ ငါ သွားလို့ မဖြစ်လို့ မင်းကို လွှတ်ရတာပါ မိန်းမရာ၊ ဘာမှ မကြောက်နဲ့ ငါက နေကောင်းပြီလား သတင်းမေးခိုင်းလိုက်လို့ လာပါတယ် ဘာညာပေါ့ကွာ၊ ဟိုနေ့ကလဲ ဆမ္မာကြီး နေမကောင်းဘူးပြောလို့ လာသေးတယ်၊ ပိန်းဥ မျောက်ဥတွေလဲ လှူထားခဲ့ပါတယ်၊ အခု ဘယ့်နှယ်နေသေးလဲ နေကောင်းသွားပြီလား ဘာများ အလိုရှိပါသေးလဲ၊ ဆားကုန်ပြီလား ဘာညာရယ်ပေါ့ကွာ၊ ဒီလောက်မှ မပြောတတ်ဘူးလား၊ နေရာတကာ လင်က လိုက်သင်ပြနေရတယ်"

"ပြောတာ ဘာမပြောတတ်စရာ ရှိလဲရှင့်၊ အဲဒါ ဆမ္မာကြီးသခ်မ်းသွားရမလားလို့ ရှင်ကသာ ကျုပ်ကို ဆမ္မာကြီးနဲ့ ပေးစားပြောမနေနဲ့၊ ကျုပ်က စိတ်ပေါက်လာရင် တကယ်ယူပစ်လိုက်မှာ"

"ဟင် ဂျာနူ မင်း စောစောကပြောတော့ ဆမ္မာကြီးကို ကြောက်လှချည်ရဲ့ဆို အခု ဘာစကားပြောလာပြန်ပြီလဲ"

"မသိဘူးလေ ရှင်ကပြောလို့ ကျုပ်ကလဲ ပြောထားရတာ"

"ငါက ဘာပြောလို့လဲ"





"ဩော် ရှင်ကလဲ ဘာပြောလဲ မေးနေရသေးတယ်၊ တစ်ချိန်လုံး ဆမ္မာကြီးနဲ့ကျုပ်ကို မေးစားနေတာ၊ ကျုပ်တင်လားတော် ရွာက မိန်းမသူတွေကိုပါ ရှင်ပဲ ဆမ္မာကြီးမယားတွေ ဖြစ်ကုန်မယ်လို့ ပြော. . ပြော"

"တော်တော့ မင်းပါးစပ်ပိတ်စမ်း ငါက ဆမ္မာကြီးကို အဲဒီလိုပြောပါတယ်ဆိုတာ ရပ်ထဲရွာထဲ ယောင်လို့ မထွက်မိစေနဲ့ ကြားလား"

"ရပ်ထဲရွာထဲတော့ ကျုပ်က ပြောမလား၊ ကျုပ်က အရေးမကြီးဘူး၊ ရှင့်သားရွှေသာ အဲဒီစကား ကြပ်ကြပ်ပြော အခုတောင် ကလေးက သူ့အဖေက ဆမ္မာကြီးကို အဲဒီလိုပြောပါတယ်လို့ ရပ်ထဲရွာထဲ ပြောများပြောမိပြီလားမသိ၊ အခုလဲ ဘွမ်မာတို့ညီအစ်ကိုနဲ့ ဆမ္မာကြီးသခ်မ်းမှာ ကျန်ခဲ့တယ်၊ ပြန်လာမှ မေးကြည့်ရဦးမယ်"

"အေး မေးကြည့် သားကိုလဲ မပြောစေနဲ့ မင်းလဲ သတိထား"

ပြောပြောဆိုဆိုနှင့် သူကြီးဂမ်ရော်က ထရံတွင် ချိတ်ထားသော လေးများကို လှမ်းယူလိုက်သောအခါ-

"အခု ရှင်က ဘယ်သွားဦးမလို့လဲ"

"ဘယ်သွားရမလဲ ဒီနှစ် ဒီအတိုင်းဆို ရေခဲတောင်တွေပေါ်လဲ သွားတက်နိုင်မယ့် အခြေအနေ မမြင်တော့ မင်းတို့စားဖို့သောက်ဖို့ ရွာပြင်ထွက် သားကောင်ရှာ သွားမလားလို့ ငါမှာခဲ့တာလဲ မမေ့နဲ့နော်"

"ဘာကိုပါလိမ့်"

"ဟော ခုနကပဲ ပြောသေးတယ် အခု မေ့ပြန်ပြီလား သားပြန်လာရင် ပြောရမယ့်ကိစ္စပြောတာပေါ့"

သူအော်လိုက်သဖြင့် သူ့မိန်းမက နောက်ထပ် ဘာမှ ပြန်မပြောသောအခါ ဂမ်ရော်မှာလဲ သားကောင်ရှာရန် ရွာပြင်ဘက် ထွက်လာလေသည်။

ဆမ္မာကြီး နေမကောင်းသဖြင့် ဂူအောင်းနေသည်ဟူသော သတင်းကို ကြားရတော့မှ ဂမ်ရော်မှာလည်း လွတ်လွတ်လပ်လပ် ဤနေ့မှ ရွာပြင်ထွက် သားကောင်ရှာရဲတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

"ဂျာနူ. . ဒီနေ့ ဆမ္မာကြီးသခ်ိမ်းဘက် မင်းရောက်သေးလား"

တောထဲက ပြန်လာလာချင်း နေ့စဉ်မေးနေကျစကားကို သူကြီး ဂမ်ရော်က သူ့မိန်းမကိုမေးသည်။

"မရောက်ပါဘူး ကျုပ်က ဆမ္မာကြီးသခ်ိမ်း ဘာသွားလုပ်ရမှာလဲ"

"ဟော့ဗျာ. . ကဲ . . မင်းသားဆိုင်ဂမ်ကို ပန်းပဲအတတ်သင်ပေးမယ့်ကိစ္စလေကွာ၊ နေမကောင်းလို့ ဂူအောင်းနေတယ်ဆို ခုလောက်ဆို ထွက်ရောပေါ့"

"ဩော်. . ဒါလား"

"ဒါမဟုတ်လို့ တခြားဘာရှိလို့လဲ"

"မသိဘူးလေ ကျုပ် ဆမ္မာကြီးသခ်ိမ်းဘက်သွားတာ ရှင်မကြိုက်လို့ မေးတယ်ထင်လို့ပေါ့တော်"

"ဟ. . မကြိုက်လို့ဖြစ်မလား ဒါ ကိုယ့်သားကိစ္စပဲဟာ"

သူ့သားဆိုင်ဂမ်အား ဆမ္မာကြီး၏ ပန်းပဲပညာကို အလွန်တတ်စေချင်နေသော သူကြီးဂမ်ရော်က ဂျာနူ့မှာ အော်ပြောလိုက်၏။

"ရှစ်ပြော ပြောနေတာနဲ့ ဆမ္မာကြီးကို ကျုပ် ကြောက်ပါတယ်ဆိုနေ၊ ရှင်လဲ ဖအေတစ်ယောက်ပဲ ရှင် သူကြီးတောင်ပိုင်အနေနဲ့ သွားပြောရင် မကောင်းဘူးလား"





"ဂျာနူ. . နင်ဟာလေ ဘယ်လိုပြောပြော တကယ့်ကိုသဘောမပေါက်တဲ့မိန်းမ၊ မင်းသားကိစ္စ မင်းသွားမှဖြစ်မှာပေါ့၊ ငါသွားလို့ မဖြစ်ဘူးဆိုတာ မင်းကို အရင်တစ်ခါလဲ ငါရှင်းပြပြီးပြီလေ၊ ငါသွားရင် မုဆိုးမလုပ်တော့ပါဘူးဆိုတဲ့ကတိကို မုချတောင်းလိမ့်မယ်ဆိုတာ"

"ဟုတ်ပါပြီတော် ကျုပ် သဘောပေါက်ပါပြီ၊ မနက်ဖြန့်ကျ ဆက်ဆက်သွားပါ့မယ်၊ အဲဒါ ရှင်ကသာ. ."

"အေးပါ. . အေးပါ မင်းပါးစပ်က ဘာစကားထွက်တော့မယ်ဆိုတာ ငါသိပါပြီ၊ နောက် ဘယ်တော့မှ ဆမ္မာကြီးကို မင်းနဲ့ မတွေ့စပ်တော့ပါဘူး၊ မင်းကိုသာမှဟုတ် ဘယ်ရွာသူကိုမှလဲ ဆမ္မာကြီးနဲ့ငါ မတွေ့စပ်တော့ပါဘူးဆိုတာ ကတိပေးပါတယ်"

အမှန်လည်း ဤနေ့ ဤရက်ကစပြီး သူသည် ဆမ္မာကြီးကို ကဏ္ဍကောစ မလုပ်တော့ဘူးဟု ဆုံးဖြတ်လိုက်သည်။ နောင်ကို တစ်နည်းမဟုတ်တစ်နည်း ဆမ္မာကြီးနှင့် သင့်တင့်အောင်နေမှ ဖြစ်တော့မည်ကိုလဲ သူ သဘောပေါက်လာသည်။ ဆမ္မာကြီးဆိုသူမှာ အသက်သာ အသေခံမည်၊ သူ့ယုံကြည်ချက်ကိုတော့ စွန့်မည့်သူ မဟုတ်မှန်းလည်း သူကြီးဂမ်ရော် ကောင်းကောင်းသဘောပေါက်ထားသည်။

နောက်တစ်နေ့ရောက်သောအခါ ဂျာနူသည် သူ့ယောက်ျားသင်ပေးထားသည့်အတိုင်း ပိန်းဥ၊ မြောက်ဥအပြင် ရွှေဖရုံသီး၊ ငှက်ပျောသီးတို့ကိုပါ တောင်းတစ်လုံးထဲထည့်၍ ဆိုင်ဂမ်ကိုလက်ဆွဲကာ ဆမ္မာကြီးသခ်ိမ်းသို့ စောစောစီးစီးထွက်လာသည်။ ဆမ္မာကြီး ကြိုးတံတားထိပ်ရောက်သည်နှင့် ဆိုင်ဂမ်က ဆမ္မာကြီးသခ်ိမ်းဘက်ကို အရင်ပြေးသွားသည်။

"ဟဲ့. . နေပါဦး" ဟု ဂျာနူ လှမ်းအော်သည်ကိုပင် တစ်ချက်ပြန်လှည့်မကြည့်ခဲ့၊ ဆိုင်ဂမ်မှာ သူ့သူငယ်ချင်း အပေါင်းအသင်းများနှင့် ဆမ္မာကြီး သခ်ိမ်း၌သာ ပျော်နေသူဖြစ်ရာ သူ့အမေကိုပင်မစောင့်ဘဲ ရှေ့က ပြေးသွားခြင်းဖြစ်သည်။

ဂျာနူ ဆမ္မာကြီးသခ်ိမ်းကိုရောက်သောအခါ ဆမ္မာကြီးကို မမြင်ရဘဲ ဆမ္မာ၏တပည့်ကြီး အီမောကို မေးကြည့်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆမ္မာကြီး . . ဂန္ဓာရီခရီးထွက်သွားတယ် ကြီးကြီး"

"ဩော် . . အရင် ဟိုသုံးလေးရက်က ငါလာသွားတဲ့အကြောင်း သားတို့ဆမ္မာကြီးကို လျှောက်လိုက်ကြရဲ့လား"

"လျှောက်လိုက်ပါတယ် ကြီးကြီး ၊ ဗိန်းဥ မြှောက်ဥတွေ လာလှူသွားတယ်ပြောတော့ ဆမ္မာကြီးက သမီးကြီး ကျန်းမာချမ်းသာပါစေလို့လဲ ဆုပေးသွားပါတယ်"

"အေးကွယ် . . မင်း စောစောကပြောတဲ့ ဆမ္မာကြီးသွားတာ ဘယ်ကိုရယ် . . ."

"ဂန္ဓာရီခရီးပါကြီးကြီး"

"ဂန္ဓာရီခရီးဆိုတာ . . ."

ဂျာနူက ဘာကိုဆိုလိုမှန်းမသိ၍ မေး၏။

"ဂန္ဓာရီခရီး သွားတယ်ဆိုတာ လစက် တစ်လလည်း ကြာချင်ကြာတတ်ပါတယ် ကြီးကြီး၊ ဆမ္မာကြီးက ဒီလိုပဲသွားနေကြပါ"

"ဟုတ်လား . . ကြီးကြီး မသိလို့ပါ၊ ဆမ္မာကြီးပြန်လာရင် ဒါတွေ ကပ်လိုက်ကြပါဦးကွယ်၊ ကြီးကြီး လာသွားတယ်ဆိုတာလဲ လျှောက်လိုက်ကြနော်"

"ဟုတ်ကဲ့ပါ"

"ဩော် . . ဆမ္မာကြီး ပြန်ရောက်ရင် ဆိုင်ဂမ်နဲ့ပဲဖြစ်ဖြစ် ပြန်ရောက်လာပြီဆိုတာ ပြောလိုက်ကြပါကွယ်"

ဘာကြောင့်ရယ်မသိ၊ ဤတစ်ခါတော့ ဘွန်မောက ဂျာနူမျက်နှာကို ခပ်တည်တည်ပြန်ကြည့်နေသည်။

အမှန်က သူတို့ဆရာ ဆမ္မာကြီးနှင့် ရှာသူကြီးဂမ်ရော်တို့ ကတောက်ကဆ ဖြစ်ထားကြသည်ကို နားစွန်နားဖျားကြားထားသော ဘွန်မောက ဆမ္မာကြီး ပြန်ရောက်လာလျှင် သူသားနှင့်ဖြစ်ဖြစ် ပြောလိုက်ကြပါဟု မှာခြင်းမှာ သူတို့ဆမ္မာကြီးကို သူကြီးအမိန့်နှင့်များ နှင်ချင်လို့လားဟု တွေးလိုက်ပုံရသည်။ ထို့ကြောင့်လည်း မျက်နှာတည်သွားခြင်းဖြစ်၏။ ပြီးတော့မှ -





"ကိစ္စရှိလို့လား ကြီးကြီး"

"ကိစ္စရယ် အထွေအထူး မဟုတ်ပါဘူးကွယ်၊ ဆိုင်ဂမ်က မင်းတို့နဲ့ပဲပျော်တော့ ဆိုင်ဂမ်ကို ကျောင်းအပ်ချင်လို့ပါ၊ ခုလဲ ဘယ်ထွက်သွားပြန်လဲ မသိဘူး၊ တံတားထိပ်ကပင် ကြီးကြီးရှေ့က ဒီကိုပြေးသွားတာ"

"ဩော် . . သခ်မ်းနောက်မှာ ကလေးတွေ လာဆော့နေကြတဲ့အုပ် ရှိတယ် ကြီးကြီး၊ အခု အသံကြားနေရတာ အဲဒီအုပ်ကပဲ၊ ဆိုင်ဂမ်လဲ အဲဒီရောက်နေမှာပေါ့"

ယခင်က ရှာလယ်၌သာ စုကာစုတတ်ကြသော ကလေးများမှာ ယခု ကားမိုးလမ်းသည်နှင့် ရှာရှိကလေးများအားလုံး ဆမ္မာကြီးသခ်မ်းကို ရောက်နေကြလေသည်။

ဂျာနူသည် ကျောင်းသခ်မ်းဝင်းတံခါးအတိုင်း ဆော့ကစားနေကြသော အသံကြားရာ သခ်မ်းနောက်ဘက်သို့ လျှောက်လာသည်။ ဆမ္မာကြီးမရှိမှ သိရသဖြင့် မျက်လတ်လပ်လမ် သခ်မ်းနား ပတ်ဝန်းကျင်ကိုလည်း လျှောက်ကြည့်သည်။ ကလေးများသည် သူ့ နား မလည်သော ဗျောက်ခဲတမ်း၊ ကြိုးခုန်တမ်း၊ ကြိုးဖြေတမ်း ကစား နေကြသလို ကြိုးတန်းလျှောက်နည်း မျက်နှာတို့ အဝတ်နှင့်အုပ်ကာ ခဲဖမ်း နည်း၊ ခဲလုံးဖေဒင်တော်စားတို့ကိုလည်း ကစားနေကြသည်။

ဂျာနူအနေမှာ ထူးထူးဆန်းဆန်းချည်း မြင်နေရသဖြင့် သူသား ဆိုင်ဂမ်တို့အုပ်ရှာ သွားကြည့်သည်။ မျက်နှာအဝတ်နှင့်အုပ်ထားသော ကလေးတစ်ယောက်က ခဲလုံးတွေပုံနေသော ကလေးတစ်ယောက်ကို 'ပုံပြီး ပြီလား' ဟုမေး၏။ ကျောက်ခဲတွေတောက်ပြီး သုံးပုံပုံထားသော ကလေး တစ်ယောက်က 'ပုံပြီးပါပြီဆမ္မာကြီး' ဟု ပြန်ပြောသည်။ ထိုအခါ မျက်နှာ အုပ်ထားသော ကလေးက -

"မင်း ဘယ်နှစ်ပုံ ပုံထားလဲ"

"သုံးပုံပါ ဆမ္မာကြီး"

"အရေအတွက် မှန်ရဲ့လား"

မျက်နှာကို အဝတ်အုပ်ထားသော ကလေးက မေးပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"အညီအမျှ အရေအတွက် အတူတူပုံထားပါတယ် ဆမ္မာကြီး"

"ဒါဆို အလယ်ပုံကို အစွန်နှစ်ပုံက တစ်ဖက်သုံးလုံးစီတင်လိုက်"

မျက်နှာကို အဝတ်အုပ်ထားသော ကလေးပြောသည့်အတိုင်း ကျောက်ခဲလုံးလေးတွေ ပုံနေသောကလေးက တစ်ဖက်စီရှိ ခဲလုံးပုံနှစ်ပုံမှ အလယ်ပုံသို့ ခဲလုံးသုံးလုံးစီကို ကောက်ပုံလိုက်သည်။ ရယ်ဖြဲဖြဲနှင့် 'ပုံပြီးပါပြီ ဆမ္မာကြီး' ဟုလည်း ပြောသည်။

"ဒါဆို တစ်ဖက်အစွန်မှာရှိတဲ့ အရေအတွက်အတိုင်း အလယ်ပုံက ခဲလုံးတွေကို ပြန်ဖယ်ထားလိုက်"

မျက်နှာကို အဝတ်နှင့်အုပ်ထားသောကလေး ပြောသည့်အတိုင်း တစ်ဖက်အစွန်တွင်ရှိနေသော ခဲလုံးပုံထဲမှ အရေအတွက်ကိုတွက်ပြီး အလယ်ပုံ ခဲလုံးထဲမှ ပြန်နုတ်သည်။

"ကြာလိုက်တာကွာ . . . ဖယ်ပြီးပြီလား"

မျက်နှာကို အဝတ်နှင့်အုပ်ထားသော ကလေးက စိတ်မရှည်သံနှင့် မေး၏။

"ခဲလုံးတွေ များနေလို့ . . . နေပါဦး၊ ရေနေတယ်"

ခဲလုံးပုံနေသော ကလေးက ပြန်ပြောသည်။

"မပြီးသေးဘူးလားဟ"

"ပြီးပြီ ပြီးပြီ ကဲ . . . အလယ်ပုံမှာ . . . ကျော်ကြီး၊ အယ်နှလုံး ကျန်လဲ၊ ဟောတော့ မမှန်လိုက်တော့ နင် ကြိုးတန်းနှစ်ခါ လျှောက်ပြရမယ်"

ခဲလုံးပုံရသောကလေးက မျက်နှာကို အဝတ်နှင့်အုပ်ထားသော ကလေးအား ကြိမ်းဝါးလိုက်သည်။

ဝိုင်းထိုင်နေကြသော ကလေးသုံးလေးယောက်က မျက်နှာကို အဝတ်နှင့်အုပ်ထားသော ကလေးအား ကြည့်လိုက်၊ အလယ်က ကျောက်ခဲပုံကို ကြည့်လိုက်နှင့် အသံတိတ်စောင့်ကြည့်နေကြသည်။

"ကြာတယ်ကွာ မြန်မြန်ဟော"

"ငါ့မှာ တွက်နေရသေးတယ်ဟ"





မျက်နှာကို အဝတ်နှင့်အုပ်ထားသောကလေးက လက်ချိုးရေတွက်ပြီး -

"ကဲ . . ဟောတော့မယ်"

"ဟော . . ."

"အလယ်ပုံမှာ ခဲလုံးကိုးလုံးရှိမယ်"

"မှန်တယ်ဟေ့ . . မှန်တယ် မှန်တယ် ဆမ္မာကြီးဖြစ်သွားပြီ"

ထိုင်ကြည့်နေသော ကလေးသုံးလေးယောက်က လက်ခုပ်လက်ဝါး တီးပြီး ဩဘာပေးလိုက်ကြသည်။ ထိုအခါ မျက်နှာကို အဝတ်နှင့်အုပ်ထားသော ကလေးလေးက အဝတ်ကိုဆွဲချွတ်လိုက်ကာ အောင်ပွဲရသူ တစ်ယောက်၏ မျက်နှာနှင့် ပြုံးဖြဲဖြဲကြီးလုပ်နေသည်။

ဂျာနူမှာ သူတို့လုပ်နေကြသည်ကို အစအဆုံး နားမလည်သော်လည်း အလယ်ပုံရှိ ကျောက်ခဲကိုးလုံးကို မှန်အောင်ဟောနိုင်သော ကလေးကို အံ့ဩသွားမိသည်။ ဤမြင်ကွင်းကို မြင်လိုက်ရသည်နှင့် သူယောက်ျား ဂမ်ရော်ကိုလည်း ချက်ချင်း ပြေးသတိရလိုက်သည်။ ဤမြင်ကွင်းကို မြင်ရလျှင် သူယောက်ျားလည်း မည်မျှအံ့ဩမည်မသိ။

"ကဲ . . . နောက်ထပ်တစ်ယောက်ဝင်"

သူတို့ထဲတွင် အကြီးဆုံးဖြစ်သော ကလေးက နောက်တစ်ယောက် ဝင်ဟု ဆိုသောအခါ စောစောက အဝတ်အုပ်ထားသော ကလေးနေရာကို နောက်တစ်ယောက် ဝင်ထိုင်သည်။ နောက်တစ်ယောက်က ထိုကလေး၏ မျက်နှာကို အဝတ်နှင့်အုပ်လိုက်သည်။

စောစောက ကြိုးတန်းပေါ်မှ လိမ့်မကျအောင် လျှောက်နေရသော ကလေးတစ်ယောက်ဆီ ဂျာနူအကြည့်က ရောက်သွားပြန်သည်။ ထိုကလေးကား တယိမ်းယိမ်းတယိုင်ယိုင်နှင့် သုံးလေးလံရှည်ရှည် သွယ်တန်းထားသော ကြိုးတန်းပေါ် တုန်တုန်ချည့်ချည့် လျှောက်နေတုန်း။ ထိုကလေးကို နောက်ကလေးနှစ်ယောက်က အောက်က စောင့်ကြည့်နေကြသည်။ ထိုအခါမှ ကြိုးတန်းလျှောက်နေရသော ကလေးမှာ ကျောက်ခဲအရေမမှန်၍ ဒဏ်ပေးခံနေရသော ကလေးမှန်း ဂျာနူသိရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"သားတို့ဟာ ဘာတွေလဲကွဲ့၊ ဘယ်လိုဟာလဲ"

ဗိန်းဥ၊ မြောက်ဥ ထည့်လာသောတောင်းကို အနားမှာချပြီး ထိုင်လိုက်ကာ ဂျာနူက အံ့ဩစွာမေးလိုက်သည်။

"ဒါ. . ဆရာကြီးရဲ့ သင်္ချာအဟောပညာတဲ့၊ အမေ နားလည်မှာ မဟုတ်ပါဘူး"

သူသား ဆိုင်ဂမ်က လာကြည့်နေသော သူ့အမေကို ပြောသည်။

"ကြီးကြီး. . ဒါတတ်ချင်လား အလွယ်လေးပါ၊ ဒီမှာ ကျုပ်ပြမယ်"

စောစောက မျက်နှာအစုတ်အုပ်ပြီး ဆောက်တိန်းထုတ်နေသော ကလေးက ဂျာနူကိုပြောသည်။ ဂျာနူကလည်း "အေးကွယ်. . ကြီးကြီးကို လုပ်ပြစမ်းပါဦး" ဟု ပြောလိုက်၏။ ထိုကလေးကလည်း လုပ်ပြသည်။ စောစောကလို သုံးပုံတောင်မဟုတ်၊ ငါးပုံပုံ၍ အပေါင်းအနုတ်လုပ်ကာ အလယ်အပုံရှိ ခဲလုံးတွေကို အမှန်အကန် တိတိကျကျ ဟောပြသည်။ ဂျာနူမှာ ဉာဏ်မမီသော်လည်း အံ့ဩပြီးရင်း အံ့ဩရင်း ဖြစ်ရပြန်သည်။ ထိုအခါ လင်ချစ်မဂျာနူက သူယောကျ်ားကို ချစ်ချင်းသတိရလိုက်ပြန်သည်။ ဆရာကြီး၏ သင်ကြားထားမှုများကို သူယောကျ်ားမြင်စေချင်စိတ်၊ ပြောပြချင်စိတ်များ ချက်ချင်းပေါ်လာသည်။ ထို့ကြောင့် အိမ်ပြန်ရန် သူသားဆိုင်ဂမ်အား ပြောတော့-

"သား ဆရာကြီးလဲ မရှိဘူးဆိုတော့ အမေတို့ ပြန်ကြမယ်၊ နင့်အဖေလဲ တောထဲထွက်မသွားခင် လာ. ." ဟုခေါ်၏။ ဆိုင်ဂမ်က -

"အမေသွားနှင့် ကျုပ် ဒီမှာပဲ နေခဲ့မယ်၊ အတော်ကြာ ထမင်းဆာမှ ပြန်လာမယ်၊ အဖေ့ကိုလဲ ပြောလိုက်" ဟုဆိုသည်။

ခါတိုင်းလည်း နေနေကျဖြစ်သဖြင့် ဆိုင်ဂမ်ကိုထားခဲ့ကာ ဂျာနူ ပြန်လာသည်။ သူထင်သည့်အတိုင်းပင် သူယောကျ်ားဂမ်ရော်သည် ဂျာနူ ပြန်အလာကို တမျှော်မျှော်စောင့်နေသည်။ ဂျာနူမှာ ဆရာကြီးမရှိကြောင်းကို အရင်ပြောဖို့ သတိမရဘဲ ကလေးတွေ ကျောက်ခဲဟောတမ်း ကစားနေကြသည်နှင့် ကြိုးတန်းလျှောက်နေကြကြောင်း၊ မျက်နှာကို ပဝါအုပ်ထားပြီး သူ့ကိုပစ်လိုက်သောကျောက်ခဲ သူ့ကိုမထိအောင် ဆီးဖမ်းပြနေကြသော





အကြောင်းများကို ပြောပြရာ ဂမ်ရော်မှာလည်း အံ့ဩပြီးရင်းအံ့ဩရင်း ဖြစ်ရလေသည်။သို့သော် ဤသည်ကိုတော့ အရင်ကပင် သူကြားဖူးထားရာ သူ့သား ဆိုင်ဂမ် ပန်းပဲပညာသင်ပေးရေးကိုတော့ ဘယ်လိုမှ မေ့မရဘဲ မေး၏။

"ဆရာကြီး ဂန္ဓာရီခရီးထွက်သွားတယ်လို့ ဘွန်မော. ."

"ဘာလဲ. . ဂန္ဓာရီခရီးဆိုတာ. ."

"ကျုပ်လဲ ဘယ်သိမလဲ ဘွန်မောပြောတာ မှတ်ထားပြီး ရှင့်ကို အစီရင်ခံရတာ"

"အမေမှာ မှာတဲ့အတိုင်း ဆန်တစ်ခွဲ သုံးစိတ်နဲ့မလဲဆိုတာ မင်းလို သူကြီးကတော်မျိုးပေါ့ကွာ၊ သေသေချာချာ ဂယနဏာမေးရတယ်၊ ဘယ်လိုဟာမျိုးလဲဆိုတာ၊ ကိုယ့်ရွာ ကိုယ့်ကလေးတွေပဲ ဘာမေးရဲစရာ ရှိလဲ၊ ဖြစ်မယ်. . မကြာခင် တောင်မင်းကတော်"

"ဩော်. . ကျုပ်က ဘယ်လိုလုပ် ပြောတတ်မလဲ၊ သူတို့ဥစ္စာတွေက မြင်ရတာရော ကြားရတာရော အဆန်းချည်းပဲဟာ၊ ဘွန်မောတလဝက် တစ်လလဲ ကြာချင်ကြာမယ် ဆရာကြီးက ဒီလိုသွားနေကျပါဆိုတော့ ကျုပ်နားလည်တာက ဆရာကြီး ခရီးထွက်သွားတယ်ပေါ့တော်၊ ရှင်က ကိုယ်တိုင်သွားပါဆိုတော့လဲ မသွားဘူး၊ တောင်မင်းကတော်ထက် ဆရာကြီးကတော်ဖြစ်ရင်လဲ ကျုပ် တစ်သက် ကျေနပ်. ."

"ဂျာနူ. . ငါနော်. . အယုတ္တ အနတ္တ ထွက်မိတော့မယ်"

"ရှင့်ပါးစပ်က ဆရာကြီးနဲ့ ပတ်သက်လာရင် အယုတ္တ အနတ္တ အမြဲထွက်နေတာပဲ ထွက်ပေါ့ရှင်"

သူမိန်းမနှင့် ဆက်ပြောနေလျှင် စကားများ ရန်ဖြစ်ရုံသာရှိမည်ကို အတပ်သိသော သူကြီးဂမ်ရော်သည် ဂျာနူကို နောက်ထပ် ဘာမှ မပြောတော့ဘဲ လေးမြားဆွဲကာ အိမ်ပေါ်က ရှုံ့ရှုံ့ရဲ့ရဲ့ ဆင်းလာလေသည်။

ဆရာကြီး ခရီးထွက်သွားသည် ဆိုစကားကိုတော့ သူလည်း နားလည်သဖြင့် လွတ်လွတ်လပ်လပ် သားကောင်ရှာရန် တောထဲထွက် လာလေသည်။

❖



www.burmeseclassic.com

www.burmeseclassic.com



"သူကြီး. . . သူကြီး. . ."

ညကြီးမင်းကြီး အိမ်ရှေ့က တံခါးကိုပုတ်ပြီး တစ်စုံတစ်ယောက် ခေါ်နေသံကြောင့် ဂျာနူရော ဂမ်ရော်ပါ ဖြိုင်တူနိုးလာကြသည်။

"သူကြီး. . . သူကြီး. . ."

"ဒေါက်. . ဒေါက်. . ဒေါက်. . ဒေါက်"

ခေါ်သူက ဆက်ခေါ် ဆက်ခေါ်နေသည်။

ချက်ချင်း အသံကို မှတ်မိလိုက်ကြသည်။

"ပါလေရာလားဟေ့. . ညကြီးမင်းကြီး ဘာကိစ္စလဲကွ"

"ထူးဆန်းလွန်းလို့"

ဤစကားကိုတော့. . .

ဆယ်အိမ်မှူးပါလေရာက တီးတိုးပြောသည်။

ဂမ်ရော် ချက်ချင်းတံခါးဖွင့်ပေးလိုက်၏။

ဂျာနူက မီးဖိုထဲ ထင်းရှူးစိမ်း တစ်ချောင်းထည့်လိုက်သောအခါ ပါလေရာ့မျက်နှာကို ထင်ထင်ရှားရှား မြင်လိုက်ရသည်။

"ထိုင်ကွာ ဘာတွေ ထူးဆန်းလွန်းနေလဲ ပြောပါဦး"

"ကျုပ် အပေါ့ထသွားတော့ ဆမ္မာကြီးသင်္ချိုင်းဘက်က လူသံတွေ လိုလို ကြားတာနဲ့ ညကြီးမင်းကြီး ဘယ်လိုပါလိမ့်လို့ တံတားထိပ်နားက သွားပြီး ကြည့်မိတယ်၊ ကျုပ် ထင်တဲ့အတိုင်းပဲ လူတွေဗျ၊ ဘယ်ကဘယ်လို ရောက်လာကြမှန်း မသိဘူး၊ ပြီးတော့ ဆမ္မာကြီးသင်္ချိုင်းရှေ့ မီးတွေထွန်း ထားတာလဲ ထိန်နေတာပဲ၊ မီးတုတ်တွေရော ကျုပ်တို့ မယ့ူမပွဲမှာထွန်းတဲ့ စက်လုပ်မီးတိုင် မှိတ်တုတ်မှိတ်တုတ်တွေလဲ မြင်နေရတယ်၊ သန်းခေါင် အချိန်ကြီးဗျာ ဘယ်ကဧည့်သည်တွေမှန်း မသိလို့ သူကြီးကို လာနိုးပြော ရတာ အားတော့နာပါတယ်"

"ဟာ. . ဒါ အားနာရမယ့်ကိစ္စလားကွ၊ ရပ်နားရွာနား တစိမ်း ဧည့်သည်လာတယ်ဆို မင်းတို့ ငါတို့ တာဝန်က လူဆိုးလား၊ လူကောင်း လားဆိုတာ ရပ်သူရွာသားတွေထက် မင်းတို့ ငါတို့က အလျင်သိရမယ့် တာဝန်ရှိတာပဲ၊ မင်းကို ငါကတောင် သွင်းဖပေးပြီး ကျေးလူတင်ရမှာ၊





ဆယ်အိမ်ခေါင်းတွေထဲမှာ မင်းဟာ အားအကိုးရဆုံးဆိုတာလဲ ငါ ရပ်လူ ကြီး ရွာလူကြီးတွေကို အမြဲပြောပါတယ်"

"အဲဒါ. . အခု. . သူကြီး လိုက်ကြည့်ဦး"

"သင်္ချိုင်းထိ သွားကြည့်ကြမှာလား"

ဂျာနူက လှမ်းမေးသည်။

"အခြေအနေ အရပေါ့. ."

ပါလေရာက ဂျာနူကို လှမ်းပြောသည်။ ဂမ်ရော်ကမူ လေးမြား အပြင် ဓားမြှောင်ကိုပါ ခါးထိုးလိုက်၏။

"ဟိုလကတော့ ဆမ္မာကြီး ဂန္ဓာရီ ခရီးထွက်သွားတယ်လို့ သူ့ တပည့်တွေက ပြောတာပဲ၊ အခု သူ ခရီးကပြန်လာတာလား၊ ဟိုလူတွေ ဆိုတာ ဆမ္မာကြီးနဲ့များ ပါလာကြတဲ့လူတွေလားမှ မသိတာ၊ ဆမ္မာကြီးနဲ့ ပါလာတဲ့လူတွေဆို လူကောင်းတွေပဲ ဖြစ်လိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် ရှင်တို့ ဆမ္မာကြီးကိုတော့ ကဏ္ဍကောစ လုပ်မလာကြနဲ့နော်၊ ပါလေရာ. . နှင့် ဆရာကိုလဲ ကြည့်ပြော. ."

ဂျာနူက မိန်းမသားပီပီ စိုးရိမ်စိတ်နှင့်ပြော၏။ ဂမ်ရော်ကမူ တစ်ခွန်းမှမပြောဘဲ အိမ်ရှေ့သာ ထွက်သွားသည်။ ယခုကိစ္စမှာ စကား တစ်ခွန်းမျှသာ မပြောသော်လည်း ဂမ်ရော်ခေါင်းထဲ အတွေးတွေက ရှုပ် ယှက်ခတ်သွား၏။

သူ့မိန်းမပြောသလို ဆမ္မာကြီးနဲ့ ပါလာကြသူတွေဆိုလျှင် သူတို့ ဘာကိစ္စ ဆမ္မာကြီးနှင့် လိုက်လာကြပါလိမ့်။ ဆမ္မာကြီးကကော ဘာလို့ ခေါ်လာပါလိမ့်။ သူ့မိန်းမပြောသလို ရွာကို ဒုက္ခပေးမည့်သူတွေတော့ မဖြစ် တန်ရာ။ ဆမ္မာကြီး သူတို့ရွာလာပြီး ဩဇာတည်ထောင်နေသည်မှာ ဘယ် လို အကြောင်းကြောင့်ပါလိမ့်။ သူကြီးဂမ်ရော်မှာ တွေးရင်းစဉ်းစားမရဘဲ ခေါင်းနောက်လာ၏။ ထို့ကြောင့် သူ့နောက်က တပ်ပါလာသော ဆယ်အိမ် မှူး ပါလေရာကို -

"လူတော်တော်များလားကွ"

"ကျုပ် မြင်ခဲ့တာတော့ သုံးလေးယောက်လောက်ပါပဲ သူကြီး"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ ဘာလုပ်နေကြလဲဆိုတာကော မင်းမကြည့်ခဲ့ဘူးလား"

"သူတို့ ရောက်ကြတာတော့ သိပ်ကြာပုံ မရသေးဘူးဗျ၊ မီးဖိုတွေကိုလဲ မြင်ရတော့ ညနေစာအတွက် ချက်ပြုတ်နေကြတာလားလို့လဲ ထင်ရတယ်"

"အေးကွ တစ်ခုခုတော့ ထူးခြားတာပဲ"

ပြောရင်းက ဂမ်ရော်သည် ကောင်းကင်ကို တစ်ချက်မော့ကြည့်လိုက်သည်။ ခုနစ်စင်ကြယ် အမြီးထောင်နေသည်ကို မြင်ရသဖြင့် သန်းခေါင်အချိန်တော့ ရှိပြီဟု သိလိုက်၏။

"ထူးခြားတာက ဒီနေ့ မိုးပေါ်မှာ ကြယ်တွေကိုလဲ မြင်ရတယ်နော် သူကြီး"

ပါလေရာကလည်း သူ့ဆရာနည်းတူ ကောင်းကင်ကို မော့ကြည့်ရင်း ပြောလိုက်၏။

"အေးကွ ဒီအတိုင်းဆို မနက်ဖြန် သန်ဘက် ရာသီဥတု ကောင်းမှာတော့ သေချာတယ်၊ ရာသီဥတုကလဲ ကောင်းပါမှကွာ၊ ဒါမှလဲ ဒီတစ်ရက် နှစ်ရက်မှာ တို့ ရေခဲတောင်ပေါ် ကတိုးလိုက် တက်နိုင်ကြမှာ၊ တော်သေးတယ် ရာသီဥတုကောင်းလာလို့ ဟိုတလောကဆို သရောကြီးခိုင်းပြီးလားတောင် ထင်ရတယ်"

"ဟုတ်တယ် သူကြီး ကျုပ်လဲ အဲဒါ စိုးရိမ်နေတာ၊ ဘကြီးဒိုင်တို့ ခေတ်တုန်းကလို ဝါးရွက်တွေပြာချပြီး ဆားချက်စားကြရပြီလား မှတ်နေတာ၊ ခုလဲ ရွာမှာ ဆားကတော့ ပြတ်ချင်နေပြီ၊ ဒီတစ်ရက် နှစ်ရက် ရေခဲတောင်ပေါ် တက်နိုင်ရင်တော့ ဟိုဘက်သွားဖို့လဲ အချိန်မီနိုင်ပါသေးတယ်"

"အေးကွ. . ရာသီဥတုကတော့ ကောင်းလာဖို့ သေချာပါတယ်"

"ဟုတ်ကဲ့"

ဆရာ တပည့်နှစ်ယောက် စကားတပြောပြောနှင့် လျှောက်လာကြရာ ခဏအကြာမှာပင် ဆမ္မာကြီးကြိုးတံတားထိပ် ရွာဖျားကို ရောက်လာကြသည်။ သူတို့နှစ်ယောက်သည် ဆမ္မာကြီးကြိုးတံတားထိပ်မှ ဆမ္မာကြီးသင်္ချိုင်းဘက် လှမ်းချောင်းကြည့်ကြသည်။ ပါလေရာပြောသည်မှာ အမှန်





ပင်ဖြစ်သည်။ ဆမ္မာကြီးသင်္ချိုင်းနား တစ်ဝိုက်တွင် မီးတုတ်၊ မီးတိုင်တွေ ထွန်းညှိ ထားကြသဖြင့် လူတွေ သွားလာလှုပ်ရှားနေကြသည်ကို မီးရောင်အောက်၌ မြင်နေကြရသည်။ သေသေချာချာ ကြည့်ကြရာ လားကြီးလေးငါးကောင် ကိုလည်း မြင်ကြရပြန်သည်။

လားကြီးတွေမှာ သူတို့ဆီက လားတွေလို ပုပုသေးသေးတွေမဟုတ် ကြီးကြီးမြင့်မြင့်တွေ။ တစ်ပြည်တစ်ရွာမှာ ဂမ်ရော် တွေ့ဖူး မြင်ဖူးခဲ့ရသော လားကြီးမျိုးတွေ။

"လားကြီးတွေလဲ ပါတယ်ဆိုတော့ ဘယ်လိုသဘောလဲကွ"

"ဟုတ်တယ် သူကြီး လားကြီးတွေကိုတော့ ကျုပ် အခုမှ သေသေချာချာ မြင်မိတယ်၊ ဘယ်လိုသဘောပါလိမ့်"

သူ့ဆရာက တီးတိုးပြောသလို ပါလေရာကလည်း သူ့ဆရာ ကြားရုံလေသံနှင့်ပြော၏။ သူတို့နှစ်ယောက်မှာ ဘယ်လိုမှ မစဉ်းစားတတ်အောင် ဖြစ်နေကြသဖြင့် ဂမ်ရော်က -

"တို့ ဟိုဘက်တံတားထိပ်ထိ သွားချောင်းကြည့်ကြရင် မကောင်းဘူးလား"

"တံတားထိပ်ထိ သွားချောင်းကြည့်တာတော့ ကောင်းပါတယ် သူကြီး၊ ဒါပေမယ့် ကျုပ်တို့ရွာကို တစ်စုံတစ်ခု အကြံအစည်နဲ့ လာကြတဲ့ လူတွေဆိုရင် ဆမ္မာကြီးသင်္ချိုင်းရှေ့ အစောင့်တွေဘာတွေများ ချထားရင်ကော၊ ဒီလောက်လူအုပ်နဲ့ လာတာဆိုတော့ အဝေးလက်နက်တွေ ဘာတွေ မပါဘူးလို့လဲ မပြောနိုင်ဘူး၊ ဟိုဘက်ပြည်မှာလဲ မငြိမ်မသက်နဲ့ လားမားတွေတောင် ထွက်ပြေးနေရသလိုလို ဟိုနှစ်တ သူကြီးတို့ ကျုပ်တို့ ကြားခဲ့ကြရတာပဲ၊ ဒီလူတွေက ဆမ္မာကြီးနဲ့ ပါလာကြတာ အမှန်ဖြစ်ရင် စစ်ပြေးတွေများလား"

"အေးကွ ဟုတ်တယ် ဒါ စဉ်းစားစရာပဲ ဒီတော့ တံတားထိပ်ထိ မသွားနဲ့တော့ကွာ၊ အခု တို့ကြည့်နေတာ အတော်ကြာပြီ၊ ဆမ္မာကြီးကိုလဲ မမြင်ရတော့ စစ်ပြေးရင်း လမ်းမှားပြီးရောက်လာကြတဲ့ လူတွေများလား၊ ဆမ္မာကြီးသင်္ချိုင်းကိုတွေ့လို့ ဒါ လူနေတဲ့နေရာအမှတ်နဲ့ ရပ်နားနေကြတာ



www.burmeseclassic.com

www.burmeseclassic.com



များလား၊ ငါ့မိန်းမကို ဟိုကောင် အိမောသားကတော့ ဆမ္မာကြီး ဂန္ဓာရီ ခရီးထွက်သွားတယ်ဆိုလား ပြောတယ်တဲ့"

သည်လိုနှင့် ဆရာတပည့်နှစ်ယောက် နာရီဝက်လောက် စောင့်ကြည့်နေကြရာ ဧည့်သည်တွေမှာ အမှန်ပင် ထမင်းဟင်း ချက်စားနေကြသည်ကို မြင်ကြရသည်။ ထမင်းစားပြီးသည်နှင့် လားတွေနား မီးဖိုကြီးတွေဖိုကာ ဆမ္မာကြီးသခ်မ်းထဲ ဝင်သွားကြသည်။ နောက်တော့ တစ်ယောက်မှ ပြန်ထွက်မလာကြတော့။

ထိုအခါ သူကြီးဂမ်ရော်နှင့် ဆယ်အိမ်မှူးပါလေရာတို့မှာလည်း ဆမ္မာကြီးတံတားထိပ်မှ ပြန်လာကြသည်။

"မင်း. . ဒီလိုလုပ်ကွာ"

"ဟုတ်ကဲ့"

"ဆမ္မာကြီးသခ်မ်းထဲကို တစိမ်းဧည့်သည်တွေ လေးငါးယောက် ရောက်နေကြတယ်၊ ဘာကြောင့်ကိစ္စမှန်း မသိတော့ နိုးနိုးကြားကြား ရှိကြဖို့ ဆယ်အိမ်မှူးတွေကိုတော့ မင်း ဒီညပဲ တိုးတိုးတိတ်တိတ် ပြောထားလိုက်ကွာ ဟုတ်လား. ."

"ဟာ. . ဒါကတော့ ပြောထားရမှာပေါ့ သူကြီး၊ ခုဟာက လူဆိုးတွေလား လူကောင်းတွေလား ဘာမှန်းမှ မသိသေးတာ၊ မနက်ကျတော့ အခြေအနေစောင့်ကြည့်ပြီး သွားမေးသင့် မေးကြရမှာပေါ့"

"အေးကွာ ဒါဆို မင်း ခုပဲ ဆယ်အိမ်မှူးတွေ သွားပြောထားလိုက် ငါလဲ အိမ်ပြန်ပြီး ဒီလူတွေအခြေအနေ စဉ်းစားလိုက်ဦးမယ်"

'ဟုတ်ကဲ့'ဟုပြောကာ ပါလေရာက ရွာတောင်ပိုင်းဘက် ထွက်သွားရာ သူကြီးဂမ်ရော်လည်း မိမိအိမ်ဘက် ပြန်လာသည်။ ဧည့်သည်ကိစ္စ မနက်ဖြန် ဘယ်လိုမေးမြန်းစုံစမ်းရမည် ဆိုသည်ကိုလည်း တွေးလာသည်။ ဆမ္မာကြီးနှင့် ပါလာသူများဆို ဆမ္မာကြီးလိုပင် မာရေကျောရေနှင့် 'ဘယ်လူဆိုမှ ခွင့်တောင်းစရာ မလိုဘူး ကျုပ်တို့ နေချင်သလောက် နေသွားမယ်' ဟု ကဏ္ဍကောစ ပြောဆိုဆက်ဆံလာကြမည့် သူတွေများလား စစ်ပြေးတွေလား။





အိမ်ရောက်သည်နှင့် မအိပ်ဘဲထိုင်စောင့်နေသော ဂျာနူကမေး၏။ ဂမ်ရော်ကလည်း သူ မြင်ခဲ့တွေ့ခဲ့ရသည့် အခြေအနေကိုပြန်ပြောပြသည်။

"လူလေးငါးယောက်နဲ့ လားကြီးတွေလည်း ပါတယ်ဆိုတော့ ကျုပ် သတိရပြီတော်. ."

"ဘာကို သတိရတာလဲ မင်းကဲ. ."

"ဆမ္မာကြီး အရင်က ကျုပ်ကို ပြောဖူးပါတယ်ဆိုတာ ရှင့်ကိုလဲ ပြောဖူးသားပဲ၊ ဟိုရေပင်မှာ ရေသွားခပ်ရင်း ဆမ္မာကြီး လာနှုတ်ဆက်တယ်ဆိုတာ. ."

"မင်းကို ဆမ္မာကြီး လာနှုတ်ဆက်တာနဲ့ အခုလူတွေနဲ့ ဘာဆိုင်လဲဟ"

"ဆိုင်ပါသော်ကော ရှင်က ကျုပ်စကားဆို တစ်ခါမှ ဆုံးအောင် နားကျပ်ကြ နားမထောင်ဘဲ အော်ဖို့လောက်သိတာ၊ တိုးတိုးပြောလဲ စကားပဲရှင့်၊ ရှင့်အသံကျယ်တာနဲ့ ဆိုင်ဂမ်နိုးလာဦးမယ်"

သူ့အသံ နည်းနည်းကျယ်သွားသည်ကို ဂျာနူက ထုံးစံအတိုင်း သူ့ယောက်ျားဆဲပြီအထင်နှင့် စကားတိုးတိုးပြောရန် ပြောလိုက်ရသည်။ ညကြီး မင်းကြီး အဆဲခံရမှာ ကြောက်နေသည်။

"ကဲ. . မင်း ဘာဆိုလိုချင်တာလဲ ပြောလေ"

"ဒီလိုလေတော့် ကျုပ်တို့ စပါးထောင်း ဆန်ဖွပ်ရတာ ပင်ပန်းကြတယ်၊ အဲဒါကြောင့် စပါးထောင်း ဆန်ဖွပ်ဖို့ လေရဟတ်ကြီး တပ်ပေးမယ်ဆိုတာလေ၊ အခု ရှင်တို့မြင်ခဲ့ရတဲ့ လူတွေဟာ ကျုပ်တို့ ရွာသူတွေကို လေရဟတ်တပ်ပေးဖို့ ဆမ္မာကြီး ခေါ်လာတဲ့ လူတွေလားမှ မသိတာ"

ဂျာနူမှာ အနားကပ်လာပြီး လေသံတ တိုးသော်လည်း အားရဝမ်းသာနှင့် မနက်ဖြန်ပင် ဆန်ဖွပ်သက်သာတော့မည့်ပုံနှင့် ပြော၏။

"အိမ်း. . မင်းပြောတာလဲ ဖြစ်နိုင်တာပဲ၊ ဆမ္မာကြီးဟာ အတတ်ပညာတော့ တကယ်စုံတဲ့ပုဂ္ဂိုလ်ပဲ၊ ပြောတော့မပြောနိုင်ဘူး၊ ကဲ. . အိပ်ကြမယ်ကွာ၊ မနက်ဖြန်ကျ လေရဟတ်ပဲ တပ်ပေးမလား ဘာလားဆိုတာ သိကြရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

အိပ်ကြမယ်ဆိုသော်လည်း သူကြီးဂမ်ရော်မှာ တော်တော်နှင့် အိပ်မပျော်။ ဆမ္မာကြီးသည် သူ၏ ရွာသူကြီးရာထူးကိုများ တစ်နည်းနည်းနှင့် လုယူချင်၍ နယ်ခြားဝန် အစိုးရလူများကို ခေါ်လာလေသလားဟု စိုးရိမ်ကြောင့်ကြကြီးစွာ မဆီမဆိုင်လည်း တွေးမိပြန်သည်။ နယ်ခြားဝန် ကိုယ်တိုင်လာလျှင် တောင်မင်းကြီးလည်း ပါလာလိမ့်မည်။ မနက်မှ သူ့ကို ဆင့်ခေါ်လေမလား။ တွေးရင်းနှင့် မိုးလင်းအရုဏ်တက် ကြက်တွန်သံကြားရတော့မှ မှေးခနဲ အိပ်ပျော်သွားလေသည်။

❖ ❖ ❖

"အောင်မယ်လေးတော့. . သူကြီးမင်းက ထကြွလှုံ့လ ရှိနေလိုက်တာ ခုထိ အိပ်ရာက မထသေးဘူး။ ဒီမှာတော့. ."

သူ့အိပ်ရာဘေးနားကိုလာပြီး ဂျာနူ ခြေဆောင့်ထိုင်ချလိုက်တော့မှ သူကြီးဂမ်ရော် လန့်နိုးလာသည်။ နိုးလာလာချင်းလည်း ညက ချည့်သည်ပြဿနာတော့ တက်ပြီဟု ထင်လိုက်ကာ လန့်လန့်ဖျပ်ဖျပ်နှင့် ငုတ်ခနဲ ထထိုင်လိုက်သည်။

"ဘာလဲဟင်. . ဂျာနူ ဘာလဲ. . ဘာလဲ"

ကိုယ်ဝတ်ကို ကမန်းကတန်းဝတ်ရင်း ကယောင်ချောက်ချား လန့်နိုးလာပြီး ပြူးတူးပြဲတဲမေး၏။

"မေးမနေနဲ့ ကျုပ်တို့မိန်းမတွေဟာ နှာခေါင်းမပါရင် ချီးစားမယ်ဆို၊ ရှင့်စကားယုံမိလို့ ခုတော့ ကျွန်တော်မမှာ ဘာမှရမှာမဟုတ်ဘူး၊ ဆမ္မာကြီးစကားကို ယုံယုံကြည်ကြည်နားထောင်ပြီး ဟိုအဉ၊ အမြစ်၊ အပွင့်မှိုဂျိုတွေ စုကောက်ထားကြတဲ့ ဟိုပြုတ်မနူးလေးတွေရဲ့ အမေ အဖေတွေဆို ရကြသလား မပြောနဲ့၊ ဆားတစ်မိုးစာအပြင် ကြေးအိုး၊ ကြေးခွက်၊ မှန်၊ ဘီး၊ ပယင်းပတီးကအစ စုံတကာစေ့ရှင့်၊ ရှင်ကတော့ ခုထက်ထိအိပ်ကောင်းတုန်းပေါ့နော်၊ ကျုပ် အခု ရွာဖျားက ပြန်လာလို့ သတင်းစုံကြားခဲ့ရပြီ"


www.burmeseclassic.com

www.burmeseclassic.com



"ဒီမိန်းမ စောစောစီးစီး ဒေါကြီးမောကြီး ဘာလာပြောနေပါလိမ့်" ဟု ဂမ်ရော်က မျက်စိကိုပွတ်ကာ သူ့မိန်းမကို ရှုးကြောင်မူးကြောင် စိုက်ကြည့်လိုက်ပြန်သည်၊ ပြီးတော့မှ -

"မင်းဟာ ဘာလဲကွ အရင်းမသိ အဖျားမသိနဲ့"

"သြော်. . ကျုပ်က အရင်းမသိ အဖျားမသိ ဟုတ်လား၊ ပြောပြီးပါပကော၊ ဒီ ဘာမဟုတ်တဲ့ အဥ၊ အမြစ်တွေ ငါ့အိမ်ပေါ် တင်မလာနဲ့ဆိုတာ ရှင့်ပါးစပ်ကပြောခဲ့တာလေ၊ ခုလဲ ဒီဘာမဟုတ်တဲ့ အဥ၊ အမြစ်၊ အပွင့်တွေကို ဆမ္မာကြီးပြောတဲ့အတိုင်း ရှာကောက်စုထားကြတဲ့လူတွေ ဘာတွေ ရကုန်ကြပြီလဲဆိုတာ ရှင်သွားကြည့်လိုက်ဦး"

ဂျာနူက သူ့ ယောက်ျားကို စောစောစီးစီး ရန်တွေ့ပြီး ရွာမြောက်ဖျားကို သုတ်သီးသုတ်ပျာ ထွက်သွားပြန်သည်။ ဒဟူရွာသူကြီး ဂမ်ရော်မှာ တွေတွေဝေဝေ ထလာရသည်။

ခွေးမသားလေး ပါလေရာနှင့် ဆယ်အိမ်မှူးတွေကို နိုးနိုးကြားကြားရှိကြရန် ညကပင် ပြောခိုင်းထားသော်လည်း ဘယ်ဆယ်အိမ်ခေါင်းမှ သူ့ကို စောစောစီးစီး သတင်းလာမပို့ကြ။ ယခု သူ့မိန်းမ ငိုမလိုမျက်နှာနှင့် ရန်တွေ့တော့မှ သူ့မှာ အိပ်ရာကနိုးလာရသည်။ ရွာတွင် ဘယ်လိုအခြေအနေ ထူးခြားသည်ကို စနည်းနာရန် ကမန်းကတန်း မျက်နှာသစ်ကာ ဂမ်ရော် ရွာမြောက်ဖျားသို့ ထွက်လာရသည်။

လမ်းတစ်ဝက် အရောက်မှာပင် ပါလေရာနှင့် မျက်နှာချင်းဆိုင်ဆုံမိကြ၏။

"သူကြီးကို ကျုပ်ပြောမလို့လာတာ၊ ညက မိုးလင်းခါနီးမှ အိပ်ပျော်သွားလို့ နည်းနည်းနောက်ကျသွားတယ်"

"သြော်. . အင်း. . ရွာမှာ ဘာထူးလဲကွ ညက ဧည့်သည်တွေကိစ္စလေ"

သူ့မှာလည်း မိုးလင်းပိုင်းမှ အိပ်ပျော်သွား၍ အိပ်ရာထနောက်ကျသွားရာ ပါလေရာကို အပြစ်တင်စကား မပြောရဲပြန် ၊ အမှန်က သူမှာ လိုက်သည့်အတိုင်း ဆယ်အိမ်မှူးများကို နိုးနိုးကြားကြားရှိကြရန် တစ်





လုံး လိုက်ပြောနေရသူ ပါလေရာသည် သူ့ထက်ပင် အိပ်ရာဝင်နောက်ကျမည်ကို သူသိသည်။ သူတို့ရွာတွေမှာ ဟိုတစ်စု သည်တစ်စု ဖြစ်သည့်အပြင် တစ်အိမ်နှင့်တစ်အိမ်မှာလည်း ခေါ်တကြိုးနီးနီး ဝေးကြသဖြင့် ပါလေရာကို အပြစ်မတင်သာ။

"ဟုတ်တယ် သူကြီး ညက ရောက်လာကြတဲ့ ဆမ္မာကြီးလောပန်တွေမှာ ဆားတွေ တော်တော်ပါလာကြတယ်တဲ့၊ အဲဒါ ဟိုအရင်က ဆမ္မာကြီးက ကောက်စုထားကြပါ၊ ဆားနဲ့ လဲလို့ရတယ်ဆိုတဲ့ အဥ၊ အမြစ်၊ အပွင့်၊ မှိုဂျိတွေနဲ့ လောပန်တွေက လဲနေကြလို့ အခု အချို့တွေဆို ဆားတစ်မိုးစာမကတောင် ရနေကြတယ်ကြားလို့ ကျုပ် တံတားနားက သွားလေ့လာကြည့်ခဲ့တယ်၊ အဲဒါ ဟိုရွာဖျားပိုင်းက ပြုတ်မနူးလေးတွေရဲ့အမေတွေ ဆားရလို့ ကခုန်မတတ် ပြန်လာကြတာ ဆမ္မာကြီး တံတားထိပ်မှာ တွေ့ခဲ့ရတယ်၊ အဲဒါကြောင့် သူကြီးဆီ ကမန်းကတန်း သတင်းပို့ဖို့ ပြေးလာတာ"

ပါလေရာ၏စကားကို ဂမ်ရော်မှာ 'ဟုတ်လားကွ'ဟုပင် မေးနေစရာ မလိုတော့။ စောစောကပင် သူ့မိန်းမကလည်း ပြောသွားပြီဖြစ်ရာ ဆမ္မာကြီးပြောသော အဥ၊ အပင်၊ အမြစ်၊ အပွင့်၊ မှိုဂျိတို့မှာ တကယ်လည်း ဆားနှင့်လဲ၍ရသည်မှာ သေချာသွားလေပြီ။ (သူတို့အခေါ် မှိုဂျိဆိုသည်မှာ ယခု လည်စည်းဟု ခေါ်နေကြသော မှိုဖြစ်သည်) သို့သော် ကျင်ရှူးဘက်က လောပန်များကို ဆမ္မာကြီးခေါ်လာသည်ကိုတော့ သူအံ့ဩမိသည်။ ထို့ကြောင့် သူကြီးဂမ်ရော်မှာ ဘာပြောရမှန်း မသိဘဲ သက်မသာ အကြိမ်ကြိမ်ချမိလိုက်သည်။

"သူကြီး. . ကျုပ်တို့ အခြေအနေ သွားပြီးလေ့လာကြရင်တော့ ကောင်းမယ်ထင်တယ်နော်"

မတ်တတ်ကြီးရပ်ပြီး ဘာမှမပြောဘဲ သက်မသာ အကြိမ်ကြိမ်ချနေသော သူကြီးဂမ်ရော်ကို ပါလေရာက သတိပေးလိုက်သည်။ ထိုအခါမှ သူကြီးဂမ်ရော်က လေသံပျော့ပျော့နှင့် -

"အေးကွ လာ သွားကြမယ်" ဟု ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သွားကြမည်ဟု ဆိုသော်လည်း သူတို့နှစ်ယောက်မှာ ပေါ်ပေါ်ထင်ထင်တော့ ဆမ္မာကြီးတံတားထိပ်ကို သွားရဲကြသည်မဟုတ်။ သူတို့မှာ ယခု ဆားနှင့်လဲ၍ ရနေကြသည်ဆိုသော အဉ၊ အမြစ်၊ မှိုဂိုတွေကို ယခင်က 'အလကားပါ မင်းတို့ ဆမ္မာကြီးက ဝဋ္ဋစိတ်နဲ့ မွှန်ထူနေပြီး တောပြောတောင်ပြော ပြောနေတာ' ဟု ရှုတ်ချပြောဆိုထားသဖြင့် တံတားထိပ်ကို ချုံထဲကသာ ဆရာတပည့်နှစ်ယောက် ချောင်းကြည့်ရဲကြသည်။

တံတားပေါ် ၌မူ ဆမ္မာကြီးသစ်မ်းရှိ လောပန်များဆီက ဆားနှင့်လဲ၍ ပြန်လာသူ ယခုမှ သတင်းကြား၍ ဆားနှင့် အဉ၊ အမြစ်၊ မှိုဂိုတွေနှင့် လဲရန် သွားသူများကို ဥဒဟိုလှမ်းမြင်နေကြရသည်။ ဆားနှင့် အဝတ်အထည်၊ အိုးခွက်ပန်းကန် ရလာကြသူ မိန်းမများ၏ စကားပေါက်ပေါက်ဖောက်လာနေကြသံကိုလည်း ကြားနေရသည်။

"ဒီနှစ် ဆားငတ်ပြီ ထင်နေကြတာ၊ ဆမ္မာကြီးဟာလေ ရပ်ကျိုးရွာကျိုးတော့ တကယ်ပြုနိုင်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပါပဲတော်၊ ခုဆို ဆမ္မာကြီး ကျေးဇူးဟာ နည်းသလား"

"သိပ်ဟုတ်တာပေါ့တော် ဟိုတုန်းကဆို ကျုပ်တို့ တောင်အောက်ဆင်းပြီး ရေခပ်ခဲ့ကြတာ အချိန်ကုန် လူပန်းပဲ၊ အခု သူ ရေပင်လုပ်ပေးထားတာ ဘယ်လောက်ဟန်ကျလဲ၊ ကြိုးတံတားတွေ ထိုးတတ်ကြလို့ တောင်ယာဆိုလည်း အချိန်မရွေးသွားလာနိုင်ကြပြီ၊ ဟိုတုန်းက တောင်ယာစပါးဆို တောတိရစ္ဆာန်တွေ ဝင်ဝင်ဖျက်လို့ တစ်နှစ် တစ်နှစ် ဝမ်းစာတောင်မဖူလုံ ဖြစ်ခဲ့ကြရတာ၊ ခုတော့ ဆမ္မာကြီး စက်ရဟတ်ပေါက်သံတွေကြောက်လို့ တောင်ယာအနား ဘယ်တိရစ္ဆာန်မှတောင် တစ်ကောင်တစ်မြီး မသီရဲကြတော့ဘူး၊ ဒီဆမ္မာကြီးဟာ ရွာသူကြီးလုပ်ဖို့တောင် ကောင်းနေပြီ"

"ဟုတ်ပါ့တော် နောက် ငါတို့ စပါးထောင်း၊ ဆန်ဖွပ်ရတာ မပင်ပန်းအောင် လေရဟတ်နဲ့ စပါးထောင်း၊ ဆန်ဖွပ်ဆုံတွေလဲ လုပ်ပေးဦးမယ်တဲ့၊ ယောက်မကြီးပြောသလို ရွာသူကြီးမဟုတ်ဘူး၊ နယ်ခြားဝန်ကို အရပ်လူကြီးတွေ ဦးတိုက်သွားလျှောက်ကြပြီး တောင်မင်းကြီးတောင် လုပ်ခိုင်းခံ့ကောင်းတဲ့ ဆမ္မာကြီးပါ"





သူကြီးဂမ်ရော်နှင့် ဆယ်အိမ်မှူးလေး ပါလေရာတို့မှာ မိန်းမသူများ စကားကို နားမချမ်းသာစရာချည်း ကြားနေကြရာ ပုန်းလျှိုးကွယ်လျှိုး သွားနားထောင် ချောင်းကြည့်နေကြရင်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရန်ပင် မလုံမလဲ လိပ်ပြာမသန့် ဖြစ်နေမိကြသည်။

ထို့ကြောင့်လည်း ခဏအကြာမှာ ရွာဘက်ပြန်လာကြ၏။

သူတို့နှစ်ယောက် လမ်းခွဲခါနီးတွင် သူကြီးဂမ်ရော်က -

"ရာသီဥတု အခု ကောင်းလာပြီပဲကွ၊ လောပန်တွေဆီက ဆားကို မရပေမယ့် တို့ ကတိုးလိုက်ထွက်နိုင်ကြတော့မှာပါ၊ ဟိုဘက်ကိုသွားဖို့လဲ အချိန်မီပါသေးတယ်၊ အဲဒါ တို့လူတွေကို ဒီတစ်ရက်၊ နှစ်ရက် ရေခဲတောင် တက်ကြဖို့ ဆော်ဩထားလိုက်ကွာ" ဟု အရှက်ပြေမှာလိုက်ရသည်။

ပြောသာပြောလိုက်ရသော်လည်း ယခုအခါ သူ့စကားကို လက်ရင်းတပည့်ကြီးဖြစ်သူ ပါလေရာကပင် အေးတိအေးစက်နှင့် စိတ်မပါတပါ 'အင်းမလုပ် အဲမလုပ်' ပြန်သွားသည်ကိုတော့ သူကြီးဂမ်ရော် သတိပြုမိလိုက်သည်။

အိမ်သို့ရောက်လာသောအခါ သူ့ခြေသံကြားသည်နှင့် ဂျာနူ မီးဖိုဆောင်က ပြေးထွက်လာပြီး -

"ကဲ. . ကျုပ်ပြောတာ အခု ရှင် ငြင်းနိုင်သေးလား၊ ဆမ္မာကြီး ပြောတုန်းကသာ ကျုပ်တို့ အဲဒီ အဉ၊ အပွင့်၊ အမြစ်တွေ ရှာထားလိုက်ကြရင် ခုလောက်ဆို ဆားတစ်မိုးစာ အသာကလေးမရပါလား"

"ဆမ္မာကြီး ဆားမရလဲ မင်း ဘာမှမပူပါနဲ့ ဂျာနူရာ၊ ခု ရာသီဥတု သာယာနေတာပဲ၊ မင်းတို့တွေ ဆား မငတ်စေရဘူး၊ စိတ်ချ. . ငါတို့ နက်ဖြန်ကို ရေခဲတောင်သွားတက်ကြတော့မှာပါ၊ ဘာမှ ပူမနေနဲ့"

"ကျုပ်က ဆားမစားရမှာ ပူလို့ပြောတာ မဟုတ်ဘူး၊ ခု ဆမ္မာကြီး ဆား ရထားလိုက်ကြတဲ့သူတွေဆီ တစ်လမျှ တစ်လမျက် သွားတောင်းရင်လည်း အချိန်မရွေး ပေးကြမ်းကြမှာပါ၊ ဒီတုန်းက သူကြီးကတော် ဆိုး ဆိုးဆိ သူတို့ ဒီလိုပဲ လာတောင်းနေကြတာလေ၊ ခုတော့ သူကြီးကတော် က သူတို့ဆီ တစ်ပြန် မျက်နှာအောက်ကျို့ခံပြီး သွားတောင်းရ. . ."



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာမှ အောက်ကျို့ခံပြီး သွားတောင်းစရာ မလိုပါဘူးဆို၊ မနက်ဖြန်ပဲ ငါတို့ ရေခဲတောင် သွားတက်ကြတော့မယ် ပြောနေတဲ့ဥစ္စာ မင်းက. . ."

သူမိန်းမက သူ့ကို ရွဲ့ပြောမှန်းသိသော ဂမ်ရော်မှာ ဂျာနူကို ချော့သံနှင့် ပြောလိုက်ခါမှ -

"ရှင်တို့ယောကျ်ားတွေ အသက်အန္တရာယ် ပဓာနမထားဘဲ ဝေသီ မြင့်ခေါင်တဲ့ ရေခဲတောင်ပေါ် ကတိုးသွားပစ်၊ ချောင်းကူးမြစ်ဖြား တော တောင်တွေ ကျော်ဖြတ်ပြီးမှ ရှာကျွေးခဲ့ကြတဲ့ ဆား ကျွန်တော်မတို့ မျိုး ကျမယ်ထင်သလား"

"ဟော့ တစ်သက်လုံး ငါတို့ရှာခဲ့ကြတဲ့ ဆားစားပြီး ကြီးလာတဲ့ တောင်မတွေကများ ကြီးကြီးကျယ်ကျယ် မျိုမကျဘူးလေးဘာလေးနဲ့ မင်း ငါ့ကို အရွဲ့မတိုက်နဲ့နော် ဂျာနူ ဆားတင်မဲက ဒီနှစ် မင်းကို ငါ သူများ ထက်ပိုပြီး မဆင်နိုင်၊ မလုပ်ပေးနိုင်ဘူးဆို ငါ့ကိုပစ်သွား ငါကျေနပ်တယ်၊ အိုး. . ဆမ္မာကြီးက ငါ့ထက်သာလို့ မင်း ဆမ္မာကြီးမယား သွားလုပ်ချင် လဲ သွားလုပ်ကွာ၊ ငါကလေ ငှက်ပျောပွဲ၊ အုန်းပွဲနဲ့တောင် လိုက်ပို့လိုက် ဦးမယ် တောက်. . ."

ဆားပြဿနာကို စကြားရကတည်းက ရှက်ရှက်နှင့် စိတ်ကိုထိန်း ထားခဲ့ရသော သူကြီးဂမ်ရော်မှာ အခုတော့ သူ့မိန်းမကပါရွဲ့သည်ကို မခံ နိုင်တော့သဖြင့် ချက်ချင်းဒေါသပေါက်ကွဲကာ ဂျာနူကို အော်တော့၏။

မိန်းမပြောစကားကို တစ်ခါမှ စဉ်းစားနားထောင်ရကောင်းမှန်း မသိသော ဂမ်ရော်ကို ဂျာနူကလည်း စိတ်ပေါက်ပေါက်နှင့် ပြန်အော်သည်။

"ရှင့်ပါးစပ်က ထွက်လိုက်ရင် ဒီစကားပဲ၊ ကျုပ်က ဆမ္မာကြီးမယား သွားလုပ်မယ်လို့ ရှင့်ကို ပြောရသေးလား၊ ကဲ ပြော ဟိုတုန်းကပင် ဆမ္မာကြီးက ဒီဥ၊ ဒီအပွင့်တွေကို ဒီလို ဒီလိုပြောပါတယ်ဆိုတာ ရှင့်မိန်းမ က ရှင့်ကို မပြောခဲ့ဘူးလား၊ အဲဒီတုန်းကသာ ရှင်က ဆမ္မာကြီးဟာ ပညာစုံ အတတ်စုံတတ်တဲ့လူမို့ မဟုတ်ဘူး မပြောနိုင်ဘူး၊ မင်း သူပြောသလို ရှာ စုချင် စုထားပါလားလို့ ရှင်ကပြောလိုက်ရင် ကျွန်တော်မ နေမလား သူများ





လို ရှာစုထားမှာပေါ့၊ ခုတော့ ရှင့်အိမ်ပေါ်တောင် တင်မလာနဲ့ဆို ခု ကျုပ် ပြောတာလွန်သလား"

"ဂျာနူ ဒီ ဘာမဟုတ်တဲ့ သောက်ဆားကိစ္စက လူကြားရင် ရှက် စရာကွာ တော်တော့၊ မင်းကို ငါ ပြောပါပကောလား မင်းတို့ ဆားမငတ် စေရ. ."

"ဟုတ်တယ်ဗျ ဒီအိမ်ပဲ၊ ကျုပ်အဖေသူကြီးအိမ်၊ အခု အဖေ တောတက်မှာ မဟုတ်သေးဘူး ရှိမှာပါ၊ အဖေ. . အဖေ. . ဆမ္မာကြီး လောပန်တွေ လာတယ်ဗျ"

သူသားဆိုင်ဂမ်အသံကို ကြားလိုက်ရသဖြင့် အိမ်ရှေ့ လှမ်းကြည့် လိုက်ကြရာ ဆိုင်ဂမ်က ချက်ချင်း အိမ်ပေါ်ပြေးတက်လာပြီး ပြော၏။ ခြည့်သည်နှစ်ယောက်ကမူ အိမ်ရှေ့ဘက် မင်းတက်လှေကားတွင် မတ်တပ် ရပ်ပြီး အိမ်ပေါ် လှမ်းကြည့်နေကြသည်။

လင်မယားနှစ်ယောက်မှာ ရုတ်တရက် အံ့သြပြီး လှမ်းကြည့်နေမိ ကြရာ ဦးဆုံးသတိရသူ ဂျာနူက 'သူကြီးမင်း ရှိပါတယ်ရှင် အိမ်ပေါ်ကြွကြွ ပါ' ဟု ကမန်းကတန်း ဖိတ်မန္တကပြုလိုက်ရ၏။

လူကြီးနှစ်ယောက်သည် အိမ်ပေါ်တက်လာကြသည်။

"ထိုင်ကြပါရှင့်. ."

"ထိုင်ကြပါခင်ဗျား. ."

ဆားကိစ္စနှင့် ပတ်သက်၍ စောစောကမှ သူ့မိန်းမနှင့် စကားများ ထားကြရာ ယခု ဆမ္မာကြီးနှင့်အတူ ဆားပါလာသူတွေက အိမ်ပေါ် ရောက် လာကြသောအခါ ဂမ်ရော်မှာ ဒေါသဖြစ်ရမလို ကျေးဇူးတင်ရမလိုနှင့် ဘာပြောရမှန်းမသိ ဖြစ်နေစဉ် သူ့မိန်းမက ရုတ်တရက် ဖိတ်ခေါ်လိုက် သောအခါ သူမှာ သူ့မိန်းမစကားကို နောက်ယောင်ခံလိုက်ပြီး ဆမ္မာကြီး လောပန်တွေဆိုသူနှစ်ယောက်ကို ဖိတ်မန္တကပြုလိုက်ရပြန်သည်။

"ဟုတ်ကဲ့ခင်ဗျား ကျုပ်တို့ သူကြီးမင်းကို ဂါရဝလာပြုကြတာပါ၊ ဆမ္မာကြီးကိုမေးတော့ သူ့သားလဲ သခ်မ်းထဲ လာလာနေတတ်တယ်ပဲ ပြော တာနဲ့ သားကိုရှာပြီး ကျုပ်တို့ ခေါ်လာခဲ့ကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ခင်ဗျား. ."

သူကြီးဂမ်ရော်မှာ ယခုထိ ညွှဲသည်နှစ်ယောက်ကိုပင် ဘာပြန်ပြောရမှန်း မသိသေး။ ဆမ္မာကြီး ခေါ်လာသူတွေဆိုသဖြင့် အလိုလို မယုံသင်္ကာနှင့် ရွံ့နေတာလည်းပါသည်။

"ဒါကတော့ သူကြီးမင်းတို့အိမ်အတွက် ဆားနဲ့ သူကြီးကတော်အတွက် ဝတ်စုံ၊ သူကြီးမင်းအတွက် ဝတ်စုံပါခင်ဗျား၊ သူကြီးမင်းနဲ့ သူကြီးကတော်တို့မှာ ဒီလိုလိမ္မာသွက်လက်တဲ့ သားလေးတစ်ယောက် ရှိမှန်းမသိလို့ သူ့အတွက် ဘာမှ ပါမလာတာကိုတော့ ခွင့်လွှတ်ကြပါခင်ဗျား"

"အရေးမကြီးပါဘူးရှင် ကျွန်တော်မတို့အရပ်ဟာ ဒီနှစ် သရောကြီးခိုင်းမလိုတောင်ဖြစ်နေတာ၊ ခုလို လောပန်ကြီးတို့ ဆားတွေ ယူလာတယ်ကြားကတည်းက လောပန်ကြီးတို့ကို ကျွန်မတို့ကလဲ ကျေးဇူးတင်မဆုံးဖြစ်နေကြပါတယ်"

"ဟုတ်ပါတယ်ခင်ဗျား ကြားကတည်းက လောပန်ကြီးတွေကို ကျုပ်တို့ ကျေးဇူးတင်နေကြတာပါ ကဲ . . အခါးရည်လေး သုံးဆောင်ကြပါဦးခင်ဗျား"

"အမှန်ကတော့ ကျွန်တော်တို့အားလုံးက ဆမ္မာကြီးကိုပဲ ကျေးဇူးတင်ကြရမှာပါ၊ ဆမ္မာကြီးသာ လမ်းပြမခေါ်လာရင် ကျွန်တော်တို့နဲ့ သူကြီးမင်းတို့နဲ့လဲ တွေ့ကြ သိကျွမ်းကြမှာ မဟုတ်ပါဘူးခင်ဗျား"

ဆမ္မာကြီးဆိုသော စကားကို ကြားရတိုင်း တုန်လှုပ်တတ်သူ၊ တွေတွေဝေဝေ ဖြစ်တတ်သူ၊ နောက်ဆုံး ဒေါသထွက်တတ်သူ သူကြီးဂမ်ရော်မှာ ဤတစ်ခါလည်း ဆမ္မာကြီးနှင့်ပတ်သက်၍ ဘယ်လိုပြောရလျှင် ကောင်းမည်နည်းဟု စဉ်းစားနေစဉ်၌ပင် ဂျာနူက -

"မှန်တာပေါ့ရှင် ကျွန်တော်မတို့ ရွာအကျိုးရပ်အကျိုး ဆမ္မာကြီးလုပ်ပေးထားတာတွေ ခုဆို မနည်းပါဘူး၊ တံတားရယ်၊ ရေပင်ရယ်၊ တိရစ္ဆာန်တွေကိုခြောက်တဲ့ စက်ရဟတ်တွေရယ်အပြင် အခု ရွာမှာ တစ်ယောက်ယောက် နာမကျန်းဖြစ်ရင်လဲ ကျွန်တော်မတို့မှာ ဒီဆမ္မာကြီးပဲအားကိုးနေကြရပါတယ်ရှင်"





"ဟုတ်ပါတယ်ခင်ဗျား ဟုတ်ပါတယ်၊ ဆမ္မာကြီးဟာ ခုလဲ လောပန်ကြီးတွေကိုခေါ်လာတာ ကျေးဇူးတင်မဆုံးစရာပဲ"

"အမေ. . ကျုပ် ဗိုက်ဆာပြီဗျ"

ဆမ္မာကြီးက မင်းအဖေအိမ် လိုက်ပို့လိုက်ဆိုသဖြင့် ခေါ်လာသော လောပန်နှစ်ယောက်နှင့် သူ့မိဘတို့ စကားရှည်နေကြရာ ဆိုင်ဂမ်က ခါတိုင်းလိုပင် သူ့အမေကို ထမင်းဆာကြောင်း ပြောလိုက်သည်။

"ဒီနေ့ သားဘာသာသား သွားနူးခပ်စားလိုက်၊ အမေ ဒီက လောပန်ကြီးတွေနဲ့ ပြောစရာရှိသေးလို့နော်"

"ရပါတယ်ခင်ဗျား ကလေးကို ထမင်းကျွေးလိုက်ပါ သူကြီးကတော် ကျွန်တော်တို့ သူကြီးမင်းနဲ့ပြောလဲ ရပါတယ်"

အမှန်မှာ ဂျာနူက သူ့ယောက်ျားကို စိတ်မချ၊ ဆမ္မာကြီးနှင့် ဝတ်သက်လျှင် တစ်ခါမှ အကောင်းမမြင်တတ်သော သူ့ယောက်ျားသည် ယခုလည်း ဆမ္မာကြီးလူတွေနှင့် ကတောက်ကဆ ဖြစ်ကြမှာစိုးသဖြင့် ဆိုင်ဝမ်ကိုပင် ထမင်းခူးမကျွေးဘဲ -

"ရပါတယ် ကလေးက ဒီလိုပဲ သူ့ဘာသာသူ ခူးခပ်စားနေကျပါ"

ဟု ပြောကာ ဂမ်ရော်အနား၌ပင် ထိုင်နေသည်။

"လောပန်ကြီးတို့ဆီမှာ ဒီအဒူ၊ အမြစ်၊ အပွင့်တွေက တော်တော်လူသုံးများလားရှင့်"

"ဟုတ်ကဲ့ သူကြီးကတော်တို့အရပ်က ဒီအဒူ၊ အမြစ်၊ အပွင့်၊ မှိုတွေကို ကျွန်တော်တို့ဆီမှာ ဆေးအဖြစ် အသုံးပြုကြပါတယ်၊ တန်ဖိုး အရှိဆုံးကတော့ မှိုပါပဲခင်ဗျာ၊ ဒီမှိုတွေဟာ (၉၆)ပါးရောဂါလောက်ကို ပျောက်တယ်လို့ အနောက်တိုင်းဆရာဝန်တွေကရော တိုင်းရင်းဆေးပညာရှင်တွေကပါ အသိအမှတ် ပြုထားကြလို့ တန်ဖိုးကြီးပါတယ်၊ အဲဒါကြောင့် နောက်နှစ်နှောင်ခါလဲ ဒီဆေးပင်၊ ဆေးမြစ်၊ ဆေးဥနဲ့ မှိုတွေကို များများရှာဖွေစုဆောင်းထားကြဖို့ ကျွန်တော်တို့ ပြောထားခဲ့ကြပါပြီ၊ အဲဒါ သူကြီးမင်းအနေနဲ့ကလဲ ရွာသူရွာသားတွေကို နှောင်နှစ်အတွက် ဆော်ဩထားဖို့ ခု ကျွန်တော်တို့ လာတောင်းပန်ကြတယ်ပဲ ဆိုပါတော့"



www.burmeseclassic.com

သူ့မိန်းမက မေး၍ လောပန်တွေက ပြန်ပြောသောစကားကို ကြားရသည်မှာ အလွန်ပင်ဝမ်းသာစရာ။ အထူးသဖြင့် သူတို့ဆီတွင် မိုးကြီးသော အရပ်ဖြစ်ရာ လောပန်ကြီးတွေက တန်ဖိုးအရှိဆုံးဆိုသော မှိုဂိုမှာ သူတို့ဆီ၌ အပေါဆုံးဖြစ်သည်။ သစ်ငုတ်၊ သစ်ဆွေး၊ သစ်တုံးများတွင်သာမက အိမ်နား ခြံနားရှိ တိုင်ဆွေးတွေမှာပင် ပြွတ်သိပ်နေ၊ မြှုင်နေအောင် ပေါက်တတ်ကြသော မှိုမျိုးဖြစ်သည်။

ဘယ်နား သွားကောက်ကောက် ထိုမှိုတွေမှာ လူကြီးမပြောနှင့် ကလေးများကို ကောက်ခိုင်းလျှင်ပင် ရနိုင်သောမှို ဖြစ်သဖြင့် ဂမ်ရော်မှာ စိတ်ထဲက ကြိတ်၍ ဝမ်းသာနေသည်။

"တောင်းပန်စရာ မလိုပါဘူးရှင် လောပန်ကြီးတို့ နောက်နှစ်နှောင်ခါသာ ဆက်ဆက်လာခဲ့ကြပါ။ ကျွန်တော်မတို့ တစ်ရွာလုံးကို ဆော်ဩထားလိုက်ပါ့မယ် စိတ်ချပါ၊ လောပန်ကြီးတို့နဲ့ ကျွန်တော်မတို့ ခုလိုကုန်ပစ္စည်း ဖလှယ်ရင်း မိတ်ဆွေဖြစ်ကြရတဲ့အတွက် ကျွန်တော်မတို့ တစ်ရွာလုံးကလဲ ဝမ်းသာနေကြပါတယ်၊ နောက်ဆို ကျွန်တော်မတို့ တစ်ရွာလုံးသာမဟုတ် တစ်နယ်လုံးကိုပါ ဆော်ဩထားလိုက်ပါ့မယ် စိတ်ချပါ"

"ဟုတ်ကဲ့ ဩော် ဒါနဲ့ သူကြီးကတော်တို့ဆီမှာ သစ်ကျားတွေလဲ တော်တော်ပေါတယ်ထင်တယ်"

သူတို့အိမ်တွင် ဂမ်ရော့်တစ်သက် ပစ်ခတ်၍ရထားသော ကျားသစ်ရေ သုံးလေးချပ်ကို မြင်သဖြင့် လောပန်ကြီးတစ်ယောက်ကမေး၏။

"ဟုတ်ကဲ့. . ကျားသစ်တွေကတော့ တော်တော်ပေါပါတယ်၊ ဒါဟာ လူကို တမင်အန္တရာယ်ပြုလို့သာ ပစ်သတ်ရတဲ့ ကျားသစ်ရေတွေပါ၊ ကျားသစ်တွေပေါပေမယ့် လူကို အန္တရာယ်မပြုရင်တော့ ကျွန်တော်တို့ မုဆိုးတွေက သတ်လေ့သတ်ထ မရှိကြပါဘူး၊ မလွှဲမရှောင်သာမှ ပစ်သတ်လိုက်ရတဲ့ ကျားသစ်ရေတွေပါ"

"ဩော်. . သူကြီးက မုဆိုးလဲလုပ်လို့လားခင်ဗျာ"

"လုပ်ပါတယ်ရှင့် ကျွန်တော်မ ယောက်ျားက ဒီနယ်တစ်ဝိုက်မှာ နာမည်ကျော် သိကြွာရပါ၊ ဟိုလေးငါးနှစ်ကဆို ဘိုးစဉ်ဘောင်ဆက် ဘယ်





မုဆိုးမှ မရဖူး မပစ်ဖူးတဲ့ ရေခဲတောင်ပေါ်က ဖွတ်ဘီလူးကြီးတစ်ကောင်ကိုတောင် ပစ်ရဖူးပါတယ်"

"ဩော် ဟုတ်လား ဖွတ်ဘီလူးဆိုတာ ကျွန်တော်တို့ မမြင်ဖူး မကြားဖူးဘူးဗျ၊ ဘယ်လို အကောင်မျိုးလဲခင်ဗျား၊ အဲဒီ ဖွတ်ဘီလူးကြီး အရေခွံတွေ ဘာတွေကော ဟိုကျားသစ်ရေတွေလို လုပ်ထားတာ မရှိဘူးလားခင်ဗျာ၊ တစ်ဆိတ်လောက် ကြည့်ဖူး မြင်ဖူးတယ်ရှိအောင် ကြည့်ချင်လို့ပါ"

"အဲဒီ ဖွတ်ဘီလူးကြီး သားရေခွံက တောင်မင်းကြီးဆီ ဆက်သထားပါတယ် ခင်ဗျား"

"အကောင်ရဲ့ ပုံပန်းသဏ္ဌာန်ကကောခင်ဗျာ"

"ပုံပန်းသဏ္ဌာန်ကတော့ ဖွတ်ပါပဲ၊ ကြီးလွန်းလို့ ဖွတ်ဘီလူး ခေါ်ကြတာပါ"

"ဟုတ်ကဲ့ ဒါနဲ့ သူကြီးမင်းတို့ ဟို ကျားသစ်ရေတွေကော မရောင်းဘူးလား ခင်ဗျာ"

သူ့အိမ်တွင် ပစ်စလတ်ခတ် ပစ်ထားသော ကျားသစ်ရေ သုံးလေးချပ်ကိုကြည့်ပြီး လောပန်ကြီးကမေး၏။

"ရောင်းတာ ဝယ်တာတွေတော့ ဒီအရပ်မှာ အလေ့အထ မရှိကြပါဘူးခင်ဗျာ၊ ကျားသစ်ရေတွေကလဲ မုဆိုးအိမ်တိုင်းမှာ အလိုလို တစ်ချပ်နှစ်ချပ်ကတော့ ရှိတတ်ကြပါတယ်"

"ဟုတ်ကဲ့ တကယ်လို့ ဆားနဲ့လဲမယ် အဝတ်အထည်တွေနဲ့ လဲမယ် ဝယ်မယ်ဆိုရင်ကောခင်ဗျား၊ ရောင်းကြမလား မသိဘူးနော်"

"လောပန်ကြီးတို့ အသုံးတည့်မယ်ဆို ကျွန်တော်မတို့က အမှတ်တရ လက်ဆောင်အဖြစ် တစ်ချပ်ပေးလိုက်ပါ့မယ်၊ ဆားနဲ့ အဝတ်အထည်နဲ့ လဲမယ်ဆိုလည်း ကျွန်တော်မတို့က လဲမှာ ရောင်းကြမှာပါ"

"ဟာ ဒါဆို ဟန်ကျလိုက်တာ သူကြီးကတော်ခင်ဗျား ကျွန်တော်တို့ကို ဒီကျားသစ်ရေတွေ ရောင်းလိုက်ပါဗျာ"

"အမေ အကုန်လုံး မရောင်းလိုက်နဲ့နော် ကျုပ် ကျားလုပ်[illegible]ဖို့ တစ်ချပ်တော့ ထားလိုက်ပါဗျ"

www.burmeseclassic.com

ကျားသစ်ရေတွေ ရောင်းမည်ကြားသဖြင့် ဆိုင်ဂမ်မှာ သူ့သူငယ်ချင်းများနှင့် ကျားသစ်လုပ်တမ်းကစားနေကျ ကျားသစ်ရေပါ ရောင်းလိုက်မှာ စိုးသဖြင့် ထမင်းစားနေရာက လက်ပင်မဆေးဘဲ ပြေးထွက်လာပြီး ပြော၏။

"သူကြီးတို့ကလေးက အသွက်ပဲ တောင်မင်းသူကြီး ဖြစ်မယ့်လူပဲ အဖေ့ခြေရာနင်းမယ့်ကလေးပဲ"

"ကျုပ်က သူကြီးတောင်ပိုင် မလုပ်ဘူးဗျ ဆမ္မာကြီးလုပ်မှာ"

"ဟား. . ဟား. . ဟုတ်လိုက်လေကွယ် ကောင်းတယ်. . ကောင်းတယ် ဆမ္မာကြီးလုပ်မယ့် သားကို ဘဘကြီးတို့က ဘာလက်ဆောင်မှ မပေးရသေးဘူး၊ လာပါသားရယ် ဆမ္မာကြီးလုပ်မယ့်သားကို ဘဘကြီးက ကျောက်စိမ်းပုတီးတစ်ကုံး ပေးပါရစေ"

ပြောပြောဆိုဆိုနှင့်ပင် လောပန်ကြီးတစ်ယောက်က သူ့လည်ပင်းဆွဲလာသော ကျောက်စိမ်းပုတီးတစ်ကုံးကို ဆိုင်ဂမ်လည်ပင်းပေါ် ချက်ချင်းဆွဲပေးလိုက်သည်။ ဤသည်ကို သူကြီးဂမ်ရော်နှင့် ဂျာနူတို့မှာ အံ့ဩတကြီးဖြစ်သွားကြသည်။

လောပန်ကြီးများသည် သူတို့အတွက် အဝတ်အထည်အပြင် ယခုလည်း သူတို့သားဆိုင်ဂမ်အား ကျောက်စိမ်းပုတီးကုံးကို ရက်ရက်ရောရောပေးလိုက်သောအခါ သူတို့ကလည်း စောစောကပေးထားသော ကျားသစ်ရေ တစ်ချပ်အပြင် နောက်ထပ် အိမ်၌ရှိသော ကျားသစ်ရေများကိုလည်း အတုန့်အလှည့် ပေးလိုက်ကြမှဖြစ်တော့မည်ဟု ဂမ်ရော်နှင့် ဂျာနူတို့က လူမှုရေးအရ နားလည်လိုက်ကြသည်။

အမှန်က လောပန်ကြီးများမှာ ဤယုန်မြင်၍ ဤချုံထွင်ကြခြင်းသာ။ ဤသည်ကို သူကြီးဂမ်ရော်နှင့် ဂျာနူတို့မှာ ရိုးရှင်းသော တောင်ပေါ်သားများပီပီ လုံးဝမရိပ်မိ၊ မသိလိုက်ကြ။ သည်လိုနှင့် ဂျာနူ၏ ထူးခြားသော ရုပ်ရည်ကိုကြည့်ပြီး မြှောက်ပင့်ပြောဆို မေးမြန်းကြပြန်ရာ ဂျာနူ၏အဘွားမှာ လောပန်ကြီးတို့ ပြည်ကဖြစ်သဖြင့် ဆွေမျိုးစပ်ကာ သွေးသောက်မောင်နှမ ဖွဲ့ပစ်လိုက်ကြပြန်သည်။ ထိုအခါ လောပန်ကြီးတွေနှင့် ဂျာနူတို့မှာ 'နှမကြီး မောင်ကြီး အစ်ကိုကြီး'ဟု သုံးနှုန်းပြောဆိုကာ တကယ့်မောင်နှမ အရင်းအချာပမာ ခင်မင်သွားကြပြန်သည်။

သို့နှင့် လောပန်ကြီးများသည် သူကြီးဂမ်ရော်ကို အစ်ကိုတော် ညီတော်ခေါ်၍ စည်းရုံးကာ ဒဟူရွာရှိ မုဆိုးများဆီက ကျားသစ်ရေနှင့် တိရစ္ဆာန်များ၏ သားရေ၊ ဦးချို၊ အရိုးအရင်း၊ သည်းခြေ စသည်များကို ဝယ်ယူလိုကြောင်း၊ သို့သော် ဤနှစ်တွင် ဆမ္မာကြီး ရှာဖွေစုဆောင်းခိုင်းထားသော ပစ္စည်းတွေနှင့် လဲလှယ်ပြီး သူတို့တွင် နောက်ထပ် လဲလှယ်စရာ ဆားနှင့် လူသုံးကုန်ပစ္စည်းများ မရှိတော့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် သူတို့ကို ယုံကြည်စိတ်ချလျှင် နောင်နှစ်တွင်လည်း သူတို့ မုချလာကြဦးမည်ဖြစ်သဖြင့် အကြွေးလဲနိုင်က လဲပေးလိုက်ကြရန်ပြောရာ သူကြီးဂမ်ရော်ကိုယ်တိုင် သက်သေအဖြစ် အာမခံလိုက်ပြော၍ ဒဟူရွာမုဆိုးများဆီက ကျားသစ်ရေနှင့် ဦးချို၊ အရိုးအရင်းပါမကျန် တိရစ္ဆာန်တောထွက် ပစ္စည်းများကို အကြွေးလဲထားကြသည်။

ထူးဆန်းသည်မှာ သူတို့အား သူကြီးဂမ်ရော်မိသားစုက အလကားပေးထားသော ကျားသစ်ရေများနှင့် နောင်နှစ်အတွက် လဲထားကြသော ကျားသစ်ရေနှင့် တောတိရစ္ဆာန်တို့၏ ဦးချို၊ အရိုးအရင်းများကို သူတို့သည် ဆမ္မာကြီးသခ်မ်းသို့ ချက်ချင်းယူမသွားကြသေးဘဲ သူကြီးအိမ်၌ပင် စုပုံထားခဲ့ကြသေး၏။ သူတို့ပြန်ခါနီးမှ လာယူမည်ဖြစ်ကြောင်း မှာထားခဲ့ကြသည်။

သည်လိုနှင့် လောပန်များ ဆမ္မာကြီးသခ်မ်း ပြန်သွားကြသည်နှင့် သူကြီးဂမ်ရော်က ဂျာနူကို စကားစသည်။

"ကဲ ဂျာနူ ဘယ်နှယ့်ရှိစ မင်းကို ငါ စောစောကပင် မပြောဘူးလား၊ ဟို ဘာမဟုတ်ကဲ့ ပေါက်ကရ အဥ၊ အမြစ်၊ အပွင့်တွေကို ပင်ပန်းခံပြီး စုကောက်မထားရင်လဲ ငါ့ဘုန်း ငါ့ကံနဲ့ အခု ဆားတွေ အဝတ်အထည်တွေ အိမ်ပေါ်ကို အလိုလိုရောက်လာပြီ တွေ့တယ်မဟုတ်လား"

"ဩော် ဒါ ရှင့်ဘုန်း ရှင့်ကံကြောင့် ရောက်လာတာ. ."

"မဟုတ်ဘူးလား"







www.burmeseclassic.com

www.burmeseclassic.com

လောပန်ကြီးများမှာ သူတို့၏ စီးပွားရေးနှင့် ပတ်သက်လျှင် လူမှုရေးကို ချက်ဆို နားခွက်ကမီးတောက်နေတတ်ကြသူများပီပီ ဤရွာ ရောက်လျှင် ဤသူကြီးကို ပေါင်းသင်းထားမှ ဖြစ်မည်ကို သိတတ်ကြသူ များဖြစ်သဖြင့် ဆားနှင့်အဝတ်အထည် လာပေးပြီး ဂါရဝလာပြုကြသည် ကို အတိုင်းမသိ သဘောတွေ့ မနေခွေ့နေသော ဂမ်ရော်က သူ့မိန်းမကို ကြွားလုံးထုတ်၍ အောင်နိုင်သူတစ်ယောက် လေသံနှင့် ပြောလိုက်သည် ကို ဂျာနူက -

"ကျုပ်မောင်ကြီး အစ်ကိုကြီးများကို ဒီအရောက် လမ်းပြခေါ်လာ တာ ဘယ်သူလဲဆိုတာတော့ ရှင် ခုထိ မစဉ်းစားမိသေးတာ အံ့ပါ့တော်"

"မင်းတို့ ဆမ္မာကြီး မခေါ်လာလဲ ငါယောက်ဖတွေဟာ ငါ့ဘုန်း ငါ့ကံနဲ့ကို ရောက်လာကြမှာ ဟဲ . . ဟဲ. ."

"ဟုတ်ပါတယ် ဘုန်းရှင် ကံရှင်ကြီးရှင့် လောပန်တွေကို အိမ်ရှေ့ မှာ မြင်လိုက်တော့ ရှင့်မျက်နှာကြီး ဘယ်လိုဖြစ်နေလဲဆိုတာ ကျုပ် လူတောင် ခေါ်ပြထားလိုက်ချင်တယ်၊ အခု ဒီလို အဆင်ပြေအောင် ကျွန်တော်မျိုးမ ဝင်ပြောလိုက်လို့ မဟုတ်လား၊ ရှင့်လိုသာ အတီးအတ လုပ်နေရင် လောပန်တွေနဲ့ ကျုပ်တို့ သွေးသောက်မောင်နှမလဲ ဖြစ်မှာ မဟုတ်ဘူး၊ သားကြီးဆိုင်ဂမ်လည်း ကျောက်စိမ်းပုတီး ရလိုက်မှာမဟုတ် ဘူး၊ ဒါလဲ ရှင် ပြောပြောနေတဲ့ အနှစ်နှစ်ဆယ်ပေါင်းပြီးမှ ကျွန်တော်မ နုံမှန်း အမှန်း သိတော့တယ်ဆို၊ အစကတော့ လင်ကို ချစ်စနိုးနဲ့ပေတိုးပြီး နုံယောင် အယောင်ဆောင်နေတယ် ထင်ဦးမလား၊ ကဲ. . ပြောလေ ဒီ. ."

"ပြောရမယ်. ."

"သြော်. . ဒါတောင် ရှင်က ပြောရဦးမယ်"

"ဟုတ်တယ်. . ပြောရမှာပေါ့ ဂျာနူ. . ငါ အနှစ်နှစ်ဆယ်ကျော် ပေါင်းလာတဲ့မိန်းမ နုံပ အပလို့ တွေးမိလာတာ ဒီနေ့မှ မိန်းမ တယ်တော် ပါလားဆိုတာ သိရတော့တယ်၊ တကယ်ပြောတာပါ လောပန်ကြီးတွေကို မမျှော်လင့်ဘဲ သားနဲ့အတူ အိမ်ရှေ့မှာ မြင်လိုက်ရတော့ ငါ လန့်သွားတာ တော့ အမှန်ပဲဟ"





သူကြီးဂမ်ရော်တို့ လင်မယားနှစ်ယောက်မှာ မမျှော်လင့်ဘဲ ဆား နှင့် အဝတ်အထည်တွေ ရလိုက်ကြသဖြင့် အပျော်ကြီးပျော်သွားကြရာ လင်မယားနှစ်ယောက်မှာ တစ်ယောက်နှင့်တစ်ယောက် စကားနာထိုး ကျိစယ်ကာ တစ်နေ့လုံး ပြောမဆုံး ပျော်မဆုံး ဖြစ်နေကြလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

“မင်းကို ပြောရဦးမယ် ဂျာနူ”

“ဘာပါလိမ့်တော် စောစောစီးစီး”

“အေး စောစောစီးစီး ပြောရမှာမို့ပေါ့ကွ”

“ပြောပါတော်”

“ဒီလိုကွ ခု မင်းမောင်ကြီး အစ်ကိုကြီး လောပန်တွေရှိတုန်း မင်း ဆမ္မာကြီးဆီ တစ်ခေါက်သွားကြည့်လိုက်ပါလား”

“ဘာအကြောင်းကိစ္စပါလိမ့်”

“ကိစ္စက ဒီလိုလေကွာ မင်းနဲ့ လောပန်ကြီးတွေ သွေးသောက်မောင်နှမ ဖွဲ့ထားကြတာကို ဆမ္မာကြီးသိရင် မင်းသားဆိုင်ဂမ်ကို ပန်းပဲအတတ် ကောင်းကောင်းသင်ပေးမယ်ထင်တယ်၊ ငါနဲ့ မသင့်ပေမယ့် ဆမ္မာကြီးက လောပန်တို့ မင်းတို့နဲ့ သင့်တော့ သားကြီးအတွက် ပန်းပဲပညာသင်ပေးဖို့ ပြောရတာ ပိုပြီး အဆင်ပြေမယ်ထင်လို့ပါ”

သူကြီးဂမ်ရော်မှာ ဆမ္မာကြီး ဆားလာတောင်းသောနေ့ကပင် ဆမ္မာကြီး ဆေးပေးထားခဲ့သော သံသေအဆေးကျမားကို သိပ်သဘောကျနေသဖြင့် သူ့သားအား ပန်းပဲပညာ သင်ရန်ကိစ္စကို တစ်နေ့မှ မေ့သူမဟုတ်၊ ထို့ကြောင့်လည်း ယခု လောပန်တွေ ရောက်နေချိန်တွင် ဆမ္မာကြီးကို သွားပြောပါက ပိုပြီးအဆင်ပြေနိုင်သည်ကို တွေးမိ၍ ဂျာနူကို ဆမ္မာကြီး သခ်မ်းသို့ လွှတ်ခြင်းဖြစ်သည်။





ဂျာနူကလည်း သူ့ယောက်ျားလွှတ်သည့်အတိုင်း ဆိုင်ဂမ်ကိုခေါ်ပြီး ဆမ္မာကြီးသခ်မ်းသို့ စောစောစီးစီးသွားသည်၊ ဆမ္မာကြီးက “ကျုပ်သမီးကြီး သားက အသွက်ပဲ၊ ကျုပ်သမီးကြီး သားကို ဆမ္မာကြီး လေ့ကျင့်ပေးပြီး ပန်းပဲအတတ်ထက် မြင့်မြတ်တဲ့ ဆေးပညာအတတ်ကို သင်ပေးပါ့မယ်၊ ဒါပေမယ့် ခက်နေတာက မုဆိုးသားဆိုတော့ မင်းကြီးလောရင်မင်းအဖေလို မုဆိုးလုပ်မလား” ဟု လူအများရှေ့မှာ မေး၏။

ဆိုင်ဂမ်က “မုဆိုးမလုပ်ဘူး ဆေးဆရာလဲ မလုပ်ချင်ဘူး ဆမ္မာကြီးသဲ လုပ်မယ်” ဟု သူ့အမေရှေ့၌ပြောရာ ဆမ္မာကြီးနှင့် လောပန်များပါ ရယ်ကြသည်။

“ဟုတ်တယ် ဆမ္မာကြီး မနေ့ကလဲ အဖေ့ခြေရာနင်းမယ့် မုဆိုးလေးလားလို့ ကျွန်တော်ကမေးတာကို မုဆိုးမလုပ်ဘူး ဆမ္မာကြီးဘဲ လုပ်မယ်လို့ ကျွန်တော်တို့ကို ပြောပြီးပြီ ဆမ္မာ”

လောပန်များထဲမှ မနေ့က အိမ်ရောက်လာသူ လောပန်ကြီးတာဝင်ပြောသည်။

“ဟုတ်ပြီ သား တကယ် ဆမ္မာကြီး လုပ်မလား”

“လုပ်မယ်”

ဆမ္မာကြီးအမေးကို ဆိုင်ဂမ်ကလည်း ရဲရဲဝံ့ဝံ့ပင် ပြန်ဖြေလိုက်၏။

“ဆမ္မာကြီး လုပ်ချင်တဲ့လူဟာ ဆေးပညာကို အလျင်သင်ရတယ်ကွ နော်. .”

“ဒါဆို သင်မယ်”

ဆမ္မာကြီး စကားမဆုံးမီပင် ဆိုင်ဂမ်က ချက်ချင်းပြောလိုက်ပြန်ရာ လောပန်ကြီး တစ်ယောက်က “ဒါမှ တို့တူတော်မောင်ကွ”ဟု ကောင်းချီးပေးလိုက်ပြန်သည်။

သည်လိုနှင့် ဂျာနူမှာ လောပန်ကြီးများ ပြန်ကြမည့်ရက်ကို မေးထားခဲ့ပြီး အိမ်တွင် ထမင်းတစ်နပ် လာရောက်သုံးဆောင်ကြရန်လည်း သူ့မောင်ကြီး အစ်ကိုကြီး လောပန်များကို ဖိတ်ကြားကာ အိမ်ပြန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့သားဆိုင်ဂမ်ကမူ ထုံးစံအတိုင်း သူ့သူငယ်ချင်းများနှင့် ဆမ္မာကြီး သခ်မ်းတွင် ကျန်နေခဲ့၏။

"ဘယ့်နှယ်လဲ အဆင်ပြေတယ် မဟုတ်လား"

အိမ်ပေါ်က ဂျာနူပြန်အလာကို တမျှော်မျှော်ဖြစ်နေသော ဂမ်ရော်အား ဂျာနူက ပြန်ပြော၏။

"ပြေတော့ ပြေပါတယ် ဒါပေမယ့် ရှင်ပြောခိုင်းသလို ပန်းပဲ အတတ်တော့ မဟုတ်ဘူး"

"ဟင် ပန်းပဲအတတ် မဟုတ်ဘူးဆိုတော့ ဘာအတတ်လဲကွ"

"ဆေးအတတ် သင်ပေးမယ်တဲ့ ဆေးအတတ်က ပန်းပဲအတတ်ထက် မြင့်မြတ်တယ်ဆိုပါလား အဲဒါ ရှင့်သားက ပန်းပဲလဲ မလုပ်ဘူး ဆေးအတတ်လဲမသင်ဘူး ဆမ္မာကြီးပဲ လုပ်မယ်ပြောလို့ ဆမ္မာကြီးက ဆမ္မာလုပ်ချင်ရင် ဆေးအတတ် အရင်သင်ရတယ်ပြောတယ်၊ အဲဒါကို ကျုပ် မောင်ကြီးတွေကပါ ရှင့်သားကို ဝိုင်းပြောကြရတယ်လေ"

သူရည်ရွယ်တာ တစ်မျိုး သင်ပေးမည့်ပညာက တခြားဖြစ်နေသည်ကို ဂမ်ရော်ကတော့ သိပ်ကျေနပ်ပုံမရ။

ထို့ကြောင့် -

"မင်းမောင်ကြီး လောပန်တွေကလဲ ဆေးအတတ်ပဲ ပိုကောင်းတယ် ပြောလား"

"ဟုတ်ပါတယ် သူတို့ကလဲ ပိုကောင်းတယ် ပြောပါတယ်"

အသစ်ကြပ်ချွတ် သူ့ယောက်ဖ လောပန်တွေကပါ ပိုကောင်းသည်ဟု ပြောကြသည်ဆိုသဖြင့် ဂမ်ရော်မှာ နောက်ထပ် ဂျာနူကို ဘာမှ ဆက်မမေးတော့။

ရက်ပိုင်းအတွင်း ရေခဲတောင်ပေါ် ကတိုးလိုက်တက်ကြရမည်ဖြစ်သဖြင့် လေးမြားနှင့် ယူသွားရမည့် ရိက္ခာဝန်စည်စလယ်များကိုသာ ထုပ်ပိုးပြင်ဆင်နေသည်။

သည်လိုနှင့် ဂမ်ရော်တို့ ရေခဲတောင် သွားမတက်ကြမီ တစ်ရက်မှာပင် လောပန်များပြန်ကြမည်ဖြစ်ရာ သူကြီးဂမ်ရော်နှင့် ဂျာနူတို့က သူတို့





သွားသောက်ညီအစ်ကိုတော် ယောက်ဖများကို ထမင်းတစ်နပ် ဖိတ်ကျွေးသည်။ နောက်နေ့မနက်မှာပင် သူတို့ ပြန်ကြတော့မည်ဖြစ်ရာ မိုးချုပ်မှ အားသားရေနှင့် တိရစ္ဆာန်ဦးချိုအစွယ်နှင့် အရိုးအရင်းများကို လုံလုံခြုံခြုံ ထုပ်ပိုးပြီး ဆမ္မာကြီးသခ်မ်းကို ပြန်ခါနီး လောပန်ကြီးတစ်ယောက်က -

"ယောက်ဖသူကြီးကို ကျုပ်တို့ အထူးမှာထားခဲ့ချင်တာကတော့ ကျုပ်တို့ နောင်နှစ်ကို ဆက်ဆက်လာခဲ့မယ်ဆိုတာ စိတ်ချယုံကြည်ပါလို့ ရွာသူရွာသားတွေကို ပြောထားပေးပါ။ ပြီးတော့ ရနိုင်သမျှ တောတိရစ္ဆာန်တွေရဲ့ သားရေ ဦးချို အရိုးအရင်းကအစ ရသမျှ စုဆောင်းသိမ်းဆည်းထားကြပါ။ ဒီနှစ် ကျုပ်တို့မှာ လားဝန်တင်ခြောက်ကောင်ပဲ ပါလာတယ်၊ နောက်နှစ်လားကောင်ရေ တစ်ဆယ်ကျော်နဲ့ ဆားကစပြီး လူသုံးကုန်ပစ္စည်း အစုံအလင် ယူလာခဲ့ကြပါမယ်၊ နောက်တစ်ခု ယောက်ဖကြီးတ သိက္ခာရှိဆိုးကြီး ရေခဲတောင်တွေပေါ်က ကတိုးလဲ ရတတ်တယ်ဆိုတော့ တကယ်လို့ ကတိုးကောင်ရခဲ့ရင် အာပူချဲ့ဘက်ကို ချောင်းကူးမြစ်ကျော် ပင်ဝန်းခံသွားမနေပါနဲ့၊ ကျုပ်တို့လာတဲ့အထိ ရွာကပဲ စောင့်ပါ။ ကတိုးတစ်ကောင်ဆို ကျုပ်တို့က ဆား လားတစ်စီးတိုက် ပေးပါ့မယ်၊ ဆား လားတစ်စီးတိုက်ဆိုရင် ရွာတစ်ပိုင်လုံးအတွက် တစ်မိုးစာတော့ ရနိုင်မယ်၊ ယောက်ဖကြီးတို့ဆီမှာ မှိုဂျိနဲ့ ခမ်းတောက်မြစ်၊ မချစ်ဥ၊ ဇီးပွင့်တွေရမယ်လို့ ဆမ္မာကြီးတ ပြောပြီး ကျုပ်တို့ကိုခေါ် လာတာ ရလဲရပါတယ်၊ ဒါပေမယ့် ကတိုး တောင်ဆိတ် ဝံသည်းခြေနဲ့ တောတိရစ္ဆာန်ဦးချို အစွယ် အရိုးတွေနဲ့စာရင် ဟို ဆေးမြစ်ဆေးဥတွေက ဈေးနည်းပါတယ်၊ ရွာသူရွာသားတွေ ရကြတာက မပြောပလောက်ပါဘူး၊ အဲဒီတော့ ယောက်ဖကြီးက တောတိရစ္ဆာန် သားရေတွေကစပြီး ဦးချို၊ အစွယ်၊ သည်းခြေ၊ အရိုးတွေကို ရသလောက် ဆော်ဩပြီး စုဆောင်းထားပေးပါ၊ အရေးကြီးတဲ့ အချက်ကတော့ ဒီစကား ကျုပ်တို့ မှာသွားတယ်ဆိုတာ ဆမ္မာကြီးနား လုံးဝကို မပေါက်ကြားပါစေနဲ့ တိုးတိုးတိတ်တိတ် ကြိတ်ပြီး လုပ်ထားကြပါ၊ ဆမ္မာကြီးက တိရစ္ဆာန်တွေကို သတ်ဖြတ်တာ လုံးဝလက်မခံတော့ အဲဒါကို အထူးမှာခဲ့ပါရစေနော် ယောက်ဖကြီး"



www.burmeseclassic.com

www.burmeseclassic.com



ဆမ္မာကြီးက တောတိရစ္ဆာန်တွေကို သတ်ဖြတ်ကာ လုံးဝလက်မခံပါဘူး ဆိုသော လောပန်ကြီး၏ စကားအရောက်မှာ ဂမ်ရော်က ဂျာနူဆီ တစ်ချက် လှမ်းကြည့်လိုက်သည်။ အဓိပ္ပာယ်မှာ သူ အလျင်က လူတကာသို့ ပြောခဲ့သော 'တိရစ္ဆာန်တွေ သတ်တာ သူ ဘယ်ကြိုက်မလဲကွ၊ တိရစ္ဆာန်တွေက သူ့မယားတွေပဲဟာ' ဟူသော အဓိပ္ပာယ်ပင်။

"စိတ်ချပါ ယောက်ဖကြီးခင်ဗျား ဆမ္မာကြီး လုံးဝ မသိစေရပါဘူး ဒီကိစ္စကို ကျုပ်နဲ့ ကျုပ်တပည့် မုဆိုးတွေကလွဲပြီး ဘယ်သူ့မှ အသိမပေးပါဘူး၊ နောင်နှစ် ဒီအချိန်ကိုသာ ယောက်ဖကြီးများ ကျုပ်တို့ဆီ အရောက်လာခဲ့ကြပါ၊ ကျုပ်တို့ တစ်ရွာလုံး ယောက်ဖကြီးတို့ကို စောင့်မျှော်နေကြမှာပါ ခင်ဗျား"

"စိတ်ချပါ ရာသီဥတုသာယာရင် ကျုပ်တို့ ဒီထက်တောင် စောစောရောက်လာကြမှာပါ စိတ်ချလက်ချသာ ပစ္စည်းတွေရအောင် ရှာထားကြပါ"

ထိုနေ့ညက ကျားသစ်ရေ ရသမျှကို လုံလုံခြုံခြုံထုပ်ပိုး၍ သူငယ်ခေါင်းချိန်ရောက်မှ ဆမ္မာကြီးသခ်မ်းကို လောပန်ကြီးများ ပြန်သွားကြသည်၊ သူတို့မှာ နောက်တစ်နေ့ မနက်စောစော ပြန်ကြတော့မည် ဖြစ်သဖြင့် သူကြီးဂမ်ရော်တို့ မိသားစုနှင့် ဂမ်ရော်၏တပည့် မုဆိုးများကလည်း လောပန်ကြီးများကို ဆမ္မာကြီးတံတားထိပ် ဟိုဘက်ကမ်းထိ လိုက်ပို့လိုက်ကြသည်။ အိမ်ပြန်ရောက်သည်နှင့် သူကြီးဂမ်ရော်က -

"ကဲ ဂျာနူ ငါပြောတာ မှားလား၊ ခု နင့်သွေးသောက် အစ်ကိုတော်များက ပြောသွားကြတာ ကြားတယ်မဟုတ်လား ငါတို့ ပစ်ခတ်ဖမ်းဆီးလို့ရတဲ့ ကကိုးကောင်တွေ တောတိရစ္ဆာန်တွေနဲ့စာရင် နင်တို့ အဥ အမြစ် မှိုဂျိုတွေက အလကားပဲဆိုတာ. ."

"အလကားတော့ ဟုတ်မလားရှင့်၊ ဟိုအဥ အပွင့်တွေကလဲ သူ့ဈေးနဲ့သူတော့ ဒီနှစ်ပဲ ရလိုက်ကြ. ."

"အဲဒီ အဥ အမြစ် အပွင့်တွေနဲ့ ဆားနဲ့လဲလို့ရတာ ဟုတ်ပါတယ်ဟဲ့ မျက်မြင်ပဲဟာ၊ ဒါပေမယ့် ကကိုးတစ်ကောင်ရရင် လားတစ်စီးတိုက်





ဆားပေးမယ်ဆိုတာ နင့်အစ်ကိုကြီးတွေက ပြောသွားကြတာလေ၊ ငါဆိုလိုတာက ဆမ္မာကြီး ရှာခိုင်းထားတဲ့ အသီး အပွင့် မှိုဂျိုတွေနဲ့ တောတိရစ္ဆာန်တွေရဲ့ သားရေ အရိုးအရင်းတွေက ဘယ်ဟာ တန်ဖိုး ပိုကြီးလဲဆိုတာ နင်သိထားဖို့ပါပဲ"

လောပန်ကြီးများကလည်း သူ့ရှေ့၌ပင် ပြောသွားကြသည်မို့ ဤတစ်ခါတော့ ဂျာနူမှာ ဂမ်ရော်၏ စကားကို ဘယ်လိုမှ မငြင်းနိုင်ဖြစ်ပြီး ငိုင်ကျသွားသည်။

"နင့်အစ်ကိုကြီးတွေ မှာထားခဲ့ကြသလို ဒီကိစ္စတော့ ဘယ်လူ့မှ အသိပေးလို့ မဖြစ်ဘူးနော် ဂျာနူ"

"သိပါတယ်တော် လောပန်အစ်ကိုကြီးများက ကျုပ်ရှေ့တင် မှာသွားကြတာပဲ မသိဘဲနေမလား"

"အေး အထူးသဖြင့်တော့ကွာ ဟို ပြုတ်မနူးလေးတွေရဲ့ အဖေကြီးတွေ မသိဖို့ အရေးအကြီးဆုံးပဲ၊ ဒီကောင်တွေက သူတို့ကိုယ်သူတို့ ဆမ္မာကြီးရဲ့ အန္တေဝါသိက ဘွဲ့ခံထားကြတော့ ဒီကိစ္စ ဒီကောင်တွေ တစ်စွန်းတစ်စသာ သိသွားလို့ကတော့ ဆမ္မာကြီးနား ချက်ချင်းပေါက်မှာပဲ၊ ခု ဆမ္မာကြီးက ဆေးပညာသင်ပေးမယ်ဆိုတဲ့ မင်းသားရှေ့လဲ စကားကို ကြည့်ပြော၊ ကလေးအချင်းချင်း ရန်ဖြစ်ကြရင် ငယ်ကျိုးငယ်နာ ဖော်ပြောတတ်ကြတယ်၊ ဒီတစ်ရက်နှစ်ရက်မှာ ငါတို့ ကတိုးလိုက်သွားကြတော့မယ်၊ ဒီတော့ မင်းကလေးကိုလဲ ဂရုစိုက်၊ ဆမ္မာကြီးစကားကို နားယောင်ပြီး တစ်သက်လုံး ဘိုးစဉ်ဘောင်ဆက် လုပ်လာတဲ့ မုဆိုးအလုပ်ကိုတောင် စွန့်လွှတ်လိုက်ပြီဆိုတဲ့ကောင်တွေ နောက်နှစ် လောပန်ယောက်ဖကြီးများ ရောက်လာတော့ သိကြရောပေါ့ကွာ ဟဲ ဟဲ. ."

သူကြီးဂမ်ရော်မှာ ဤတစ်ခါတော့ ဆမ္မာကြီးကို နိုင်ကွက်ပိုင်ကွက် ပေါ်လာပြီဖြစ်သဖြင့် အပျော်ကြီးပျော်ကာ သူ့စိတ်ထဲရှိသမျှ စကားတွေကို အကုန်အန်ထုတ်ဖွင့်ဟနေသည်၊ သည်လိုနှင့် ရာသီဥတုလည်း သာယာလာရာ သူကြီးဂမ်ရော်နှင့် သူ့အဖွဲ့သားများမှာ ချက်ချင်းမရှေ့ တောင်ပေါ်တက်ပြီး ကတိုးလိုက်ရန် စိုင်းပြင်းကြတော့သည်၊



www.burmeseclassic.com

www.burmeseclassic.com



"သူကြီး ဒီနှစ်ရာသီကတော့ နှောင်းချင်ပြီနော် ကျုပ်သဘောက တော့ ခု ရွာမှာလဲ ဆမ္မာကြီးပြောတဲ့ အဥ အမြစ် မှိုဂျိုတွေကို ကောက်စု ရှာထားကြတဲ့ သူတွေကလဲ လောပန်ကြီးတို့ဆီ ဆားနဲ့လဲစားကြတော့ ကိုယ့်မှာမရှိပေမယ့် မှုတစားကြလို့ ရနေပြီ ဒီတော့ ဒီနှစ် ရေခဲတောင်ပေါ် ပင်ပင်ပန်းပန်း ကတိုးလိုက်သွားကြမယ့်အစား ရွာနားဝန်းကျင်မှာပဲ ဆမ္မာ ကြီးပြောတဲ့ အဥအမြစ်နဲ့ မှိုဂျိုတွေကို ကောက်စုရှာထားကြတာ ကောင်း မယ်ထင်တယ်၊ လောပန်ကြီးတွေကလဲ နောက်နှစ် ဆက်ဆက်လာကြမယ် လို့ မှာသွားကြဆိုပဲ"

သူကြီးဂမ်ရော်က ကတိုးလိုက်သွားရန် ရက်သွားသတ်သောအခါ ဆယ်အိမ်မှူး လောလူက ထိုစကား ပြောလာသည်။ ထိုအခါ သူကြီးဂမ် ရော်မှာ သူ့မိန်းမဂျာနူနှင့် လောပန်ကြီးတွေမှာ အမျိုးတူကြောင်း ယခုဆို လျှင် သွေးသောက်မောင်နှမပင် ပြုထားလိုက်ကြပြီ ဖြစ်ကြောင်းနှင့် လောပန်ကြီးတို့၏ နောက်ဆုံးအမှာစကားကို ပြောတော့မှ လောလူက သူတို့နှင့်အတူ ကတိုးပစ်လိုက်ရန် သဘောတူလေသည်။

သောနုတ္တို၏ တစ်ဂူမှုဝင်အိတ်ဟု ဆိုနိုင်သည်။

ကြီးမားသော ဝံသားရေလွယ်အိတ်ကြီးကို ကုန်းပိုးကာ သူကြီးဂမ် ရော်တို့အဖွဲ့သည် ကတိုး လိုက်ရန် ရေခဲတောင်ပေါ် တက်လာကြ၏။

သူတို့အဖွဲ့တွင် လူလေးယောက်ပါသည်။ သူကြီးဂမ်ရော်နှင့် ဆယ် အိမ်ခေါင်းလေး ပါလေရာ ဆယ်အိမ်ခေါင်းကြီး လောလူနှင့် ဆယ်အိမ် ခေါင်းလတ် နော်ထူတို့ဖြစ်သည်။

သူတို့လေးယောက်သည် ဒဟူရွာ၏ အာဏာပိုင်များဖြစ်သည်။ ဆားကိစ္စကို နှစ်စဉ်နှစ်တိုင်း မြစ်ကူးချောင်းကျော် တောင်ပေါ်တောင်ဆင်း တစ်ပြည်တစ်ရွာထိသွား၍ ရှာကြံဖြေရှင်း ပေးခဲ့ကြရသော ရွာတာဝန်ခံ လူကြီးများလည်း ဖြစ်သည်။

ယခုနှစ်တွင်တော့ သရောကြီးခိုင်းမလို ရာသီဥတုဆိုးဝါးပြီး တာဝန် ရှိသူတွေက ဆားကိစ္စ ရင်ပူခဲ့ကြရာမှ ယခုအခါ ဆမ္မာကြီးခေါ်လာသော ဆောပန်များ ရောက်လာကြ၍ ဆားကိစ္စကလည်း ဖြေရှင်းပြီးသားလို ဖြစ်





သွားရာ သူတို့မှာ နောင်နှစ်လောပန်ကြီးများ ရောက်လာလျှင် သူတို့ ရရှိ ကြမည့် ဆားနှင့်တကွ ပစ္စည်းပစ္စယများကို တွေးမျှော်ကာ ဤနှစ်မှာ ခါတိုင်းနှစ်များထက်ပင် ခြေလှမ်းသွက်လျက် ရှိနေကြလေသည်။ ရေခဲ တောင်ပေါ်ကို လှမ်းတက်နေကြသော သူတို့လေးယောက်ကို အဝေးက ကြည့်လျှင် အထုပ်အပိုးများကြောင့် လူဟုပင်မထင်ရဘဲ ဧရာမ ဝက်ဝံ ကြီး လေးကောင် ရေခဲတောင်ပေါ် တက်သွားကြသည်နှင့်ပင် တူနေလေ သည်။

နှစ်စဉ်နှစ်တိုင်း သွားနေလာနေကျဖြစ်သဖြင့် သူတို့အတွက် ရေခဲ တောင်ပေါ် တက်ရသည်မှာ ဘာအခက်အခဲမှ မရှိပေ။ ခါတိုင်းနှစ်လိုပင် စခန်းဆောက်ခြင်း၊ ရပ်နားခြင်း၊ နေ့လည်စာစားခြင်း၊ ခရီးဆက်ထွက်ခြင်း တို့မှာ လုပ်ရိုးလုပ်စဉ်ပင်။ သည်လိုနှင့် မြေခွေးလွင်ပြင်ကို ကျော်ဖြတ်ပြီး ဝံပုလွေချိုင့်ဝှမ်းနား ရောက်လာကြရာ ထိုနေ့အဖို့ နှင်းကျောက်တောင် ခြေရင်းရှိ ကျောက်ဂူတစ်ခု၌ စခန်းချ အနားယူကြသည်။ ဤနေရာသည် သူတို့၏ ပင်မအခြေစိုက်စခန်းကြီး ဖြစ်သည်။ ထို့ကြောင့်လည်း ဝတ်ဝန်း ကျင်ရှိ ထင်းရှူးနှင့် သစ်ရိုင်းပင်ခြောက်ကြီးများကိုရှာကာ ဂူဝတွင် မီးမှို ကြသည်။ ထင်းတုံးကြီးများနှင့် သူတို့ဖိုထားသော ဤမီးဖိုမှာ သူတို့ ကတိုး လိုက်ပြီး၍ ကတိုးရပြီး၍ ကတိုးမရလျှင်လည်း ရာသီကုန်၍ သူတို့ ပြန်ကြ တော့မှ ဤမီးဖို၌ မီးငြိမ်းလေမည်။ သူတို့အတွက်သာမဟုတ် နောက် ကတိုး လိုက်ကြသူများမှာလည်း ထိုနည်းလည်းကောင်းပင်။

ဖန်ရောင် မှန်ရောင်ထနေသော ရေခဲတောင်၏ အရှေ့ခြမ်း တောင်ထိပ်ကို နေထိုးလိုက်သောအခါ နေရောင်နှင့် ရေခဲ အငွေ့အသက် တို့ ရောယှက်ကာ သက်တံ့ရောင်တန်းများ ဖြာဆင်းလာသည်။ နေရောင် ခြည်ကြောင့် ရေခဲတောင်ထိပ်များအားလုံးသည် ချက်ချင်း တလက်လက် တောက်ပလာကြသည်။ စိန်သားစိန်နှစ်လို ရောင်လျှံပုံ့ထွက်လာကြသည်။ သို့သော် တောင်ခြေရင်းနှင့် တောင်ကလပ်ရှိ သစ်ပင်များအားလုံးကား ရေခဲနှင်းဖတ်ထဲ နစ်နေကြတုန်း။ သစ်ပင်များ၏ ကျောက်ဆောင်ခြေရင်း များအားလုံးလည်း နှင်းကျိုးပေါင်းတက်ပြီး အေးအေးစက်စက် ရှိနေကြ



www.burmeseclassic.com

www.burmeseclassic.com



တုန်း။ နံနက်က ချက်ပြုတ်စားသောက်ပြီးသောအခါ နေ့လည်စာ ထမင်းထုပ်ကိုယ်စီနှင့် သူကြီးဂမ်ရော်တို့အဖွဲ့ ကတိုးရှာရန် ကတိုးလိုက်ရန် ထွက်လာကြသည်။ တစ်ချို့နေရာများကို မတ်တပ်သွားမရသဖြင့် လေးဘက်သွား၍ တက်လာကြသည်။ ငှက်နား ကျောက်ဆောင်ကြီးတွေရှိရာအရောက်မှာ သူတို့ လမ်းခွဲကြသည်။ သူကြီးဂမ်ရော်နှင့် ပါလေရာတို့က တစ်ဖွဲ့ လောလူနှင့် နော်ထူတို့ကတစ်ဖွဲ့။

သူကြီးဂမ်ရော်နှင့် ပါလေရာတို့ ဝံပုန်းတောင်စောင်းဘက် ထွက်လာကြချိန်မှာ လောလူနှင့် နော်ထူတို့လည်း ငှက်ရဲကျောက်ကောင်ဘက်တက်သွားကြသည်။ ဤပတ်ဝန်းကျင်သည် သူတို့နှင့် မစိမ်းပေ။ သွားလမ်းလာလမ်းကိုလည်း သိထားကြသူများပီပီ ကတိုးကောင်များ ရှိတတ်သောပန်းမွှေးနှင့် ရေခဲမှိုများ ပေါက်ရောက်ရာဘက် ကိုယ်စီကိုယ်စီ လမ်းခွဲထွက်လာကြသည်။ သူတို့သည် ကတိုးရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ညနေမှာတော့ အခြေစိုက်စခန်းတွင် ပြန်ဆုံကြရမည်ဖြစ်သည်။

သူကြီးဂမ်ရော်နှင့် ပါလေရာတို့ ကျောက်ဆောင်နား တစ်ခုအရောက်မှာ နေဝန်းကလည်း အရှေ့ဘက် ရေခဲတောင်ထိပ်များကို ကျော်လာသည်။ ထိုအခါ ချမ်းအေးနေကြသော ရေခဲငှက်များသည် ကျောက်ဆောင်ကျောက်တုံးတွေကြားမှ ထွက်လာကြပြီး နေစာလှုံနေကြသည်။ နေရောင်ခြည် ထိုးကျနေသော ကျောက်တောင်များပေါ် နေစာလှုံနေကြသော ရေခဲငှက်တစ်အုပ် ရုတ်တရက် လန့်ပျံကြသောကြောင့် ဂမ်ရော်နှင့် ပါလေရာတို့ လှမ်းကြည့်လိုက်ရာ မြေခွေးတစ်ကောင်ကို ကျောက်တောင်ပေါ်၌လှမ်းမြင်ကြရသည်။ ထိုအခါမှ မြေခွေးလာချောင်းသဖြင့် ရေခဲငှက်များ လန့်ပျံပြေးကြသည်ကို သိလိုက်ကြရသည်။

ရေခဲငှက်များမှာ နှင်းစိုစွတ်နေသော အကောင်ကို ရုတ်တရက်ဖြန့်မရ ဖွင့်မရလျှင် မြေခွေးစာဖြစ်သွားကြသည်ကို ဂမ်ရော်နှင့် ပါလေရာတို့မှာ တွေ့နေကျ မြင်နေကျ မြင်ကွင်းပင်။ ယခု ကျောက်တောင်ပေါ်တက်ပြီး ရေခဲငှက်လာချောင်းသော မြေခွေးသည် ရေခဲငှက်များ ပျံသွားကြရာ အောက်ကို ပြေးဆင်းလိုက်ပါသွားသည်။ မုန်တိုင်း လွင်ပြင်ဘက်





ပြေးလိုက်နေသော မြေခွေးသည် ရေခဲငှက်များ ပျံနေရာအောက်က လိုက်ရင်း ရေခဲငှက်များကို တမော့ကြည့်ကြည့်နှင့် ပြေးလိုက်ပါသွား၏။ မကြာမီ အတောင်ညောင်းသော ရေခဲငှက်တစ်ကောင်ကောင် အောက်သို့ နိမ့်ဆင်းလာလျှင်တော့ မြေခွေးက ခုန်ကိုက်ပြီး ရေခဲငှက်မှာ မြေခွေးအစာဖြစ်သွားမည်ကိုလည်း အတွေ့အကြုံအရ ဂမ်ရော်နှင့် ပါလေရာတို့က သိပြီးသား။

ကန္တာရရေခဲပြင်ပေါ်၌ တစ်ခါတစ်ခါ ကန္တာရစွန်ရဲများသည်လည်း ထိုရေခဲငှက်များကို ထိုးသုတ်ဖမ်းစားတတ်ကြသည်။ ရေခဲငှက်များက ကျောက်ဇတ်ာင် လိုင်ပေါက်များ၊ ကျောက်ကြိုကျောက်ကြား သစ်တောအုပ်များထဲ ဝင်ပြေးကြသောအခါ ကန္တာရ စွန်ရဲကြီးများသည် ရေခဲငှက်ဖမ်းရန် မြေပြင်မှ ပြေးလိုက်လာသော မြေခွေးများကို ဝိုင်းဝန်းထိုးသုတ်ကြပြန်သည်။ မြေခွေးတွေမှာလည်း ထိုအခါမှ ဆောက်တည်ရာမရဖြစ်ပြီး ခြေဦးတည့်ရာကို ထွက်ပြေးရသော မြင်ကွင်းမျိုးကိုလည်း ဂမ်ရော်နှင့် ပါလေရာတို့မှာ မြင်နေကျဖြစ်သည်။

တစ်ခါတစ်ရံမှာမူ မြေခွေးများသည် ဝံပုလွေများ သားကောင်လိုက်ရာနောက်ကလည်း မယောင်မလည်နှင့် ကပ်ပါလာတတ်ကြသည်။ ဤသည်ကို ဝံပုလွေများက နှစ်သက်ပုံမရကြ။ သူတို့ သားကောင်လိုက်ရာနောက် မြေခွေးတွေပါလာလျှင် မောင်းထုတ်တတ်ကြသည်။ သို့သော် မြေခွေးများကမူ ဝံပုလွေတွေ မည်မျှ မောင်းထုတ် မောင်းထုတ် မယောင်မလည်နှင့် ကပ်ပါကြမြဲပင်။

သည်လိုနှင့် ဝံပုလွေများ သားကောင်ရပြီး စားသောက်နေကြလျှင် မနီးမဝေးက ဆောင့်ကြောင့်ထိုင်၍ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေတတ်ကြသည်။ သူတို့မှာ သားကောင်ကြီးများကိုလည်း ဝံပုလွေများလို မိမိတို့၏ အစွမ်းအစနှင့် ဖမ်းမစားနိုင်ကြရာ ဝံပုလွေများ စားကြွင်းစားကျန်အရိုးအရင်းများကို နေ့တစ်နေ့၏ လေးပုံတစ်ပုံခန့် အချိန်ကုန်ခံ၍ စောင့်ဆိုင်းစားသောက်တတ်ကြသည်မှာလည်း သူတို့၏ သဘာဝပင်။

ရေခဲတောင်၊ ရေခဲပြင် ကန္တာရ၌ မြေခွေးကို ဝံပုလွေများထက် အမုန်းကြီးမုန်းကြသူတွေကတော့ ဝံရိုင်းကြီးများပင်။ ဝံများသည် ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



အငြိုးအတေးမှုန်းမသိ။ မြေခွေးကို မြင်သည်နှင့် တွေ့ရာသချိုင်း ဓားမဆိုင်း ိုင်းလိုက်ကိုက်သတ်တတ်ကြသည်။ ထို့ကြောင့် မြေခွေးများသည် ဝံကြီး ျားကိုတော့ အလွန်ကြောက်ကြသည်။ ဝံရိုပ်ဝံခြေ မြင်သည်နှင့် တစ်ချိုး ာည်း လစ်ပြေးကြသည်။

သည်လိုနှင့် ဂမ်ရော်တို့ ဆရာတပည့်နှစ်ယောက်သည် တောင် ာလှပ်တစ်ခုရှိ ရေခဲမှိုကျင်းတစ်ခုသို့ ရောက်လာကြသည်။ ရေခဲမှိုပွင့်မှာ ာတိုးကောင်ကြိုက်သော အစားအစာဖြစ်သဖြင့် ရေခဲမှိုကျင်းထဲ ကတိုး ောင်များ ရောက်မရောက် လာမလာကို အကဲခတ်ကြည့်ကြသည်။ ရေခဲမှိုတွေမှာ အပွင့်မပျက် နင်းချေထားရာလည်းမတွေ့ စားသွားသော အဖွဲ့အစအနကိုလည်း မတွေ့ရသဖြင့် ဤမှိုကျင်းနားတွင် ကတိုးကောင် ျားမရှိသည်မှာ သေချာသွားသဖြင့် နောက်ရေခဲတောင်စောင်း တစ်နေရာ သို့ ထွက်လာကြပြန်သည်။

သူတို့နှစ်ယောက်သည် ပါလာသော နေ့လယ်စာကို ကျောက် ဆောင် တစ်ခုနားမှာ ထိုင်စားပြီး ရေခဲတောင်ပေါ်တွင် ကတိုးကောင်များ ကို ဆက်ရှာနေကြသည်။ အချိန်မှာ နေမွန်းတိမ်းစ ပြုပြီဖြစ်သည်။ နေရောင်ကမူ ရေခဲတောင်ပေါ်တွင် ပူနွေးစွာ ဖြန့်ကြက်နေတုန်းပင်။ သို့သော် လေက ပိုထန်လာသည်။ လေနှင့်အတူ ကျောက်ဆောင် ကျောက် ာုံး သစ်ပင်ချုံဖုတ်များမှ ကျီးပေါင်းတပ်နေကြသော နှင်းဖတ်နှင်းပွင့်များ သည် လေပြင်းနှင့်အတူ လွင့်စင်ပါလာနေကြသည်။

နေမွန်းစောင်းကြီးလောက်တွင် လေက ပိုထန်လာသည်။ အအေး သည်း ပိုလာသည်။ ထို့ကြောင့် ဂမ်ရော်တို့ ဆရာတပည့်နှစ်ယောက်သည် ခဲန်းရှိရာသို့ မှန်း၍ ပြန်လာကြ၏။ ဤနေ့အဖို့တွင် ဤအချိန်သည် သူတို့ အတွက် ခရီးဆက်ရန်မရှိတော့။ သူတို့ထက်ပင်စော၍ စခန်းပြန်ရောက် နေကြသော လောလူနှင့် နော်ဟူတို့သည် ညနေစာထမင်းချက်ရင်း သူတို့ စ်ဖမ်းလာကြသော ရေခဲငှက်သုံးလေးကောင်ကို ဖုတ်ကင်နေကြသည်။

ညနေထမင်းကို ရေခဲငှက်သားနှင့်စားရင်း ကိုယ်စီကိုယ်င တွေ့ကြုံ ကြုံရသော အတွေ့အကြုံများကို ဖလှယ်ပြောကြားရင်း နောက်နေ့သွား





၍ ကတိုးရှာကြမည့် နေရာဒေသတွေကို တိုင်ပင်နှီးနှောကာ ပထမဦးဆုံး ရေခဲတောင်ညကို ကုန်လွန်စေခဲ့ကြသည်။

သည်နေ့နံနက်ထသည့် အလင်းရောင်က ပိုကောင်းသည်။ မှိုင်းပြ နေသော ကျောက်ဆောင်ကျောက်တုံးကြီးများပေါ် စောစောစီးစီး နေရောင် ခြည် ထိုးကျလာသည်။ ထို့ကြောင့် သူကြီးဂမ်ရော်တို့ ကတိုးလိုက်အဖွဲ့ သည် စောစောပင် ကတိုးရှာ ထွက်လာကြသည်။ ညက တိုင်ပင်ထားခဲ့ ကြသည့်အတိုင်း ဝံပုန်းတောင်ကျောဘက် အရောက်မှာ မနေ့ကလိုပင် နှစ်ဖွဲ့ခွဲ၍ ထွက်လာကြသည်။

နာရီဝက်ပင်မကြာ နှင်းမိုးရွာလာသည်။ အအေးသည် ထူထဲသော ဝံသားရေအကျီကိုပင် ဖောက်လာသလားထင်ရသည်။ ထို့ကြောင့် ခရီး မဆက်နိုင်ကြဘဲ ဂမ်ရော်နှင့်ပါလေရာတို့ စခန်းကို စောစောပြန်လာကြ သနှလို လောလူနှင့်နော်ထူတို့လည်း စခန်းကို ရှေ့ဆင့်နောက်ဆင့် ရောက် လာကြလေသည်။

ရေခဲတောင်ပေါ်၌ ရာသီဥတုမှာ နာရီပိုင်းအတွင်း အပြောင်း အလဲမြန်သည်။ မနက် သူတို့စခန်းကထွက်လာကြစဉ် ရာသီဥတု သာယာ ၍ နေရောင်ခြည်ကိုပင် မြင်ခဲ့ကြရသော်လည်း မွန်းမတည့်မီပင် နှင်းမိုး ရွာသဖြင့် စခန်းကို ပြန်ပြေးလာခဲ့ကြရသည်။ ကျောက်လှိုင်ခေါင်းအပြင် ဘက်ရှိ ရေခဲပြင်သည် ညှို့ပင် အရောင်တလက်လက်တောက်နေ၏။ အပြင်တွင် နှင်းမိုးနှင်းပွင့်များကို ပိုးစုန်းကောင်များ တောက်စားနေသလို တလက်လက် မြင်နေရသည်။ နှင်းမိုးကား တစ်ညလုံးစွေ၍ ရွာနေ၏။ နှင်းမိုးသည်းနေသော်လည်း လဆန်းကြီးလရောင်က မှုန်မှုန်ပျပျတော့ ရှိ နေသည်။

လဆန်းလေးငါးရက်မှသည် လပြည့်ကျော် တစ်ရက်နှစ်ရက်ထိ ကတိုးကောင်များ မိတ်လိုက်တတ်ကြသည်ကို သူတို့ပြောနေကြသည်။ ယခု လဆန်းတွင် ကတိုးကောင်များကို ဤရေခဲတောင်ရှိ ပန်းမွေးတော တော တောတောတွင် သို့မဟုတ် ရေခဲမှိုတကျင်းကျင်းတွင် မုချတွေ့ရမည်ဟု အတွေ့အကြုံအရ သူတို့ယုံကြည်နေကြသည်။ နှင်းမိုးစွေနေသျှင် ရေခဲမှို



www.burmeseclassic.com

www.burmeseclassic.com



တို့လည်း လှိုင်လှိုင်ပွင့်လာကြမည်။ နေ့ခင်းက သူတို့တွေ့ခဲ့ကြသော မှိုမွေး ကျင်းများကိုတော့ ကတိုးကောင်များ မတွေ့မရောက်သေးသည်မှာ သေချာသည်။ သို့ဆိုလျှင် အမွေးကြိုက်သော ကတိုးကောင်များသည် ဤနှစ် မြန်မာနိုင်ငံဘက်ကို မလှည့်ဘဲ စန္ဒကူးပွင့်များပေါသော အိန္ဒိယဘက် တိဗက်ကုန်းမြေမြင့်ဘက်ကိုများ ရောက်သွားကြပြီလား ဆိုသည့်ကိုလည်း မအိပ်မချင်း သူတို့ ဝေဖန်ကြ ပြုနေကြသည်။

ကတိုးကောင်များမှာ အမွေးအကြိုင်ပန်းပွင့်များကို ကြိုက်ကြသလို ဆောင်းရာသီ အအေးကိုလည်း နှစ်သက်ကြသည်။ ထို့ကြောင့် သူတို့သည် ရေခဲတောင်ပေါ်၌သာ နေကြသလို ဆောင်းရှိသော၊ ဆောင်းရက်ရှည်သော အရပ်များကိုလည်း လှည့်လည်သွားလာ၍ နေတတ်ကြသည်။

ကတိုးကောင်များ အကြောင်းကိုတွေးရင်း အိပ်ပျော်ကာ တစ်ညကုန်သွားကြပြန်သည်။ ညက နှင်းမိုးရွာသွားသဖြင့် ဤမနက်ကမူ ပတ်ဝန်းကျင်တစ်ခွင် တစ်ပြင်လုံး ပို၍သာယာနေသည်။ နေရောင်ခြည်ကလည်း ပို၍ တောက်ပလာသည်။ ထို့ကြောင့် သူကြီးဂမ်ရော်တို့ ကတိုးလိုက် အဖွဲ့မှာ စောနိုင်သမျှ စောစောထွက်လာကြပြန်သည်။ ကတိုးကောင်များ ကျက်စားတတ်ရာ ပန်းမွှေးပွင့် သစ်တောချုံပုတ် များနှင့် ရေခဲမှိုကျင်းများ၌ လှူခဲ့၍ ရှာကြသည်။ ကတိုးကောင်များ၏ အနံ့အသက်ကိုလည်း လေထဲတွင် ရှူရှိုက်၍ ရှာဖွေနေကြသည်။ အကယ်၍ ကတိုးကောင်များသာ ဤပတ်ဝန်းကျင်၌ ဖြတ်သွားဖြတ်လာရှိပါက ကတိုးကောင်တို့၏ အနံ့အသက်ကို ရှူရှိုက်ရနိုင်သလို ကျင်ကြီးကျင်ငယ် စွန့်ပစ်ထားခဲ့လျှင်လည်း ပို၍ပင် သိသာထင်ရှားစွာ အနံ့ရနိုင်သည်။ ကတိုးကောင်များ၏ အနံ့မှာ ပို၍ စူးစူးရှရှရှိသည်။ ရက်များစွာသာ မကြာသေးလျှင် ကတိုးကောင်တို့၏ ကျင်ကြီး ကျင်ငယ်နံ့က ပတ်ဝန်းကျင်၌ပင် ပျံ့လွင့်နေတတ်သည်။

ထို့ကြောင့် သူကြီးဂမ်ရော်တို့ ကတိုးလိုက်အဖွဲ့မှာ ပတ်ဝန်းကျင် ဘယ်ညာကိုလည်း မျက်စိ၊ နား၊ နှာခေါင်းတို့နှင့် အကဲခတ်ကြည့်ရှုသာကြသည်။ သည်လိုနှင့် နေမွန်းတည့် အချိန်လောက်တွင် လေပြင်းကျသာပြန်သည်။နှင်းလုံးနှင်းသီး များသည် တဝီဝီအော်မြည်၍ လေထဲလွင့်ပါ





လာကြသည်။ နေရောင်ခြည် မှာလည်း ရုတ်တရက်ပျောက်ကွယ်သွားကာ နှင်းအမှောင်ထုကြီး သိပ်သည်းလာသည်။ နှင်းမုန်တိုင်းကျလာပြီ ဆိုသည်ကို သူတို့သည် အတွေ့အကြုံအရ ချက်ချင်းသိလိုက်ကြသည်။ ထို့ကြောင့် စခန်းရှိရာဘက်သို့ ခြေဦးကို ကမန်းကတန်းလှည့်ကာ ပြေးလာကြရပြန်သည်။ သို့သော် လေကမတ်တတ်ရပ်၍ပင် မရလောက်အောင် ထန်လာသည်။ မတ်တတ်ရပ်လိုက်တိုင်း ဟန်ချက်ပျက်ကာ အလဲလဲအပြိုပြိုဖြစ်လာကြသည်။ အဝေးမြင်ကွင်းမှာလည်း ရုတ်ခြည်းပင် လေးငါးလံကိုပင် မမြင်ရဖြစ်သွားသည်။ မိနစ်ပိုင်းအတွင်းမှာပင် အမှောင်ထုကြီးကျလာသည်။ အဆိုးဆုံးမှာ လေနှင့် တအားလွင့်ပါလာသော နှင်းလုံးနှင်းခဲများ မျက်နှာကို လာရိုက်ခတ်သွားခြင်းပင်။ လေကပြင်းလွန်းသဖြင့် မျက်နှာကို နှင်းလုံးနှင်းခဲများ လာရိုက် သွားလျှင် ကျိန်းစပ်၍ကျန်ခဲ့သည်။

သူကြီးဂမ်ရော်နှင့် ပါလေရာတို့မှာ တစ်ယောက်လက်တစ်ယောက် ဆွဲကာ တစ်ယောက်လဲလျှင် တစ်ယောက်က ဖေးမ၍ စခန်းရှိရာဘက်ကို မှန်းပြီးပြေးလာကြသည်။ တစ်ချက်တစ်ချက်တွင် နှစ်ယောက်စလုံး ထဓရသဖြင့် လေးဘက် ကုန်း၍လည်း သွားနေကြရသည်။

ထိုစဉ် သူတို့နောက်မှ ညည်းသံမြည်သံနှင့် ပြေးလာနေကြသံများကို ကြားကြရသဖြင့် နောက်သို့ လှည့်ကြည့်လိုက်ကြစဉ် ဘယ်လိုမှ ရှောင်ရှားချိန်မရလိုက်။ ဆယ်ကောင်ထက် မနည်းသော ဝံအုပ်ကြီးတစ်အုပ်သည် သူတို့ နှစ်ယောက်ကို ဝင်တိုက်တိုးဝှေ့ ပြေးသွားကြသည်။

ဝံအုပ်ကြီးသည် ရေခဲငှက်များကို သွားဖမ်းကြရာမှ နှင်းမုန်တိုင်းကြီး မုချကျလာတော့မည်ကို အတတ်သိသဖြင့် ပြေးချလာကြခြင်း ဖြစ်ပေမည်။ ရေခဲပြင်ပေါ်တွင် မတ်တပ်ရပ်၍ မရသောအခါ လေးဘက်ကုန်း၍ သွားနေကြသော သူတို့နှစ်ယောက်ကို ဝံများကလည်း တောတိရစ္ဆာန်နှစ်ကောင် သို့မဟုတ် သူတို့လို ဝက်ဝံသင်းကွဲနှစ်ကောင်ဟု ထင်၍လားမသိ။ တစ်စုံတစ်ရာ တိုက်ခိုက်မသွားကြဘဲ ကျောက်ခေါင်းလိုဏ်ပေါက် တစ်နေရာရာသို့ ပြေးသွားကြခြင်း ဖြစ်ပေမည်။ ဝက်ဝံကြီးများနှင့်တွေ့ သူတို့နှစ်ယောက်မှာလည်း စခန်းရှိရာဘက် မှန်း၍ တစ်ချိုးတည်းပြေးလာ



www.burmeseclassic.com

www.burmeseclassic.com



ကြရလေသည်။ သူကြီးဂမ်ရော်နှင့် ပါလေရာတို့ စခန်းပြန်ရောက်လာပြီး နာရီဝက် ကျော်ကျော်ကြာမှ လောလူနှင့်နော်ထူတို့က စခန်းကို ရောက်လာကြသည်။ နှင်းမုန်တိုင်းမှာ သူတို့ဘက်ကို အလျင်ရောက်သွား၍လားမသိ၊ သူတို့ကိုယ်ပေါ်တွင် နှင်းဖတ်ကျိုးပေါင်းပင် ကပ်ပါလာကြသည်။ နှင်းမုန်တိုင်းမှာ တစ်ညလုံး တိုက်နေသည်။ မိုးလင်းပိုင်းရောက်မှ ဝံပုလွေအုပ်တွေ အူသံကို ကြားရသည်။ ဝံပုလွေများအူသံမှာ နှင်းမုန်တိုင်းစဲတော့မည် ဖြစ်သဖြင့် သားကောင်လိုက်ရန် အချင်းချင်းစုဝေးခေါ်သံမှန်း သူကြီး ဂမ်ရော်တို့က အတွေ့အကြုံအရ သိလိုက်ကြရသည်။

သည်လိုနှင့် မိုးလင်းသောအခါ နှင်းမုန်တိုင်းကြီးစဲသွားရာ သူကြီး ဂမ်ရော်တို့အဖွဲ့မှာလည်း ကတိုးလိုက်ရန် ကတိုးရှာရန် နံနက်ခင်းမှာ စခန်းက ထွက်လာကြရပြန်သည်။ ရက်ပိုင်းအတွင်းမှာ မိုးရွာသွားခြင်း၊ နှင်းမုန်တိုင်းကြီး တိုက်သွားခြင်း တို့ကြောင့် ရာသီဥတုမှာ အသာယာကြီး သာယာနေသည်။ မိုးပေါ် တွင် နှင်းရိပ် မိုးရိပ်ဆို၍ တစ်ဖွဲ့တစ်စကိုပင် မမြင်ရ။

ကောင်းကင်က အကြည်လင်ကြီး ကြည်လင်နေသည်။ ထို့ကြောင့်လည်း ကန္တာရစွန်ရဲများ မိုးပေါ်တွင် အုပ်လိုက်ပျံဝဲနေကြသည်ကို ထင်ထင်ရှားရှား မြင်နေရ၏။ သူကြီးဂမ်ရော်နှင့် ပါလေရာတို့သည် ပန်းမွေးချုံနွယ်တစ်ခု အရောက်မှာ ထင်းရှူးတောစနား၌ ဝံပုလွေလေးငါးကောင်ကို လှမ်းမြင်လိုက်ကြရသည်။ ထိုဝံပုလွေများသည် အမွေးထူသော သားမင်းငယ်တစ်ကောင်ကို ကိုက်လှဲစားသောက်နေကြ၏။ အစာအာဟာရအတွက် ဆိုလျှင် အလွန်ဝီရိယကောင်းကြသော ဝံပုလွေများသည် ဘယ်အချိန်ကပင် သားကောင် ထွက်လိုက်နေကြသည်မသိ။ ယခု နေရောင်ခြည်ဝင်တစ်လောတုံ တစ်တောင်လုံးကို မပျံ့နှံ့ သေး။ သူတို့ကား သားကောင်ရကာ စားသောက်၍ပင် နေကြလေပြီ။ ဝံပုလွေအုပ်နားတွင် ထုံးစံအတိုင်းပင် အရိုးအရင်းကောက်စားရန် စောင့်ဆိုင်းနေကြသော မြေခွေးနှစ်ကောင်ကိုလည်း ဆောင့်ကြောင့် ထိုင်ကာ သားရေတမြားမြားနှင့် တွေ့ရသည်။ မကြာပါချေ။ တစ်တစ် တစ်တစ် မြည်သံနှင့်အတူ ကောင်းကင်ပေါ်က စွန်ရဲအုပ်သည် သားမင်းသားကို ဝိုင်းစားနေကြသော ဝံပုလွေများကို စတော





ထိုးဆိတ်ကြတော့သည်။ ဝံပုလွေများကိုယ်ပေါ်မှ အမွေးအမှင်တွေ စွန်ရဲများနှုတ်သီးထဲ အပုတ်လိုက် အပုတ်လိုက် ကျွတ်ပါသွားသောအခါ ဝံပုလွေများမှာ သစ်တောကျောက်ဆောင် ကျောက်တုံးတွေရှိရာသို့ ဝင်ပြေးကြသည်။ ထိုအခါ မြေခွေးနှစ်ကောင်မှာလည်း ဝံပုလွေများနည်းတူ ကျောက်ဆောင်သစ်တော များထဲ ဝင်ပြေးကြ၏။

ဤကန္တာရ စွန်ရဲများမှာ ရေခဲပြင်ပေါ်၌ မည်သည့်သက်ရှိတွေကို တွေ့တွေ့ ချမ်းသာပေးတတ်သည့်မဟုတ်။ တိရစ္ဆာန်များတိုသာမဟုတ်၊ ရေခဲပြင်ပေါ်တွင် လှုပ်ရှားသွားလာ၍ တွေ့သမျှလူများကိုပင် ဝိုင်းဝန်းထိုးသုတ်တတ်ကြရာ သူကြီးဂမ်ရော်နှင့် ပါလေရာတို့မှာ အတွေ့အကြုံအရ ကျောက်ဆောင်လှိုင်ပေါက်နားတစ်ခု ချက်ချင်း ဝင်ကပ်နေလိုက်ကြရသည်။ ဝံပုလွေများ စားသောက်ထားခဲ့ကြသော သားမင်းအကြွင်းအကျန်ကို ကန္တာရစွန်ရဲများက ထိုးသုတ်စားသောက်နေကြပြန်သည်။

ဤကန္တာရ စွန်ရဲများသည် မည်ရွေ့မည်မျှ အစာငတ်လာကြသည်မသိ၊ အချင်းချင်းပင် တစ်ကောင်ကိုက်ချီပျံတက်လာသော နှုတ်သီးများတောသားတစ်ကို နောက်တစ်ကောင်က ဝင်လုရာ အချင်းချင်းရန်ဖြစ် ထိုးဆိတ်အော်မြည်နေကြပြန်သည်။ လင်းတငှက်များ ပမာဏခန့်ရှိသော်လည်း စွန်ရဲများသည် လင်း တငှက်များကို မြေပြင်၌ မစားဘဲ ထိုးဆိတ်သုတ်ချီယူသွားပြီးမှ စားတတ်ကြသော အလေ့ရှိရာ သားမင်းသေနားတွင် ပျံတက်လိုက် ပျံဆင်းလာ လိုက်၊ သားတစ်ကို ကိုက်ချီယူသွား၍ မိုးပေါ်၌ပင် စားပစ်လိုက် ပြန်ဆင်း လာလိုက်နှင့် ရှုပ်ယှက်ခတ်နေကြသည်။

ကန္တာရစွန်ရဲများကို ကြောက်ရွံ့သဖြင့် တစ်ချိုးထဲ ပြေးသွားကြသော ဝံပုလွေများကမူ တစ်ကောင်တစ်လေမှ ပြန်ပေါ်မလာကြသော်လည်း ဘာအစားအစာမှ စားရသေးပုံမပေါ်သော မြေခွေးတစ်ကောင်သည် သစ်တောထဲက ပြန်ထွက်လာပြီး စွန်ရဲများ အခြေအနေကို လာကြည့်သည်။ မိုးပေါ်ရောက်နေသော စွန်ရဲများကလည်း မြေခွေးကို ရိပ်ခနဲ မြင်လိုက်ရသည်နှင့် ချက်ချင်းပြေးဆင်းထိုးကြသည်။ ထိုအခါ မြေခွေးမှာ သစ်တောထဲဝင်ပြေးရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မြေခွေးကား ပြန်ထွက်လာပြန်သည်။ စွန်ရဲများကလည်း မြေခွေးကိုမြင်သည်နှင့် လိုက်ထိုးကြပြန်သည်။ မြေခွေးလည်း သစ်တော ထဲ ပြန်ဝင်ပြေးပြန်သည်။ သည်လိုနှင့် သုံးလေးခေါက်အရောက်မှာ မိုး ပေါ်က ပျံဆင်းလာသော စွန်ရဲကြီးတစ်ကောင်သည် မြေခွေးကို မျက်စိ နောက်လာ၍လားမသိ တောစပ်နားထိ လိုက်ထိုးရာ မြေခွေးက သစ်ပင် နှစ်ပင်ကြား ဝင်ပုန်းသည်။

ဤမှာတင် မြေခွေးကို လိုက်ထိုးသော စွန်ရဲ မှာ အားလွန်ပြီး သူ့ အတောင်တစ်ဘက်က ပင်စည်ကို ဝင်တိုက်မိသည်။ မည်မျှ အရှိန်ပြင်း သည်မသိ၊ စွန်ရဲမှာ အတောင်တစ်ဘက်ကျိုးပြီး မြေပြင်သို့ ဗုတ်ခနဲ ပြုတ် ကျလာ၏။ နောက် အတောင်တစ်ဘက်နှင့် အားယူပြီး မိုးပေါ်ပျံတက်ရန် တောင်ပံခတ်နေချိန်၌ပင် စောစောက သစ်ပင်နှစ်ပင်ကြား ဝင်ပုန်းသော မြေခွေးသည် ဘယ်ကဘယ်လို ခုန်အုပ်လိုက်မှန်းပင် မသိ။ အတောင်ကျိုး နေသော စွန်ရဲကို ခုန်အုပ်ကိုက်ချီကာ သစ်တောနက်ထဲ ဝင်ပြေးသွား လေသည်။ ထိုအခါမှ ဤမြေခွေးသည် သူ့အသားအနာခံကာ ကောင်းကင် ပေါ်က စွန်ရဲများ ပရိယာယ်ချောင်ချောက်ဆင်ပြီး ဖမ်းဆီးသွားသည်ကို သူကြီးဂမ်ရော်နှင့် ပါလေရာတို့မှာ သဘောပေါက်သွားကြလေသည်။ သူ... နှစ်ယောက်၏ သွားလာလှုပ်ရှားမှု အခြေအနေကိုမြင်လျှင် စွန်ရဲများ ဝိုင်း လာပြီး ထိုးဆိတ်ခံကြရမည်ကို ကေန်သိသဖြင့် သူတို့နှစ်ယောက်သည် ကန္တာရစွန်ရဲများနှင့် ဝေးရာဘက်ကို ဆက်လက်ထွက်ခွာလာကြရသည်။

ရေခဲတောင်ပေါ်တွင် ဤနေ့မှာ ရာသီဥတု အလွန်သာယာသဖြင့် နေသုံးပိုလ်ခန့် ကတိုးရှာရန် ...အချိန်ရနေကြသည်။ ပင်စည်ခြေရင်းများကို နှင်းဖတ်ဆီးခဲများ ဖုံးလွှမ်းထားသော ပန်းသစ်တောတစ်ခုသို့ ရောက်လာ ကြသည်။ အပွင့်ဝေနေသော သစ်ပင်များမှာ လက်ညှိုးလက်မခန့်သာရှိ သည်။ ထိုအပင်တိုင်းတွင် နှင်းသောက်ပန်းတို့ ဖူးပွင့်ဝေဆာနေကြသည်။ နိမ့်သော သစ်ပင်ငယ်များမှာ ရေခဲကျိုးပေါင်းကပ်နေသဖြင့် ကိုင်းညွတ်ကာ အပွင့်အဖူးတို့ မြေလူးနီးပါးဖြစ်နေသည်။ ထိုပန်းစုံတော၌ပင် ဂမ်ရော်နှင့် ပါလေရာတို့က အနံ့တစ်မျိုးကို ရှူရှိုက်မိကြသည်။ ထိုအနံ့နှင့်ပန်းနံ့က





ရောထွေးနေသည်။ ဂမ်ရော်၏နှား ထဲတွင် တိုးညှင်းသောလေထဲ၌ ညှင်းညှင်းညှက်ညှက် အသံတစ်ခုကိုလည်း တိုးတိုးညှင်းညှင်း ကြားမိလိုက် သည်။ ထို့ကြောင့် နှစ်ယောက်စလုံး၏ ခြေ လှမ်းက တုံ့ခနဲ ရပ်တန့်သွားကြ သည်။ ဂမ်ရော်သည် မုဆိုးကြီးပီပီ စက္ခု၊ သောတ၊ ယာန၊ ဇိဝ၊ မန စသည် အာရုံအားလုံးကို စုစည်းလိုက်သည်။ ထိုအခါ မျက်စိမှာ မြင်လာရသည်၊ နားမှာ ကြားလာရသည်။ နှာခေါင်းမှာ အနံ့ရလာသည်။ ပါးစပ်ကို စေ့လိုက် သည်။ ကိုယ်ကို မတ် ထားသည်။ စိတ်ကို အတည်ငြိမ်ဆုံးဖြစ်လာအောင် ဆောက်တည်ထားလိုက်သည်။ သူ့အာရုံမှာ ပကတိ တည်ငြိမ်လာသည်။ ဝန်းမွေးကြိုက် ကတိုးတစ်ကောင်သည် ပန်းမွှေးတောထဲ မှချရောက်နေ လေပြီ။ ကတိုးကောင်၏ ချက်အထက်ရှိ ကတိုးအိတ်မှ မွှေးပျံ့သောအနံ့ မှာ ပန်းမွှေးပွဲ့င့် မှိုမွှေးပွင့်တို့ကို စား၍ဖြစ်သည်။ ကတိုးကောင်တွင် ချက် အထက်၌ ကတိုးအိတ်ရှိ၏။ ထို့ကြောင့်လည်း ကျားမုဆိုးများ ကတိုးကောင် ကို ဖမ်းစားရာ၌ ချက်အထက်ရှိ ကတိုးအိတ်ကို မစားဘဲ ချန်ထားတတ် သည်။ လူတွေအတွက်သာ ကတိုးအိတ်မှာ မွှေးသော်လည်း တော တိရစ္ဆာန်များကမူ ထိုမွှေးလွန်းသော အနံ့ကို မခံနိုင်ကြ။ လူတွေအတွက် ကတိုးရှူနှာမှာ ဆေးဖြစ်သော်လည်း တိရစ္ဆာန်များကမူအဆိပ်ဖြစ်နေသည်။

ထို့ကြောင့်လည်း မည်သည့်တောတိရစ္ဆာန်မှ ကတိုးကောင်နားကို မကပ်ကြ။ ဝေးဝေးက ရှောင်ကြသည်။ သားစားကြူးသော ကျားဘီလူး များသည်ပင် တစ်ခြား မည်သည့် တောတိရစ္ဆာန်များကို ဖမ်းဆီး၍မရမှ သို့မဟုတ် ဆာလောင်မွတ်သိပ်လွန်းမှ ကတိုးကောင်ကို ဖမ်းစားတတ် သည်။ များသောအားဖြင့် ကတိုးကောင်များ အနေများသော ရေခဲတောင် ပေါ်တွင် အေးလွန်း၍ ကျားများလည်း မနေတတ်ကြ။ တောလွန်၍ တစ်ခါ တစ်ရံ မျက်စိမှောက် ရောက်လာတတ်ကြ ခြင်းသာ။

ပန်းမွှေးတော ရေခဲပြင်ပေါ်တွင် ရွေ့လျားလှုပ်ရှားနေသော ကတိုး တစ်ကောင်ကို ဂမ်ရော်နှင့်ပါလေရာတို့မှာ မြင်နေကြရလေပြီ။ သူတို့ နှစ် ယောက်သည် လေတိုက်နှုန်းကို ပထမ သတိထားကြသည်။ လေအောက် သို့ ရောက်ရန် ကုန်းကုန်းကွကွနှင့် မပြေးရုံတမည် လာကြသည်။ ကတိုး



www.burmeseclassic.com

www.burmeseclassic.com



ကို ပစ်လိုက်သောအခါ မြားတံဖြတ်သွားရမည့် လေကြောကို စိတ်နှင့်မှန်းရသည်။ လေဆန်ဖြစ်မည် လေတိုက်နှုန်းပြင်းထန်နေမည်ဆိုလျှင် မြားစူးသံဟက်ထိပ်၌ သုတ်လိမ်းထားသော မြားဆိပ်သည် လေဖိအား တိုက်စားမှုကြောင့် ပါးလျားကာ အဆိပ်၏ မူလအာနိသင် လျော့သွားနိုင်သည်။ ဆိပ်လူးမြားကိုင်သော မုဆိုးသည် အဆိပ်နှင့်အာနိသင်ကို နားလည်ရသလို လေစီးကြောင်း အနိမ့်အမြင့်ကိုလည်း သိတတ်ရသည်။ မြင့်လွန်းသော ရေခဲတောင်ပေါ်တွင် လေတိုက်စီးကြောင်းများ ရှိသည်။ ပန်းမွေးကြိုင်သော ကတိုးကောင်သည် ပန်းမွှေးပွင့်တွေကို လည်မော့ခူးစားနေသည်။ ကတိုးကောင်များ၏ အဆီအိတ်နှင့် ကတိုးအိတ်တို့က မွှေးခြင်းမှာ ပန်းများကို စား၍ဖြစ်သည်။ ပန်းပွင့်လှိုင်သော ရာသီတွင် သူတို့ကိုယ်က ပိုမွှေးသည်။

နှစ်ယောက်စလုံး ကတိုးကောင်နှင့် မြားတစ်ကမ်းနီးနီးသို့ ရောက်လာကြပြီ။ ကတိုးကောင်ကိုလည်း ပီပီပြင်ပြင် မြင်နေရပြီ။ ကတိုးကောင်မှာ နှစ်ပေကျော်ခန့်မြင့်သည်။ ကိုယ်လုံးအရှည်မှာ သုံးပေပင်ကျော်မည်။ ကျောကုန်းတွင် မီးခိုးရောင်အမွေးနှင့် ရင်ဘတ်တွင် အဖြူကွက်ရှိသည်။

မေးရိုးအောက်သို့ ထိုးထွက်နေသော အစွယ်နှစ်ချောင်းက ကတိုးထီးဖြစ်ကြောင်း သက်သေခံနေသည်။ လေးညှို့တွင် မြားသွင်းပြီး နှစ်ယောက်စလုံးမျက်ရိပ်မျက်ခြည်နှင့် စကားပြောကာမြားတစ်ကမ်းသို့တိုးကပ်သွားကြသည်။ ထိုစဉ် ဒရယ်တစ်ကောင်၏ ညင်းညင်းညံ့ညံ့ အသံနှင့်တူသော မြည်သံတစ်ခုကို မမျှော်လင့်ဘဲ ကြားလိုက်ရသည်။ ပန်းပွင့်စားနေသော ကတိုးထီးသည် အထိတ်တလန့် ခေါင်းထောင်လိုက်သည်။ နားရွက်ကိုထောင်၍ ပတ်ဝန်းကျင်ကို ကျီးကန်းတောင်း မှောက်လှည့်ပတ်ကြည့်သည်။ ထိုအချိန်မှာပင် သူ့ထက် ကိုယ်လုံးကိုယ် ထည်ကြီးသော ကတိုးတစ်ကောင်သည် ပန်းချုံထဲက ဘွားခနဲ ပေါ်လာသည်။ စောစောက ပန်းပွင့်စားနေသော ကတိုးထီးသည် ချက်ချင်း ထွက်ပြေးတော့၏။ နောက်မှရောက်လာသော ကတိုးကောင်ကလည်း အသံ အမျိုးမျိုးပေးကာ ထွက်ပြေးသွားသော ကတိုးကောင်နောက်ကို ပြေးလိုက် သည်။ သူ့နောက်တွင် ရေခဲပြင်မှ ရေခဲအပဲ့အစများ လွင့်စဉ်ကျန်ခဲ့သည်။ ထိုအခါမှ နောက်မှရောက်





လာသော ကတိုးကောင်မှာ အမဖြစ်မှန်း ဂမ်ရော် တို့ သိလိုက်ကြသည်။ ထိုကတိုးမသည် ကတိုးဖိုကြီးအား ဘယ်တော ဘယ်တောင် ဘယ်နေရာလောက်ကပင် အနံ့ခံ လိုက်ချောင်းပါလာသည် မသိ။ ယခု ကတိုးထီးကို ဝင်တိုးမိလုနီးမှ ကတိုးထီးက ထွက်ပြေးသောအခါ ကတိုး ထီးနောက်ကို ကဆုန်ပေါက်ပြေးလိုက်သွားသည်။ ကတိုးကောင်များသည် မိတ်လိုက်ရာ၌ အခြားတောတိရစ္ဆာန်များနှင့် မတူဘဲ တစ်မူထူးခြားသည်။ အခြားအခြားသောတိရစ္ဆာန်များမှာ အထီးကသာ အမများကို အတင်းလိုက်၍ပေါင်းဖော်လေ့ရှိကြသော်လည်း ကတိုးများမှာမူ အမကသာ အထီးများကို အတင်းပြေးလိုက်၍ ပေါင်းဖော် သန္ဓေယူလေ့ရှိ၏။ ထို့အပြင် တခြား တိရစ္ဆာန်သတ္တဝါများလို လိင်ချင်း ဆက်စပ်၍လည်း ပေါင်းဖော်မိတ်လိုက်လေ့ မရှိပေ။ ကတိုးထီးများ၏ အမြီးဖျားတွင် နို့သီးခေါင်းကဲ့သို့ အလုံးအဖု တစ်ခုပါသည်။ ထိုအလုံးအဖုမှာ နူးညံ့၍ ထိပ်၌ အပေါက်ကလေးများ ပါရှိသည်။ ထိုအပေါက်မှ သန္ဓေရည်သုက်ရည်ထွက်သည်။ ထို့ကြောင့်လည်း မိတ်လိုက်ရာသီတွင် ကတိုးမသည် ကတိုးထီး အမြီးဖျားကို အတင်း လိုက်စုပ်၍သန္ဓေယူတတ်သည်။ သူတို့၏ မိတ်လိုက်ရာသီမှာ လဆန်းပက္ခ ၁၅ရက်ဝန်းကျင်ဖြစ်သည်။ တစ်နှစ်လျှင် တစ်ကြိမ်သာ သားပေါက်တတ်သည်။ တစ်ခါပေါက်လျှင် တစ်ကောင်သာပေါက်သည်။ နို့တိုက်သတ္တဝါ ဖြစ်၏။

ကတိုးမလိုက်၍ ထွက်ပြေးသွားသော ကတိုးထီးနောက်ကို ကတိုးမ နည်းတူ ဂမ်ရော်တို့လည်း ပြေးလိုက်လာကြသည်။ မိတ်စိတ်နှင့် ရာဂငမ်း ဖမ်းစားနေသော ကတိုးမသည် ကတိုးထီးကို မီရန်ကလွဲ၍ တခြား ဘာ အန္တရာယ်ကိုမှ ဂရုမပြုဘဲ ကတိုးထီးနောက်ကိုသာ အတင်းပြေးလိုက်နေသည်။ ရာဂစိတ်မွှန်နေသော ကတိုးမသည် နောက်က လူသားနှစ်ယောက် ပါလာသည်ကိုပင် သတိပြုမိပုံမရပေ။ ရေခဲတောင်စောက် တစ်နေရာတွင် ကျောက်ဆောင်ကျောက်ဖျာ ရင်းတစ်ခု၌ ကတိုးမသည် ကတိုးထီး၏ အမြီးဖျားကို ဖမ်းစုပ်မိသွားသည်။ အရှိန်အဟုန်နှင့် ပြေးနေကြသော အထီးအမနှစ်ကောင်စလုံး၏ ခြေအစုံက ရုတ်ခြည်းတုံ့ရပ်သွားကြသည်။ ပြေးမလွတ်သောကတိုးထီးမှာ ညည်းညူသံနှင့်အတူ ခြေလေးချောင်းကို စုံရပ်ပေးထား



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူကြီးဂမ်ရော်နှင့် ပါလေရာတို့မှာ ဤအခွင့်အရေးကို လက်လွှတ်မခံနိုင်ကြ။ စက္ကန့်မိနစ်ပိုင်းမျှသာ ငြိမ်သက်နေသော ကတိုးထီး၏ ဤလိုအခွင့်အရေးမျိုးကို နောက်တစ်ကြိမ် ဘယ်လိုမှ မရနိုင်တော့။ ထို့ကြောင့် ဂမ်ရော်နှင့် ပါလေရာတို့သည် ကတိုးထီးကို ချိန်ရွယ်ကာ မြားနှစ်စင်းကို ပြိုင်တူလွှတ်လိုက်ကြသည်။ မြားဆိပ်ထိသော ကတိုးထီးသည် အထိတ်တလန့် ထခုန်အော် ဟစ်လိုက်ကာ ချက်ချင်းကဆုန်ပေါက်ထွက်ပြေးသည်။ ကတိုးမသည်လည်း လန့်ဖျပ်၍ တူရူသို့ ချက်ချင်းထွက်ပြေးသွားသည်။

ကတိုးထီးသည် ရေခဲတောင် နိမ့်လျှောအတိုင်း အောက်ဘက်သို့ ဆင်းပြေးသွား၏။ ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်လုံးမှာ ရေခဲဖုံး နှင်းလွင်ပြင်ကြီး ဖြစ်နေသဖြင့် ကတိုးကောင် ဆင်းပြေးသွားသည်ကို မျက်စိတဆုံး မြင်နေရသည်။ ဂမ်ရော်နှင့် ပါလေရာတို့သည် ချက်ချင်းပင် တင်ပါးတွင် ဝံသားရေပြားနှစ်ချပ်ကို ခိုင်ခိုင်ပတ်ကာ ရေခဲတောင်စောင်းအတိုင်း ဖင်ထိုင်လျှက် လျှောချလိုက်ကြသည်။ ကတိုးထီးပြေးရာကို ဖြတ်ဆီးရန် အခွင့်အရေးသည် သူတို့အတွက် သေရေးရှင်ရေး အရေးတကြီးဖြစ်နေပြီ။

နားနှစ်ဘက်ကို လေတိုးသံ တစီစီကို ကြားနေရသည်။ ကိုယ်ကိုရှေ့သို့ မငိုက်ကိုင်းမိရန်ကိုတော့ သူတို့နှစ်ယောက်စလုံး သတိထားနေကြရသည်။ ကိုယ်ကို ရှေ့သို့သာ ယောင်ရမ်း ကုန်းကိုင်းမိလိုက်လျှင်တော့ လျှောကျလာသောအရှိန်နှင့် ရှေ့ကိုကျွမ်းပစ်ကာ ဒလိမ့်ခေါက်ကွေးကျသွားမည်မှာမုချပင်။ ထိုသို့သာ ကျသွားလျှင် သူတို့ကိုယ်ကို ဘယ်လိုမှ ပြန်ထိမ်းနိုင်ကြတော့မည်မဟုတ်။ အသူတစ်ရာနက်သော ရေခဲချောက်ထဲကို အလိုလိုအရှိန်နှင့် ကျသွားနိုင်သည်။ ထို့ကြောင့် သူတို့နှစ်ယောက်မှာ အတွေ့အကြုံအရ နောက်ဘက် ရှိ ရေခဲတောင်စောင်းကိုသာ ကျောကပ်ပြီး ဖင်ထိုင်ဆင်းလာကြသည်။ ထိုသို့ ဆင်းလာနေကြရစဉ် သူတို့၏မြင်ကွင်းမှ ကတိုးထီးသည် ချုံတော တစ်ခုအကွယ်မှာ ပျောက်သွားသည်။ ရေခဲတောင်အောက်ကို ရောက်လာ ကြပြီးဖြစ်သဖြင့် ချုံဖုတ်တွေမှာလည်း ထူထပ်လာသည်။ သူတို့နှစ်ယောက် သည် ကိုယ်ရှိန်သတ်၍ ကတိုးကောင် ဝင်ပြေးသွားသော ချုံတောအလွန် ရေခဲလွင်ပြင်ကို လှမ်းကြည့်လိုက်





ကြသည်။ ကတိုးထီး ချုံတောကိုလွန်၍ ပြေးလာသည်ကို မမြင်ရ။ ကတိုးထီးသည် ချုံစမှ သစ်တောထဲ ဝင်ပြေးသွားသည်မှာ သေချာသွားသည်။ သူတို့နှစ်ယောက်သည် ကတိုးထီး ဝင်ပြေးသွားသော ချုံနှင့် သစ်တောအစသို့ ပြေးလိုက်လာကြသည်။ ရေခဲလွင်ပြင်ထဲက သစ်တောအစသို့ ရောက်လာကြ၏။ ကတိုးကောင် ပြေးဝင်သွားသော သစ်တောထဲမှ ခွေးအတစ်အုပ် အထိတ်တလန့် အော်လိုက်ကြသံကို ကြားလိုက်ရသည်။ ခွေးအများ အော်ညည်းနေကြသံကြားရာသို့ ဂမ်မရော်တို့နှစ်ယောက် ပြေးလိုက်လာကြသည်။ ခွေးအ သုံးလေးကောင်သည် ကတိုးနှံနှံ၍ ယိမ်းယိမ်းယိုင်ယိုင်နှင့် အော့အန်နေကြသည်။ အကောင်ငယ်နှစ်ကောင်ကမူ မြေ့၍ တုံးလုံး ပက်လက်ပင် ဖြစ်နေကြ၏။ ညည်းသံသဲ့သဲ့ကိုပင် မနည်းနားထောင်ယူရသည်။ မြားဆိပ်သင့်၍ မွှန်ထူလာသော ကတိုးကောင်သည် ဤခွေးအအုပ်ကိုပင် တိုးတိုက်ပြေးသွားပုံရသည်။ ပြင်းသောမြားဆိပ်ကြောင့် လမ်း၌ သေးတစက်တစက်ထွက်လာရာ ထိုကတိုးသေးနံ့ကြောင့် ခွေးအမှား မူးနေကြခြင်းဖြစ်သည်။ သွေးရူးသွေးတန်းနှင့် မြားဆိပ်မွှန်ပြေးလာသော ကတိုးကောင်ကို ခွေးအများကလည်း ရှောင်ပြေးရန် အချိန်ရလိုက်ကြပုံ မပေါ်။ သို့သော် မကြာမီ ခဏမျှပင် ခွေးအများသည် အမူးပြေသွားကြမည်ကို ဂမ်ရော်တို့က သိပြီးသားဖြစ်၏။

ကတိုးကောင်ကြီး ဖြတ်ပြေးသွားသော ခွေးအအုပ်နားတပင် ဂမ်ရော်တို့မှာလည်း ပြေးလိုက်လာကြရသည်။ သစ်တောအလွန်တွင် ကတိုးကောင်သည် ရေခဲပြင်ပေါ်၌ တုန်တုန်ချိချိ ယိုင်ထိုးနေသည်ကို မြင်လိုက်ကြရသည်။ အမှန်က ကတိုးကောင်သာ မဟုတ်ဘဲ အခြားတိရစ္ဆာန်များသာဆိုလျှင် ဂမ်ရော်တို့၏ မြားဆိပ်သည် ဘယ်တိရစ္ဆာန်ကိုမှ ဤမျှခရီးဝေးဝေး ပြေးခွင့်မပြု။ ကတိုးကမူ အရေနှင့် အသားကြားတွင် အဆီပျဉ်ကြီးများ ခံနေသဖြင့် တစ်ဆွေ့ခုန်မြားဆိပ်ပင် ချက်ချင်းမတိုးဘဲ ကတိုးကောင်မှာ တောကျော်တောင်ကျော် ပြေးသွားနိုင်ခြင်းဖြစ်သည်။ ရေခဲပြင်ထဲတွင် ယိမ်းထိုးနေသော ကတိုးကောင်ကို မြင်ပေါ့ကြတော့မှ ဂမ်ရော်နှင့် ပါလေရာတို့မှာ စိတ်ချလက်ချ အမောဖြေနိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤကတိုးကောင်သည် မကြာမီ ယိုင်လဲကျသွားမှ သူတို့နှစ် ယောက်က သွားကောက်ယူကြရုံသာ။ သူကြီးဂမ်ရော်တို့ ရပ်ရေးရွာရေး အကျိုးဆောင် အဖွဲ့မှာ ရေခဲ တောင်ပေါ်က ကတိုးသုံးကောင် ရလာကြသဖြင့် အပျော် ကြီးပျော်လာကြသည်။ အမှန်က ကတိုးသုံးကောင်သာမဟုတ် နောက်နှစ် လောပန်ကြီးတို့ လာလျှင် ဆားနှင့် လူသုံးကုန်ပစ္စည်းများကို အလျှံပယ် လဲလှယ်၍ရနိုင်သော ရှူးပျံလေးကောင်နှင့် တောင်ဆိတ်နှစ်ကောင်တို့ကို လည်း သူတို့က ရလာခဲ့ကြသေးသည်။ ဤနှစ် ဆမ္မာကြီးခေါ်လာသော လောပန်ကြီးများ အမှာစကားအရ ဆိုလျှင် တစ်ရွာလုံးအတွက် တစ်နှစ်စာ ဆားမှာ ကတိုးသုံးကောင်နှင့်ပင် လုံလောက်နေပြီ။ ထို့ကြောင့် သူတို့ အဖွဲ့မှာ နောက်တစ်နှစ် လောပန်ကြီးတို့ ရောက် လာလျှင် ယခုရလာကြ သောတောတိရစ္ဆာန်များနှင့် ပစ္စည်းတွေ ဖလှယ် ကြရမည့်အကြောင်းကို တစ်လမ်းလုံးပြောလာကြသလို ဆမ္မာကြီး စကားကို ဘုရားစကားပမာ မြေဝယ်မကျခဲ့ယူပြီး ဘိုးစဉ်ဘောင်ဆက် တစ်သက်လုံး လုပ်ကိုင်စား သောက်လာသော မုဆိုးအလုပ်ကိုပင် စွန့်လွှတ်လိုက်ပြီဆိုသော ရွာဖျား ပိုင်းက အီမောနှင့် ထန်မာတို့ အကြောင်းကိုလည်း နှိမ်ချပြောဆို လာကြ သည်။

"ဆမ္မာကြီးစကားဆို ဘုရားစကားလောက်မှတ်ပြီး ဘိုးစဉ်ဘောင် ဆက် တစ်သက်လုံး လုပ်ကိုင်စားသောက်လာတဲ့ မုဆိုးအလုပ်ကိုတောင် စွန့်လွှတ်လိုက်ပြီဆိုတဲ့ ရွာဖျားက ဟိုနှစ်ကောင်တော့ နောက်နှစ် ငါ့ ယောက်ဖကြီး လောပန်တွေရောက်လာလို့ တို့ပစ္စည်းတွေ လဲနေကြတာကို မြင်မှ ငိုမဲ့မဲ့မျက်နှာနဲ့ ငါတို့ကို မစ္ဆရိယဖြစ်ကြမှာ ငါတော့ ခုကပင် မြင် ယောင်မိသေးကွာ ဟား. . ဟား. ."

"ဟုတ်ပ့ါ တောင်ပိုင်ကြီးရာ ဆမ္မာကြီးပြောလို့ သူတို့ ရှာဖောက် စုထားကြတဲ့ ဟို အပွင့်၊ အမြစ်၊ မှိုဂျိတွေဟာ ကျုပ်တို့ရှာထားတဲ့ တော တိရစ္ဆာန်ပစ္စည်းတွေနဲ့စာရင် သူတို့ဟာ ဘယ်လောက်တန်ဖိုး ကျသွားမယ် ဆိုတာ အဲဒီအကောင်တွေ အဲဒီအခါမှ သိကြမှာဗျ အဲဒါကြောင့် သူကြီး ယောက်ဖ လောပန်ကြီးတွေကို ကျုပ်တော့ ဒီနှစ်တောင် တစ်ခေါက်





လောက် ပြန်လာစေချင်နေတာဗျို့. . ဒါမှလဲ ဒီကောင်တွေ အကြီးအကျယ် နောင်တ ရကြမှာဗျ ဟင်း. . ဟင်း. ."

"အဲဒီကောင်တွေတင်လားဗျ ဆမ္မာကြီးစကားကို ယုံစားပြီး အိုကြီး အိုမနဲ့ ရွာပြင်က တောတောင်တွေထဲသွားပြီး အဲဒီ အဥ အမြစ် အပွင့် တွေနဲ့ မှိုဂျိတွေကို ခုကပင် သွားရှာဖောက်စု နေကြတဲ့ အဘိုးကြီး အဘွား ကြီးတွေကော"

"အေးကွ လောလူရာ ခု တို့ရလာတဲ့ တောတိရစ္ဆာန်တွေပစ္စည်း တွေနဲ့ ဆားအဝတ်အထည်တွေကို ဘယ်လိုလဲရတယ် ငါတို့ပစ္စည်းတွေက ဘယ်လောက်တန်ဖိုးကြီးတယ်ဆိုတာ သူတို့သိရင်တော့ တို့တိုတောင် မနာလို ဖြစ်ကြမလား မသိဘူးနော် ဟီး. . ဟီး. ."

"ဟာ. . ဒါကတော့ သိပ်သေချာပေါ့ကွာ တဲ. . တဲ. ."

စကားတပြောပြောနှင့် သူကြီးဂမ်ရော်တို့မှာ အပျော်ကြီး ပျော်လာ ကြသော်လည်း ရွာထိပ်ရောက်၍ တောင်ကမူလေးပေါ်က ဆမ္မာကြီး လေရဟတ်နှင့် တောင်အောက်မှ မောင်းထောင်းဆုံ လေးငါးလုံး အချို့ အလျောက် စပါးထောင်းဆန်ဖွပ်နေကြသည်ကို မြင်လိုက်ကြရသောအခါ သူတို့မှာ အံ့သြတကြီး ဖြစ်သွားကြပြန်သည်။ လေကိုစေခိုင်းကာ ဒလက် အဆင့်ဆင့်နှင့် စပါးထောင်းဆန်ဖွပ် ခိုင်းထားသော ကျည်ပွေ့များမှာလည်း အံ့သြစရာ။ ဒဟူရွာ၏ ဘိုးစဉ်ဘောင်ဆက် တစ်ခါမှ မကြားဖူးမမြင် ဖူးသော အရာ၊ ရွာကမိန်းမသူများကမူ ဆမ္မာကြီး၏ လေရဟတ် မောင်းထောင်းဆုံ့နားတွင် ဆန်ပြာ၊ စပါးယပ်၍ အပျော်ကြီးပျော်နေကြ၏။

သူတို့သည် ဆမ္မာကြီးအား ကောင်းချီးသြဘာ စကားများကိုလည်း ကြိမ်ဖန်များစွာ ပြောဆိုနေကြသည်။

"ဒီလေရဟတ်နဲ့ စပါးထောင်းဆန်ဖွပ်ပေးရုံတင် ဘယ်ကဦးမလဲ ကောင်မရယ်၊ နောက်နှစ်နောင်ခါဆို ကိုယ့်အဝတ် ကိုယ်ရက်ဝတ်နိုင်မယ့် ရက္ကန်းအတတ်ဆိုလား၊အဲဒါကိုလဲ ဆမ္မာကြီးက လုပ်ပေးဦးမယ်တဲ့ တော်"

"ဟုတ်ပါ့တော် အဲဒီ ရက္ကန်းရက်ဝတ်ဖို့ ချည်ပင်တွေကိုလဲ မျိုးယူ လာပြီး စိုက်ပေးဦးမယ်လို့ တို့ဆမ္မာကြီးက ပြောတယ်တဲ့၊ ဒီဆမ္မာကြီးဟာ



www.burmeseclassic.com

www.burmeseclassic.com



လေ တကယ်အတတ်ပညာ စုံတာတော့၊ အဲဒါတောင် ရွာမှာ ဆမ္ဘာကြီးကို ပုတ်ခတ်ပြောတဲ့ လူတွေကလဲ ရှိသေးပ၊ အံ့ရော. . အံ့ရော. . "

"မအံ့နဲ့ကောင်မရယ် ဒီဆမ္ဘာကြီးက တစ်နေ့ တောင့်မင်းကြီးဖြစ်လာမှာ သေချာတယ် ဒီတော့ ညည်းမှာမွေးထားတဲ့ သမီးတွေကလဲ အချော အလှလေးတွေချည်းဆိုတော့ ဆမ္ဘာကြီးတောင်မင်းဖြစ်ရင် ဆက်သ. . "

"ဟဲ့ ခွေးပါးစပ် ဆမ္ဘာဆိုတာ သူတော်စင်တဲ့ကောင်မရယ်၊ ငါ ပြောလိုက်ရ ကလေးမလေးတွေပါ အားနာစရာ ဖြစ်ကုန်မယ်တဲ့"

"ဟီ. . ဟီ. . "

"ဟား. . ဟား. . "

သူကြီးဂမ်ရော်တို့အဖွဲ့ အနားရောက်လာကြသောအခါမှ ဟီးဟီး ဟားဟား လုပ်နေကြသော မိန်းမတွေမှာ နှုတ်ဆိတ်သွားကြသည်။ သူကြီး ဂမ်ရော်တို့အဖွဲ့မှာလည်း ဘာပဲပြောပြော ဆမ္ဘာကြီး လေရဟတ်နှင့် စပါး ထောင်း ဆန်ဖွပ်ခိုင်းထားသော ဆုံကျည်ပွေ့များကို မကြည့်ဘဲ မနေနိုင်သဖြင့် လှည့်ပတ်ကြည့်မိကြသည်။ ဤသည်ကို ရွာမှ ခပ်စွာစွာမိန်းမ တစ်ယောက်က - "သူကြီး ဆမ္ဘာကြီးဟာ ကျုပ်တို့ရွာအတွက် တံတားရေပင် ဆားဆေးအပြင် ခု ကျုပ်တို့မိန်းမသူတွေ မပင်မပန်းရအောင်လို့တဲ့ လေရဟတ် နဲ့ စပါးထောင်းဆန်ဖွပ်ဆုံတွေ လုပ်ပေးထားပြန်ပြီ၊ အဲဒါ သူကြီး ဒီလိုလုပ်ရင် ကောင်းမယ်"

"ကျုပ်ကဘယ်လိုလုပ်ရမလဲ **နောင်နှစ်** ညည်းတို့တစ်ရွာလုံး အတွက် ဆားမပူရအောင်လို့ ကျုပ်တို့ ခုပဲ **ကတိုးလိုက်**ရာကပြန်လာကြတာ"

"ရွာအတွက် ဆားကိစ္စက ဘာ**အရေးကြီး**တော့လို့လဲ သူကြီးရာ ခု ဒီနှစ်မှာ ဆမ္ဘာကြီးပြောတဲ့အတိုင်း ဟို အညှ အပွင့်နဲ့ မှိုဂျိတွေ ကောက်ထားကြလို့ ဆားရကြပြီဘဲ ဆားက နောက်နှစ်လဲ မပူ. . . "

"ခု နင်က ဘာကို ပူနေလို့လဲ"

ဂမ်ရော်က စိတ်မရှည်သဖြင့် ထိုမိန်းမကို မေးလိုက်၏။

"ကျုပ် ပူတာမဟုတ်ပါဘူး တစ်ရွာလုံးအတွက် သူကြီးအတွက်လဲ ကောင်းအောင်ပြောတဲ့ သဘောပါတော်"





"ဟုတ်ပါပြီ နင် ဘာကို ပြောချင်လဲ ပြောပါဆို"

"ကျုပ်ပြောချင်တာက သူကြီးလဲ တိုင်းပေါက်ပြည်ပေါက် ပုဂ္ဂိုလ်ပဲ ကျုပ်တို့ရွာမှာ ဒီလို ဆမ္ဘာကြီးတစ်ယောက် ရှိနေပါတယ်၊ ရပ်ကျိုး ရွာကျိုးလဲ ဆောင်ရွက်နေတယ်၊ အဲဒီတော့ ဒီဆမ္ဘာကြီးကို တောင်မင်းကြီးချုပ်ခန့်ပေးဖို့ သူကြီးက နယ်ခြားဝန်မင်းဆီ ဦးတိုက်လျှောက်ပါလား၊ ကျုပ်တို့ရွာမှာ တောင်မင်းကြီး ရှိတယ်ဆို မယူမနတ်ပွဲလဲ ကိုယ့်ရွာမှာကိုယ် လုပ်လို့ရပြီ၊ သူကြီးလဲ ကူကမ်ရွာက တောင်မင်းကြီး လောထန်ဆီသွားပြီး လက်ဆောင်ပဏ္ဏာ ပေးစရာ မလိုတော့ဘူးပေါ့တော်"

"ဟင်. . ခွေးမ လက်စသတ်တော့ နင်က မယူမနတ်ပွဲမှာ သူကြီးနဲ့ တွဲကချင်လို့ကိုး ဟား. . ဟား. . "

"ဟော့. . ဟော့ကောင်မ အမယ်လေးတော် ဂျာနူကြားရင် ငါ့ပါး လာရိုက်နေပါဦးမယ်တော့"

"ဟား. . ဟား. . ကောင်မရယ် နင်က က,ချင်ပေမယ့် သူကြီးက က,ချင်ဦးမှဟဲ့ ငါ့သီမ ဂျာနူကို နင် ဆွဲမထည့်ပါနဲ့နော် ကောင်မ"

ဆန်ဖွပ် စပါးထောင်းသက်သာ၍ အပျော်ကြီးပျော်နေကြသော ဤမိန်းမတွေမှာ ယနေ့ ပါးစပ်စည်း မစောင့်အောင် မြူးထူးနေကြသည်။

ဤမိန်းမတွေအနား ဆက်နေလျှင် သူသိက္ခာကျတော့မည်ကို အတတ်သိ သဖြင့် သူကြီးဂမ်ရော်မှာ မျက်နှာနီမြန်းပြီး ရွာထဲ ပြေးဝင်လာရလေ၏။ သည်လိုနှင့် ဤနှစ်တွင် ရာသီဥတုလည်း ကောင်းသဖြင့် ဒဟူ တစ်ရွာလုံး မျှော်နေကြသော လောပန်ကြီးများသည်လည်း စောစောပင် ရောက်လာကြသည်။

သူတို့ မှာထားခဲ့ကြသလိုပင် ဤနှစ်တွင် လားအကောင် တစ်ဆယ်ကျော်နှင့် ဆားအပြင် လူသုံးကုန်ပစ္စည်းတွေမှာလဲ မျိုးစုံပါလာကြသည်။ သူတို့သည် သူကြီးဂမ်ရော်မိန်းမနှင့်လည်း သွေးသောက် မောင်ကြီး နှမ ဖွဲ့ထားကြရာ သူတို့ပါလာသမျှ ကုန်ပစ္စည်းများကို ဆမ္ဘာကြီးသခ်မ်းမှာ မထားကြတော့ဘဲ သူကြီးအိမ်ရှေ့၌သာ စုပုံထားကြတော့သည်။ လားတွေကိုတော့ ဆမ္ဘာကြီးသခ်မ်းရှိရာ တံတားထိပ် ချောင်းတစ်ဖက်ကမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး ဆားနှင့်တကွ ပါသမျှပစ္စည်းတွေကို လဲလှယ်ကြသည်။ သို့သော် ဆမ္မာကြီးစုဆောင်းခိုင်းထားသော အဥ အမြစ် အပင် အပွင့်နှင့် မှိုဂျိတွေမှာ မနှစ်ကနှင့်စာလျှင် ဤနှစ် သုံးပုံတစ်ပုံပင် ဈေးမပေးကြတော့။ သူတို့ ဈေးကောင်းကောင်း ဆားများများ လူသုံးကုန် အဝတ်အထည်များနှင့် ပစ္စည်းများကို ပေးကြသော အရာတွေမှာ ကတိုးအိတ်နှင့် တိရစ္ဆာန် သားရေ၊ အစွယ်၊ အရိုး၊ သည်းခြေများသာ ဖြစ်သည်။

ထိုအခါ ရွာမှုဆိုးများက တောတိရစ္ဆာန်များကို သတ်ဖြတ်ရှာဖွေစုဆောင်းထားကြရမည့်အစား ဆမ္မာကြီးပြောသော အဥ အမြစ် အပင် အရွက် အပွင့်နှင့် မှိုဂျိတွေကိုသာ အမြောက်အများ စုထားမိကြသူတွေက ဂမ်ရော်တို့အဖွဲ့ကို အားကျကြသလို မနှစ်က ပေးသလောက် ဤနှစ်တွင် ဆမ္မာကြီးပြောသော အဥ အပွင့်နှင့် မှိုဂျိတွေကို လောပန်များက ဈေးနှိမ်ပေးသောအခါ မကျေမနပ်ဖြစ်ကြရပြန်သည်။

ထိုအခါ လောပန်ကြီးများက "နောက်နှစ် ခင်ဗျားတို့ ဆားနဲ့ လူသုံးကုန် အိမ်သုံးပစ္စည်းများများ ရချင်ကြရင် ယောက်ဖကြီးဂမ်ရော်တို့ကို တိရစ္ဆာန်သားရေ၊ အစွယ်၊ အရိုးနဲ့ သည်းခြေတွေ များများရအောင် ရှာထားကြပါ။ ဒီ အဥ အပွင့် အမြစ်နဲ့ မှိုဂျိတွေထက် ကျုပ်တို့ လေးငါးဆ ပေးမယ်" ဟု မကျေမနပ်သူများကို ဖျောင်းဖျပြောဆို၍ နှစ်သိမ့်ကြသည်။ သားကောင်လိုက်သော အလုပ်မှာ မိန်းမသူများ လုပ်၍ရသော အလုပ်မဟုတ်။ မုဆိုးနှင့် ယောကျ်ားသားများသာ လုပ်၍ရသော အလုပ် ဖြစ်ရာ မိန်းမသူများမှာ မည်သို့မျှ မစွမ်းနိုင်ကြ။ ထို့ကြောင့် ဆမ္မာကြီး ပြောသော ပစ္စည်းများကို နောက်နှစ် လုံးဝမယူကြတော့ဘူးလားဟု မေးကြရာ လောပန် ကြီးများက ယူတော့ယူမည်။ သို့သော် ယခုနှစ် ပေးသလောက်သာပေးနိုင်မည်။ တိရစ္ဆာန် တောထွက်ပစ္စည်းများနှင့်စာလျှင် ဤအဥ အမြစ် အပွင့် မှိုဂျိတို့မှာ ဟိုဘက် ၌လည်း ဈေးမရှိတော့ကြောင်း ပြောထားခဲ့ကြသည်။ ထိုအခါ ဒဟူတစ်ရွာလုံးရှိ ယောကျ်ားသားများမှာ တောတိရစ္ဆာန် သတ်ဖြတ်သော အလုပ်ကို သူ့ထက်ငါဦး အပြိုင်လုပ်လာကြသည်။ သို့သော် ရာသီဥတုကမူ မနှစ်ကလို မသာယာသဖြင့် ကတိုး ပစ်ရန်





ရေခဲ တောင်ပေါ်ကိုလည်း သွားမတက်ရဲကြ။ ထိုအခါ သူကြီးဂမ်ရော်တို့အဖွဲ့မှာ ရွာနားပတ်ဝန်းကျင်ရှိ ရသမျှသော တောတိရစ္ဆာန်များကို သတ်ဖြတ်ကာ အရေခွံခွာခြင်း၊ အစွယ်၊ ဦးချို၊ အရိုး၊ သည်းခြေ ယူခြင်း အလုပ်ကိုသာ တွင်တွင်လုပ်နေကြသည်။ အမှန်က သူကြီးဂမ်ရော်တို့ အဖွဲ့သာမဟုတ် ဆမ္မာကြီးတပည့်ခံ ထားကြသော အီမောနှင့်ထန်မာတို့ကပင် ဤနှစ်တွင် မုဆိုးအလုပ်ကို ပြန်လုပ်ပြီး လောပန်ကြီးတို့ရောက်လာလျှင် ဆားနှင့်တကွ လူသုံးကုန်ပစ္စည်း ပစ္စယများ များများလဲ၍ရအောင် သားကောင်သတ်သောအလုပ်ကို ပြန် လုပ်နေကြသည်။ မုဆိုး ပြန်လုပ်နေကြသည်။ ထိုအကြောင်း ဆမ္မာကြီးနား ပေါက်ကြားသွားသောအခါ ဆမ္မာကြီးက အီမောနှင့် ထန်မာတို့ကိုသာ မဟုတ် တစ်ရွာလုံးရှိ လူများအား သားကောင်သတ်သော အလုပ်ကို မလုပ်ကြရန် ဆော်သြပြောခိုင်းသည်။ ဤလိုသာ သားကောင်များကို လိုက်သတ်နေကြလျှင် တောစည်းတောင်စည်းပေါက်၍ တစ်ရွာလုံး ဒုက္ခ ရောက်ကုန်ကြမည်ဟု ပြောသည်။

သို့သော် ကုန်ခဲ့သောနှစ်က လောပန် ကြီးတို့ဆီ၌ တိရစ္ဆာန်က ရသော ပစ္စည်းတွေသာ ဈေးကောင်းကောင်းရ သည်ကို မျက်မြင်ကိုယ်တွေ့ ဖြစ်ကြသဖြင့် မည်သူ့ကိုမှ တိရစ္ဆာန်တွေကို မသတ်ဖြတ်ကြရန် ပြောမရတော့။ တစ်ရွာလုံးရှိ မင်းယောကျ်ားတွေ အားလုံးမှာ မိုးလင်းသည်နှင့် ဘယ်တောဘယ်တောင်တွင် ဘယ်သားကောင် ရနိုင်မည်ကိုသာ ပထမဦးဆုံး တွေးကာကြံစည်နေကြသည်။ ယခင်က ကတိုးနှင့်တောင်ဆိတ် ရှူးဖျံ သားရေ ဝံသည်းခြေ လောက်ကိုသာ ဈေးကောင်းရခဲ့ကြသောသူတို့မှာ ယခုအခါ လောပန်ကြီးတွေက တိရစ္ဆာန်သားရေဆိုလျှင် ဖြီးရော။မည်သည့် သားရေ၊ ဦးချို၊ အစွယ်၊ အရိုး၊ သည်းခြေအိတ်တွေကိုမဆို ဈေးကောင်းပေးမည်ဟု မှာသွားခဲ့ကြရာ ယခင်က ကတိုး၊ တောင်ဆိတ်၊ ဝံသည်းခြေ လောက်ကိုသာ တစ်ဖက်နိုင်ငံသွားရောင်းမှ ဈေးကောင်းရကြသောသူတို့မှာ ယခုအခါ ဘယ်မှ မြစ်ကူး ချောင်းခြား မသွားရဘဲ မိမိရွာ၌ပင် ရကြသဖြင့် ကျား၊ ကျားသစ်၊ တောခွေး၊ မြေခွေး၊ ခွေးအ၊ ဂျီ(ချေ)၊ ဆတ်၊ ကြောင်၊ မျောက်က အစ ရသမျှ တောတိရစ္ဆာန်တွေကို သတ်ဖြတ်ကာ အရေခွံခွာ



www.burmeseclassic.com

www.burmeseclassic.com



နေကြသည်။ ချေ၊ ဆက်တို့မှာ အသားစားကြရသည့်အပြင် ဦးချို၊ အရိုးတို့ကို ပါ ဖျက်ခွာယူကြရသော်လည်း အသားမစားကြရသော တောခွေး၊ မြေခွေး၊ ခွေးအ၊ ကျား၊ ကျားသစ်တို့၏ အသားများကို ရွာပြင်၌ ပစ်ထားကြရာ တောခွေး၊ ခွေးအ၊ မြေခွေး၊ ကျား၊ ကျားသစ်တို့မှာ အသားနံ့ရပြီး လူတို့ ပစ်ထားသော ထိုအသားများကို ရွာနားအထိ လာစားနေကြပြန်သည်။ ထိုအခါ ရွာနားရောက်လာသမျှ ကျား၊ ကျားသစ်၊ တောခွေး၊ မြေခွေး၊ ခွေးအတို့ကို ဆိပ်လူးမြားနှင့် ပစ်ခတ်သတ်ဖြတ်၍ အရေခွံခွာယူနေကြပြန်သည်။ ရာသီဥတုမှာ သာသာယာယာမရှိဘဲ အမြဲစိုထိုင်းနေရာ သူတို့ ခွာယူထားကြသော တိရစ္ဆာန် အသားအရေများက မခြောက်ဘဲ နံစော် နေသလို ရွာပြင်တွင်ပစ်ထားကြသော ကျားသား၊ ကျားသစ်သား၊ တောခွေး၊ မြေခွေး၊ ခွေးအသားတို့မှာလည်း ပုပ်ပွနံစော်နေကြရာ တစ်ရွာလုံးမှာ ညှီဟောက်၍ ယင်တသောသော ဖြစ်လာပြန်သည်။ မျက်လုံးနီရဲရဲ ကိုယ်ဖန်စိမ်းစိမ်းနှင့် တောကြီးယင်ရိုင်းမများသည် ရွာသားများ ပစ်ထားကြသော အသားပုပ်များပေါ် အုံခဲနေကြသလို အိမ်တွင်း၊ အိမ်ပြင်၊ ခြံစည်းရိုးများတွင် တင်လှန်းထားကြသော သားရေများ ပေါ်၌လည်း အုံခဲလာကြ၏။ ထိုမှတစ်ဆင့် ရွာသူရွာသားတွေ စွန့်သော မစင်များဆီ ရောက်သွားကြပြန်သည်။ သိန်း,သန်း,ကုဋေ ရှိနေကြသော ယင်ရိုင်းမများမှာ လူတွေမစင်စွန့်ရန် အဝတ်လှန်လိုက်သည်နှင့် ဒွာရပေါက်ကို ဝိုင်းအုံ၍ရောက်လာကြသည်။ ထို့ကြောင့် လူတွေမှာ မစင်စွန့်ရာ၌ပင် အဝတ်မလှန်းရဲ ဖြစ်ကုန်ကြ၏။ သည်လိုနှင့် ရွာသားများ ပစ်ထားကြသော အသားပုပ်နံ့များကို ဘယ်ကဘယ်လို အနံ့ရပြီး ရောက်လာကြသည်မသိ တောကြီး ဆင်မွှန် ပုရွက်ဆိတ်ကြီးများကလည်း သိန်းသန်းကုဋေ တပ်ချီပြီး ရွာပြင်ရှိ ပုပ်ပွနေကြသော အသားများကို လာရောက်စားသောက်ကြပြန်သည်။ ဆင်မွှန်ပုရွက်ဆိတ်ကောင်များမှာလက်သန်းလက်မကြီးကြသောအကောင်များ ဖြစ်သလို အဆိပ်ကလည်း အလွန်ပြင်းသည်။ ဆင်ကိုကိုက်လျှင်ပင် ဆင်များမှာ ရုတ်တရက် မွှန်ထူသွားတတ်ကြသဖြင့် ဆင်မွှန်ပုရွက်ဟု ခေါ်ကြသော အကောင်များဖြစ်သည်။





တစ်ဆယ့်ရှစ်ခေါပဏ်မက နေ့ချင်းညချင်း ရောက်လာကြသော ဆင်မွှန်ပုရွက်ဆိတ်ကောင်များသည် ရွာပြင်၌ အသားများ ကုန်သွားသော အခါ ရွာထဲမှ အနံ့ရသဖြင့် ရွာထဲကို တပ်ချီဝင်လာကြပြန်သည်။ သားရေနံ့ ရသော အိမ်တိုင်းကို တပ်ချီတက်လာကြသည်။ သားရေများကို မစားရမီ လူတွေအိပ်နေကြသော ညအခါ တွေ့သောလူတိုင်းကိုပင် ချမ်းသာမပေးကြတော့ဘဲ ကိုက်ခဲကြပြန်သည်။ ထိုအခါ တစ်ရွာလုံးမှာ အုတ်အုတ်ကျွတ်ကျွတ်ဖြစ်ကုန်ကြ၏။ ဆင်မွှန်ပုရွက်ဆိတ်ကြီးများမှာ သတ်မကုန်ဖြစ်လာကြရာ နောက်တော့ ဒဟုတစ်ရွာလုံးရှိ လူတွေမှာ ရေနွေးကြို၍ ဆင်မွှန်ပုရွက် ဆိတ်များကို ရေနွေးပူနှင့် လောင်းသတ်ကြရသော အခြေဆိုက်လာသည်။ ရေနွေးပူနှင့် လောင်းသတ်ကြသော ဆင်မွှန်ပုရွက်ဆိတ်ကြီးများမှာ သေသည့်အကောင်ကသေ မသေသည့်အကောင်တွေက အိမ်တိုင်တွေကို ဖက်တက်လာပြန်ရာ အိပ်ရာနေရာ ခေါင်းအုံး စောင် ခေါက်ကြားများ ထဲထိဝင်ပြီး အုံဖွဲ့လာကြပြန်၏။ ဆင်မွှန်ပုရွက်ကြီးတွေကိုက်၍ ကလေး ငိုသံ၊ လူကြီးတွေက ရေနွေးပူလောင်း၍ နေ့ရောညပါ ပုရွက်ဆိတ်သတ်နေ ကြသံတို့မှာ တစ်ရွာလုံးညံစီကာ နေ့မနားရ ညမအိပ်ရဖြစ်လာကြသည်။ ဤသည်နှင့်မပြီးသေး ညှီနံ့ရကာ ဘယ်ကဘယ်လို ရောက်လာ ကြပြန်သည်မသိသော လက်ညှိုးလက်မခန့်ရှိသည့် ဗာချို့ အကောင်ကြီး များဆိုလျှင် ပိတုန်းကောင်လောက်ပင် ကြီးကြသော တောကြီး ပျားနုသန် ကောင်များကပါ တစ်ခါ ရွာထဲကို သိန်းချီသန်းချီ ဝင်လာကြပြန်ရာ ဤတစ်ခါတော့ လူတွေမှာ နေစရာမရှိ ဖြစ်ကြရတော့သည်။ ပျားနုသန်ကောင်များ ဆိုသည်မှာ တစ်ခြားပျားများလို ပန်းစုပ်၍ ပျားရည်တည် အိမ်ဖွဲ့ကြသော ပျားမျိုးမဟုတ်။ သားစားကြူးသော ပျား တစ်မျိုးဖြစ်သည်။ အဆိပ်ပြင်းသည်မှာလည်း ထို ပျားတစ်ကောင်တုတ်လျှင် နွားနောက်မတန်းမများပင် ဝိုင်းကနဲလဲကျလောက်အောင် အဆိပ်ပြင်းသော ပျားမျိုးဖြစ်၏။ ဒဟုရွာသားများမှာ မြေပြင်ကလာသော ဆင်မွှန်ပုရွက်ဆိတ်ကြီးများကို ရေနွေးပူလောင်းသတ်၍ ရသော်လည်း လေထဲက သိန်းချီသန်းချီ ရွာထဲအုပ်လိုက်ပျံဝင်လာကြသော ပျားနုသန်ကောင်များ



www.burmeseclassic.com

www.burmeseclassic.com



ကိုမှ ရေနွေးပူနှင့် လောင်းသတ်၍ မရတော့။ ထိုအခါ မီးတုတ် မီးရှူးတွေ ထွန်းညှိ၍ ပျားနသန်ကောင်များကို မီးရှို့သတ်ကြရပြန်သည်။ ပျားနသန် ကောင်များကို မီးရှို့သတ်ရင်း အချို့အိမ်တွေ မီးထဲစွဲလောင်ခံရသည်။

မီးမြှိုက်ခံရ၍ ဒေါသကြီးလာကြသော ပျားနသန်ကောင်များမှာ အိမ်ပေါ် အိမ်ပြင် လှမ်းထားကြသော သားရေစိုများကို အုံဖွဲ့ကိုက်ခဲ စား သောက်တတ်ကြသလို လူတွေကိုလည်း ထိုးတုတ်လာကြပြန်သည်။ နောက် တော့ လူတွေကိုသာမဟုတ်၊ လှုပ်လှုပ်ရှားရှား မြင်သမျှ အိမ်မွေးတိရစ္ဆာန် ခွေးကြောင်များကိုပါ ထိုးတုတ်လာကြရာ ဒဟူတစ်ရွာလုံးမှာ နေ့ရော ညပါ ခွေးအူသံ၊ ကလေးငိုသံ၊ လူကြီးတွေ အော်ဟစ်ပြေးလွှားကြသံတွေနှင့် တစ်ရွာလုံးမှာ ငရဲပွက်သလို သောသောညံလျက်ရှိလေသည်။

“နောက်တော့ သိန်းသန်းချီပြီး ရွာထဲဝင်လာကြတဲ့ အဲဒီ ပျားနသန် ကောင်တွေရဲ့ ထိုးတုတ်မှုဒဏ်ကို ဘယ်လိုမှ မခံနိုင်ကြတဲ့ အဘတို့ ဒဟူ တစ်ရွာလုံးဟာ ရွာပျက်ပြီး ပြောင်းပြေးလာခဲ့ကြရတာပါပဲ။

“ဩော်. . ဒါဆို ခု ဒီရွာဟာ အဘတို့ဇာတိရွာ မဟုတ်ဘူးပေါ့”

အဘိုးကြီးဆိုင်ဂမ်၏ အပြောကို အံ့သြတကြီးဖြစ်သွားသော ဆန်ပွန်က မေးသည်။

“မဟုတ်ဘူးကွယ့်၊ အဘတို့ မူလရွာ ဒဟူက တောင်ပေါ်ပိုကျပြီး ဟိုးအဝေးကြီးမှာ”

“ဒါနဲ့အဘ အဘပြောတဲ့ အဲဒီဆမ္မာကြီးဆိုတဲ့ ပုဂ္ဂိုလ်ကြီးကတော့ ခုထိ အဘတို့ဒဟူရွာက ကျားရဲတောင်မှာ ရှိနေဦးမှာပေါ့နော်”

“ဆမ္မာကြီး ရှိ,မရှိဆိုတာတော့ အဘလဲ ဘယ်သိမလဲကွယ်၊ ဒီရောက်တော့ အဘက ဆမ္မာကြီးဆီမှာ သင်ယူခဲ့ရတဲ့ ဆေးပညာလေး မတတ်တစ်ခေါက်နဲ့ ဆေးဆရာလုပ်စားလာခဲ့တာ ခု အသက်ခြောက်ဆယ် ကျော်ထိပါဘဲ”

ဝိုးတျော

www.burmeseclassic.com